ယထာ၊ မြင်သကဲ့သို့။ ဝေမေဝံ၊ ဤအတူ လည်း ကောင်း။
(သီလေ)။ပ။

၄၀၂။ ဘိက္ခဝေ၊ရဟန်းတို့။ယေဟိ၊ အကြောင်းသို့သဘောရှိကုန်
သော။ မဟာပုရိသလက္ခဏေဟိ၊ မဟာပုရိသလက္ခဏာတို့နှင့်။
သမန္နာဂတဿ၊ ပြည့်စုံသော။ မဟာပုရိသဿ၊ ယောကျ်ားမြတ်
၏။ ဒွေ၊ နှစ်ပါးကုန်သော။ ဂတိယော၊ ဂတိတို့သည်။ ဘဝန္တိ၊
ကုန်၏။တာနိ၊ထိုသို့သောသဘောရှိကုန်သော။ဒွတ္တိံသ သုံးဆဲ့နှစ်
ပါးကုန်သော။ ဣမာနိမဟာပုရိသလက္ခဏာနိ၊ ဤမဟာ ပုရိသ
လက္ခဏာတို့သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။အညာ၊ တပါးတို့သည်။
နဘဝန္တိ၊မဖြစ်ကုန်။ အဂါရံ၊အိမ်၌။သစေအဇ္ဈာဝသတိ၊အကယ်၍
နေအံ့။ စက္ကဝတ္တိ၊ စကြာကိုလည်း စေတတ်သော။ ဓမ္မိကော၊
တရားနှင့်ယှဉ်သော တရားကြောင့် နတ် လူတို့၏ အရှင်ဖြစ်
သော။ စာတုရန္တော၊သမုဒ္ဒရာ လေးစင်းကို အစိုးရသော။ မြေကြီး
အရှင်ဖြစ်သော။ ဝိဇိတာဝီ၊ နိုင်ငံကို အစိုးရသော၊ဇနပဒတ္ထာဝရိ
ယပ္ပတ္တော၊ ဇနပုဒ်ကို မြဲခြင်းသို့ ရောက်သော။ ရာဇာ၊ သည်။
ဟောတိ၊၏။ သတ္တရတနသမန္နာဂတော၊ ခုနစ်ပါးသော ရတနာ
နှင့်ပြည့်စုံ၏။ တဿ၊ထိုမင်းအား။ ဣမာနိသတ္တရတနာနိ၊ ဤခုနစ်
ပါးသော ရတနာတို့သည်။ ဘဝန္တိ၊ဖြစ်ကုန်၏။ သေယျထိဒံ-သေ
ယျထာ ဣဒံ၊ ဣဒံ၊ဤခုနစ်ပါးသော ရတနာ ဟူသည်။သေယျထာ၊
အဘယ်နည်း။ စက္ကရတနံ၊ စကြာရတနာ လည်းကောင်း။ ဟတ္ထိ
ရတနံ။ ဆင်ရတနာလည်းကောင်း။ အဿရတနံ၊ မြင်းရတနာ
လည်းကောင်း။ မဏိရတနံ၊ ပတ္တမြား ရတနာလည်းကောင်း။
ဣတ္ထိရတနံ၊မိန်းမ ရတနာလည်းကောင်း။ ဂဟပတိရတနံ၊သူကြွယ်
ရတနာလည်းကောင်း။ ပရိနာယကရတန မေဝ၊ သားကြီးရတနာ

သာလျှင်။ သတ္တမံ ခုနစ်ခုတို့၏ ပြည့်ကြောင်းဖြစ်သော ရတနာ
သည်။ ဟောတိ၊၏။ အဿ၊ ထိုစကြာမင်း၏။ ပုတ္တာ၊ တို့သည်။
ပရောသဟဿံ၊ တထောင်ထက် အလွန်။ ဘဝန္တိ၊ ဖြစ်ကုန်၏။
သူရာ၊ ရဲရင့်ကုန်၏။ ဝီရင်္ဂရူပါ၊ အင်္ဂါနှင့်ပြည့်စုံကုန်၏။ ပရသေနပ္ပ
မဒ္ဒနာ၊ တပါးသောရန်သူတို့ကိုလည်း နှိပ်နင်းကုန်၏။ သောစက္က-
ဝတ္တိ၊ ထိုစကြာမင်းသည်။ သာဂရပရိယန္တံ၊ လျှင်အဆုံးရှိသော။
ဣမံပထဝိံ၊ ဤမြေကြီးကို။ အဒဏ္ဍေန၊ ဒဏ်မရှိသဖြင့် လည်းကောင်း။
အသတ္ထေန၊ ဓားလက်နက် မရှိသဖြင့် လည်းကောင်း။ ဓမ္မေန၊
အကြောင်းအားဖြင့် လည်းကောင်း။ အဘိဝိဇိယ၊ အောင်သည်
ဖြစ်၍။ အဇ္ဈာဝသတိ၊ နေ၏။ အဂါရသ္မာ၊ အိမ်မှ။ အနာဂါရိယံ၊
ရဟန္တာ အဖြစ်သို့။ သစေပဗ္ဗဇတိ၊ အကယ်၍ ကပ်အံ့။ သမ္မာ
သမ္ဗုဒ္ဓေါ၊ ကောင်းစွာ အလိုလို သစ္စာလေးပါးတရားကိုသိသော။
လောကေ၊၌။ ဝိဂတစ္ဆဒေါ၊ ကင်းသောကိလေသာတည်းဟူသော
အမိုးရှိသည် ဖြစ်၍။ အရဟံ၊ ပစ္စည်းလေးပါးကို ခံထိုက်သည်။
ဟောတိ၊၏။

**အမှာ**

ဗောဓိဗုဒ္ဓကထာ့နောင်ကား လက္ခဏ ကထာကို
ဟောတော်မူ၏။ ထိုလက္ခဏာ သည်ကား သက
ဝါဒိပက္ခ ပရဝါဒိပက္ခဟူ၍ နှစ်ပါးတွင်သော် သကဝါဒိပက္ခကို
ရှေးဦးစွာဟောတော်မူ၏။ လက္ခဏာနုယောဂ ဥပမာ နုယောဂ
ဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင် လက္ခဏာနုယောဂကို
ရှေးဦးစွာ ဟောတော်မူ၏။ ထိုလက္ခဏာ နုယောဂသည်ကား
ပဒေသလက္ခဏာ တိဘာဂလက္ခဏာ ဥပဍ္ဎလက္ခဏာဟူ၍ သုံးပါး
အပြားရှိ၏။ ထိုတွင် ပဒေသလက္ခဏာ ဟူသော်ကား လက္ခဏာ
သုံးဆယ့်နှစ်ပါးတွင် တပါးပါးမျှကို ပဒေသဟူသည်။ တိဘာဂ
ဟူသည်ကား သုံးဆယ်နှစ်ပါးသော လက္ခဏာတွင် သုံးစုစု၍တစု
မျှကိုတိဘာဂ လက္ခဏာဟူသည်။ ဥပဍ္ဎဟူသော်ကား ထက်ဝက်ကို
ဥပဍ္ဎဟူသည်တည်း။ ဥပမာနုယောဂကား စက္ကဝတ္တိ အနုယောဂ
ပဋိဂဏှန္တာနုယောဂ ယာဒိသာနုယောဂ ဌပေန္တာ နုယောဂ

ဥဒကာဿခါရာနုယောဂ သမ္မတိဇာတာနုယောဂ လောကဿာနုယောဂ ဗျာမအာနုယောဂ သုပိနာနုယောဂဟူ၍ ကိုးပါးအပြား ရှိ၏။ ပရဝါဒီပက္ခကိုကား (သိကောင်းပြီ)။

လက္ခဏာကထာနိဋ္ဌိတာ။

---

## ၈-နိယာမောက္ကန္တိကထာ

၄၀၃။ မောဓိသတ္တော၊သည်။ ကဿပဿ၊ သော။ ဘဂဝတော၊ သခင်ဘုရား၏။ ပါဝစနေ၊ သာသနာတော်၌။ ဩက္ကန္တိ နိယာမော၊ သက်သောမဂ်လည်းကောင်း။ စရိတဗြဟ္မစရိယော၊ ကျင့်အပ်သော မဂ်လည်းကောင်း။ အတ္ထိ၊ ရှိသလော။ အာမန္တာ၊ ဩြော်ရှိ၏။ပ။ အနုဿဝိယော၊ အထူးသဖြင့် သိအပ်သလော။ပ။ အပရန္တပံ၊တပါးသောသူကို ပူပန်ခြင်းကို။ အကာသိ၊ပြုသလော။ပ။

၄၀၅။ အဟံ၊သည်။ သမ္ဗောဘိဘူ၊ ခပ်သိမ်းစုံ နှိပ်စက်တတ် သော အလေ့ရှိထသော။ သဗ္ဗဝိဒူ၊ ခပ်သိမ်းစုံကို သိတတ်သည်။ အသ္မိ၊ ဖြစ်၏။ သဗ္ဗေသု၊ ကုန်သော။ ဓမ္မေသု၊ ဓမ္မတို့၌။ အနုပလိတ္တော၊ မလိမ်းကျံအပ်သည်ဖြစ်၍။ သဗ္ဗဉ္ဇဟော၊ခပ်သိမ်းသော ကိလေသာကို စွန့်သည်ဖြစ်၍။တဏှာက္ခယေ၊ တဏှာ၏ ကုန်ခြင်း ကို။ အဓိမုတ္တော၊ နှလုံးသွင်းသည် ဖြစ်၍။ သယံ၊ အလိုလို။ အဘိ ညာယ၊သိ၍။ ကံ၊အဘယ်ပုဂ္ဂိုလ်ကို။ အယံ၊ ဤသည်ကား။ မေ၊၏။ အာစရိယော၊ဆရာတည်းဟူ၍။ ဥဒ္ဒိသေယျံ၊ညွှန်ရအံ့နည်း။

ဥပက၊ ဥပက။ သဒေဝကသ္မိံ၊ နတ်လူနှင့် တကွသော။ လောကသ္မိံ၊၌။ မေ၊၏။ အာစရိယော၊ ဆရာသည်။ နအတ္ထိ၊မရှိ။ မေ၊ ငါနှင့်။ သဒိသော။ တူသောသူသည်။ နဝိဇ္ဇတိ၊ ရှိ။ မေ၊နှင့်။ ပဋိပုဂ္ဂလော၊ပြိုင်သော သူသည်။ နတ္ထိ၊ မရှိ။

ဟိ၊ထိုစကားသင့်စွ။ အဟံ၊သည်၊ လောကေ၊၌။ အရဟာ၊ မြတ်သောအလှူကို ခံထိုက်သော သူသည်။ အမှိ၊ ဖြစ်၏။ အဟံ၊ သည်။ ဧကော၊တူသောသူမရှိသည် ဖြစ်၍။ အနုတ္တရော၊ အကယ် မရှိသည်ဖြစ်၍။ သတ္ထာ၊လူနတ်တို့ကိုဆုံးမတတ်သည်။ အမှိ၊ဖြစ်၏။

အဟံ၊သည်။ သမ္မာသမ္ဗုဒ္ဓေါ၊ ကောင်းစွာ အလိုလိုလျှင် ခပ်သိမ်းသော တရားကို သိသည်ဖြစ်၍။ သီတိဘူတော၊ချမ်းမြေ့သည်ဖြစ်၍။ နိဗ္ဗုတော၊ငြိမ်းသည်။ အမှိ၊ဖြစ်၏။

ဥပက၊ဥပက။ အန္ဓဘူတသ္မိံ၊ မိုက်သည်ဖြစ်၍ ဖြစ်ထသော။ လောကသ္မိံ၊ လောက၌။ ကာသီနံ၊ ကာသိကရာဇ် ပြည်သူတို့၏။ ပုရံ၊ပြည်သို့။ ဓမ္မစက္ကံ၊ ဓမ္မစကြာတရားကို။ ပဝတ္တေတုံ၊ဖြစ်စိမ့်သောငှါ။ ဂစ္ဆာမိ၊သွား၏။ သော၊ ထိုစကားသည်သင့်စွ။ အဟံ၊သည်။ အမတဒုန္ဒုဘိံ၊ အမြိုက်တည်းဟူသော စည်ကို။ ပဝတ္တေတုံ၊ငှါ။ ဂစ္ဆာမိ၊၏။

အာဝုသောမဟာလူကား၊ သင်မင်းကြီး။ တွံ၊ သင်သည်။ ယထာ ခေါ၊ အကြင် အချင်းဖြင့်။ ပဋိဇာနာတိ၊ ဝန်ခံသည်မဟုတ်သလော။ အနန္တဇိနော၊ အနန္တဇိနဟူသော အမည်သည်။ အရဟတိ၊ ထိုက်သည်မဟုတ်လော။

ဥပက၊ဥပက။ ယဒိသာ၊အကြင်သို့သဘောရှိကုန်သော။ ယေ ဗုဒ္ဓါ၊ အကြင်ဘုရားတို့သည်။ အာသဝက္ခယံ၊ အာသဝေါတို့၏ကုန်ခြင်းသို့။ ပတ္တာ၊ရောက်ကုန်၏။ တေဗုဒ္ဓါ၊ ထိုဘုရားတို့သည်။ ဇိနာ၊ ဇိနမည်ကုန်သည်။ ဟောန္တိ၊ဖြစ်ကုန်၏။ မေ၊အား။ ပါပကာ၊ယုတ်မာကုန်သော။ ဓမ္မာ၊ဓမ္မတို့သည်။ ယသ္မာ၊အကြင်ကြောင့်။ဇိတာ၊ ဇိတမည်၏။ တသ္မာ၊ထိုကြောင့်။ အဟံ၊သည်။ ဇိနောတိ၊ ဇိနောဟူသောအမည်ရှိသည်။အရဟတိ၊ထိုက်၏။ဣတိ၊ဤသို့။ဘဂဝတာ၊ သခင်ဘုရားသည်။ ဝုတ္တံ၊ဟောတော်မူ၏။ ဣတိအယံသုတ္တန္တော၊ သည်။ အတ္ထေဝနနု၊လော။ပ။

ဣဒံဓမ္မဇာတံ၊သည်။ ဒုက္ခံ၊ဒုက္ခဖြစ်သော။ အရိယသစ္စံ၊မည်၏။ ဣတိ၊သို့၊ ဘိက္ခဝေါ၊တို့။ မေ၊သည်။ ပုဗ္ဗေ၊ရှေး၌။ အနနုဿုတေသု၊ မကြား စဖူးကုန်သော။ ဓမ္မေသု၊ တို့၌။ပ။ တံခေါပနိဒံ၊ ထိုသို့ သဘောရှိသော။ ဒုက္ခံ၊ဒုက္ခဖြစ်သော။ အရိယသစ္စံ၊ အရိယာသစ္စာကို။ ပရိညေယျံ၊ပိုင်းခြား၍ သိအပ်၏။ (သိကောင်းပြီ)။

အမှာ လက္ခဏကထာနောင်ကား နိယာမောက္ကန္တိကထာကိုသာ ဟောတော်မူ၏။ ထိုသည်ကား ပုန္နာ ပဋိဇာနနာဟူ၍နှစ်ပါးတွင်သော် ပုန္နာကိုရှေးဦးစွာဟောတော်မူ၏။ ထိုသည်ကား သကဝါဒီပက္ခ ပရဝါဒီပက္ခနှစ်ပါးတွင်သော် သကဝါဒီပက္ခကို ရှေးဦးစွာ ဟောတော်မူ၏။ ထိုသည်ကား သာဝကာနုယောဂ ဗုဒ္ဓါနုယောဂ အနုဿဝိယာနုယောဂ အဘိသမ္ဗုဒ္ဓါနုယောဂ ဒုက္ကရကရိယာနုယောဂ ဥဒ္ဒိသေယျာနုယောဂ အာနန္တာနုယောဂဟူ၍ ခုနစ်ပါးတွင်သော် အဘိသမ္ဗုဒ္ဓါ နုယောဂသည် တိဏ္ဏဝအနုယောဂ စတ္တာရိ အနုယောဂဟူ၍ နှစ်ပါးခွဲလေ၏။ အာနန္တာဒိ အနုယောဂ မှာကား အနုလောမ ပဋိလောမဟူ၍ နှစ်ပါးတွင် အနုလောမသည်ကား အာနန္တာနုယောဂ စိတ္တလတာနုယောဂဟူ၍ နှစ်ပါး။ ပဋိလောမ မှာလည်း အာနန္တာနုယောဂ စိတ္တလတာနုယောဂ ဝိတိဝတ္တာနုယောဂဟူ၍ သုံးပါးအပြားရှိ၏။ ပရဝါဒီပက္ခကိုကား သိကောင်းပြီ။ပဋိပုန္နာမှာကား ဂါထာနုယောဂ စုတ္တိယာ နုယောဂဟူ၍ နှစ်ပါးအပြားရှိ၏။

နိယာမောက္ကန္တိကထာ နိဋ္ဌိတာ။

## ၉-အပရာပိ သမန္နာဂတ ကထာ

အမှာ နိယာမောက္ကန္တိ ကထာ နောင်ကား အပရာပိ သမန္နာ ဂတကထာကို ဟောတော်မူ၏။ ထိုသည်ကား ပုန္နာ ပဋိပုန္နာဟူ၍ နှစ်ပါးတွင်သော် ပုန္နာကို ရှေးဦးစွာ ဟောတော်မူ၏။ ထိုသည်ကား သကဝါဒီပက္ခ ပရဝါဒီပက္ခဟူ၍ နှစ်ပါးတွင်သော် သကဝါဒီပက္ခကို ရှေးဦးစွာ ဟောတော်မူ၏။ ထိုသည်ကား သမန္နာဂတာနုယောဂ ဝိတိဝတ္တာ နုယောဂဟူ၍ နှစ်ပါး။ သမန္နာဂတာ နုယောဂသည်ကား ဖဿာဒိအနုယောဂ ပုဂ္ဂလာ နုယောဂဟူ၍ နှစ်ပါးတွင် ဖဿာဒိအနုယောဂသည်ကား အရဟတ္တာနုယောဂ အနာဂါမိအနုယောဂ သကဒါဂါမိ

အနုယောဂဟူ၍ သုံးပါးအပြားရှိ၏။ ပုဂ္ဂလာနုယောဂသည်ကား အရဟတ္တမူလရှိသည်၊ အရဟတ္တမူလီ ရှိသည်ဟူ၍ နှစ်ပါးအပြား ရှိ၏၊ ထိုတွင် အရဟတ္တမူလရှိသည်ကား အရဟတ္တမူလီရှိသည် အနာဂါမိမူလီရှိသည် သကဒါဂါမိမူလီ ရှိသည် ဟူ၍ သုံးပါး အပြားရှိ၏။ အရဟတ္တမူလီရှိရာ၌လည်း သောတာပန္နမူလရှိသည် သကဒါဂါမိမူလရှိသည် အနာဂါမိ မူလရှိသည် ဟူ၍ သုံးပါး အပြားရှိ၏၊ အနာဂါမိ မူလရှိရာ၌ သောတာပန္န မူလီ ရှိသည် သကဒါဂါမိမူလီရှိသည်ဟူ၍နှစ်ပါး၊ သကဒါဂါမိမူလီရှိရာမှာကား သောတာပန္န မူလီ ရှိသည် ဟူ၍ တပါးသာတည်း။ ဤကား အရဟတ္တာဒိမူလ ရှိသည်တည်း။ အရဟတ္တာဒိမူလီ အနာဂါမိမူလီ သကဒါဂါမိမူလီရှိသည်ဟူ၍ သုံးပါးအပြားရှိ၏။ အောက်သမန္နာဂတကထာမှာနှင့် အတူပင်ဖြစ်သောကြောင့် (သိကောင်းပြီ)။

အပရာပိသမန္နာဂတကထာ နိဋ္ဌိတာ။

---

## ၁၀-သဗ္ဗသံယောဇနပ္ပဟာန ကထာ

အပရာပိသမန္နာဂတ ကထာနောင်ကား သညောဇန ပဟာန ကထာကိုဟောတော်မူ၏။ ထိုသည်ကားသကဝါဒီပက္ခပရဝါဒီပက္ခ ဟူ၍နှစ်ပါးအပြားရှိ၏။ ထိုတွင် သကဝါဒီပက္ခသည်ကား သာမညာ ဝိသေသဟူ၍ နှစ်ပါးတွင်သော် သာမညကို ရှေးဦးစွာ ဟောတော်မူ၏။ ဟောဟန်သော်ကား သဗ္ဗသညောဇနာ။ပ။နဟေဝံ ဝတ္တဗ္ဗေတည်း။ ဝိသေသသည်ကား သောတာပတ္တိမဂ္ဂပဟာတဗ္ဗာ နုယောဂ သကဒါဂါမိ အနာဂါမိ အရဟတ္တ မဂ္ဂ ပဟာတဗ္ဗာ နုယောဂဟူ၍ လေးပါးအပြားရှိ၏။ တပါးပါး၌ နသုတ္တာဟရဏာ နုယောဂ သုတ္တာဟရဏာ နုယောဂဟူ၍ နှစ်ပါးနှစ်ပါးစီချည်း ပြားသော ကြောင့် ရှစ်ပါးအပြားရှိ၏။ ပရဝါဒီပက္ခ ကိုကား သိကောင်းပြီ။ ။သညောဇနပ္ပဟာနကထာနိဋ္ဌိတာ။

စတုတ္ထောဝဂ္ဂေါ။

---

ဂိဟိဿအရဟာ၊ ဂိဟိဿအရဟာကထာလည်းကောင်း။ သဟ ဥပပတ္တိယာ၊ ဥပပတ္တိကထာလည်းကောင်း။ အရဟတော သဗ္ဗေ ဓမ္မာ အနာသဝါ၊ အနာသဝကထာငင်း။ အရဟာ စတူဟိ ဖလေဟိ သမန္နာဂတော၊ သမန္နာဂတ ကထာ လည်းကောင်း။ ဧဝမေဝံ ဆဟိ ဥပေက္ခာဟိ၊ ဥပေက္ခာသမန္နာဂတ ကထာ လည်းကောင်း။ ဗောဓိယာဗုဒ္ဓေါ၊ ဗောဓိယာဗုဒ္ဓကထာ လည်းကောင်း။ သလက္ခဏ သမန္နာဂတော၊ လက္ခဏကထာလည်းကောင်း။ ဗောဓိသတ္တော ဩက္ကန္တနိယာမော စရိတ ဗြဟ္မစရိယော၊ ဩက္ကန္တနိယာမ ကထာ လည်းကောင်း။ ပဋိပန္နကောဖလေန သမန္နာဂတော၊ အပရာပိ သမန္နာဂတကထာ လည်းကောင်း။ သဗ္ဗသညောဇနာနံ ပဟာနံ အရဟတ္တံ၊ သဗ္ဗသညောဇနပ္ပဟာနကထာ လည်းကောင်း တည်း။

---

# ပဉ္စမဝဂ္ဂ

## ၁-ဝိမုတ္တိ ကထာ

**အမှာ**

ဇတုတ္ထဝဂ္ဂနောင်ကား ပဉ္စမဝဂ္ဂကိုဟောတော်မူ၏။ ထိုသည်ကား ကထာအများတွင် ဝိမုတ္တိ ကထာကို ရှေးဦးစွာ ဟောတော်မူ၏။ ထိုသည်ကား ပရဝါဒီပက္ခကို ဟောတော်မူ။ သကဝါဒီပက္ခကိုသာ ဟောတော်မူ၏။ ထိုသည်ကား သာမညဝိသေသဟူ၍ နှစ်ပါးတွင် သာမညကို ဟောသော်ကား ဝိမုတ္တိဉာဏံ ဝိမုတ္တန္တိ။ အာမန္တာ။ ယံကိဉ္စိ။ပ။ နဟေဝံ ဝတ္တဗ္ဗေတည်း။ ဝိသေသသည်ကား ပစ္စဝေက္ခနာနုယောဂ ဂေါတြဘူအနုယောဂ အရဟတ္တာ နုယောဂဟူ၍သုံးပါးအပြားရှိ၏။ ထိုတွင် ပစ္စဝေက္ခနာ နှင့် ဂေါတြဘူကိုသော်ကား သိကောင်းပြီ။ အရဟတ္တာ နုယောဂ မှာသော်ကား အရဟတ္တဉာဏာနုယောဂ မဂ္ဂဉာဏာ နုယောဂ တဒ္ဓဖလဉာဏာနုယောဂဟူ၍ သုံးပါး။ တပါးတပါး၌ သောတာ ပန္နသကဒါဂါမိ အနာဂါမိ အရဟတ္တဟူ၍ လေးပါးအပြားရှိ၏။ ထိုသို့ရှိသောကြောင့် တဆဲ့နှစ်ပါးအပြားရှိ၏။ ပရဝါဒီပက္ခကိုဟော တော်မူသော်ကား နဝတ္တဗ္ဗံ ဝိမုတ္တိဉာဏံ ဝိမုတ္တန္တိ အာမန္တာ။

ယံကိဉ္စိ ဝိမုတ္တိဉာဏံ သဗ္ဗန္တံ ဝိမုတ္တန္တိ။နဟေဝံ ဝတ္တဗ္ဗေတည်း။ဤသို့-
လျှင် ဘော်၍ ဟောလေ။ 

ဝိမုတ္တိကထာ နိဋ္ဌိတာ။

---

## ၂-အသေခဉာဏကထာ

၄၂၁။ သေခဿ၊ သေခမည်သောပုဂ္ဂိုလ်၏။ အသေခံဉာဏံ၊ အသေခဉာဏ်မည်သည်၊အတ္ထိ၊ရှိသလော။ အာမန္တာ၊၏။သေခေါ၊ သေခသည်။ အသေခံ၊ အသေခမည်သော သူ၏ဥစ္စာဖြစ်သော။ ခမ္မံ၊ ဓမ္မကို။ ဇာနာတိ၊ သိသလော။ ပဿတိ၊ မြင်သလော။ ဒိဋ္ဌံ၊ မြင်အပ်သော။ ဝိဒိတံ၊ သိအပ်သော။ သစ္ဆိကတံ၊ မျက်မှောက်ပြုအပ်သောတရားကို။ ဥပသမ္ပဇ္ဇ၊ ၍။ ဝိဟရတိ၊ ၏။ပ။ အာယသ္မာ၊ ရှည်သောအသက်ရှိသော။ သေခေါ၊ သေခ အမည်ရှိသော။ အာနန္ဒော၊ အာနန္ဒာသည်။ ဘဂဝါ၊ ဘုရားသခင်သည်။ ဥဋ္ဌာရော၊ ပြန့်ပြော၏။ ဣတိ၊ ဤသို့။ ဇာနာတိနနု၊ သိသည်မဟုတ်လော။ (သိကောင်းပြီ)။

**အမှာ** ဝိမုတ္တိကထာနောင်ကား အသေခဉာဏ ကထာကို ဟောတော်မူ၏။ ထိုသည်ကား သကဝါဒီပက္ခ ပရဝါဒီပက္ခနှစ်ပါးအပြားရှိ၏။ထိုနှစ်ပါးတွင်သော် သကဝါဒီပက္ခကို ရှေးဦးစွာ ဟောတော်မူ၏။ ထိုသည်ကား သာမည ဝိသေသ နှစ်ပါးအပြားရှိ၏။ သာမညကား သေခါနုယောဂ အသေခါနုယောဂဟူ၍နှစ်ပါးတွင်သော် သေခမည်သည်ကား အနုလောမ ပဋိလောမ နှစ်ပါး အပြားရှိ၏။ အသေခမှာလည်း အနုလောမ ပဋိလောမဟူ၍ နှစ်ပါးအပြားရှိ၏။ ဤကား သာမညတည်း။ ဝိသေသ သည်ကား သောတာပန္န သကဒါဂါမိ အနာဂါမိ အရဟတ္တဟူ၍လေးပါးအပြားရှိ၏။ထိုလေးပါးတွင် တပါးတပါး၌ မဂ္ဂ ဖလဟူ၍နှစ်ပါးစီ ပြားသောကြောင့် ရှစ်ပါးဖြစ်၏။ (ပရဝါဒီပက္ခကိုကားသိကောင်းပြီ)။

အသေခ ဉာဏကထာ နိဋ္ဌိတာ။

## ၃-ဝိပရိတကထာ

**အမှာ** အသေခညာဏကထာနှောင်ကား ဝိပရိတကထာကို ဟောတော်မူ၏။ ထိုသည်ကား ပုစ္ဆာပဋိပုစ္ဆာဟူ၍နှစ်ပါးအပြားရှိ၏။ ထိုတွင်ပုစ္ဆာကို ရှေးဦးစွာဟောတော်မူ၏။ ထိုသည်ကား သကဝါဒီပက္ခပရဝါဒီပက္ခဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတွင် သကဝါဒီ ပက္ခသည်ကား ဝိပရိ ယေသာနုယောဂ အကုသလာဒိ အနုယောဂ အရဟတ္တာနုယောဂဟူ၍ သုံးပါးအပြားရှိ၏။ ထိုသုံးပါးတွင်ဝိပရိယေသာ နုယောဂသည်ကား နိစ္စာနုယောဂ သုခါနုယောဂ အတ္တာနုယောဂ သုဘာနုယောဂဟူ၍ လေးပါးအပြားရှိ၏။ ထိုလေးပါးတွင် အကုသလာဒိ အနုယောဂသည် သာမညာ ဝိသေသဟူ၍ နှစ်ပါးတည်း။သာမည သည်ကား အကုသလသာမည ကုသလသာမညဟူ၍ နှစ်ပါး တည်း။ဝိသေသသည်ကားအကုသိုလ်ကုသိုလ်ဟူ၍ နှစ်ပါး။ အကု သိုလ်သည်ကား နိစ္စ သုခ အတ္တ သုဘာနုယောဂဟူ၍ လေးပါး အပြားရှိ၏။ ကုသလာနုယောဂမှာလည်း နိစ္စ သုခ အတ္တသုဘာ နုယောဂဟူ၍ လေးပါး လည်းကောင်းတည်း။ ဤကားအကု သလာနုယောဂ တည်း။ အရဟတ္တာ နုယောဂသည်ကားသာမည ဝိသေသဟူ၍ နှစ်ပါး အပြားရှိ၏။ ထိုနှစ်ပါးတွင်သော်သာမည သည်ကား သမာပတ္တာ နုယောဂ ဝိပရိယေသာ နုယောဂဟူ၍ နှစ်ပါးတည်း။ ဝိသေသ်သော်ကား အနုလောမ ပဋိလောမဟူ၍ နှစ်ပါး အနုလောမသည်ကား သညာဝိပရိယေသ စိတ္တဝိပရိ ယေသ ဒိဋ္ဌိဝိပရိယေသဟူ၍ သုံးပါးအပြားရှိ၏။ ပဋိလောမ၌ လည်း သညာဝိပရိယေသ စိတ္တဝိပရိယေသ ဒိဋ္ဌိဝိပရိယေသဟူ၍ သုံးပါးအပြားရှိ၏။ ပရဝါဒီပက္ခကိုကား သိကောင်းပြီ။ ပဋိပုစ္ဆာ သည်ကား သမာပတ္တာနုယောဂ နိဗ္ဗာနုာနုယောဂဟူ၍ နှစ်ပါး အပြားရှိ၏။

ဝိပရိတကထာ နိဋ္ဌိတာ

---

## ၄-နိယာမကထာ

၄၂၀။ အနိယတဿ၊ မမြဲသောပုဂ္ဂိုလ်၏။ နိယာမဂမနာယ၊ မဂ်ဟူသော နိယာမသို့ သွားခြင်းငှါ။ ဉာဏံ၊ ဉာဏ်သည်။ အတ္ထိ၊ ရှိသလော။ အာမန္တာ။ ပြောဘ်ရှိသည်ဟုတ်၏။ (အနက်လွယ်၏)။

**အမှာ** ဝိပရိတကထာနှောင်နိယတဂထာကို ဟောတော်မူ၏။ ထိုသည်ကား သကဝါဒိပက္ခ ပရဝါဒိပက္ခ ဟူ၍နှစ်ပါးတွင် သကဝါဒိပက္ခကို ဟောတော်မူ၏။ ထိုသည်ကား အနိယတနိယတဉာဏာနုယောဂဗောဓိပက္ခိယာနုယောဂအပဏ္ဏာနုယောဂဟူ၍ သုံးပါးအပြားရှိ၏။ ထိုသုံးပါးတွင် အနိယတနိယတဉာဏာနုယောဂသည်ကား ဝိပရိတဉာဏာနုယောဂ အဝိပရိတဉာဏာနုယောဂဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတွင် ဝိပရိတဉာဏာနုယောဂသည်ကား အနုလောမ ပဋိလောမဟူ၍ နှစ်ပါးအပြားရှိ၏။ ဝိပရိတသည်ကား နိယတနိယာမ ဉာဏာနုယောဂ အနိယတအနိယာမ ဉာဏာနုယောဂဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတွင် နိယတနိယာမဉာဏာ နုယောဂသည်ကားအနုလောမတချက်။ အနိယတ အနိယာမဉာဏာ နုယောဂသည်ကား အနုလောမတချက် ပဋိလောမတချက်တည်း။အနိယတဟူသော်ကား ပုထုဇ္ဇဉ်ကိုယူ။ နိယတဟူသော်ကား အရိယာကိုယူ။ အနိယတဟူသော်ကား ဝိပရိတတည်း။ နိယတဟူသည်ကားအဝိပရိတတည်း။ နိယတဉာဏာ နုယောဂ နှောင်ကား ဗောဓိပက္ခိယာနုယောဂကို ဟောတော်မူ၏။ ထိုသည်ကား အနုလောမ ပဋိလောမ ဟူ၍ နှစ်ပါးအပြားရှိ၏။ အနုလောမသည်ကား မဂ္ဂါနုယောဂ သတိပဋ္ဌာန သမ္မပ္ပဓာန ဣဒ္ဓိပါဒ ဣန္ဒြိယ ဗလ ဗောဇ္ဈင်ဟူ၍ ခုနစ်ပါးအပြားရှိ၏။ ပဋိလောမ၌လည်း ခုနစ်ပါးအပြားရှိ၏။ အပဏ္ဏာနုယောဂသည်ကားသောတာပန္န သကဒါဂါမိ အနာဂါမိအရဟတ္တ ဟူ၍လေးပါးအပြားရှိ၏။ ထိုတွင်တပါးပါး၌ မဂ္ဂါနုယောဂဖလာ

နုယောဂဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုသို့ရှိသောကြောင့် ရှစ်ပါး အပြားရှိ၏။ (ပရဝါဒိပက္ခကို သိကောင်းပြီ)။

နိယာမကထာ နိဋ္ဌိတာ။

---

## ၅-ပဋိသမ္ဘိဒါကထာ

၄၃၂။ နိယာမကထာနောင်ကား ပဋိသမ္ဘိဒါကထာကိုဟော တော်မူ၏။ ထိုသည်ကား သကဝါဒိပက္ခပရဝါဒိပက္ခဟူ၍ နှစ်ပါး အပြားရှိ၏။ ထိုနှစ်ပါးတွင် သကဝါဒိပက္ခသည်ကား သမ္မုတျာ နုယောဂ စေတောပရိယာနုယောဂ သဗ္ဗပညာ နုယောဂဟူ၍ သုံးပါးအပြားရှိ၏။ ထိုသုံးပါးတွင် သမ္မုတျာနုယောဂသည်ကား ဉာဏသမ္မုတျာနုယောဂ ပုဂ္ဂလာနုယောဂဟူ၍ နှစ်ပါးအပြားရှိ၏။ စေတောပရိယာ နုယောဂသည်ကား ဉာဏာနုယောဂ ပုဂ္ဂလာနု ယောဂဟူ၍ နှစ်ပါးအပြားရှိ၏။ သဗ္ဗပညာနုယောဂသည် သာ မည ဝိသေသဟူ၍နှစ်ပါး။ သာမညကို သိကောင်းပြီ။ ဝိသေသ သည်ကား သမာပတ္တာနုယောဂ ပစ္စယာ နုယောဂဟူ၍ နှစ်ပါး သမာပတ္တာနုယောဂသည်ကား ပထဝီအာပေါတေဇောဝါယော နီလ ပီတ လောဟိတ ဩဒါတ အာကာသာနဉ္စာ ယတနံ ဝိညာ ဏဉ္စာယတန အာကိဉ္စညာယတန နေဝသညာ နာသညာယတန ဟူ၍ တဆဲ့နှစ်ပါးအပြားရှိ၏။ ပစ္စယာနုယောဂသည်ကား သာ မည ဝိသေသဟူ၍ နှစ်ပါး။ သာမညဟူသည်ကား သဗ္ဗပညာပဋိ သမ္ဘိဒါတိ။ အာမန္တာ။ဒါနံဒဒန္တဿ အတ္ထိပညာ သာပညာ ပဋိ သမ္ဘိဒါတိ။ နဟေဝံ ဝတ္တဗ္ဗေတည်း။ ဝိသေသသည်ကား စီဝရံ ဒဒန္တဿ ပိဏ္ဍပါတံဒဒန္တဿ သေနာသနံဒဒန္တဿ ဂိလာနပစ္စယ ဘေသဇ္ဇပရိက္ခာရံ ဒဒန္တဿာနုယောဂဟူ၍ လေးပါးအပြားရှိ၏။ (ပရဝါဒိပက္ခကိုကား သိကောင်းပြီ)။

ပဋိသမ္ဘိဒါကထာ နိဋ္ဌိတာ။

## ၆-သမ္မုတိဉာဏကထာ

အမှာ ပဋိသမ္ဘိဒါကထာနှောင်ကား သမ္မုတိဉာဏကထာကိုဟောတော်မူ၏။ ထိုသည်ကားသကဝါဒီပက္ခ ပရဝါဒီပက္ခဟူ၍နှစ်ပါးတွင်သော်။ ပ။ ပရဝါဒီပက္ခကို ရှေးဦးစွာ ဟောတော်မူ၏။ ထိုသည်ကား သမာပတ္တာနုယောဂ ပစ္စယာနုယောဂ ဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတွင် သမာပတ္တာ နုယောဂသည်ကား ပထဝီကသိုဏ်း အာပေါကသိုဏ်း တေဇောကသိုဏ်း ဝါယောကသိုဏ်းနီလကသိုဏ်းပီတကသိုဏ်းလောဟိတကသိုဏ်း ဩဒါတကသိုဏ်း အာကာသာနဉ္စာယတန ဝိညာဏဉ္စာယတန အာကိဉ္စညာယတန နေဝသညာ နာသညာယတနဟူ၍ တဆဲ့နှစ်ပါးအပြားရှိ၏။ ပစ္စယာနုယောဂသည်ကားသာမည ဝိသေသဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတွင် သာမညဟူသော်ကား နဝတ္တဗ္ဗံ သမ္မုတိဉာဏံ သစ္စာရမ္မဏညေဝ နအညာရမ္မဏန္တိ။ အာမန္တာ။ ဒါနံဒဒန္တဿ အတ္ထိဉာဏံ သမ္မုတိသစ္စမှိတိ။ အာမန္တာ။ ဟဉ္စိဒါနံ ဒဒန္တဿ အတ္ထိဉာဏံ သမ္မုတိ သစ္စမှိတိ။ တေန ဝတ ရေ ဝတ္တဗ္ဗေ။ သမ္မုတိ ဉာဏံ သစ္စာရမ္မဏညေဝ အညာရမ္မဏန္တိတည်း။ ဝိသေသသည်ကား စီဝရံဒဒန္တဿ ပိဏ္ဍပါတံ ဒဒန္တဿ သေနာသနံ ဒဒန္တဿ ဂိလာနပစ္စယ ဘေသဇ္ဇပရိက္ခာရံ ဒဒန္တဿာ နုယောဂဟူ၍လေးပါးအပြားရှိ၏။ ပရဝါဒီပက္ခနှောင်ကား သကဝါဒီပက္ခကို ဟောတော်မူ၏။ ထိုသည်ကား ဒုက္ခသစ္စာ နိရောဓသစ္စာ မဂ္ဂသစ္စာ သမုဒယသစ္စာဟူ၍ လေးပါးအပြားရှိ၏။

သမ္မုတိဉာဏ ကထာနိဋ္ဌိတာ။

---

## ၇-စိတ္တာရမ္မဏကထာ

၄၃၆။ စိတ္တာရမ္မဏ ကထာကား အနက် လွယ်၏။ အနာဂတေ၌။ ဉာဏံ၊သည်။ အတ္ထိ၊ရှိသလော။ပ။ အနာဂတံ၊ကို။ မူလ တော၊တည်ရာအားဖြင့်။ ဇာနာတိ၊ သိသလော။ ဟေတုတော၊

အကြောင်းအားဖြင့်။ ဇာနာတိ၊သိသလော။ နိဒါနတော၊ နိဒါန အားဖြင့်။ပ။ သမ္ဘဝတော၊ ဖြစ်ကြောင်းအားဖြင့်။ပ။ ပဘဝတော၊ အမွန်အားဖြင့်။ပ။ သမုဒယတော၊ ဖြစ်ကြောင်း အားဖြင့်။ပ။ အာနန္ဒ၊အာနန္ဒာ။ ပါဋလိ ပုတ္တဿ၊ ပေါက်သစ်သော သခွတ်ပင်လျှင် ပဝတ္တနိမိတ်ရှိသော မြို့၌။ တယော၊ ကုန်သော။ အန္တရာယာ၊ အန္တရာယ်တို့သည်။ ဘဝိဿန္တိ၊ ကုန်အံ့။ အဂ္ဂိတောဝါ၊ မီးကြောင့်လည်းကောင်း။ ဥဒကတောဝါ၊ရေကြောင့်လည်းကောင်း။ မိထုဘေဒါဝါ၊ အချစ်ပျက်သည် ဖြစ်၍ လည်းကောင်း။ပ။ ဣတိ၊ ဤသို့။ ဘဂဝတာ၊သခင်ဘုရားသည်။ ဝုတ္တံ၊၏။ (သိကောင်းပြီ)။

**အမှာ** သမ္မုတိ ဉာဏကထာ နှောင်ကား စိတ္တာရမ္မဏကထာကို ဟောတော်မူ၏။ ထိုသည်ကား သကဝါဒိပက္ခ ပရဝါဒိပက္ခဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတွင် သကဝါဒိပက္ခသည်ကား သရာဂါဒိ အနုယောဂ ဖဿာရမ္မဏာဒိ အနုယောဂ ဖဿပရိယာဒိ အနုယောဂဟူ၍ သုံးပါးအပြားရှိ၏။ ထိုသုံးပါးတွင် သရာဂါဒိ အနုယောဂသည်ကား သရာဂ အနုယောဂ ဝီတရာဂ သဒေါသ ဝီတဒေါသ သမောဟ ဝီတမောဟ သံခိတ္တ ဝိခိတ္တ မဟဂ္ဂတ အမဟဂ္ဂတ သဥတ္တရ အနုတ္တရ သမာဟိတ အသမာဟိတ ဝိမုတ္တ အဝိမုတ္တဟူ၍ တဆဲ့ခြောက်ပါး အပြားရှိ၏။ ထိုတဆဲ့ခြောက်ပါးတွင် ဖဿာရမ္မဏာဒိ အနုယောဂ သည်ကား ဖဿာရမ္မဏဝေဒနာ သညာ စေတနာ စိတ္တ သဒ္ဓါ ဝီရိယ သတိ သမာဓိ ပညာ ရာဂ ဒေါသ မောဟ မာန ဒိဋ္ဌိ ဝိစိကိစ္ဆာ ထိန မိဒ္ဓ အဟိရိက အနောတ္တပ္ပဟူ၍ နှစ်ဆယ်အပြားရှိ၏။ ဖဿပရိယာဒိ အနုယောဂမှာလည်းကောင်းတည်း။

စိတ္တာရမ္မဏကထာ နိဋ္ဌိတာ။

---

**၈-အနာဂတ ဉာဏကထာ**

**အမှာ** စိတ္တာရမ္မဏ ကထာနှောင်ကား အနာဂတ ဉာဏကထာကို ဟောတော်မူ၏။ ထိုသည်ကား မူလာ

နုယောဂ ဟေတုအနုယောဂ နိဒါနာနုယောဂ သမ္ဘဝါနုယောဂ ပဘာဝါနုယောဂ သမုဋ္ဌာနာနုယောဂ အာဟာရာနုယောဂ အာရမ္မဏာနုယောဂ ပစ္စယာနုယောဂ သမုဒယာ နုယောဂဟူ၍ ဆယ်ပါးပြား၏။ ပစ္စယာနုယောဂ သည်ကား ယောတာပန္နာနုယောဂ ဟေတုပစ္စယာနုယောဂ အစရှိသော အားဖြင့် မူလီနှစ်ဆယ်ပြား၏။ ပုရေဇာတပစ္စည်း ကမ္မပစ္စည်း အာဟာရပစ္စည်း ဈာနပစ္စည်းဟူ၍ လေးပစ္စည်းကိုသာကြဉ် နှစ်ဆယ်ရ၏။ အတ္တာနုယောဂ သည်ကား ယောတာပန္နာနုယောဂ သကဒါဂါမိ အနာဂါမိ အရဟတ္တဟူ၍ လေးပါးအပြားရှိ၏။ ထိုတွင် တပါးတပါး၌ မဂ္ဂါဒိအနုယောဂ ဖလာဒိအနုယောဂ နှစ်ပါးစီချည်း ပြားသောကြောင့် ရှစ်ပါးအပြားရှိ၏။ (ပရဝါဒိပက္ခကိုကားသိကောင်းပြီ)။
အနာဂတဉာဏကထာ နိဋ္ဌိတာ။

---

## ၉-ပစ္စုပ္ပန္နကထာ

၄၄၁။ ။ပ။ တေနခဂ္ဂေန၊ ထို သန့်လျှက်ဖြင့်။ တံခဂ္ဂံ၊ ထို သန့်လျှက်ကို။ ဆိန္ဒတိ၊ ဖြတ်သလော။ တေန ဖရသုနာ၊ ထိုပေါက်ဆိန်ဖြင့်။ တံဖရသုံ၊ ထိုပေါက်ဆိန်ကို။ တစ္ဆတိ၊ ပေါက်သလော။ တာယ၊ ထိုသို့သဘောရှိသော။ ကုဒါရိယာ၊ ဓားမဖြင့်။ တံကုဒါရိံ၊ ထိုဓားမကို။ တစ္ဆတိ၊ ဖြတ်သလော။ တာယ၊ ထိုသို့သဘောရှိသော။ ဝါသိယာ၊ တစဉ်းဖြင့်။ တံဝါသိံ၊ ထိုတစဉ်းကို။ တစ္ဆတိ၊ ဖြတ်သလော။ တာယ၊ ထိုသို့သဘောရှိသော။ သူစိယာ၊ အပ်ဖြင့်။ တံသူစိံ၊ ထိုအပ်ကို။ သိဗ္ဗတိ၊ ချုပ်သလော။ တေန၊ ထိုသို့သဘောရှိသော။ အင်္ဂုလဂ္ဂေန၊ လက်ချောင်းဖျားဖြင့်။ တံအင်္ဂုလဂ္ဂံ၊ ထိုလက်ချောင်းဖျားကို။ ပရာမသတိ၊ သုံးသပ်သလော။ ။ပ။ ဂူထေန၊ ဘင်ပုပ်ဖြင့်။ ။ပ။ မုတ္တေန၊ ကျင်ငယ်ဖြင့်။ ။ပ။ ခေဠေန၊ တံတွေးဖြင့်။ ။ပ။ ပုဗ္ဗေန၊ ပြည်ဖြင့်။ ။ပ။ လောဟိတေန၊ သွေးဖြင့်။ တံလောဟိတံ၊ ထိုသွေးကို။ ဓောဝတိ၊ ဆေးသလော။ ။ပ။ သဗ္ဗသင်္ခါရေ၊ ခပ်သိမ်းသော သင်္ခါရတို့ကို။ အနိစ္စတော၊ အနိစ္စအားဖြင့်။ ဒိဋ္ဌေ၊ မြင်သည်ရှိသော်။ တံပိ၊

ထိုသို့သဘောရှိသေး။ ဉာဏံ၊ ဉာဏ်ကို။ အနိစ္စတော၊ အားဖြင့်။ ဒိဋ္ဌံ၊ မြင်သည်။ ဟောတိ၊ ဖြစ်သလော။ ပ။

**အဖွင့်** အနာဂတဉာဏ ကထာနောင်ကား ပစ္စုပ္ပန္နကထာ ကို ဟောတော်မူ၏။ ထိုသည်ကား သကဝါဒီပက္ခ ပရဝါဒီပက္ခဟူ၍နှစ်ပါးတည်း။ ထိုနှစ်ပါးတွင်သော် သကဝါဒီပက္ခ သည်ကား ဉာဏာနုယောဂ ဖဿာဒိအနုယောဂ သတ္တာဒိ အနုယောဂ အင်္ဂါနုယောဂ အနိစ္စာနုယောဂဟူ၍ ငါးပါးတည်း။ ထို ငါးပါးတွင် ဉာဏာနုယောဂသည်ကား ဉာဏာနုယောဂ အာရမ္မဏာ နုယောဂဟူ၍ နှစ်ပါး။ ထိုနှစ်ပါးတွင် ဉာဏာနုယောဂ သည်ကား ဉာဏဇာနနာနုယောဂ ဉာဏာဒိဇာနနာ နုယောဂဟူ၍ နှစ်ပါး။ ထိုဉာဏာနုယောဂ နောင်ကား အာရမ္မဏာ နုယောဂကို ဟောတော်မူ၏။ ဤသုံးချက်သည်ကား ဉာဏာနုယောဂတည်း။ ဖဿာဒိအနုယောဂသည်ကား ဖဿ ဝေဒနာ သညာ စေတနာ စိတ္တ ဝိတက္ကဝိစာရ ပီတိ သတိ ပညာဟူ၍ဆယ်ပါးပြား၏။ ဤကား ဖဿာဒိ အနုယောဂတည်း။ သတ္တာဒိ အနုယောဂ သည်ကား ခဂ္ဂါနုယောဂ ဖရသုအနုယောဂ ဝါသိအနုယောဂ သူစိ အနုယောဂ ဟူ၍ ငါးပါး။ ဤကား သတ္တာဒိ အနုယောဂ တည်း။ အင်္ဂါ နုယောဂ သည်ကား အင်္ဂုလဂ္ဂါ နုယောဂ နာသိကဂ္ဂါ နုယောဂဟူ၍ နှစ်ပါးအပြားရှိ၏။ ဤကား အင်္ဂါနုယောဂတည်း။ နိစ္စာနုယောဂ သည်ကား ဂူထာနုယောဂ မုတ္တာနုယောဂ ခေဠာ နုယောဂ ပုဗ္ဗာနုယောဂ လောဟိတာ နုယောဂဟူ၍ ငါးပါး။ (ပရဝါဒီပက္ခကိုကား သိကောင်းပြီ)။

ပစ္စုပ္ပန္နကထာ နိဋ္ဌိတာ။

---

## ၁၀-ဖလဉာဏ ကထာ

ပစ္စုပ္ပန္နကထာနောင်ကားဖလဉာဏကထာကိုဟောတော်မူ၏။ ထိုသည်ကား သကဝါဒီပက္ခ ပရဝါဒီပက္ခ ဟူ၍ နှစ်ပါးတည်း။ ထိုနှစ်ပါးတွင် သကဝါဒီပက္ခသည်ကား ဖလဿပညာ နုယောဂ

ဖလ ပရောပရိယတ္တိအနုယောဂ သဗ္ဗာဒိ အနုယောဂ ဇိနာဒိအနု ယောဂဟူ၍ ငါးပါး။ (ပရဝါဒီပက္ခကိုကား သိကောင်းပြီ)။

ဖလညာဏကထာ- နိဋ္ဌိတာ။

ပဉ္စမောဝဂ္ဂေါ။

---

သတ္တုပလဒ္ဓိ၊ ပဌမဝဂ်တွင်အစ။ ဥပဟာရဇော၊ ဒုတိယဝဂ်တွင်အစ။ ဗလံဂိဟိဿ၊ တတိယဝဂ်တွင်အစ။ အရဟာ၊ စတုတ္ထဝဂ်တွင်အစ။ ဝိမုတ္တိ၊ ပဉ္စမဝဂ်တွင်အစ။ (ဤသည်ကား အစဉ်တည်သောကထာတို့ကို ထားသတည်း)။ ပဉ္စမံဝိမုတ္တိညာဏံ၊ဝိမုတ်ကိုလည်းကောင်း။ သေခဿ အသေခဉာဏံ၊ အသေခ ဉာဏကထာကို လည်းကောင်း။ ဝိပရိတေဉာဏံ၊ ဝိပရိတ ကထာကို လည်းကောင်း။ အနိယာမတဿ နိယာမဂမနာယ၊ နိယာမ ကထာ လည်းကောင်း။ အတ္ထိညာဏံ သမ္ဗုံဉာဏံ ပဋိသမ္ဘိဒါ၊ ပဋိသမ္ဘိဒါ ကထာ လည်းကောင်း။ သမ္မုတိ ဉာဏံ၊ သမ္မုတိ ကထာ လည်းကောင်း။ စေတောပရိယေဉာဏံ၊ စိတ္တာရမ္မဏ ကထာ လည်းကောင်း။ အနာဂတေဉာဏံ၊ အနာဂတ ကထာ လည်းကောင်း။ ပစ္စုပ္ပန္နေဉာဏံ၊ ပစ္စုပ္ပန္နကထာ လည်းကောင်း။ သာဝကဿ စတုတ္ထဖလေဉာဏံ၊ ဖလဉာဏကထာလည်းကောင်းတည်း။

မဟာပဏ္ဏာသကော။

---

# ဆဋ္ဌဝဂ္ဂ

## ၁-နိယာမ ကထာ

**အမှာ** ပဉ္စမဝဂ် နောင်ကား ဆဋ္ဌဝဂ်ကို ဟောတော်မူ၏။ ထိုသည်ကား သာမညဝိသေသ နှစ်ပါးတွင် သာမညကို ရှေးဦးစွာ ဟောတော်မူ၏။ ထိုသည်ကား ဓမ္မာနုယောဂ ပုဂ္ဂလာနုယောဂဟူ၍ နှစ်ပါးအပြားရှိ၏။ ဓမ္မာနုယောဂသည်ကား နိဗ္ဗာနာဒိအနုယောဂ အသင်္ခတာနုယောဂ ဒွေတာ

ဏာဒိ အနုယောဂ ဥစ္စနိစတာဒိ အနုယောဂဟူ၍ လေးပါးတွင် နိဗ္ဗာနာဒိအနုယောဂကို ရှေးဦးစွာ ဟောတော်မူ၏။ ထိုသည်ကား ဓမ္မာနုယောဂ တည်း။ ပုဂ္ဂလာနုယောဂသည်ကား တချက်သာ တည်း။ ဤကား သာမည တည်း။ ထိုနောင်ကား ဝိသေသကို ဟောတော်မူ၏။ ထိုသည်ကား အသမ္ဘိဒါ နုယောဂ သမ္ဘိဒါ နုယောဂဟူ၍ နှစ်ပါးတွင် အသမ္ဘိဒါအနုယောဂကို ရှေးဦးစွာ ဟောတော်မူ၏။ ထိုသည်ကား ဧကကာ နုယောဂ ပဉ္စကာ နုယောဂဟူ၍ နှစ်ပါးတွင်သော် ဧကကာ နုယောဂ သည်ကား အနုလောမ ပဋိလောမဟူ၍ နှစ်ပါးတည်း။ ပဉ္စကသည်ကား သောတာပန္နာ နုယောဂ သကဒါဂါမိ အနုယောဂ အနာဂါမိ အနုယောဂ အရဟတ္တာနုယောဂ အသင်္ခတာ နုယောဂ ဟူ၍ ငါးပါးတွင် တပါးပါး၌ အနုလောမ ပဋိလောမဟူ၍ နှစ်ပါး ပြားသောကြောင့် ဆယ်ပါးဖြစ်၏။ ဤကား အသမ္ဘိဒါ နုယောဂ တည်း။ ထိုနောင်ကား သမ္ဘိဒါ နုယောဂကို ဟောတော်မူ၏။ ထိုသည်ကား တဏှာနိ အနုယောဂ လေဏာနိ အနုယောဂ ပရာယနာနုယောဂ အစ္စုတာနုယောဂ နိဗ္ဗာနာ နုယောဂ ဥစ္စနိစတာ နုယောဂ ပဏီတာ နုယောဂ ဥက္ကံသာဝကံသာ နုယောဂ ဘေဒါ နုယောဂ ရာဇိ အနုယောဂ အနန္တရိကာ နုယောဂ မိစ္ဆတ္တနိယတာ နုယောဂ ဟူ၍ တဆဲ့ခြောက်ပါး အပြားရှိ၏။ သိကောင်းပြီ။ သကဝါဒီပက္ခ နောင်ကား ပရဝါဒီ ပက္ခကို ဟောတော်မူ၏။ ထိုသည်ကားနိယာမာနုယောဂ ဝိတ္ထာ နုယောဂဟူ၍ နှစ်ပါးတည်း။ (သိကောင်းပြီ)။

နိယာမကထာ နိဋ္ဌိတာ။

---

## ၂—ပဋိစ္စ သမုပ္ပါဒ ကထာ

၄၄၈။ ပရာယနာနိ၊ လားရာတို့သည်ကား။ ဒွေ၊ နှစ်ပါးတို့လော။ပ။ ဥစ္စနိစတာ၊ မြင့်သည်နိမ့်သည်၏ အဖြစ်သည်။ အတ္ထိ၊ ရှိသလော။ပ။ ဥက္ကံသာဝကံသော၊ လွန်သည်ယုတ်သည်၏အဖြစ်

သည်။ အတ္ထိ၊ ရှိသလော။ပ။ ရာဇဝါ၊ အရေးသည်။ အတ္ထိ၊ ရှိသလော။ အနန္တရိကာဝါ၊ သည်။ အတ္ထိ၊ ရှိသလော။ပ။

၄၅၀။ ဘိက္ခဝေ၊ ရဟန်းတို့။ ဇာတိပစ္စယာ၊ ဇာတိ တည်းဟူသော အကြောင်းကြောင့်။ ဇရာမရဏံ၊ သည်။ တထာဂတာနံ၊ တို့အား။ ဥပ္ပါဒါဝါ၊ ဖြစ်သော်လည်းကောင်း။ တထာဂတာနံ၊ တို့အား။ အနုပ္ပါဒါဝါ၊ မဖြစ်သော်လည်းကောင်း။ ယာဓာတု၊ သည်။ ဌိတာဝ၊ တည်သည်သာလျှင်တည်း။ သာဓာတု၊ ထိုသည်ကား။ ဓမ္မဋ္ဌိတတာ၊ ဓမ္မ၏အကြောင်းဖြစ်၍ ဖြစ်၏။ သာဓာတု၊ သည်။ ဓမ္မနိယာမတာ၊ ဓမ္မ၏အကြောင်းအဖြစ်ဖြင့်မြဲ၏။ ဣဒပ္ပစ္စယတာ၊ အဝိဇ္ဇာ စသည့် သင်္ခါရ စသည်၏ အကြောင်းအဖြစ်ကို။ တထာဂတော၊ သည်။ အဘိသမ္ဗုဇ္ဈတိ၊ ၏။ အဘိသမေတိ၊ ထိုးထွင်း၍ သိ၏။ပ။ဇရာမရဏံ၊ကို။ ပဿထ၊ရှုကုန်လော့။ ဣတိစ၊ ဤသို့လည်း။ အာဟ၊ ဆို၏။ တတြ၊ ထိုသင်္ခါရ၌။ တထတာ၊ မလွဲသည်၏အဖြစ်သည် လည်းကောင်း။ အဝိတထတာ၊ မချွတ်သည်၏ အဖြစ်သည်လည်းကောင်း။ အနညထတာ၊ တပါးမဟုတ်သည်၏ အဖြစ်သည်လည်းကောင်း။ ဟောတိ၊ ၏။ ဘိက္ခဝေ၊ တို့။ အယံ၊ ဤသည်ကို။ ပဋိစ္စသမုပ္ပါဒေါတိ၊ ဟူ၍။ ဝုစ္စတိ၊အပ်၏။ပ။

၄၅၁။ အဝိဇ္ဇာပစ္စယာသင်္ခါရာတိ။ တတ္ထပိ၊ ၌။ ယာ၊ သည်။ ဓမ္မဋ္ဌိတတာ၊ ဓမ္မ၏အကြောင်းဖြစ်၍ ဖြစ်သလော။ပ။

---

**အမှာ** နိယာမကထာနှောင်ကား ပဋိစ္စသမုပ္ပါဒကထာကို ဟောတော်မူ၏။ ထိုသည်ကား ပုဗ္ဗာ ပဋိဇာနနာ နှစ်ပါးတွင်သော် ပုဗ္ဗာကို ရှေးဦးစွာ ဟောတော်မူ၏။ ထိုသည်ကားသကဝါဒီပက္ခပရဝါဒီပက္ခဟူ၍ နှစ်ပါးတွင်သော် သကဝါဒီ ပက္ခကို ရှေးဦးစွာ ဟောတော်မူ၏။ ထိုသည်ကား သာမည ဝိသေသ နှစ်ပါးတွင်သော် သာမညကို ရှေးဦးစွာ ဟောတော်မူ၏။ထိုသည်ကား နိဗ္ဗာနာဒိအနုယောဂ အသင်္ခတာဒိအနုယောဂ တာဏာဒိ အနုယောဂ ဥစ္စနိစတာ နုယောဂ ဟူ၍ လေးပါး

တည်း။ ထိုနောင် ဝိသေသကို ဟောတော်မူ၏။ ထိုသည်ကား အဝိဇ္ဇာ သင်္ခါရာ ဝိညာဏံ နာမရူပံ သဠာယတနံ ဖဿ ဝေဒနာ တဏှာ ဥပါဒါနံ ဘဝ ဇာတိ ဇရာမရဏံဟူ၍ တဆဲ့နှစ်ပါးတွင် တပါးပါး၌ အနုလောမ ပဋိလောမဟူ၍ နှစ်ပါးစီချည်းပြားသော ကြောင့် နှစ်ဆဲ့လေးပါးဖြစ်၏။ သကဝါဒီပက္ခနောင် ပရဝါဒီပက္ခကို ဟောတော်မူ၏။ ထိုသည်ကား ဇာတိပစ္စယာ ဇရာမရဏံ။ ဘဝ ပစ္စယာဇာတိ။ ဥပါဒါနပစ္စယာဘဝေါ တဏှာပစ္စယာဥပါဒါနံ။ ဝေဒနာ ပစ္စယာ တဏှာ။ ဖဿပစ္စယာ ဝေဒနာ။ သဠာယတန ပစ္စယာ ဖဿော။ နာမရူပပစ္စယာသဠာယတနံ။ ဝိညာဏပစ္စယာ နာရူပံ။ သင်္ခါရပစ္စယာဝိညာဏံ။ အဝိဇ္ဇာပစ္စယာသင်္ခါရာ။ အဝိဇ္ဇာ ဟူသော်ကား တဆဲ့နှစ်ပါးတည်း။ ပဋိလုံ။ ၎င်းကား ပုစ္ဆာတည်း။ ပုစ္ဆာနောင်ကား ပဋိပုစ္ဆာကို ဟောတော်မူ၏။ ထိုသည် အဝိဇ္ဇာ အစရှိသော အပြားအားဖြင့် တဆဲ့နှစ်ပါးတွင် တပါးပါး၌ အနုလောမ ပဋိလောမဟူ၍ နှစ်ပါးအပြားရှိသောကြောင့် နှစ်ဆဲ့လေးပါးဖြစ်၏။

ပဋိစ္စသမုပ္ပါဒကထာ နိဋ္ဌိတာ။

## ၃—သစ္စကထာ

ပဋိစ္စသမုပ္ပါဒကထာနောင်ကား သစ္စကထာကို ဟောတော်မူ၏။ ထိုသည်ကား သကဝါဒီပက္ခ ပရဝါဒီပက္ခနှစ်ပါးတွင်သော် သကဝါဒီ ပက္ခကို ရှေးဦးစွာ ဟောတော်မူ၏။ ထိုသည်ကား သာမည ဝိသေသ နှစ်ပါးတွင်သော် သာမညကို ရှေးဦးစွာ ဟောတော်မူ၏။ ထိုသည်ကား တာဏာဒိအနုယောဂ ဥစ္စတာနိစ တာဒိ အနုယောဂ ဟူ၍ နှစ်ပါးတည်း။ ထိုဝိသေသသည်ကား သုဒ္ဓ သမ္ဘေဒ ဟူ၍ နှစ်ပါးပြား၏။ ထိုနှစ်ပါးတွင် သုဒ္ဓကို ရှေးဦးစွာ ဟောတော်မူ၏။ ထိုသည်ကား အနုလောမ ပဋိလောမ ဟူ၍ နှစ်ပါးတည်း။ ထိုသည်ကား ဒုက္ခ သမုဒယ မဂ္ဂ သစ္စာ ဟူ၍ သုံးပါးတွင်သော် ဒုက္ခသည်ကား သာမည ဒုက္ခ

ဝိသေသ ဒုက္ခ နှစ်ပါးတည်း။ သမုဒယလည်း နှစ်ပါး။ မဂ္ဂလည်း နှစ်ပါးလည်းကောင်းတည်း။ ဤကား အနုလုံတည်း။ ပဋိလောမ သည်ကား ဒုက္ခ သမုဒယ မဂ္ဂဟူ၍ သုံးပါးတည်း။ တပါးပါးလျှင် သာမည ဝိသေသနှစ်ပါးတည်း။ သုဒ္ဓနောင်ကား သမ္ဘေဒကို ဟောတော်မူ၏။ ထိုသည်ကား နိရောဓသစ္စာ မူလိရှိသည် မဂ္ဂ သစ္စာမူလိ ရှိသည်ဟူ၍ နှစ်ပါးတွင်သော် နိရောဓသစ္စာ မူလိ ရှိသည်ကို ရှေးဦးစွာဟောတော်မူ၏။ ထိုသည်ကား ဒုက္ခသစ္စာ မူလရှိသည် သမုဒယသစ္စာမူလရှိသည် မဂ္ဂသစ္စာမူလရှိသည်ဟူ၍ သုံးပါးတည်း။ ထိုနောင်ကား နိရောဓသစ္စာမူလိရှိသည်ကို ဟော တော်မူ၏။ ထိုသည်ကား ဒုက္ခသစ္စာမူလရှိသည် သမုဒယသစ္စာ မူလရှိသည် မဂ္ဂသစ္စာမူလရှိသည်ဟူ၍ သုံးပါးတည်း။ (ပရဝါဒီ ပက္ခကိုကားသိကောင်းပြီ)။

သစ္စကထာ နိဋ္ဌိတာ။

---

## ၄-အာရုပ္ပကထာ

၄၅၅။ ပ။အာရုပ္ပါ၊ အရူပတို့ကို။ အနေဇာ၊ မတုန်လှုပ်တတ် ကုန်သည်ဟူ၍။ ဘဂဝတာ၊ သည်။ ဝုတ္တာ၊ ဟောတော်မူအပ် သလော။ပ။

**အမှာ** သစ္စကထာနောင်ကား အာရုပ္ပကထာကို ဟော တော်မူ၏။ ထိုသည်ကား သကဝါဒီပက္ခ ပရဝါဒီပက္ခ ဟူ၍နှစ်ပါးတွင်သော် သကဝါဒီ ပက္ခသည်ကား အာကာသာ နဉ္စာယတန ဝိညာဏဉ္စာယတန အာကိဉ္စညာယတန နေဝသညာ နာသညာယတနဟူ၍ လေးပါးတွင်သော် အာကာသာနဉ္စာယတ နသည်ကား နိဗ္ဗာနာဒိအနုယောဂ အသင်္ခတအနုယောဂ တာဏာ ဒိအနုယောဂ ဘဝါဒိအနုယောဂဘမ္မာနုယောဂ သတ္တာနုယောဂ ဇာယန္တာအနုယောဂ ဝေဒနာဒိအနုယောဂ စတုဝေါကာရာ နုယောဂဟူ၍ ကိုးပါးတည်း။ အာကာသာ နဉ္စာယတနအရာ တွင် ဝိညာဏဉ္စာယတန အစရှိသော သုံးပါးကိုလည်း ဟော

တော်မူ၏။ ကိုးပါးစီချည်း။ သကဝါဒီပက္ခနောင်ကား ပရဝါဒီပက္ခကို ဟောတော်မူ၏။ ထိုသည်ကား အာကာသာနဉ္စာယတန စသောလေးပါးလည်းကောင်း ဟောလိုသည်။

အာရုပ္ပကထာနိဋ္ဌိတာ။

---

## ၅-နိရောဓသမာပတ္တိကထာ

၄၅၇။ ပ။ဝေါဒါနံ၊ အနာဂါမိဖိုလ် အရဟတ္တဖိုလ်မှ။ ဝုဋ္ဌာနံ၊ ထခြင်းကို။အသင်္ခတာ၊ အသင်္ခတဟူ၍။ပညာယတိ၊ထင်သလော။ ပ။ နိရောဓာ၊ အနာဂါမိဖိုလ်အရဟတ္တဖိုလ်မှ။ ဝုဋ္ဌိတဿ၊ ထသော ပုဂ္ဂိုလ်အား။ ဝိဝေကနိန္နံ၊ ဆိတ်ငြိမ်ရာသို့ညွတ်သော။ စိတ္တံ၊သည်။ ဟောတိ၊သလော။ ဝိဝေကပေါဏံ၊ ဆိတ်ငြိမ်ရာသို့ ရှိုင်းသော။ စိတ္တံ၊ သည်။ ဟောတိ၊ လော။ ဝိဝေကပဗ္ဘာရံ၊ ဆိတ်ငြိမ်ရာသို့ ကိုင်းသော။ စိတ္တံ၊ စိတ်သည်။ ဟောတိ။ ဖြစ်သလော။ပ။ (ဝုဋ္ဌိတဿ၊ ထသောပုဂ္ဂိုလ်သည်ဟူ၍ လည်းပေး)။

**အမှာ** ရှုပကထာနောင်ကား နိရောဓသမာပတ္တိ ကထာကို ဟောတော်မူ၏။ ထိုသည်ကား သကဝါဒီပက္ခ ပရဝါဒီပက္ခ နှစ်ပါးတွင်သော် သကဝါဒီပက္ခသည်ကား နိဗ္ဗာနာဒိအနုယောဂ အသင်္ခတာနုယောဂ တာဏာဒိ အနုယောဂ သမာပဇ္ဇန္တာနုယောဂ ဝေါဒါနာဒိ အနုယောဂ နိရုဇ္ဈမာနာနုယောဂ ဥပ္ပဇ္ဇမာနာ နုယောဂ ဖဿာနုယောဂ နိန္နာဒိအနုယောဂ ဟူ၍ကိုးပါးတွင်သော် နိဗ္ဗာနာဒိအနုယောဂကိုရှေးဦးစွာ ဟောတော်မူ၏။ အဓိပ္ပါယ်ကား အနာဂါမိဖိုလ် အရဟတ္တဖိုလ် သည် အသင်္ခတမည်သလောဟုမေးသည်ကို ပရဝါဒီကအာမန္တာ ဟူ၍ဝန်ခံချေရကား နိရောဓသမာပတ်သည် နိဗ္ဗာန်မည်သလော ဟူ၍ အရှင် သကဝါဒီမေးရကား နိဗ္ဗာန်စစ်မဟုတ် ပဋိဘာဂ အသင်္ခတသာဖြစ်သောကြောင့် အာမန္တာ မခံသည်တည်း။ ပဋိ

ဘာဝဂဟူသည်ကား ရုပ်နှင့်မကင်းရှိသေး၏ ဟူသည်တည်း။ (ပရ ဝါဒီပက္ခကိုကား သိကောင်းပြီ)။
နိရောဓ သမာပတ္တိကထာ နိဋ္ဌိတာ။

## ၆-အာကာသကထာ

၄၆၀။ ပ။ အနာကာသံ၊ ကောင်းကင် မဟုတ်သည်ကို။ အာကာသံ၊ ကောင်းကင်ဟူ၍။ ယေ၊အကြင်သူတို့သည်။ကရောန္တိ၊ ပြုကုန်၏။ ကေစိ၊ အချို့ကုန်သော။ တေ၊ ထိုသူတို့သည်။ အတ္ထိ၊ ရှိကုန်သလော။ ပ။ အာကာသော၊ ကောင်းကင်၌။ ပက္ခိယော၊ ငှက်တို့သည်။ပ။ ပါဏိံ၊ လက်ဝါးကို။ပ။ လဂုဠံ၊ လင်းလေးအစ ရှိသည်ကို။ပ။ ဥသုံ၊မြားကို။ပ။ ကောဋ္ဌာနိ၊ကျီကျုတို့ကို။ပ။ဥဒပါနေ၊ ရေတွင်းကို။ ခဉမာနေ၊ တူးခြင်းသည်။ သတိ၊ ရှိသော်။ပ။ တုစ္ဆကောဋ္ဌေ၊ အချည်းစည်းသောကျီကျုကို။ပ။ တုစ္ဆဥဒပါနေ၊ အချည်းစည်းသော ရေတွင်းကို။ ပူရိယမာနေ၊ ပြည့်စေသည်။ သတိ၊ သော်။ပ။ အာကာသော၊ ကောင်းကင်သည်။ အန္တရဓာ ယတိ၊ ကွယ်သလော။ ပ။ အန္တရံ၊ အကြားကိုလည်းကောင်း။ တာဠစ္ဆိဒ္ဒံ၊ သံကောက်အပေါက်ကိုလည်းကောင်း။ဝါတပါနစ္ဆိဒ္ဒံ၊ လေသာနန်းတံခါးပေါက် ကိုလည်းကောင်း။ပဿသိနနု၊မြင်သည် မဟုတ်လော။ပ။

**အမှာ** နိရောဓသမာပတ္တိ ကထာနောင်ကား အာကာသ ကထာကို ဟောတော်မူ၏။ ထိုသည်ကား သက ဝါဒီပက္ခ ပရဝါဒီပက္ခ နှစ်ပါးတွင်သော် သကဝါဒီ ပက္ခသည် ကား နိဗ္ဗာနာဒိအနုယောဂ အသင်္ခတာဒိ အနုယောဂ တဏှာဒိ အနုယောဂ အသင်္ခတကရဏာဒိ အနုယောဂ ဂစ္ဆန္တာဒိအနု ယောဂ ဃရာဒိအနုယောဂ ဥဒပါနာနုယောဂ အနန္တရဓာနာ နုယောဂဟူ၍ ကိုးပါးတည်း။ (ပရဝါဒီပက္ခကိုသိကောင်းပြီ)။
အာကာသကထာ နိဋ္ဌိတာ။

## ၇-အာကာသော သနိဒဿနောတိကထာ

ထိုအာကာသကထာနောင်ကား အာကာသသနိဒဿန ကထာကိုဟောတော်မူ၏။ ထိုသည်ကား သကဝါဒီပက္ခ ပရဝါဒီပက္ခ နှစ်ပါးတွင်သော် သကဝါဒီ ပက္ခသည်ကား ရူပါဒိအနုယောဂ စက္ခုဝိညာဏာဒိ အနုယောဂ သုတ္တာဟရဏာ နုယောဂဟူ၍ သုံးပါးတွင်သော် နှစ်ပါးကို သိကောင်းပြီ။ ။သုတ္တာဟရဏာနုယောဂမှာကား ပဋိသေဓသုတ္တာဟရဏာနုယောဂ ပဋိဝိဇာနနာသုတ္တာဟရဏာနုယောဂ ဟူ၍နှစ်ပါးခွဲ။ (ပရဝါဒီပက္ခကိုကားသိကောင်းပြီ)။

အာကာသသနိဒဿနကထာနိဋ္ဌိတာ။

## ၈-ပထဝီဓာတုသနိဒဿနာတိအာဒိကထာ

၄၆၅။ ပ။ ဝါတေန၊ လေသည်။ သဉ္စာလိယမာနေ၊ လှုပ်စေအပ်ကုန်သော။ ရုက္ခေ၊ တို့ကို။ ပဿသိနနု၊ မြင်သည်မဟုတ်လော။ပ။

အမှာ

အာကာသသနိဒဿန ကထာနောင်ကား ပထဝီဓာတုသနိဒဿနကထာကိုလည်းကောင်း စက္ခုန္ဒြိယကထာကိုလည်းကောင်း ကာယကမ္မသနိဒဿနာဒိ ကထာကိုလည်းကောင်း ဟောတော်မူ၏။ ထိုသည်ကား သကဝါဒီပက္ခ ပရဝါဒီပက္ခ နှစ်ပါးတွင်သော် သကဝါဒီပက္ခကို ရှေးဦးစွာဟောတော်မူ၏။ ထိုသည်ကား ပထဝီ အာပေါ တေဇော ဝါယော လေးပါးတွင် ပထဝီသည်ကား စက္ခုဓာတ်။ပ။ ကာယဓာတ်ဟူ၍ ငါးပါးတွင် စက္ခုဓာတ် သည်ကား ရူပါဒိအနုယောဂ ဥပ္ပဋ္ဌနာနုယောဂ သုတ္တာဟရဏ ဟူ၍သုံးပါးတွင်နှစ်ပါးကို သိလွယ်၏။ သုတ္တာဟရဏသည်ကား ပဋိသေဓေန္တိ ဝိသဇ္ဇနာနုယောဂပဋိဝိသဇ္ဇနာနုယောဂ ဟူ၍နှစ်ပါးတည်း။ ပရဝါဒီပက္ခသည်ကား ပထဝီ အာပေါ တေဇောဝါယောဟူ၍ လေးပါးသည်းကောင်းတည်း။

သနိဒဿနသနိဒဿနကထာသည်ကား စကျွုလေးပါးတည်း။ဣန္ဒြိယကာယကမ္မသည်ကား စက္ခု။ပ။ ကာယဟူ၍ငါးပါးတွင် တပါးတပါး၌။ ရူပါဒိအနုယောဂ အစရှိသောအားဖြင့် သုံးပါးလည်းကောင်းတည်း။ပရဝါဒီပက္ခမှာသော်လည်း စက္ခု။ပ။ ကာယဟူ၍ငါးပါးလည်းကောင်းတည်း။ ကာယကမ္မသနိဒဿနကထာသည်ကား စက္ခု။ပ။ ကာယဟူ၍ငါးပါးတွင် တပါးတပါး၌။ ရူပါဒိအနုယောဂ။ပ။သုတ္တာဟရဏဟူ၍ သုံးပါးလည်း ကောင်းတည်း။ (ပရဝါဒီပက္ခကား တချက်သာ)။

ပရိယောသာနကထာ နိဋ္ဌိတာ။ ဆဋ္ဌောဝဂ္ဂေါ။

နိယာမောအသင်္ခတော၊ နိယာမကထာ လည်းကောင်း။ ပဋိစ္စသမုပ္ပါဒေါအသင်္ခတော၊ ပဋိစ္စသမုပ္ပါဒကထာ လည်းကောင်း။ စတ္တာရိသစ္စာနိအသင်္ခတာနိ၊ သစ္စာကထာလည်းကောင်း။ စတ္တာရောအာရုပ္ပါအသင်္ခတာ၊ အာရုပ္ပါကထာလည်းကောင်း။ နိရောဓသမာပတ္တိအသင်္ခတာ၊ နိရောဓသမာပတ္တိ ကထာလည်းကောင်း။ (သိခကောင်းပြီ)။

---

# သတ္တမဝဂ္ဂ

## ၁-သင်္ဂဟိတကထာ

၄၇၁။ ပ။ ခွေးကုန်သော။ ဗလိဗဒ္ဒါ၊ နွားလားတို့ကို။ ဒါမေနဝါ၊ ကြိုးဖြင့် လည်းကောင်း။ ယောတ္တေနဝါ၊ လွန်ဖြင့်လည်းကောင်း။ သင်္ဂဟိတာယထာ၊ တကွနှောင်၍ ယူသကဲ့သို့လည်းကောင်း။ ပိဋ္ဌပါတော၊သပိတ်၌ကျအပ်သောအစဥ်ကို။ (ဆွမ်းကိုလည်းဟူလေ)။သိက္ကာယ၊အိတ်ဖြင့်။ သင်္ဂဟိတာယထာ၊ သဂြိုဟ်အပ်သကဲ့သို့။ (ထည့်၍ ဆောင်၍ ယူသကဲ့သို့ လည်းကောင်းဟူ)။ သာ၊ခွေးကို။ ဂဒ္ဒုလေန၊တောက်ဖြင့်။ သင်္ဂဟိတောယထာ၊ခေါ်ဆောင်သကဲ့သို့၊ ဧဝမေဝ၊ ဤအတူလည်းကောင်း။ တေဓမ္မာ၊ တို့ကို။ တေဟိ၊ ထိုသို့ သဘောရှိကုန်သော။ ဓမ္မေဟိ၊ တို့ဖြင့်။ သင်္ဂဟိတာ၊ ကုန်၏။ပ။

အမှာ ဆဋ္ဌဝဂ်နောင်ကား သတ္တမဝဂ်ကိုဟောတော်မူ၏။ ထိုသည်ကား ပုစ္ဆာ ပဋိပုစ္ဆာဟူ၍နှစ်ပါးတွင်သော် ပုစ္ဆာသည်ကား သကဝါဒီပက္ခ ပရဝါဒီပက္ခ နှစ်ပါးတွင်သော် သကဝါဒီပက္ခကို ရှေးဦးစွာ ဟောတော် မူ၏။ ထိုသည်ကား သာမည ဝိသေသ နှစ်ပါးတွင်သော် သာမညကား တချက်သာ။ ဝိသေသသည်ကား ရူပက္ခန္ဓာဂဏနာ နုယောဂ ဝေဒနာက္ခန္ဓာ ဂဏနာနုယောဂ သညာက္ခန္ဓာဂဏနာနုယောဂ သင်္ခါရက္ခန္ဓာဂဏနာနုယောဂ ဝိညာဏက္ခန္ဓာဂဏနာ နုယောဂဟူ၍ငါးပါးတို့တွင် ရူပက္ခန္ဓာဂဏနာ နုယောဂ သည်ကား စက္ခာယတန ရူပက္ခန္ဓာ ဂဏနာနုယောဂ။ပ။ ကာယာယတန ရူပက္ခန္ဓာဂဏနာနုယောဂ ရူပါယတန ရူပက္ခန္ဓာဂဏနာ နုယောဂ။ပ။ ဖေါဋ္ဌဗ္ဗာ ယတန ရူပက္ခန္ဓာဂဏနာနုယောဂဟူ၍ ဆယ်ပါးတည်း။ ဟောဟန်ကား (သိကောင်းပြီ)။

ထိုနောင်ကား ဝေဒနာက္ခန္ဓာဂဏနာ နုယောဂ သည်ကား သုခဝေဒနာ ဒုက္ခဝေဒနာ အဒုက္ခမသုခ ဝေဒနာဟူ၍ သုံးပါး။ ထိုနောင်ကား သညာက္ခန္ဓာဂဏနာ နုယောဂသည်ကား စက္ခု သမ္ဖဿဇာ သညာက္ခန္ဓာဂဏနာ နုယောဂ ဟောဟန်ကား (သိကောင်းပြီ)။ပ။မနောသမ္ဖဿဇာ သညာက္ခန္ဓာဂဏနာနုယောဂ ဟူ၍ ခြောက်ပါးတည်း။ သင်္ခါရက္ခန္ဓာ ဂဏာနာနုယောဂ သည်ကား စက္ခုသမ္ဖဿဇာ စေတနာ သင်္ခါရက္ခန္ဓာဂဏနာ နုယောဂ။ပ။ မနောသမ္ဖဿဇာ စေတနာသင်္ခါရက္ခန္ဓာဂဏနာ နုယောဂ ဟူ၍ခြောက်ပါးလည်းကောင်းတည်း။ ဟောဟန်ကား သိကောင်း ပြီ။ ထိုနောင်ကား ဝိညာဏက္ခန္ဓာဂဏနာ နုယောဂ သည်ကား စက္ခုဝိညာဏ နုယောဂ။ပ။ မနောဝိညာဏ နုယောဂဟူ၍ ခြောက်ပါးတည်း။ သကဝါဒီ ပက္ခနောင်ကား ပရဝါဒီပက္ခကို ဟောတော်မူ၏။ ဟောဟန်ကား ယထာ ဒါမနေဝါ ယောဇေတွာ ဝါဒွေ မလိမ္ပတွါ စသည်ကို ဟောလေ။ ပုစ္ဆာနောင်ကား ပဋိပုစ္ဆာ

ကို ဟောတော်မူ၏။ ထိုသည်ကား ဒါမေနပ ဝါ ယောဇ္ဇေန ဝါ ဂဗ္ဘုလေန သင်္ဂဟိတော ဟာဒိဒါမေနပ ဝါ ယောဇ္ဇေနဝါ။ပ။ သင်္ဂဟိ. တောတိတည်း။

သင်္ဂဟိတကထာ နိဋ္ဌိတာ။

---

## ၂–သမ္ပယုတ္တကထာ

၄၇၄။ ။ပ။ သဟဂတာ၊တကွရောက်သလော။ သဟဇာ၊တာ၊ တကွဖြစ်သလော။ သံသဋ္ဌာ၊နှီးနှောသလော။ ဧကုပ္ပါဒါ၊ တူသော ဖြစ်ခြင်းရှိသလော။ ဧကနိရောဓာ၊တူသောချုပ်ခြင်းရှိသလော။ ဧက ဝတ္ထုကာ၊ တူသော အမှီတည်ရာရှိသလော။ ဧကာရမ္မဏာ၊ တူ သော အာရုံရှိသလော။ (အနက်လွယ်၏)။

**အဖွင့်** သင်္ဂဟကထာ နောင်ကား သမ္ပယုတ္တကထာကို ဟောတော်မူ၏။ ထိုသည်ကား သကဝါဒီပက္ခ ပရ ဝါဒီပက္ခ နှစ်ပါးတွင်သော် သကဝါဒီပက္ခကို ရှေးဦးစွာ ဟော တော်မူ၏။ ထိုသည်ကား ဝေဒနာက္ခန္ဓာမူလရှိသည် သညာက္ခန္ဓာ မူလရှိသည် သင်္ခါရက္ခန္ဓာမူလရှိသည် ဝိညာဏက္ခန္ဓာ မူလရှိသည် ဟူ၍ လေးပါးအပြားရှိ၏။ ထိုလေးပါးတွင် ဝေဒနာက္ခန္ဓာ မူလ ရှိရာ၌ကား သညာက္ခန္ဓာ မူလိရှိသည် သင်္ခါရက္ခန္ဓာ မူလိရှိသည် ဝိညာက္ခန္ဓာမူလိ ရှိသည်ဟူ၍ သုံးပါးအပြားရှိ၏။ ဤကား သက ဝါဒီပက္ခတည်း။ ပရဝါဒီ ပက္ခသည်ကား ဟောဟန်သော်ကား ယထာတိလမှိတေလံ အနုဂတံ အစရှိသည်တည်း။ တိလမှိ၊ နှမ်း၌။ တေလံ၊ဆီသည်။ အနုဂတံယထာ၊အစဉ်လိုက်သကဲ့သို့။ အနုပဝိဋ္ဌံ၊ အစဉ်ဝင်သကဲ့သို့။ ဥစ္ဆုမှိ၊ကြံ၌။ ရသော၊အရေသည်။ အနုဂတော အစဉ်လိုက်သကဲ့သို့။ (သိကောင်းပြီ)။

သမ္ပယုတ္တကထာ နိဋ္ဌိတာ။

---

## ၃-စေတသိက ကထာ

၄၇၅။ သဟဇာတာ၊ တကွဖြစ်၏။ ဉာတိမနသိကတွာ၊ ဤသို နှလုံးပြုခြင်းကြောင့်။ပ။ ဟီနပဏီတံ၊ ယုတ်သော မြတ်သော အဖြစ်ကို။ အနတ္တတော၊ အနတ္တအားဖြင့်။ သံဝိဒိတံ၊သိအပ်သော။ စိတ္တဉ္စ၊ စိတ်သည်လည်းကောင်း။ စေတသိကာ၊ စေတသိက်ဖြစ် ကုန်သော။ ဓမ္မာစ၊ တရားတို့သည်လည်းကောင်း။ ဟောန္တိ၊ ဖြစ် ကုန်သလော။ တဒုဘယေ၊ ထိုနှစ်ပါးစုံတို့ကို။ ဝိဒိတွာ၊သိ၍။ သမ္ဗုဒ္ဓ သော၊ မြင်သောပုဂ္ဂိုလ်သည်။ ပလောကဓမ္မံ၊ ပျက်တတ်သော သဘောကို။ အဝေဒိ၊သိပြီ။ပ။ ဉာဓ၊ ဤသတ္တလောက၌။ ကေဝဠ္ဌ၊ ကေဝဋ္ဋ။ ဘိက္ခု၊ရဟန်းသည်။ ပရသတ္တာနံ၊ တပါးသော သတ္တဝါ တို့အား။ပရပုဂ္ဂလာနံ၊တပါးသော ပုဂ္ဂိုလ်တို့အား။ စိတ္တံ၊ကိုလည်း။ အာဒိသတိ၊ ညွှန်လတ္တံ့။ပ။တေ၊သင်၏။ မနော၊ စိတ်သည်။ ဧဝံပိ၊ ဤသို့အပြားရှိ၏။ တေ၊သင်၏။ မနော၊စိတ်သည်။ ဣတ္ထံပိ၊ ဤသို့ အပြားရှိ၏။ တေ၊ သင်၏။ စိတ္တံပို၊ စိတ်သည်။ ဣတိပိ၊ ဤသို့ သဘောရှိ၏။ပ။

**အမှာ** သမ္ပယုတ္တကထာနောင်ကား စေတသိက ကထာကို ဟောတော်မူ၏။ထိုသည်ကား ပုစ္ဆာ ပဋိပုစ္ဆာဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတွင် ပုစ္ဆာကို ရှေးဦးစွာဟောတော် မူ၏။ ထိုသည်ကား သကဝါဒိပက္ခ ပရဝါဒိပက္ခ နှစ်ပါးတွင် သက ဝါဒိပက္ခကို ရှေးဦးစွာဟောတော်မူ၏။ ထိုသည်ကား သာမည ဝိသေသဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတွင် သာမညကား တချက်သာ။ ဝိသေသသည်ကား ဖဿ ဝေဒနာ သညာ စေတနာ သဒ္ဓါ သတိ ဝိရိယ သမာဓိ ပညာ ရာဂအစရှိသောအားဖြင့် တဆဲ့ ခြောက်ပါး အပြားရှိ၏။ ဤကား သကဝါဒိပက္ခတည်း။ သက ဝါဒိပက္ခနောင်ကား ပရဝါဒိပက္ခကို ဟောတော်မူ၏။ ထိုသည် ကား ဖဿ ဝေဒနာ သညာ စေတနာ သဒ္ဓါ သတိ ဝိရိယ သမာဓိ ပညာ ရာဂ ဒေါသ မောဟ အစရှိသောအားဖြင့်တဆဲ့ခြောက်ပါး

အပြားရှိ၏။ ဤပုစ္ဆာနှောင်ကား ပဋိပုစ္ဆာကို ဟောတော်မူ၏။ ထိုသည်ကား လက္ခဏာသုတ္တာ ဟရဏာနုယောဂ ကေဝဋ္ဋသုတ္တာ ဟရဏာနုယောဂဟူ၍ နှစ်ပါးအပြားရှိ၏။

စေတသိကကထာနိဋ္ဌိတာ။

---

## ၄-ဒါန ကထာ

၄၇၈။ ။ပ။ စေတသိကော၊ စေတသိက်ဖြစ်သော။ ဓမ္မော၊ ဓမ္မသည်။ ပရေသံ၊ တပါးသော သူတို့အား။ ဒါတုံ၊ ပေးအံ့သောငှါ။ လဗ္ဘာ၊ ရအပ်သလော။ပ။ ဒါနံ၊ ဒါနသည်။ အနိဋ္ဌဖလံ၊ မလိုအပ်သော အကျိုးရှိသလော။ အကန္တဖလံ၊ မနှစ်လိုအပ်သော အကျိုးရှိသလော။ အမနုညံ၊ မလိုအပ်သော အကျိုးရှိသလော။ သေစနကဖလံ၊ ကိလေသာသည် သွန်းအပ်သော အကျိုးရှိသလော။ပ။

၄၈၀။ ယာသဒ္ဒါ၊ အကြင်သဒ္ဓါသည်လည်းကောင်း။ ယံဟိရိယံ၊ အကြင်ဟိရိ သည်လည်းကောင်း။ ယံကုသလံ၊ အကြင်ကုသိုလ်သည် လည်းကောင်း။ ဒါနံ၊မည်၏။ ဧတေ၊ထိုသို့သဘောရှိကုန်သော။ ဓမ္မာ၊ဓမ္မတို့သည်။ သပ္ပုရိသာနုယာတာ၊ သူတော်ကောင်းတို့သည် အစဉ်လိုက်အပ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဟိ၊ထိုစကားသင့်စွ။ ဧတံမဂ္ဂံ၊ ထိုခရီးကို။ ဒိဗ္ဗံ၊နတ်၌ ဖြစ်သကဲ့သို့ဟူ၍။ ဝဒန္တိ၊ဆိုကုန်၏။ ဟိ၊သင့်စွ။ ဧတေနမဂ္ဂေန၊ ထိုအကြောင်းဖြင့်။ ဒေဝလောကံ၊ နတ်၏ပြည်သို့။ ဂစ္ဆတိ၊သွား၏။ပ။

ဘိက္ခဝေ၊ရဟန်းတို့။ ပဉ္စ၊ငါးပါးကုန်သော။ ဣမာနိ၊ ဤသို့သဘောရှိကုန်သော။ ဒါနာနိ၊ကောင်းမှုတို့သည်။ မဟာဒါနာနိ၊ များစွာသော ဒါနမည်ကုန်၏။ ဣမာနိဒါနာနိ၊ တို့ကို။ အဂ္ဂညာနိ၊ မြတ်၏ဟူ၍ သိအပ်ကုန်၏။ ရတ္တညာနိ၊ ရှည်သောအခါဟူ၍ သိအပ်ကုန်၏။ ဝံသညာနိ၊ အမျိုးအနွယ်ကြောင့် ဖြစ်ကုန်၏ ဟူ၍ သိအပ်ကုန်၏။ ပေါရာဏာနိ၊ ရှေး၌ ဖြစ်ကုန်၏။ အသံကိဏ္ဏာနိ၊ ပွါးများကုန်၏။ အသံကိဏ္ဏပုဗ္ဗာနိ၊ရှေး၌ပြွမ်းကုန်၏။နသံကိယန္တိ၊ ပြွမ်းဆဲမဖြစ်ကုန်။ နသံကိယိဿန္တိ၊ မပြွမ်းကုန်လတ္တံ့။ ဝိညူဟိ၊

ပညာရှိကုန်သော။ သမဏောတိ၊ ရဟန်းတို့ သည်လည်းကောင်း။ ဗြာဟ္မဏောတိ၊ တို့သည်လည်းကောင်း။ အပ္ပဋိကုဋ္ဌာနိ၊ မစက်ဆုပ်အပ်ကုန်။ ဘိက္ခဝေ၊ တို့။ ဧဝံ၊ ဤသတ္တလောက၌။ ပဉ္စ၊ တို့သည်ကား။ ကတမာနိ၊ အဘယ်သည်တို့နည်း။ (သိကောင်းပြီ)။

**အမှာ** စေတသိက ကထာ နောင်ကား ဒါနကထာကို ဟောတော်မူ၏။ ထိုသည်ကား ပုစ္ဆာ ပဋိပုစ္ဆာ ဟူ၍ နှစ်ပါးတွင် ပုစ္ဆာ ဟူသည်ကား စေတနာနုယောဂ ပစ္စယာနုယောဂ အနုဒေယျာဒိအနုယောဂဟူ၍ သုံးပါးတွင် စေတနာနုယောဂသည်ကား သကဝါဒီပက္ခ ပရဝါဒီပက္ခ နှစ်ပါးတွင် သကဝါဒီပက္ခသည်ကား သာမည ဝိသေသနှစ်ပါး။ သာမညသည်ကား ဖဿ ဝေဒနာ သညာ စေတနာ သဒ္ဓါ သတိ ဝိရိယ သမာဓိ ပညာဟူ၍ ကိုးပါးတည်း။ သကဝါဒီပက္ခနောင်ကား ပရဝါဒီပက္ခကို ဟောတော်မူ၏။ ထိုသည်ကား အနုလောမ ပဋိလောမဟူ၍ နှစ်ပါးသာတည်း။ သိကောင်းပြီ။ ။အဓိပ္ပါယ်ကား ပရဝါဒီပက္ခကား ဒါနစေတနာ ဝိရတိစေတနာ ဤနှစ်ပါးကို သာလျှင် ဒါနဟူလို၏။ ဒေယျဓမ္မကို ဒါန မဟူလို။ သို့ဟူ၍ဆို၏။ အရှင်သကဝါဒီသည်ကား သုံးပါးသောစေတနာကိုပင် ဒါနဟူ၍ ဆိုလို၏ ဟူ၍ ဆိုသတည်း။ စေတနာ နုယောဂ နောင်ကား ပစ္စယာနုယောဂကို ဟောတော်မူ၏။ ထိုသည်ကား သကဝါဒီပက္ခ ပရဝါဒီပက္ခ နှစ်ပါးတွင်သော် သကဝါဒီပက္ခသည်ကား စီဝရာနုယောဂ ပိဏ္ဍပါတာနုယောဂ သေနာသနာနုယောဂ ဂိလာနပစ္စယ ဘေသဇ္ဇပရိက္ခာရ နုယောဂ ဟူ၍ လေးပါးအပြားရှိ၏။ သကဝါဒီပက္ခ နောင်ကား ပရဝါဒီပက္ခကို ဟောတော်မူ၏။ ထိုပရဝါဒီပက္ခသည်ကား စေတနာ ဖြစ်သော သုတ္တာဟရဏာ နုယောဂ ဝိရတိဖြစ်သော သုတ္တာဟရဏာ နုယောဂဟူ၍ နှစ်ပါး အပြားရှိ၏။ ထိုနောင်ကား အနုဒေယျာဒိအနုယောဂကို ဟောတော်မူ၏။ ထိုသည်ကား သကဝါဒီပက္ခ ပရဝါဒီပက္ခနှစ်ပါးတွင်သော် သကဝါဒီပက္ခကို ရှေးဦးစွာ ဟောတော်မူ၏။ ဟောဟန်

ကား နဝတ္တဗ္ဗံ ဒေယျဓမ္မော ဒါနန္တိ။ အာမန္တာ အစရှိသည်တည်း။ သကဝါဒီပက္ခ နောင်ကား ပရဝါဒီပက္ခကို ဟောတော်မူ၏။ ဟောဟန်ကား ဒေယျဓမ္မော ဒါနန္တိ။ အာမန္တာ။ ဒေယျဓမ္မော ဣဋ္ဌဖလော ကန္တဖလော မနုညဖလော စသည်တည်း။ ပုစ္ဆာ နောင်ကား ပဋိပုစ္ဆာကို ဟောတော်မူ၏။ ထိုသည်ကား စီဝရာနုယောဂ ပိဏ္ဍပါတာနုယောဂ သေနာသနာနုယောဂ ဂိလာနပစ္စယ ဘေသဇ္ဇပရိက္ခာရာ နုယောဂ ဟူ၍ လေးပါးအပြားရှိ၏။

ဒါနကထာနိဋ္ဌိတာ။

---

## ၅-ပရိဘောဂမယပုညကထာ

၄၇၃။ ။ပ။လတာဝိယ၊ နွယ်ကဲ့သို့။ ဝဍ္ဎတိ၊ ပွါးသလော။ မာလုဝါဝိယ၊ မာလောနွယ်ကဲ့သို့။ ဝဍ္ဎတိ၊သလော။ ရုက္ခောဝိယ၊ သစ်ပင်ကဲ့သို့။ပ။ တိဏံဝိယ၊မြက်ကဲ့သို့။ပ။ မုဉ္ဇပုဗ္ဗဇောဝိယ၊မြုဆံမြက်ကဲ့သို့။ပ။ ဒါယကော၊ ဒါယကာသည်။ ဒါနံ၊ အလှူကို။ ဒတွာ၊ ပေး၍။ နသမန္နာဟရတိ၊ နှလုံးမသွင်း။ ပုညံ၊ ကုသိုလ်သည်။ ဟောတိ၊ဖြစ်သလော။ အာမန္တာ။ အနာဝဇ္ဇန္တဿ၊ မလှည့်စေသောပုဂ္ဂိုလ်အား။ ပုညံ၊ ကုသိုလ်သည်။ ဟောတိ၊ ဖြစ်သလော။ အနာဘောဂဿ၊ နှလုံးမသွင်းသောပုဂ္ဂိုလ်အား။ ပုညံ၊ ကုသိုလ်သည်။ ဟောတိ၊ လော။ အသမန္နာဟရဿ၊ နှလုံးမသွင်းသောပုဂ္ဂိုလ်အားလည်းကောင်း။ပ။ အမနသိကရောန္တဿ၊ အားလည်းကောင်း။ပ။ အစေတယန္တဿ၊ အားလည်းကောင်း။ပ။ အပတ္ထယန္တဿ၊ အားလည်းကောင်း။ပ။ အပဏိဒဟန္တဿ၊ သမာဓိဖြင့်တည်ကြည်သောပုဂ္ဂိုလ်အားလည်းကောင်း။ ပုညံ၊ကုသိုလ်သည်။ ဟောတိ၊ ဖြစ်သလော။ပ။

၄၇၅။ ဘိက္ခဝေ၊ တို့။ သုဝိဒူရဝိဒူရာနိ၊ အလွန်ဝေးတတ်ကုန်သော။ ဣမာနိ၊ ဤသို့သဘောရှိကုန်သောသူတို့သည်။ စတ္တာရိ၊ လေးပါးတို့သည်။ပ။ ဘိက္ခဝေ၊ ရဟန်းတို့။ နဘဉ္စ၊ နေဝသညာနာသညာ ယတနအထက်ဖြစ်သော ကောင်းကင်လည်းကောင်း။

ပထဝီစ၊ မြေကြီးသည်လည်းကောင်း။အတ္ထိ၊ ရှိ၏။ဣဒံ၊သည်ကား။ ပဌမံ၊ စွာသော။ သုဝိဒူရဝိဒူရံ၊မည်၏။ ဘိက္ခဝေ၊တို့၊သမုဒ္ဒဿ၊ ၏။ဩရိမံ၊ဤမှာဘက်ဖြစ်သော။ တီရဥ္စ၊ကမ်းသည်လည်းကောင်း။ ပါရိမံ၊ ထိုမှာဘက်ဖြစ်သော။ တီရဥ္စ၊ ကမ်းသည်လည်းကောင်း။ အတ္ထိ၊ရှိ၏။ ဣဒံ၊ဤသည်ကား။ ဒုတိယံ၊နှစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော။ သုဝိဒူရဝိဒူရံ၊ အလွန်ဝေးမြတ်သည်မည်၏။ ဘိက္ခဝေ၊တို့။ ယတော၊ အကြင်ရွှေမျက်နှာ၌ဖြစ်သော တောင်မှ။ ဝေရောစနော၊ နေမင်းသည်။ အဗ္ဘုဒေတိ၊ ထွက်၏။ ယတ္ထ၊အကြင်အရွှေမျက်နှာ၌ ဖြစ်သောတောင်မှ။ ဝေရော စနော၊နေမင်းသည်။အတ္ထံ၊ချုပ်သည် ဖြစ်၍။ ဧတိ၊ ဝင်၏။ ဣဒံ၊ ဤသည်ကား။ တတိယံ၊ သုံးခုတို့၏ ပြည့်ကြောင်း ဖြစ်သော။ သုဝိဒူရဝိဒူရံ၊ အလွန်ဝေးသည် မည်၏။ ဘိက္ခဝေ၊ တို့။ သတံ၊ သူတော်ကောင်းတို့၏။ ဓမ္မာစ၊တို့သည် လည်းကောင်း။ အသတံ၊ သူတော် မဟုတ်သော သူတို့၏။ ဓမ္မာစ၊ တို့သည်လည်းကောင်း။ အတ္ထိ၊ရှိ၏။ ဣဒံ၊ ဤသည်ကား။ စတုတ္ထံ၊ လေးခုတို့၏ ပြည့်ကြောင်း ဖြစ်သော။ သုဝိဒူရ ဝိဒူရံ နာမ၊အလွန်ဝေးမြတ်သည်မည်၏။ ဘိက္ခဝေ၊ ရဟန်းတို့၊ ဣမာနိ ခေါ၊ ဤသူတို့သည်ကား။ စတ္တာရိ၊ လေးပါး ကုန်သော။ သုဝိဒူရ ဝိဒူရာနိနာမ၊ ကုန်၏။ နဘဉ္စ၊ အထက်ဖြစ်သော ကောင်းကင် သည်လည်း။ ဒူရေ၊ ၏။ ပထဝီစ၊ သည်လည်း။ ဒူရေ၊ ၏။ သမုဒ္ဒဿ၊ ၏။ ပါရံ၊ ထိုမှာဘက်ကမ်းသည် လည်းကောင်း။ ဩရိမံ၊ ဤမှာ ဘက်ကမ်းသည် လည်းကောင်း။ အတ္ထိ၊၏။ ဘံ၊ ထိုသို့သော ကမ်းသည်။ ဒူရေ၊ ဝေး၏ဟူ၍။ အာဟု၊ ဆိုကုန်၏။ ယတော၊ အကြင်အရွှေမျက်နှာ၌ ဖြစ်သော တောင်မှ။ ဝေရောစ နော၊နေမင်းသည်။ အဗ္ဘုဒေတိ၊ထွက်၏။ ယတ္ထ၊၌။ ပဘင်္ကရော၊ နေမင်းသည်။ အတ္ထံ၊ချုပ်သည် ဖြစ်၍။ ဧတိ၊ဝင်၏။

တတော၊ထိုထက်။သတံ၊တို့၏။ ဓမ္မဉ္စ၊လည်းကောင်း။ အသတံ၊ တို့၏။ ဓမ္မဉ္စ၊ လည်းကောင်း။ ဟဝေ၊စင်စစ်လျှင်။ ဒူရတရံ၊အထူး သဖြင့် ဝေး၏ဟူ၍။ ဝဒန္တိ၊ ဆိုကုန်၏။ သတံ၊ သူတော်ကောင်း

တို့နှင့်။ သမာဂမော၊ ပေါင်းဘော်ခြင်းသည်။ အဗျာယိကော၊ မဘောက်ပြန်သည်။ ဟောတိ၊ ၏။ ယာဝမ္ဗိ လျှင်။ တိဋ္ဌေယျ၊ ရာ၏။ တာဝဒေဝ၊ ထိုမျှလောက်လျှင်။ ဟောတိ၊ ၏။

အသတံ၊ တို့နှင့်။ သမာဂမော၊ ခြင်းသည်။ ဟိယ္ယော၊ အကြွင်ကြောင့်။ ခိပ္ပံ၊ လျင်စွာ။ ဝေတိ၊ ပျက်၏။ တသ္မာ၊ ကြောင့်။ သတံ၊ သူတော်ကောင်း တို့၏။ ဓမ္မော၊ သည်။ အသဗ္ဘိ အာရကာ-နာမ၊ အလွန်ဝေးသည် မည်၏။ပ။ ယေဇနာ၊ အကြွင်သူတို့သည်။ အာရာမရောပါ၊ ကောင်းစွာဥယျာဉ်ကို စိုက်ကုန်၏။ ဝနရောပါ၊ ကျောင်းပြင်ဥယျာဉ်ကို စိုက်ကုန်၏။ ယေဇနာ၊ တို့သည်။ သေတုကာရကာ၊ တံတားကို ပြုကုန်၏။ ယေဇနာ၊ တို့သည်။ ပပဉ္စ၊ ရေကန်ရေတွင်းကိုလည်းကောင်း။ ဥဒပါနဉ္စ၊ ရေနှင့်တကွ တွင်းကိုလည်းကောင်း။ ဒဒန္တိ၊ ကုန်၏။ ဥပဿယံ၊ အိပ်ရာနေရာနှင့်တကွသော ကျောင်းကို။ ဒဒန္တိ၊ ကုန်၏။

၄၀၆။ တေသံ၊ ထိုသူတို့၏၊ ဒိဝါစ၊ နေ့၌ လည်းကောင်း။ ရတ္တော စ၊ ညဉ့်၌လည်းကောင်း။ သဒါ၊ သိမ်း။ ပုညံ၊ သည်။ ပဝဍ္ဎတိ၊ ပွါး၏။ တေဇနာ၊ ထိုသူတို့သည်။ ဓမ္မဋ္ဌာ၊ တရား၌တည်ကုန်သည် ဖြစ်၍။ သီလသမ္ပန္နာ၊ သီလနှင့် ပြည့်စုံသည်ဖြစ်၍။ သဂ္ဂဂါမိနော၊ နတ်ရွာသို့ သွားရကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ပ။ ပရိဘောဂမယံ၊ ပရိဘုတ်သောအားဖြင့် ပြီးသော။ ပုညံ၊ ကောင်းမှုသည်။ ဝဍ္ဎတိ၊ ပွါးသလော။ အာမန္တာ။ပ။ ဘိက္ခဝေ၊ ရဟန်းတို့။ သုခဿ၊ ချမ်းသာ၏။ အာဟာရာ၊ အကြောင်းဖြစ်ကုန်သော။ သောဝဂ္ဂိကာ၊ ကောင်းသော အဘို့ရှိကုန်သော။ သုခဝိပါကာ၊ ကောင်းသော အကျိုးရှိကုန်သော။ သဂ္ဂသံဝတ္တနိကာ၊ နတ်ပြည်သို့ လားတတ်ကုန်သော။ စတ္တာရော၊ လေးပါးကုန်သော။ ပုညာဘိသန္ဒာ၊ ဤကောင်းမှု အပေါင်းတို့သည် လည်းကောင်း။ ကုသလာဘိသန္ဒာ၊ ဤကုသိုလ် အပေါင်းတို့သည်လည်းကောင်း၊ ဣဋ္ဌာယ၊ ပြည့်စုံခြင်းငှါ။ ကန္တာယ၊ နှစ်လိုခြင်းငှါ။ မနာပါယ၊ နှလုံးကိုပွါးစေခြင်းငှါ။ ဟိတာယ၊ အစီး အပွါးငှါ။ သုခါယ၊ ချမ်းသာခြင်းငှါ။ သံ

ဝတ္တန္တိ၊ကောင်းစွာ ဖြစ်ကုန်၏။ စတ္တာရော၊ လေးပါးတို့ ဟူသော်
ကား။ ကတမေ၊ တို့နည်း။ ဉာတိပုဗ္ဗံ ယံ၊သည်။ သတိ၊ ရှိသော်။
ဘိက္ခဝေ၊တို့။ ယဿ၊အကြင်ဒါယကာ၏။ စီဝရံ၊သင်္ကန်းကို။ ပရိ
ဘုဉ္ဇမာနော၊ ပရိဘုတ်သော။ ဘိက္ခု၊ သည်။ အပ္ပမာဏံ၊ အတိုင်း
မသိသော။ စေတောသမာဓိံ၊ စိတ်၏ တည်ကြည်ခြင်းကို။ ဥပ
သမ္ပဇ္ဇ၊ ပြည့်စုံစေ၍။ ဝိဟရတိ၊နေ၏။ တဿ၊ထိုဒါယကာ၏။ သုခဿ၊
ချမ်းသာ၏။ အာဟာရော၊အကြောင်းဖြစ်သော။ သောဝဂ္ဂိကော၊
ကောင်းသော အဘို့ရှိသော။ သုခဝိပါကော၊ ချမ်းသာသော
အကျိုးရှိသော။ သဂ္ဂသံဝတ္တနိကော၊နတ်ပြည်သို့ လားတတ်သော။
အပ္ပမာဏော၊အတိုင်းမသိသော။ ပုညာဘိသန္ဒော၊ ကောင်းမှု၏
အပေါင်း သည်လည်းကောင်း။ ကုသလာဘိသန္ဒော၊ ကုသိုလ်၏
အပေါင်းသည် လည်းကောင်း။ ဣဋ္ဌာယ၊ ပြည့်စုံခြင်းငှါ (သိ
ကောင်းပြီ)။ ဒါယကော။ ဒါယကာသည်။ ဒါနံ၊အလှူကို။ ဒေတိ၊
ပေး၏။ ပဋိဂ္ဂါဟကော၊ အလှူခံသည်။ ပဋိဂ္ဂဟေတွာ၊ခံ၍။ နပရိ
ဘုဉ္ဇတိ၊မစား။ ဆဍ္ဍေတိ၊စွန့်၏။ ဝိဿဇ္ဇေတိ၊ လွှတ်၏။ တဿ၊ထို
ဒါယကာ၏။ ပုညံ၊သည်။ ဟောတိ၊ သလော။ အာမန္တာ။ (သိ
ကောင်းပြီ)။ ပဋိဂ္ဂါဟကေ၊ အလှူခံတို့ကိုလည်းကောင်း။ ပဋိဂ္ဂဟိ
တေ၊ လှူအပ်သော ဝတ္ထုတို့ကိုလည်းကောင်း။ ရာဇာနော ဝါ၊မင်း
တို့သည်မူလည်း။ ဟရန္တိ၊ ဆောင်ကုန်၏။ စောရာ ဝါ၊ ခိုးသူတို့
မူလည်း! ဟရန္တိ၊ ဆောင်ကုန်၏။ အဂ္ဂိ ဝါ၊ မူလည်း။ ဒဟတိ၊
လောင်၏။ ဥဒကံ ဝါ၊ ရေသည်မူလည်း။ ဝဟတိ၊ မျော၏။ အပ္ပိ
ယာ ဝါ၊ မချစ်အပ်ကုန်သော။ ဒါယာဒါ၊ အမွေခံတို့သည်။ ဟရန္တိ၊
ဆောင်ကုန်၏။ တဿ၊ ထိုဒါယကာ၏။ ပုညံ၊ ကောင်းမှုသည်။
ဟောတိ၊ဖြစ်သလော။ အာမန္တာ၊ သြော်ဖြစ်၏။

**အမှာ** ဒါနကထာ နှောင်ကား ပရိဘောဂမယ ပုည
ကထာကို ဟောတော်မူ၏။ ထိုသည်ကား ပုဗ္ဗာ
ပဋိပုဗ္ဗာဟူ၍ နှစ်ပါးတွင်သော ပုဗ္ဗာကို ရှေးဦးစွာ ဟောတော်
မူ၏။ထိုသည်ကား သကဝါဒီပက္ခ ပရဝါဒီပက္ခ နှစ်ပါးတွင်သော်

သကဝါဒီပက္ခ သည်ကား ဝဓာနုယောဂ အနာ ဝဋ္ဋန္တဿာ နုယောဂသမောဓာနာနုယောဂသမုခိဘာဝ သုတ္တန္တာ နုယောဂ ဟူ၍ ငါးပါးပြား၏။ ထိုငါးပါးတွင် ဝဓာနုယောဂ သည်ကား သုဒ္ဓ ဥပမာ နုယောဂ ဟူ၍ နှစ်ပါးပြား၏။ အဓိပ္ပါယ်ကား အကြွင် ဒါယကာ သည် အလှူပေး၏။ အလှူခံ ပုဂ္ဂိုလ် သည် ပရိဘုတ်လေတကား ကုသိုလ်ပွါး၏ဟူ၍ နှလုံးသွင်း၍ အာမန္တာ ခံသတည်း။ သကဝါဒီ အလိုသော်ကား မပရိဘုတ်လိုသည် မပရိဘုတ်စေ၊ ပရိဘုတ် လိုသည် ပရိဘုတ်စေ လှူစေသော စေတနာကို အဘန်တလဲလဲ နှလုံးသွင်းများကလျှင် ကုသိုလ်ပွါး ၏။ နွားအစရှိသည် သစ်ပင် အစရှိသည် ပွါးသကဲ့သို့ မဟုတ်။ စေတနာ အသစ်အသစ်ဥပါဒ်သည်ကိုလျှင် ပွါး၏ဟူလိုသတည်း။ ဝဓာနုယောဂနောင်ကား အနာဝဋ္ဋန္တဿာ နုယောဂကို ဟော တော်မူ၏။ ထိုသည်ကား အနုလောမ ပဋိလောမဟူ၍ နှစ်ပါး တည်း။ သမောဓာနာ နုယောဂ သည်ကား တချက်သာ။ သမုခိ ဘာဝါနုယောဂလည်း တချက်သာ။ အဓိပ္ပါယ်ကား အလှူပေး ဆုံးပြီးသော ငါကား အလှူပေး၍ပဓွည်း ပရိက္ခရာကုန်ခဲ့၏ဟူ၍ ကြံသတ်သော အခါကား ဝိတက် စသည်ဖြစ်၏။ ဌိန္နဖဿာနံ အဓိပ္ပါယ်ကား ကောက်၍လည်း ဖဿတခု။ ဒါယကာ၌ ဖဿတခု ကို ရှေးဦးစွာ ရည်၍ ဆိုသတည်း။သုတ္တာဟရဏာ နုယောဂလည်း တချက်သာ။ သကဝါဒီပက္ခ နောင်ကား ပရဝါဒီပက္ခကို ဟော တော်မူ၏။ ထိုသည်ကား အာရာမရောပါနုယောဂ ပုညာဘိသန္ဒာ နုယောဂဟူ၍ နှစ်ပါး။ သိကောင်းပြီ။ ပုစ္ဆာနောင်ကား ပဋိပုစ္ဆာ ကို ဟောတော်မူ၏။ ထိုသည်ကား ပရိဘုဉ္ဇမာနာနုယောဂ နပရိ ဘုဉ္ဇန္တာနုယောဂဟူ၍ နှစ်ပါးတည်း။ (သိကောင်းပြီ)။

ပရိဘောဂမယပုညကထာ နိဋ္ဌိတာ။

---

## ၆–ဇူတောဒိန္နကထာ

၄၈၈။ ဇူတော၊ ဤပစ္စုပ္ပန်ဘဝမှ။ ဒိန္နေန၊ ပေးသောဝတ္ထု ဖြင့်။ တတ္ထ၊ ထိုသံသရာဘဝ၌။ ယာပေန္တိ၊ မျှကုန်သလော၊ပ။ ဇူတော၊မှ။ စိဝရံ၊ကို။ ဒေန္တိ၊ ကုန်၏။ တံစီဝရံ၊ ကို။ တတ္ထ၊၌။ ပရိဘုဉ္ဇန္တိ၊ ကုန်သလော။ပ။

၄၉၀။ ဥန္နမေ၊ မြင့်ရာအရပ်၌။ ဝုဋ္ဌံ၊ ရွာသော။ ဥဒကံ၊ မိုးရေသည်။ နိန္နံ၊ ချိုင့်ရာအရပ်သို့။ ပဝတ္တတိ၊ လျှောစီးလာသကဲ့သို့။ ဧဝမေဝ၊ လည်းကောင်း။ ဇူတော၊ မှ။ ဒိန္နံ၊ လှူအပ်သောအလှူသည်။ ပေတာနံ၊ သေသောသူတို့သို့။ ဥပကပ္ပတိ၊ အနီးသို့ကပ်၏။

ပူရာ၊ ရေပြည့်ကုန်သော။ ဝါရိဝဟာ၊မြစ်ကြီးတို့သည်။သာဂရံ၊ သမုဒ္ဒါကို။ ပူရေန္တိ ယထာ၊ ပြည့်စေကုန်သကဲ့သို့။ ဧဝမေဝ၊ လည်းကောင်း။ ဇူတော၊မှ။ဒိန္နံ၊သည်။ပေတာနံ၊တို့သို့။ ဥပကပ္ပတိ၊ အနီးသို့ကပ်၏။

တတ္ထ၊ ထိုတမလွန်၌။ ကသိ၊ လယ်လုပ်ခြင်းသည်လည်း။ နပိ အတ္ထိ၊ မရှိ။ ဧတ္ထ၊ ထိုသံသရာဘဝ၌။ ဂေါရက္ခံ၊ နွားမွေးခြင်း လည်းကောင်း။ နပိဇ္ဇတိ၊ မရှိ။ တာဒိသီ၊ ထိုသို့သဘောရှိသော။ ဝါဏိဇ္ဇာ၊ကုန်စလယ်သွယ်ခြင်းသည်လည်း။ နတ္ထိ၊မရှိ။ ဟိရညေန၊ ငွေဖြင့်လည်း။ ကယာကယံ၊ အဝယ်အရောင်း ပြုခြင်းသည်လည်း။ နတ္ထိ၊မရှိ။ပ။

၄၉၁။ ဘိက္ခဝေ၊ ရဟန်းတို့။ပဉ္စ၊ကုန်သော။ ဌာနာနိ၊ ဤအကြောင်းတို့ကို။ သမ္ပဿန္တာ၊ မြင်ကုန်သော။ (မြင်ကုန်သည် ဖြစ်၍လည်းဟူ)။ မာတာပိတရော၊ တို့သည်။ ပုတ္တံ၊ သားကို။ ကုလေ၊ မြတ်သောအမျိုး၌။ ဇာယမာနံ၊ ဖြစ်ခြင်းကို။ ဣစ္ဆန္တိ၊ တောင့်တကုန်၏။ ကတမာနိပဉ္စ၊ တို့နည်း ဟူမူကား။ ဘတော၊ မွေးအပ်ပြီးသော။ ပုတ္တော၊ သည်။ နော၊ ငါတို့အား။ (ငါတို့ကို လည်းဟူ)။ ဘရိဿတိ၊ မွေးတုံ့ မွေးလတ္တံ့ သတည်း။ ကိစ္စံ၊

စာရေးသိုခြင်း အစရှိသော ကိစ္စကိုလည်း။ နော၊ ငါတို့အား။ ကရိဿတိ၊ မူလတ္တံ့သတည်း။ နော၊ ငါတို့၏။ ကုလဝံသော၊ အမျိုး၏ အနွယ်ကိုလည်း။ စိရံ၊ မြင့်စွာ။ ဌဿတိ၊ စဉ်ဆက် တည့်စေလတ္တံ့သတည်း။ မေ၊ ၏။ ဒါယဇ္ဇံ၊ အမွေကိုလည်း။ ပဋိ ပဇ္ဇိဿတိ၊ ခံလတ္တံ့သတည်း။ အထဝါပန၊ ထိုမှတပါးတုံလည်း။ ပေတာနံကာလကတာနံ၊ သေသောထိုအမိအဘတို့အား။ဒက္ခိဏံ၊ အလှူရေစက်ကို။ အနုပ္ပဒဿတိ၊ ပေးလတ္တံ့သတည်း။ ဘိက္ခဝေ၊ ရဟန်းတို့။ ခေါ၊ စင်စစ်။ ဣမာနိပဉ္စ၊ ငါးပါးကုန်သော။ ဌာနာနိ၊ အကြောင်းတို့ကို။ သမ္ပဿန္တာ၊ မြင်ကုန်သည် ဖြစ်၍။ မာတာ ပိတရော၊ တို့သည်။ ကုလေ၊ ၌။ ဇာယမာနံ၊ ဖြစ်လတ္တံ့သော။ ပုတ္တံ၊ သားကို။ဣစ္ဆန္တိ၊ တောင့်တကုန်၏။ (ဂါထာကို သိကောင်း ပြီ)။

ပဉ္စ၊ ကုန်သော။ ဧတာနိ၊ ထိုသို့သဘောရှိကုန်သော။ ဌာနာနိ၊ အကြောင်းတို့ကို။ သမ္ပဿံ-သမ္ပ ဿန္တာ၊ ကုန်သော။ ပဏ္ဍိတာ၊ တို့သည်။ပုတ္တံ၊ သားကို။ ယသ္မာ၊ ကြောင့်။ ဣစ္ဆန္တိ၊ အလိုရှိကုန်၏။ တသ္မာ၊ကြောင့်။ ပုဗ္ဗကာရိ၊ ရှေး၌ မွေးသောကိစ္စကို ပြုတတ်သော အလေ့ ရှိကုန်သော။ မာတာပိတရော၊ အမိအဘတို့သည်။ တေ၊ ထိုသားတို့ကို။ ဘရန္တိယထာ၊ မွေးကုန်သကဲ့သို့။ တေသံ၊ ထိုအမိ အဘတို့အား။ ကိစ္စာနိ၊ကိစ္စတို့ကို။ ကရောန္တိ ယထာ၊ သို့။ တထာ၊ ထိုအတူလည်းကောင်း။ သပ္ပုရိသာ၊ တို့သည်။ သန္တော၊ ၍။ ကတညူ၊ သူ၏ကျေးဇူးကိုသိသောအလေ့ရှိသည်ဖြစ်၍။ ကတဝေဒိ နော၊ မိမိအား ပြုအပ်ပြီးသောသူ၏ ကျေးဇူးကို သိတတ်သည် ဖြစ်၍။ ပုဗ္ဗေ၊ ရှေး၌။ ကတံ၊ ပြုဘူးသော ငါတို့၏ ကျေးဇူးကို။ အနုဿရန္တာ၊ အစဉ် အောက်မေ့သည်ဖြစ်၍။ မာတာပိတရော၊ အမိအဘတို့ကို။ ဘရန္တိ၊ မွေးကုန်၏။ ပုဗ္ဗေကာရိနံ၊ ရှေး၌ပြုဘူး ကုန်သော။ တေသ၊ ထိုအမိအဘတို့၏။ အားလည်းကောင်း။ ကိစ္စာနိ၊ တို့ကို။ ကရောန္တိ၊ ပြုကုန်ရာ၏။ဩဝါဒကာရိ၊ အဆုံးအမ ကို ပြုသော အလေ့ရှိသည်ဖြစ်၍။ ဘဋပေါသိ၊ပြုအပ်သောမွေးတုံ့

ရှိသည်ဖြစ်၍။ ကုလဝံသံ၊ ကို။ အဟာပယံ-အဟာပယန္တော၊ မယုတ်စေသည်ဖြစ်၍။ သဒ္ဓေါ၊ သော။ သီလေန၊ သီတင်းနှင့်။ သမန္နာဂတော၊ ပြည့်စုံသော။ ပုတ္တော၊ သားသည်။ပယံသိယော၊ နှီးမွှမ်းအပ်သည်။ ဟောတိ၊ ဖြစ်၏။ပ။

**အမှာ** ပရိဘောဂမယ ပုညကထာနောင်ကား ဇူတောဒိန္န ကထာကို ဟောတော်မူ၏။ ထိုသည်ကား သက ဝါဒီပက္ခ ပရဝါဒီပက္ခဟူ၍ နှစ်ပါးတွင်သော် သကဝါဒီပက္ခသည် ကား စီဝရာနုယောဂ ပိဏ္ဍပါတ သေနာသန ဂိလာနပစ္စယ ဘေ သဇ္ဇပရိက္ခာရာ ခါဒနီယ ဘောဇနီယ အဥ္စောအဥ္စဿ ကာရ ကာနုယောဂ ဟူ၍ ရှစ်ပါးတည်း။ ဟောဟန်သော်ကား သိ ကောင်းပြီ။ အမိပွါယ် သော်ကား ဤဘဝက ပေးသော အလှူဝတ္ထုသည်ပင်လျှင် တမလွန်သို့ ပါလေ၏။ ပရဘုတ်သည် ဟူ၍ အမှတ်ရှိရကား အာမန္တာဟူ၍ ပရဝါဒီခံသတည်း။ ယင်းသို့ မူကားမဟုတ်။ သကဝါဒီပက္ခနောင်ကား ပရဝါဒီပက္ခကို ဟော တော်မူ၏။ ထိုသည်ကား နသုတ္တာဟရဏ သုတ္တာ ဟရဏာ နုယောဂဟူ၍ နှစ်ပါးတွင်သော် သုတ္တာဟရဏမှာ သော်ကား ဥန္နမေ ဥဒကံဝုဋ္ဌံသုတ္တာဟရဏ ပဋ္ဌမာနိ သုတ္တာဟရဏာဟူ၍ နှစ် ပါးတည်း။

ဇူတောဒိန္နကထာ နိဋ္ဌိတာ။

## ၇-ပထဝီကမ္ဗဝိပါကောတိကထာ

၄၉၂။ ပထဝီ၊သည်။ ကမ္မဝိပါကော၊ ကံ၏ အကျိုးလော။ပ။ ပထဝီ၊ သည်။ သုခဝေဒနိယာ၊ သုခ ခံစား အပ်သလော၊ပ။ ပထဝီ၊သည်။ သုခါယ၊သော။ပ။ သမ္ပယုတ္တာ၊ ယှဉ်သလော။ပ။ ပထဝီ၊သည်။ သာရမ္မဏာ၊ အာရုံနှင့် တကွဖြစ်သလော။ တာယ၊ ထိုပထဝီသည်။ အာဝဋ္ဋနံ၊အာဝဇ္ဇန်းကို ပေးခြင်းသည်။ အတ္ထိ၊ ရှိသလော။ အာဘောဂေါ၊နှလုံးသွင်းခြင်းသည်။အတ္ထိ၊ရှိသလော။

သမန္နာဂတာဟာရော၊ တကွဆောင်ခြင်းသည်။ အတ္ထိ၊ ရှိသလော။ပ။ ပဏိမိ၊ တောင့်တခြင်းသည်။ အတ္ထိရှိသလော။ပ။

ပဂ္ဂဟနိဂ္ဂဟုပဂါ၊ ချီးမြှောက်ခြင်း နှိပ်စက်ခြင်းသည်။ ဆေဒန ဘေဒနုပဂါ၊ ဖြတ်ခြင်းဖျက်ခြင်းသည်။ အတ္ထိ၊ရှိသလော။ပ။ ပထဝီ၊ ကို။ ကေတုံ ၊ဝယ်အံ့သောငှါလည်းကောင်း။ ဝိက္ကေတုံ၊ရောင်းအံ့ သောငှါလည်းကောင်း။ အာဓာပေတုံ၊ တူရှုထားခြင်းငှါ လည်း ကောင်း။ (ပေါင်ခြင်းလည်းဟူ)။ ဩစိနိတုံ၊ ခူးခြင်းငှါ လည်း ကောင်း။ ဝိစိနိတုံ၊ဆွတ်အံ့သောငှါလည်းကောင်း။ လဗ္ဘာ၊ထိုက် သလော။ပ။ ပရေသံ၊ တို့နှင့်။ (ပေးလေ)။

၄၉၃။ ပထဝီ၊ သည်။ အဓ္ဓေယံ၊နှင့်။ သာဓာရဏံ၊ ဆက်ဆံ သလော။ အစေတရဟရဏာ၊ ခိုးသူမဟုတ်သော သူသည်။ နိမိ၊ ရွှေနှင့် တူသော။ ပုညာနိ၊ တို့ကို။ ယောမစွော၊သတ္တဝါသည်။ ကယိရာထ၊ ပြုပြားအံ့။ သော၊ ထိုသူသည်။ ခေါ၊ စင်စစ်၊ သုစ ရိတံ၊ ကောင်းသော အကျင့်ကို။ စရေ-စရေယျ၊ ကျင့်သည် မည် ရာ၏။ပ။ပထဝီ၊သည်။ ပဌမံ၊စွာ။ သဏ္ဌာတိ၊တည်သလော။ ပစ္ဆာ၊ နောက်၌။ သတ္တာ၊ သတ္တဝါတို့သည်။ ဥပ္ပဇ္ဇန္တိ၊ဖြစ်ကုန်သလော။ပ။ ကေစိ၊အချို့သောသူတို့သည်။အတ္ထိ၊ရှိသလော။တေ၊ထိုသူတို့သည်။ ပထဝိံ၊ကို။ အပရိဘုဉ္ဇိတွာ၊ ၍။ ပရိနိဗ္ဗာယန္တိ၊ မှုကုန်သလော။ပ။ အခေပေတွာ၊ မကုန်စေမူ၍။ပ။

၄၉၄။ ဥသဿိယသံဝတ္တနိယံ၊ များစွာသော စပါး ဆန် အစ ရှိသောသူကို အစိုးရတတ်သော။ ကမ္မံ၊ သည်။ အတ္ထိ၊ သလော။ အာဓိပစ္စသံဝတ္တနိယံ၊ များစွာသော ဆင် မြင်း အစရှိ သည်ကို အစိုးရသော။ ကမ္မံ၊ သည်။ အတ္ထိနနု၊ ရှိသည် မဟုတ်လော။ပ။ (အဓိပ္ပါယ်ကား ဤမြေသည်ကား ကြမ္မာအကျိုးဟူ၍ နှလုံးသွင်း မှား၍ အာမန္တာမခံလေသည်။ ထိုသို့တမူကား မဟုတ်ပေတည်း။ သတ္တဝါတို့၏ အကျိုးဆက်သာတည်း။ ဝိပါက်ဟူလိုသတည်း)။

---

၁။ ပရေသံ (ဆင္ခ)

**အမှာ** ဋ္ဌတောဒိန္န ကထာနောင်ကား ပထဝီ ကမ္မဝိပါက ကထာကို ဟောတော်မူ၏။ ထိုသည်ကား သက ဝါဒီပက္ခ ပရဝါဒီပက္ခဟူ၍ နှစ်ပါးတွင်သော် သကဝါဒီ ပက္ခသည် ကား သုခဝေဒနာနုယောဂ ဖဿ သံသန္ဒနာနုယောဂ ပဂ္ဂဟ နိဂ္ဂဟ ဟူပဂါဒီအနုယောဂ ကယဝိက္ကယာဒိအနုယောဂ သာဓာရ ဏာဒိအနုယောဂ သုတ္တာဟရဏာဒိအနုယောဂ ဝိပါကာ အနု ယောဂ ဝိပါကာပရိဘုဉ္ဇနာနုယောဂ နိဗ္ဗာနပရိဘုဉ္ဇနာနုယောဂ စက္ခာဒိအနုယောဂဟူ၍ ကိုးပါးတွင်သော် သုခဝေဒနာ နုယောဂ သည်ကား အနုလောမ ပဋိလောမဟူ၍ နှစ်ပါးတည်း။ ဖဿ သံသန္ဒနာ နုယောဂ သည်ကား အနုလောမ ပဋိလောမဟူ၍ နှစ်ပါးတည်း။ ပဂ္ဂဟနိဂ္ဂဟာဟူ ပဂါဒိအနုယောဂ သည်ကား စက္ခု ဝတ္ထု သတ္တဿဝိပါက ပရိဘုဉ္ဇနာ နုယောဂ ဖဿ ပရိဘုဉ္ဇနာ အနုယောဂ ဟူ၍ နှစ်ပါးတည်း။ (ပရဝါဒီ ပက္ခကိုကား သိ ကောင်းပြီ)။

ပထဝီကမ္မ ဝိပါကကထာ နိဋ္ဌိတာ။

---

## ၈-ဇရာမရဏံ ဝိပါကောတိ ကထာ

၄၉၅။ ဇရာမရဏံ၊ သည်။ ဝိပါကော၊ ဝိပါက်လော။ပ။ အဓိပ္ပါယ်ကား ဒုဗ္ဗဏ္ဏသည်ကား ဇရာမည်၏။ အပ္ပါယုကသည် ကား မရဏ မည်၏ဟူ၍ ပရဝါဒီမှတ်မှား ချေသောကြောင့် ထိုအမေးကို အာမန္တာဟူ၍ ခံမှားချေသည် ယင်းသို့ မူကား မဟုတ်။ ဇရာမရဏသည်ကား အာနိသင်အကျိုးဆက်သာ။ ဝိပါက် မမည်တပြီးကား ဇရာမရဏသည် သုခဝေဒနာကို ခံစားရအံ့ လောဟူ၍ မေးသော် ခံစားရသည်ကို မမြင်ရကား ပယ်သတည်း။ ဒုဗ္ဗဏ္ဏ သံဝတ္တနိယံ၊ မကောင်းသော အဆင်းကိုဖြစ်စေအပ်သော။ ကမ္မံ၊ ကံသည်။ အတ္ထိနနု၊ ရှိသည်မဟုတ်လော။ (သိကောင်းပြီ)။

အမှာ ပဌဝိကမ္မဝိပါက ကထာနောင်ကား ဇရာမရဏ ကထာကို ဟောတော်မူ၏။ ထိုသည်ကား သက ဝါဒီပက္ခ ပရဝါဒီပက္ခ နှစ်ပါးတွင်သော် သကဝါဒီပက္ခသည်ကား သုခဝေဒနာနုယောဂ ဖဿ သံသန္ဒနာ နုယောဂ ကုသလာ နုယောဂ အညမညာနုယောဂ ဝိဿဇ္ဇနာ နုယောဂဟူ၍ ငါးပါး တွင်သော် တပါးပါး၌အနုလောမပဋိလောမဟူ၍နှစ်ပါးပြားသော ကြောင့် ဆယ်ပါး ဖြစ်၏။ (ပရဝါဒီပက္ခ ကိုကား သိ ကောင်းပြီ)။

ဇရာမရဏ ဝိပါက ကထာ နိဋ္ဌိတာ။

---

## ၉–အရိယဓမ္မဝိပါက ကထာ

၄၉၈။ ။ပ။ သာမညံ၊သာမည၏ အဖြစ်သည်။ မဟပ္ဖလံနနု၊ မြတ်သော အကျိုးရှိသည် မဟုတ်လော။ ဗြဟ္မညံ၊ ဗြဟ္မာ၏ အဖြစ် သည်။ပ။

အမှာ ဇရာမရဏကထာနောင်ကား အရိယဓမ္မ ဝိပါက ကထာကို ဟောတော်မူ၏။ ထိုသည်ကား သက ဝါဒီပက္ခ ပရဝါဒီပက္ခ နှစ်ပါးတွင်သော် သကဝါဒီပက္ခသည်ကား သုဒ္ဓ မိဿကဟူ၍နှစ်ပါးတွင် သုဒ္ဓသည်ကား သာမည ဝိသေသ နှစ်ပါးတွင်သော် သာမညကား တပါးသာ။ ဝိသေသသော်ကား သောတာပတ္တိဖလာနုယောဂ သကဒါဂါမိ အနာဂါမိ အရဟတ္တ ဖလာနုယောဂဟူ၍ လေးပါးတည်း။ သုဒ္ဓနောင်ကား မိဿကကို ဟောတော်မူ၏။ထိုသည်ကား ဒါနဖလာနုယောဂ ကာမာဝစရာ ကုသလဝိပါကာဒိ အနုယောဂဟူ၍ နှစ်ပါးတွင် ဒါနဖလာဒိအနု ယောဂသည်ကား အနုလောမ ပဋိလောမဟူ၍ နှစ်ပါးတွင် အနု လောမသည်ကား သောတာပန္န ဖလမူလရှိသည် သကဒါဂါမိ ဖလမူလရှိသည် ဒါန သီလ ဘာဝနာ မူလရှိသည်ဟူ၍ သုံးပါး တည်း။ သကဒါဂါမိ မူလရှိရာ၌လည်း ဒါန သီလ ဘာဝနာဟူ၍ သုံးပါးလည်းကောင်း။ အနာဂါမိဖလ မူလရှိရာမှာလည်း ဒါန

သီလ ဘာဝနာဟူ၍ သုံးပါးလည်းကောင်းတည်း။ အရဟတ္တဖလ မူလရှိရာမှာလည်း ဒါန သီလ ဘာဝနာမူလီရှိသည်ဟူ၍ သုံးပါး အပြားရှိ၏။ ပေါင်းအနုလုံ တဆယ့်နှစ်ပါးဖြစ်၏။ ပဋိလောမ၌ လည်း တဆယ့်နှစ်ပါးလည်းကောင်းတည်း။ ထိုနောင်ကာမာဝစ ရကုသလဝိပါကာဒိ မိဿကကို ဟောတော်မူ၏။ ထိုသည်ကား အနုလောမ ပဋိလောမဟူ၍နှစ်ပါးတွင် အနုလောမ သည်ကား ကာမာဝစရ ကုသလမူလရှိသည် ရူပါဝစရကုသလ မူလရှိသည် အရူပါဝစရ ကုသလမူလရှိသည်ဟူ၍ သုံးပါးတည်း။ ပဋိလောမ မှာလည်း ၃၌သုံးပါးလည်းကောင်းတည်း။ ၃၌ကား သကဝါဒိ ပက္ခတည်း။ ပရဝါဒိပက္ခသည်ကား အနုလောမ ပဋိလောမဟူ၍ နှစ်ပါးတွင် အနုလောမသည်ကား ကာမာဝစရ ကုသလမူလီရှိ သည် ရူပါဝစရ ကုသလမူလီရှိသည် အရူပါဝစရကုသလ မူလီ ရှိသည်ဟူ၍ သုံးပါးတည်း။ ပဋိလောမ၌လည်း သုံးပါးလည်း ကောင်းတည်း။

အရိယဓမ္မဝိပါကကထာ နိဋ္ဌိတာ။

---

**၁၀-ဝိပါကော ဝိပါက ဓမ္မဓမ္မောတိကထာ**

၅၀၁။ ။ပ။တဿဝိပါကဿ၊ ထိုဝိပါက၏။ ဝိပါကော၊အကျိုး သည်။ ဝိပါကဓမ္မဓမ္မော၊ ရင့်ကြောင်း ဖြစ်သလော။ပ။ တဿ တဿဝိပါကဿ၊ ထိုဝိပါက်၏သာလျှင်။ ဝိပါက ဓမ္မဓမ္မော၊ သည်။ ဒုက္ခဿ၊ ၏။အန္တကိရိယာ၊ အဆုံးကိုပြုတတ်သည်။ နတ္ထိ၊ မရှိသလော။ ဝဋ္ဋုပစ္ဆေဒေါ၊ ဝဋ်၏ပြတ်ခြင်းသည်။ နတ္ထိ၊ မရှိ သလော။ပ။ တညေဝအကုသလံ၊ သည်။ သော အကုသလဝိပါ ကော၊လော။ပ။ ယေနေဝစိတ္တေန၊ဖြင့်။ ပါဏံ၊ သူ၏အသက်ကို။ ဟနတိ၊ သတ်၏။ပ။

**အမှာ** အရိယကထာနောင်ကား ဝိပါကကထာကို ဟော တော်မူ၏။ ထိုသည်ကား သကဝါဒိပက္ခ ပရဝါဒိ ပက္ခနှစ်ပါးတွင်သော် သကဝါဒိပက္ခသည်ကား တဿဝိပါကာ

နုယောဂ တဿတဿေဝါနုယောဂ အညမညာနုယောဂ အဝိပါကာနုယောဂ တဒေဝါနုယောဂ ဟနုတျာနုယောဂ သဂ္ဂမောဒတျာနုယောဂ ဟူ၍ခုနစ်ပါးတည်း။ ဟေဟန်သော်ကား သိကောင်းပြီ။ ပရဝါဒိပက္ခကိုလည်း သိကောင်းပြီ။ ။ဝိပါကဓမ္မဓမ္မောတိ ကထာနိဋ္ဌိတာ။သတ္တမောဝဂ္ဂေါ။

သံဂဟော၊ သင်္ဂဟကထာ လည်းကောင်း။ သမ္ပယောဂေါ၊ သမ္ပယုတ္တကထာလည်းကောင်း။ စေတသိကော ဓမ္မော၊ စေတသိကကထာလည်းကောင်း။ စေတသိကံဒါနံ၊ ဒါနကထာလည်းကောင်း။ ပရိဘောဂမယံ ပုညံဝဍ္ဎတိ၊ ပရိဘောဂမယပုညကထာလည်းကောင်း။ ဣတောဒိန္နေန ယာပေန္တိ၊ ဣတောဒိန္နေနကထာလည်းကောင်း။ ပထဝီကမ္မဝိပါကော၊ ပထဝီကမ္မ ဝိပါကကထာလည်းကောင်း။ ဇရာမရဏံဝိပါကော၊ ဇရာမရဏ ဝိပါကကထာလည်းကောင်း။ နတ္ထိအရိယဓမ္မဝိပါကော၊ အရိယဓမ္မဝိပါကကထာလည်းကောင်း။ ဝိပါက ဓမ္မဓမ္မော၊ ဝိပါကဓမ္မဓမ္မကထာလည်းကောင်းတည်း။

---

## အဋ္ဌမဝဂ္ဂ

### ၁-ဆဂတိကထာ

၅၀၄။ ဂတိယော၊ ဂတိတို့သည်။ ဆ၊ ခြောက်ပါးတို့လော။ ဇာတိပုစ္ဆာယံ၊ သည်။ သတိ၊ ရှိသော်။ အာမန္တာ၊ ပဥ္စ၊ ကုန်သော။ ဂတိယော၊ ဂတိတို့ကို။ ဘဂဝတာ၊ သည်။ ဝုတ္တာ နနု၊ ဟောတော်မူအပ်သည်မဟုတ်လော။ အာမန္တာ၊ ငြော် ဟောတော်မူအပ်သည်ဟုတ်၏။ နိရယော၊ နိရယဂတိလည်းကောင်း။ တိရစ္ဆာနယောနိ၊ လည်းကောင်း။ပိတ္တိဝိသယော၊ လည်းကောင်း။မနုဿာ၊ မနုဿာဂတိလည်းကောင်း။ ဒေဝါ၊ ဒေဝါဂတိ လည်းကောင်း။ ဇာတိ၊ ဤသို့။ ဂတိယော၊ ဂတိတို့သည်။ ပဥ္စ၊ တို့လော။အာမန္တာ။ ငြော် ငါးပါးဟုတ်၏။ပ။

ကာလကဥ္ဇိကာ၊ ကာလကဥ္ဇိကအမည်ရှိကုန်သော။ အသုရာ၊ အသုရာတို့သည်။ ပေတာနံ၊သူသေတို့၏။ သမာနဝဏ္ဏာနနု၊ တူသောအဆင်းရှိကုန်သည်မဟုတ်လော။သမာနဘောဂါ၊ တူသောခံစားခြင်းရှိသည်မဟုတ်လော။ သမာနာဟာရာ၊ တူသောဆောင်ခြင်းရှိသည်မဟုတ်လော။ပ။ အာဝါဟဝိဝါဟံ၊ သွီးယူသမက်ပိုက်သို့။ဂစ္ဆန္တိ၊ သလော။ပ။ ဝေပစိတ္တိသပရိသာ၊ဝေပစိတ္တိအသုရာ၏ပရိသတ်တို့သည်။ ဒေဝါနံ၊ နတ်တို့နှင့်။ သမာနဝဏ္ဏာ၊ တူသောအဆင်းရှိကုန်သည်မဟုတ်လော။ပ။ ပုဗ္ဗဒေဝါနနု၊ ကမ္ဘာဦးနတ်တို့မဟုတ်လော။ပ။

**အဓိပ္ပါယ်ကား။** ။ဂတိခြောက်ပါးဟူသည်ကိုအာမန္တာဟူ၍ပရဝါဒီဝန်ခံသည့်ကား နိရယဂတိ တိရစ္ဆာနဂတိ ပိတ္တိဝိသယဂတိ မနုဿဂတိ ဒေဝါဂတိ အသုရာဂတိဟူ၍ ခြောက်ပါးကိုလိုက်၍ဝန်ခံသတည်း။ သကဝါဒီပက္ခအလိုသော်ကား အသုရာသည်ကားနှစ်ပါး။ ပိတ္တာနှင့်ယှဉ်သော အသုရာကိုကား ပိတ္တာတွင်သွင်း။ နတ်နှင့်ယှဉ်သောအသုရာကိုကား တာဝတိံသာတွင်သွင်းသည်ကို နှလုံးသွင်းချေမူ၍ အသုရာကိုမသိပါချေ သတည်း။ သတ္တမဝဂ်နှောင်ကား အဋ္ဌမဝဂ်ကိုဟောတော်မူ၏။ထိုသည်ကား ဂတိကထာ၊အန္တရာဘဝကထာ၊ ကာမကထာ၊ ကာမဂုဏကထာ၊ ရူပဓာတုကထာ၊ အရူပဓာတုကထာ၊ရူပဓာတုယာ၊ အာယတနကထာ၊ အာရုပ္ပေရူပကထာ အစရှိသောအများတွင်ဂတိကထာကိုရှေးဦးစွာဟောတော်မူ၏။ ထိုဂတိကထာသည်ကား သကဝါဒီပက္ခ ပရဝါဒီပက္ခသည်ကား ပဌ္ဌဂတျာနုယောဂ ကာလကဥ္ဇိကာနုယောဂ ဝေပစိတ္တိပရိသာနုယောဂ ဟူ၍သုံးပါးတွင် ပဌ္ဌဂတျာနုယောဂ ကာလကဥ္ဇိကာ နုယောဂ နှစ်ပါးကိုကား သိကောင်းပြီ။ ဝေပစိတ္တိ ပရိသာနုယောဂသည်ကား ဝေပစိတ္တိနုယောဂ ဝေပစိတ္တိ ပရိသာနုယောဂ ပုဗ္ဗဒေဝါနုယောဂဟူ၍ သုံးပါးတည်း။ (ပရဝါဒီပက္ခကိုကား သိကောင်းပြီ)။

ဆဂတိကထာ နိဋ္ဌိတာ။

## ၂—အန္တရာဘဝကထာ

၅၀၅။ ။ပ။ အန္တရာပရိနိဗ္ဗာယီ၊ စုတိ၏အခြားမဲ့ကာလ၌ ပရိနိဗ္ဗာန်ပြုသော။ ပုဂ္ဂလော၊ သည်။ အတ္ထိနနု၊ သလော။ပ။ ဥပဟစ္စပရိနိဗ္ဗာယီ၊ အသက်၏အဝက်၏ နောင်အဝက်သို့ကပ်၍ ပရိနိဗ္ဗာန်ပြုသော။ ပုဂ္ဂလော၊ သည်။ပ။

**အဓိပ္ပါယ်ကား။** အရှင် သကဝါဒီသည် အန္တရာဘဝသည် ရှိသလောဟု မေးသည်ကို ပရဝါဒီရှိ၏ ဟူ၍ ဝန်ခံချေရကား အရှင်သကဝါဒီ မေးပြန်တုံ၏။ ထိုအန္တရာဘဝသည်ကား ကာမဘဝလော ရူပဘဝလော အရူပဘဝလောဟု မေးရကား ကာမဘဝစသည်ကို မထင်ရကား နဟေဝံဝတ္တဗ္ဗေဟု ပယ်သတည်း။ အရှင် ပရဝါဒီ အမှတ်သော်ကား စုတိသောအခါ သတ္တဝါသည် ပဋိသန္ဓေမနေဦးဘဲ အမိအဘတို့၏ သံဝါသကို လည်းကောင်း ဥတုစသည်ကို လည်းကောင်း ငံ့၍ နေလေသည်လျှင် အန္တရာဘဝဟူ၍ မှတ်လေသတည်း။ ထိုသို့မူကားမနေ စုတေလျှင် ပဋိသန္ဓေယူလေသတည်း။ ။ဂတိကထာနောင်ကား အန္တရာဘဝကထာကို ဟောတော်မူ၏။ ထိုသည်ကား ပုစ္ဆာ ပဋိပုစ္ဆာဟူ၍ နှစ်ပါးတွင် ပုစ္ဆာသည်ကား သကဝါဒီပက္ခ ပရဝါဒီပက္ခ နှစ်ပါးတွင် သကဝါဒီပက္ခသည်ကား သုဒ္ဓ သံသန္ဒနာဟူ၍ နှစ်ပါးတွင် သုဒ္ဓသည်ကား ဘဝါနုယောဂ အန္တရာနုယောဂ ပဉ္စမျာဒိအနုယောဂ ဂတျာဒိ အနုယောဂ ကမ္မာနုယောဂ သတ္တာနုယောဂ ဇာယန္တာဒိ အနုယောဂ ရူပါဒိအနုယောဂ ဝေါကာရာနုယောဂဟူ၍ ကိုးပါးတည်း။ ထိုတွင် ဘဝါနုယောဂသည်ကား ကာမဘဝါနုယောဂ ရူပဘဝါနုယောဂ အရူပဘဝါနုယောဂဟူ၍ သုံးပါးတည်း။ အန္တရာ နုယောဂသည်ကား အနုလောမ ပဋိလောမ နှစ်ပါးတွင် အနုလောမသည်ကား ကာမဘဝါနုယောဂ ရူပဘဝါနုယောဂ အရူပဘဝါနုယောဂဟူ၍ သုံးပါးတည်း။ ပဋိလောမမှာ လည်းကောင်း။ ခုနစ်ပါးမှာကိုကား တချက်စီသာ။ ဤကား သုဒ္ဓတည်း။ ထိုနောင် သံသန္ဒနာ နုယောဂကို ဟော

တော်မူ၏။ ထိုသည်ကား ဘဝသံသန္ဒနာ နုယောဂ သတ္တသံသန္ဒနာနုယောဂ အနန္တရိယ သံသန္ဒနာ နုယောဂ နိရယုပဂသံသန္ဒနာနုယောဂ အသညသတ္တုပဂသံသန္ဒနာနုယောဂ အရူပဘဝသံသန္ဒနာနုယောဂဟူ၍ ခြောက်ပါးတွင် ဘဝါနုယောဂသည်ကား ကာမဘဝသံသန္ဒနာနုယောဂ ရူပဘဝသံသန္ဒနာနုယောဂ အရူပဘဝသံသန္ဒနာ နုယောဂ အနန္တရိယ သံသန္ဒနာ နုယောဂ ဟူ၍ လေးပါးတွင် ကာမဘဝါ နုယောဂ သည်ကား ဂတျာဒိသံသန္ဒနာ သတ္တာနုယောဂ ဇာယန္တာဒိ အနုယောဂရူပါဒိ အနုယောဂ အရူပါဒိအနုယောဂဝေါကာရာ နုယောဂဟူ၍ခြောက်ပါးတည်း။ရူပဘဝသံသန္ဒနာနုယောဂ မှာလည်း ဂတျာဒိအနုယောဂ ကမ္မာနုယောဂ သတ္တာနုယောဂ ဇာယန္တာဒိ အနုယောဂ ရူပါဒိအနုယောဂ ဝေါကာရာနုယောဂဟူ၍ ခြောက်ပါးတည်း။ အရူပဘဝသံသန္ဒနာ နုယောဂ မှာလည်း ခြောက်ပါး လည်းကောင်းတည်း။ ဤကား ဘဝါနုယောဂ သံသန္ဒနာတည်း။ ထိုနောင်ကား သတ္တသံသန္ဒနာနုယောဂကို ဟောတော်မူ၏။ ထိုသည်ကား အနုလောမတချက် ပဋိလောမ တချက်သာ တည်း။ အနန္တရိယ သံသန္ဒနာသည် အနန္တရိယသံသန္ဒနာ နအနန္တရိယသံသန္ဒနာဟူ၍ နှစ်ပါးတွင် အနန္တရိယသည်ကား အနုလောမတချက် ပဋိလောမ တချက်တည်း။ နအနန္တရိယ သံသန္ဒနာမှာလည်း အနုလောမ တချက် ပဋိလောမတချက်တည်း။ နိရယုပဂမှာလည်း နိရယုပဂ နနိရယုပဂ ဟူ၍ နှစ်ပါးတွင် နိရယုပဂမှာလည်း အနုလောမ ပဋိလောမနှစ်ပါးတည်း။ နနိရယုပဂမှာလည်း အနုလုံပဋိလုံဟူ၍ နှစ်ပါးတည်း။အသညသတ္တုပဂမှာလည်းအသညသတ္တုပဂနအသညသတ္တုပဂဟူ၍ နှစ်ပါးတွင်သော် တပါးတပါး၌ အနုလုံ ပဋိလုံ ဟူ၍ နှစ်ပါးတည်း။အရူပဘဝက နအရူပဘဝကဟူ၍ နှစ်ပါးတွင်သော် တပါးတပါး၌ အနုလုံ ပဋိလုံဟူ၍ နှစ်ပါးတည်း။ ပရဝါဒိပက္ခကို ကား သိကောင်းပြီ။ ပဋိပုစ္ဆာသည်ကား ပရဝါဒိပက္ခနှင့်တူပြီ ဖြစ်သောကြောင့် ဟောတော်မမူ။ သကဝါဒိပက္ခကိုသာ ဟော

တော်မူ၏။ ထိုသည်ကား ဥပဟစ္စပရိနိဗ္ဗာနာနုယောဂ သဒိရာနုယောဂ အသဒိရာနုယောဂဟူ၍ သုံးပါးဖြား၏။

အနန္တရာဘဝကထာ နိဋ္ဌိတာ။

---

### ၃-ကာမဂုဏကထာ

၅၁၀။ ပဉ္စေဝ၊ ငါးပါးကုန်သော။ ကာမဂုဏာ၊ တို့သည်။ ကာမဓာတု၊ မည်သလော။ အာမန္တာ၊ မည်၏။ အပ္ပဋိသညုတ္တော၊ သော။ ဆန္ဒော၊ ဆန္ဒသည်။ အတ္ထိနနု၊ ရှိသည်မဟုတ်လော။ အာမန္တာ၊ ဪ ရှိသည်ဟုတ်၏။ပ။မနုဿာနံ၊ လူတို့၏။ စက္ခု၊ စက္ခုသည်။ နကာမဓာတု၊ မမည်သလော။ပ။

လောကေ၊ ၌။ ပဉ္စ၊ ငါးပါးကုန်သော။ ကာမဂုဏာ၊ကာမဂုဏ်တို့သည်။ မနောဆဋ္ဌာ၊ မနှလျှင် ခြောက်ခုမြောက်ရှိ၏ဟူ၍။ပဝေဒိတာ၊ ကြားအပ်၏။ ဧတ္ထ၊ ဤကာမဂုဏ်၌။ ဆန္ဒံ၊ကို။ ဝိရာဇေတွာ၊ ၍။ ဧဝံ၊ သို့။ ဒုက္ခာ၊ မှ။ ပမုစ္စတိ၊ လွတ်၏။ပ။ ကာမဂုဏော၊ သည်။ ဘဝေါ၊ ဘဝမည်သလော။ ကာမဂုဏော၊ သည်။ ဂတိ၊ မည်သလော။ပ။ ကာမဂုဏောပဂံ၊ ကာမဂုဏ်သို့ ကပ်သော။ ကမ္မံ၊ သည်။ အတ္ထိ၊ရှိသလော။ပ။ သာဝကယုဂံ၊တပည့်သားတို့၏ အစုံသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်သလော။ပ။ ဘိက္ခဝေ၊တို့။ ပဉ္စ၊ကုန်သော။ ဣမေကာမဂုဏာ၊ တို့သည်။ အတ္ထိ၊ ရှိကုန်၏။ ပဉ္စ၊ ဟူသည်ကား။ ကတမေ၊ အဘယ်သည်တို့နည်း။ ဣဋ္ဌာ၊ လိုအပ်သော။ ကန္တာ၊ နှစ်လိုအပ်သော။ မနာပါ၊ နှလုံးကို ပွားစေတတ်သော။ ပိယရူပါ၊ ချစ်အပ်သောရုပ်ရှိသော။ ကာမုပ သံဟိတာ၊ ကာမဂုဏ်နှင့်စပ်သော။ ရဇနိယာ၊ တပ်အပ်သော။ စက္ခုဝိညေယျာ၊ စက္ခုဝိညာဉ်သည် သိအပ်သော။ ရူပါ၊ ရူပါရုံသည်လည်းကောင်း။ပ။

အမှာ — သောတ ဃာန ဇိဝှါကာယ ဤအတူချည်း အနက်ပေးလေ။ အဓိပ္ပါယ်ကား ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖေါဋ္ဌဗ္ဗာရုံ ဤအာရုံငါးပါးသာလျှင် ကာမဓာတ်မည်၏ ဟူ၍ နှလုံးသွင်း၍ အာမန္တာခံသတည်း။ကာမဂုဏ်နှင့် ယှဉ်သော

ဆန္ဒ ရာဂ သင်္ကပ္ပ အစရှိသည် မဟုတ်လောဟူ၍ သကဝါဒီမေးသည်ကို အာမန္တာဟူ၍ ခံချေရကား ယင်းသို့တည်း။ ဆန္ဒ ရာဂ အစရှိသည်တည်း။ ရှိတပြီးကား ကာမဓာတ်မည်၏။ မဆိုကောင်းရကား ဟူ၍ သကဝါဒီပက္ခကို ဆိုသတည်း။ ဆန္ဒ ဟူသော်ကား ရာဂကို ယူလေ။ ရူပါရုံအစရှိသည်ကား အာရုံ။ ဆန္ဒရာဂ အစရှိသည်ကား အာရမ္မဏိကတည်း။ အန္တရာဘဝ ကထာနှောင်ကား ကာမဂုဏကထာကို ဟောတော်မူ၏။ ထိုကာမဂုဏကထာသည်ကား သကဝါဒီပက္ခ ပရဝါဒီပက္ခဟူ၍ နှစ်ပါးတွင်သော် သကဝါဒီပက္ခကို ရှေးဦးစွာ ဟောတော်မူ၏။ထိုသည်ကား သုဒ္ဓ သံသန္ဒနာ နှစ်ပါးတွင်သော် သုဒ္ဓသည်ကား ဆန္ဒာဒိအနုယောဂ စက္ခွာဒိ အနုယောဂ ဘဝါဒိအနုယောဂ ကမ္မာဒိအနုယောဂ သတ္တာနုယောဂ ဇာယန္တာဒိ အနုယောဂ ဝေါကာရာ နုယောဂ ဥပ္ပဇ္ဇနာ နုယောဂဟူ၍ ကိုးပါးတွင်သော် ဆန္ဒာဒိ အနုယောဂ သည်ကား ဆန္ဒရာဂါနုယောဂ သင်္ကပ္ပါနုယောဂ ရာဂါနုယောဂ သင်္ကပ္ပရာဂါနုယောဂ ပီတိအနုယောဂ သောမနဿာနုယောဂ ပီတိသောမနဿာနုယောဂဟူ၍ ခုနစ်ပါးတည်း။ ထိုနှောင်ကား စက္ခွာဒိအနုယောဂကို ဟောတော်မူ၏။ ထိုသည်ကား စက္ခု သောတ ဃာန ဇိဝှါ ကာယဟူ၍ ငါးပါးတည်း။ ကြွင်းသော ခြောက်ပါးကိုကား သိကောင်းပြီ။ ဥပ္ပဇ္ဇနာနုယောဂ သည်ကား သမ္မာသမ္ဗုဒ္ဓ ဥပ္ပဇ္ဇနာ နုယောဂ ပစ္စေက ဗုဒ္ဓ ဥပ္ပဇ္ဇနာ နုယောဂ သာဝကယုဂ ဥပ္ပဇ္ဇနာနုယောဂ ဟူ၍ သုံးပါးတည်း။ ဤကား သုဒ္ဓတည်း။ သုဒ္ဓနှောင်ကား သံသန္ဒနာနုယောဂကို ဟောတော်မူ၏။ ထိုသည်ကား ဘဝါဒိ အနုယောဂ ကမ္မာနုယောဂ သတ္တာနုယောဂ ဇာယန္တာဒိအနုယောဂ ရူပါဒိအနုယောဂ ဝေါကာရာနုယောဂ ဥပ္ပဇ္ဇနာနုယောဂဟူ၍ ခုနစ်ပါးအပြားရှိ၏။ (ပရဝါဒီပက္ခကိုကား သိကောင်းပြီ)။

ကာမဂုဏကထာ နိဋ္ဌိတာ။

## ၄-ကာမကထာ

၅၁၃။ ပဉ္စေဝ၊ ငါးပါးကုန်သော။ အာယတနာ၊ တို့သည်။ ကာမာ၊ ကာမမည်ကုန်သလော။ပ။တပ္ပဋိသံယုတ္တော၊ထိုကာမနှင့် ယှဉ်သော။ ဆန္ဒော၊ ဆန္ဒသည်။ အတ္ထိနနု၊ လော။ပ။ အပိစ၊ ဆိုဘွယ်ရှိသေး၏။ တေ၊ ထိုထိုသဘောရှိကုန်သော၊ကာမဂုဏာ၊ တို့ကို။ အရိယဿ၊ အရိယာ၏။ ဝိနယေ၊ ဖျောက်ခြင်း၌။ ဝုစ္စန္တိ၊ ကုန်၏။ လောကေ၊ ၌။ သက်ပ္ပရာဂေါ၊လည်းကောင်း။ ပုရိသဿ၊ ၏။ ကာမော၊ လည်းကောင်း။ ယာနိ၊ ကုန်သော။ စိတြာနိ၊ ဆန်းကြယ်ကုန်၏။ သက်ပ္ပရာဂေါ၊ လည်းကောင်း။ ပုရိသဿ၊ ၏။ ကာမော၊ သည်လည်းကောင်း။ တေ၊ ထိုဓမ္မဇာတတို့သည်။ နတိဋ္ဌန္တိ၊ မတည်ကုန်။ တတ္ထ၊ ထိုသို့မတည်ရာ၌။ တထေဝ၊ ထိုအတူလည်းကောင်း။ ယာနိဓမ္မဇာတာနိ၊ တို့သည်။ လောကေ၊ ၌။ စိတြာနိ၊ ဆန်းကြယ်ကုန်သည်ဖြစ်၍။ တိဋ္ဌန္တိ၊ ကုန်၏။ တတ္ထ၊ ထိုလောက၌ တည်ကုန်သော ဓမ္မဇာတတို့၌။ ဆန္ဒံ၊ ကို။ ဓီရာ၊ပညာရှိတို့သည်။ဝိနယန္တိ၊ ဖျောက်ကုန်၏။ပ။

**အဓိပ္ပါယ်ကား။** ရုပါရုံစသော ငါးပါးသော အာယတနသာလျှင် ကာမမည်သလောဟု သကဝါဒီ မေးသည်ကို ပရဝါဒီသည် အာမန္တာဟူ၍ ဝန်ခံချေသောကြောင့် တဘန် ထိုအာယတနနှင့် ယှဉ်သော ဆန္ဒသည်ရှိသလောဟူ၍ မေးမြန်းသော်လည်း အာမန္တာဟူ၍ ဝန်ခံရကား ယင်းသို့တည်း ဆန္ဒရာဂအစရှိသည်တည်း ရှိတပြီးကား ငါးပါးသာလျှင် ကာမမည်၏ဟုဆိုသည်ကို ပရဝါဒီ အာမန္တာဟု ခံချေသောကြောင့် တဘန်ဆိုအပ်စွတကား ငါးပါးကိုသာ ဝန်ခံသင့်သော အဖြစ်ရောက်ခဲ့၏။ ကာမဂုဏ ကထာ နောင်ကား ကာမအာယတနကို ဟောတော်မူ၏။ ထိုသည်ကား ပုစ္ဆာ ပဋိပုစ္ဆာဟူ၍ နှစ်ပါးတွင် ပုစ္ဆာသည်ကား သကဝါဒီပက္ခ ပရဝါဒီပက္ခဟူ၍ နှစ်ပါးတွင် သကဝါဒီပက္ခသည်ကား ဆန္ဒရာဂ

သက်ပွရာဂ ပီတိသောမနဿဟူ၍ သုံးပါးတည်း။ (ပရဝါဒီပက္ခ ကိုကား သိကောင်းပြီ။ ပဋိပုစ္ဆာလည်း တချက် လည်းကောင်း)။ ကာမကထာ နိဋ္ဌိတာ။

## ၅-ရူပဓာတုကထာ

၅၁၅။ ရူပိနော၊ ကုန်သော။ ဓမ္မာ၊ တို့သည်။ ရူပဓာတု၊ လော။ပ။

**အဓိပ္ပါယ်ကား။** ရုပ်ဖြစ်သော ဓမ္မသည် ရူပဓာတ်မည် သလောဟုမေးသည်ကား ပရဝါဒီသည် ဝန်ခံချေသောကြောင့် ရုပ်သည်ရူပဓာတ်မည်ပြီးဖြစ်သောကြောင့် ဓာတ်နှင့်တူသည် အတူ ဖြစ်သော်ကား ရူပတုံမည်သလောဟု မေးပြန်သည်ရှိသော်မည်ချေ ရကား ပယ်သတည်း။ ထိုကာမဓာတ် ရူပဓာတ်မည်သလောဟု သကဝါဒီမေးသည်ကို ပရဝါဒီသည် ဆန္ဒဖြစ်ပါကောင်း၏ဟူ၍ မိမိအလိုလိုအားဖြင့် ဝန်ခံသတည်း။ ဖြစ်မှု မဖြစ်ကောင်းခဲ့ယင်း သို့တပြီးကား ကာမဋ္ဌဖြစ်သော ပုဂ္ဂိုလ်သည် ကာမဘဝနှင့်လည်း ပြည့်စုံလိုလတ်အံ့သည် ရူပဘဝနှင့်လည်း ပြည့်စုံလိုလတ်အံ့သည် လောဟု မေးသည်ရှိသော် ဘဝချင်းစပ်၍ မဖြစ်ကောင်းချေရကား ဝန်မခံပယ်သတည်း၊ ကာမကထာ နှောင်ကား ရူပကထာကို ဟောတော်မူ၏။ ထိုသည်ကား ပရဝါဒီပက္ခကိုကား ဟောတော် မမူ။ သကဝါဒီကိုသာဟောတော်မူ၏။ ထိုသည်ကား သုဒ္ဓ သံသန္ဒ နာဟူ၍ နှစ်ပါးတွင်သော် သုဒ္ဓသည်ကား ဘဝါဒိအနုယောဂ ကမ္မာနုယောဂ သတ္တာနုယောဂ ဇာယန္တာဒိအနုယောဂ ရူပါဒိ အနုယောဂ ဝေါကာရာဒိအနုယောဂဟူ၍ ခြောက်ပြားအပြားရှိ ၏။ဤကားသုဒ္ဓတည်း။သံသန္ဒနာသည်ကားဘဝါဒိကမ္မာဒိ သတ္တာ ဒိ ဇာယန္တာဒိ ရူပါဒိ ဝေါကာရမိဿကဟူ၍ခုနစ်ပါး အပြားရှိ ၏။ မိဿကမှာသော်ကား သာစ ကာမဓာတုအနုယောဂ သမန္နာ ဂတာနုယောဂဟူ၍ နှစ်ပါးတည်း။ ပရဝါဒီပက္ခသော် နဝတ္တဗ္ဗံ

ရူပိနော ဓမ္မာ ရူပဓာတုတိ။ အာမန္တာ။ ရူပဓာတုယာ နတ္ထိ ရူပါတိ။ နဟေဝံ ဝတ္တဗ္ဗေဟူ၍သော် ဟောလေ။

ရူပဓာတုကထာ နိဋ္ဌိတာ။

---

## ၆-အရူပဓာတုကထာ

အမှာ ရူပကထာနောင်ကား အရူပကထာကိုသာ ဟောတော်မူ၏။ ထိုသည်ကား သကဝါဒီ ပက္ခကိုသာ ဟောတော်မူ၏။ ထိုသည်ကား သုဒ္ဓ သံသန္ဒနာဟူ၍ နှစ်ပါး အပြားရှိ၏။ ထိုနှစ်ပါးတွင် သုဒ္ဓသည်ကား ဘဝါဒီ ကမ္မ သတ္တ ဇာယန္တာဒိ ဝေဒနာဒိ ဝေါကာရာဒိဟူ၍ ခြောက်ပါးတည်း။ သံသန္ဒနာမှာသော်ကား မိဿကထည့်၍ခုနစ်ပါး။ မိဿကသည်ကား အရူပဓာတုကာမဓာတုယာဒိ အနုယောဂ ရူပဓာတုအရူပ ဓာတု ကာမဓာတု အနုယောဂဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါး တွင် အရူပဓာတုကာမဓာတုယာဒိ အနုယောဂသည်ကား အရူပ ဓာတုကာမ ဓာတုအနုယောဂ သမန္နာဂတာနုယောဂဟူ၍နှစ်ပါး အပြားရှိ၏။ ထိုနောင်ကားအရူပရူပကာမဘာဝါဒိ အနုယောဂကို ဟောတော်မူ၏။ ထိုသည်ကား အရူပရူပကာမဘာဝါဒိအနုယောဂ သမန္နာဂတာနုယောဂ ဟူ၍ နှစ်ပါးအပြားရှိ၏။ ပရဝါဒီပက္ခကို ဟောသော်ကား နဝတ္တဗ္ဗံအရူပိနော ဓမ္မာ အရူပဓာတုတိ။ အာ မန္တာ။ အရူပဓာတုယာနတ္ထိ ရူပါတိ။နဟေဝံ ဝတ္တဗ္ဗေဟူ၍ ဟော လေ။

အရူပဓာတုကထာ နိဋ္ဌိတာ။

---

## ၇-ရူပဓာတုယာ အာယတနကထာ

၅၁၉။ ရူပဓာတုယာ၊ ၌။ သဠာယတနိကော၊ ခြောက်ပါး သော အာယတနနှင့် ပြည့်စုံသော။ အတ္တဘာဝေါ၊ သည်။ အတ္ထိ၊ ရှိသလော။ အာမန္တာ၊၏။ တတ္ထ၊၌။ ဃာနာယတနံ၊သည်။အတ္ထိ၊ ရှိသလော။ပ။ တတ္ထ၊ ထိုရူပဓာတ်၌။ ဂန္ဓာယတနံ၊ သည်။ အတ္ထိ၊

လော။ နပဟောဝံဝတ္တဗ္ဗေ။ပ။ တတ္ထ၊ ထိုရူပဓာတ်၌။ ဃာနာယတနံ၊ သည်။ အတ္ထိ၊ ၏။ ပ။ -တေနဃာနေန၊ ဖြင့်။ တံဂန္ဓံ၊ ထိုအနံ့ကို။ ဃာယတိ၊လော။ အာမန္တာ။

၅၂၂။ တတ္ထ၊၌။ မူလဂန္ဓော၊ အမြစ်အနံ့သည်လည်းကောင်း။ သာရဂန္ဓော၊ ပင်စည်၏အနံ့ သည်လည်းကောင်း။ တစဂန္ဓော၊ အခွံ၏အနံ့သည်လည်းကောင်း။ ပတ္တဂန္ဓော၊ အရွက်၏အနံ့သည် လည်းကောင်း။ ပုပ္ဖဂန္ဓော၊ အပွင့်၏အနံ့ သည်လည်းကောင်း။ ဖလဂန္ဓော၊ အသီး၏အနံ့ သည်လည်းကောင်း။ အာမဂန္ဓော၊ စိမ်းသောအနံ့ သည်လည်း ကောင်း။ ဝိဿဂန္ဓော၊ အဆိပ် အနံ့ သည်လည်း ကောင်း။ သုဂန္ဓော၊ ကောင်းသေအနံ့ သည် လည်းကောင်း။ဒုဂ္ဂန္ဓော၊မကောင်းသောအနံ့သည်လည်းကောင်း။ အတ္ထိ၊ လော။ပ။

မူလရသော၊အမြစ်ဟူသောအရသာသည်လည်းကောင်း။ ခန္ဓရသော၊ပင်စည်တည်းဟူသော အရသာသည်လည်းကောင်း။တစရသော၊ အခေါက်တည်းဟူသော အရသာ သည်လည်းကောင်း။ ပတ္တရသော၊ အရွက်တည်းဟူသော အရသာသည်လည်းကောင်း၊ ပုပ္ဖရသော၊ အပွင့်တည်းဟူသော အရသာသည်လည်းကောင်း။ ဖလရသော၊ အသီးတည်းဟူသော အရသာ သည်လည်းကောင်း။ အမ္ဗိလံ၊ ပုန်းရည်စသောအချဉ်သည်လည်းကောင်း။ မဓုရံ၊အချို သည်လည်းကောင်း။ တိတ္တကံ၊ အခါးသည်လည်းကောင်း။ကဋုကံ၊ အစပ်သည်လည်းကောင်း။ လောဏိယံ၊ အငန်သည်လည်းကောင်း။ ခါရိယံ၊ အငန် သည်လည်းကောင်း။လမ္ဗိလံ၊အချဉ် သည် လည်း ကောင်း။ ကသာဝေါ၊ အဖန် သည်လည်းကောင်း။ သာဒု၊ ကောင်းသော အရသာ သည်လည်းကောင်း။ အသာဒု၊ မကောင်းသော အရသာ သည်လည်းကောင်း။

ကက္ခဠံ၊ ကြမ်းသော သဘော သည်လည်းကောင်း။ မုဒုကံ၊ နူးညံ့သော သဘောသည်လည်းကောင်း။ သဏှကံ၊သိမ်မွေ့သော သဘော သည်လည်းကောင်း၊ ဖရုသံ၊ ကြမ်းသော သဘော

သည့်လည်းကောင်း။ သုခသမ္ဘဿံ၊ ချမ်းသာသောအတွေ့ သည့် လည်းကောင်း။ ဒုက္ခသမ္ဘဿံ၊ ဆင်းရဲသောအတွေ့ သည့်လည်း ကောင်း။ ဂရုကံ၊ လေးသော သဘော သည့်လည်းကောင်း။ လဟုကံ၊ ပေါ့သောအဖြစ်သည့်လည်းကောင်း။ပ။

**အဓိပ္ပါယ်ကား**။ ထိုရူပဓာတ်၌ ခြောက်ပါးသော အာယတန တို့သည် ရှိသလောဟူ၍ သကဝါဒီ မေးသည်ကိုရှိ၏ဟူ၍ ဝန်ခံ ချေရကား ထိုရူပဓာတ်၌ ဃာနာယတနဓာတ်သည် ရှိသလော ဟူ၍ မေးပြန်သည်ရှိသော် ရှိ၏ဟူ၍ ဝန်ခံချေရကား ဃာနာ ယတနနှင့် ဖြစ်ဘက်ဖြစ်သော ဂန္ဓာယတနသည် ရှိသလော ဟူ၍ မေးရကား ဝန်မခံဘဲ နဟေဝံဝတ္တဗ္ဗေဟု ပယ်သတည်း။ ပရဝါဒီ အယူကား ဒဗ္ဗသမ္ဘာရ မျှကိုလို၍ အာမန္တာ ခံသတည်း။ သက ဝါဒီသည်ကား ပသာဒဖြစ်စကောင်းသည်ကိုသာ ဃာနာယတန ဟူ၍နှလုံးသွင်းပေသတည်း။ပရဝါဒီ အမှတ်ကား နိမိတ်မျှရှိသည် ကိုလိုက်၍ အာမန္တာခံသတည်း။ အရူပကထာနောင်ကား ရူပ ကထာကို ဟောတော်မူ၏။ ထိုသည်ကား သကဝါဒီပက္ခ ပရဝါဒီ ပက္ခနှစ်ပါးတွင်သော် သကဝါဒီပက္ခကိုရှေးဦးစွာဟောတော်မူ၏။ ထိုသည်ကား သုဒ္ဓ သံသန္ဒနာဟူ၍ နှစ်ပါးတွင်သော် သုဒ္ဓကို ရှေးဦးစွာ ဟောတော်မူ၏။ ထိုတွင် အနုလောမ ပဋိလောမ နှစ်ပါးတွင်သော် အနုလောမသည်ကား ဂန္ဓာယတနာနုယောဂ ရသာယတနာနုယောဂ ဖေါဋ္ဌဗ္ဗာယတနာ နုယောဂဟူ၍ သုံးပါး အပြားရှိ၏။ထိုနောင်ကားပဋိလုံကိုဟောတော်မူ၏။ထိုသည်ကား ဃာနာယတန ဇိဝှါယတနကာယာ ယတနဟူ၍ သုံးပါးအပြား ရှိ၏။ ဤကားသုဒ္ဓတည်း။ထိုနောင်ကား သံသန္ဒနာကို ဟောတော် မူ၏။ထိုသည်ကား အဘေဒ ဘေဒဟူ၍ နှစ်ပါးအပြားရှိ၏။ထိုတွင် အဘေဒသည်ကား စက္ခာဒိအနုယောဂ သံသန္ဒနာတေနစက္ခာဒိ သံသန္ဒနာဟူ၍ နှစ်ပါးအပြားရှိ၏။ စက္ခာဒိ အနုယောဂသည် ကား အနုလောမ ပဋိလောမဟူ၍နှစ်ပါးတွင်သော် အနုလောမ သည်ကား စက္ခုမူလရှိသည် သောတမူလရှိသည် မနမူလရှိသည်

ဟူ၍ သုံးပါးတွင် စက္ခု မူလရှိသည်ကား ဃာနမူလိ ရှိသည် ဇိဝှါမူလိရှိသည် ကာယမူလိ ရှိသည်ဟူ၍ သုံးပါးအပြားရှိ၏။ သောတမူလ ရှိသည်လည်း ဃာနမူလိရှိသည် ဇိဝှါမူလိရှိသည် ကာယမူလိ ရှိသည်ဟူ၍ သုံးပါးအပြားရှိ၏။ မနာယတနမူလ၌ လည်း ဃာနမူလိရှိသည် ဇိဝှါမူလိရှိသည် ကာယမူလိ ရှိသည် ဟူ၍ သုံးပါးအပြားရှိ၏။ ဤကားအနုလောမတည်း။ ပဋိလောမ သည်ကား ဃာနမူလိရှိသည် ဇိဝှါမူလိရှိသည် ကာယမူလိရှိသည် ဟူ၍ သုံးပါးအပြားရှိ၏။ တပါးတပါး၌ စက္ခုမူလရှိသည် သော တမူလရှိသည် မနာယတနမူလရှိသည်ဟူ၍ သုံးပါးဟောတော် မူသောကြောင့် ကိုးပါးအပြားရှိ၏။ ဤကားစက္ခာဒိ အနုယောဂ သံသန္ဒနာတည်း။ ထိုနောင်ကား တေနစက္ခာဒိ သံသန္ဒနာကို ဟောတော်မူ၏။ထိုသည်ကား အနုလောမ ပဋိလောမနှစ်ပါးတွင် အနုလောမသည်ကား စက္ခုမူလရှိသည် သောတမူလ ရှိသည် မနမူလရှိသည်ဟူ၍ သုံးပါးပြား၏။ တပါးတပါး၌ ဃာနမူလိ ရှိသည် ဇိဝှါမူလိရှိသည် ကာယမူလိရှိသည်ဟူ၍ သုံးပါးစီချည်း ဟောသောကြောင့် ကိုးပါးအပြားရှိ၏။ ပဋိလောမ၌ပြန်၍ ဟော သည်ကား အတူတူပင်။ အဘေဒနောင်ကား ဘေဒကိုဟောတော် မူ၏။ ထိုအဘေဒ သည်ကား မူလဂန္ထာနုယောဂ မူလရသာ နုယောဂ ဖေါဋ္ဌဗ္ဗာနုယောဂဟူ၍ သုံးပါး အပြားရှိ၏။ (ပရဝါဒိ ပက္ခကိုကား သိကောင်းပြီ)။

ရူပဓာတုယာ အာယတနကထာ နိဋ္ဌိတာ။

---

## ၈-အရူပေ ရူပကထာ

၅၂၄။ အရူပေသု၊ အရူပဘုံတို့၌။ ရူပံ၊ ရုပ်သည်။ အတ္ထိ၊ ရှိသလော။ အာမန္တာ၊ ဟြော်ရှိ၏။ (အနက်လွယ်၏)။

**အဖွင့်** ရူပဓာတု အာယတန ကထာနောင်ကား အရူပေ ရူပကထာကို ဟောတော်မူ၏။ ထိုသည်ကား သက ဝါဒိပက္ခ ပရဝါဒိပက္ခဟူ၍နှစ်ပါးတွင်သော် ပရဝါဒိပက္ခကိုဟော

တော်မမူ။ သကဝါဒီပက္ခကိုသာ ဟောတော်မူ၏။ ထိုသည်ကား သုဒ္ဓ သံသန္ဒနာဟူ၍ နှစ်ပါးတွင်သော် သုဒ္ဓသည်ကား ဘဝါဒိ အနုယောဂ ဝေါကာရာဒိ အနုယောဂဟူ၍ နှစ်ပါးတွင်သော် ဘဝါဒိအနုယောဂသည်ကား အနုလောမပဋိလောမဟူ၍နှစ်ပါး အပြားရှိ၏။ ဝေါကာရာနုယောဂ သည်ကား အနုလောမ ပဋိလောမဟူ၍ နှစ်ပါးအပြားရှိ၏။ ဤကား သုဒ္ဓတည်း။ သံသန္ဒနာ သည်ကား ရူပဓာတု မူလရှိသည် ဘဝါဒိအနုယောဂ ဝေါကာ ရာဒိအနုယောဂ နိဿရဏာ နုယောဂဟူ၍ သုံးပါးတွင်သော် ဘဝါဒိ အနုယောဂ သည်ကား အနုလောမ ပဋိလောမ ဟူ၍ နှစ်ပါး။ ဝေါကာရာနုယောဂမှာလည်း အနုလောမ ပဋိလောမ ဟူ၍နှစ်ပါး။ နိဿရဏာ နုယောဂမှာကား ရူပနိဿရဏာ ကာမ နိဿရဏာ အာသဝါ နိဿရဏာ ပရိယာပန္န နိဿရဏာ ဟူ၍ လေးပါးအပြားရှိ၏။

အရူပေရူပကထာ နိဋ္ဌိတာ။

---

## ၉-ရူပံကမ္မန္တိ ကထာ

၅၂၇။ ကုသလေနစိတ္တေန၊ ကုသိုလ်စိတ်သည်။ သမုဋ္ဌိတံ၊ဖြစ်စေအပ်သော။ ကာယကမ္မံ၊ ကာယကံသည်ဖြစ်စေအပ်သော။ ရူပံ၊ ရုပ်သည်။ ကုသလံ၊ ကုသိုလ်မည်သလော။ အာမန္တာ။ ရူပံ၊ ရုပ် သည်။ သာရမ္မဏံ၊ အာရုံနှင့်တကွလော။ပ။

အသုစိ၊ မစင်သည်။ အဿု၊မျက်ရည်သည်။ လောဟိတံ၊ သွေး သည်။ သေဒေါ၊ ချွေးသည်။ အကုသလော၊ အကုသိုလ်လော။ပ။

၅၃၉။ ဘိက္ခဝေ၊ရဟန်းတို့။ အဟံ၊သည်။ စေတနာ၊ကို။ ကမ္မံ၊ ကံဟူ၍။ ဝဒါမိ၊ဆို၏။ ကာယေနဝါ၊ ကိုယ်ဖြင့် လည်းကောင်း။ ဝါစာယဝါ၊ ဝါစာဖြင့် လည်းကောင်း။ မနသာဝါ၊ နှလုံးဖြင့် လည်းကောင်း။ စေတယိတွာ၊စေ့ဆော်ဦး၍။ ကမ္မံ၊ကို။ ကရောတိ၊ ပြု၏။ပ။

အာနန္ဒ၊ အာနန္ဒာ။ ကာယေ၀၊ ကာယသည်။ သတိ၊ရှိသော်။ ကာယ သန္တေတနာ ဟေတု၊ ကာယ၏ စေ့ဆော် ခြင်းကြောင့်။ အဇ္ဈတ္တံ၊အတွင်း၌ ဖြစ်သော။ သုခဒုက္ခံ၊ သုခဒုက္ခသည်။ ဥပ္ပဇ္ဇတိ၊ ၏။ အာနန္ဒ၊အာနန္ဒာ။ ၀ါစာယ၊စကားသည်။ သတိ၊ရှိသော်၊ ၀စီသန္တေတနာဟေတု၊ ၀စီ၏ စေ့ဆော်ခြင်းကြောင့်။ အဇ္ဈတ္တံ၊ အတွင်း၌ဖြစ်သော။ သုခဒုက္ခံ၊ သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ အာနန္ဒ၊ အာနန္ဒာ။ မနေ၀၊ မနသည်။ သတိ၊ ရှိသော်။ မနောသန္တေတနာဟေတု၊ နှလုံးဖြင့် စေ့ဆော်ခြင်းကြောင့်။ အဇ္ဈတ္တံ၊ သော။ သုခဒုက္ခံ၊သည်။ ဥပ္ပဇ္ဇတိ၊၏။ပ။ ဘိက္ခဝေ၊ ရဟန်းတို့။ တိဝိဓာ၊ သုံးပါး အပြားရှိသော။ ကာယသန္တေတနာ၊သည်။ အကုသလံ၊ အကုသိုလ် ဖြစ်သော။ ကာယကမ္မံ၊ သည်။ ဒုက္ခုဒြယံ၊ ဒုက္ခ၏ အကြောင်းဖြစ်၏။ ဒုက္ခဝိပါကံ၊ ဒုက္ခတည်းဟူသော ဗညအကျိုး ဖြစ်၏။ ဘိက္ခဝေ၊တို့။ စတုဗ္ဗိဓာ၊ လေးပါးအပြားရှိ၏။ ၀စီသန္တေတနာ၊သည်။ အကုသလံ၊ အကုသိုလ်ဖြစ်သော။ ၀စီကမ္မံ၊ သည်။ ဒုက္ခုဒြယံ၊ ဒုက္ခ၏ အကြောင်းဖြစ်၏။ ဒုက္ခဝိပါကံ၊ ဒုက္ခတည်း ဟူသော ဗညအကျိုးရှိ၏။ (မနောကံမှာလည်းအတူပင်။ ကုသိုလ်မှာလည်း အတူပင်)။

အာနန္ဒ၊အာနန္ဒာ။ သမိဒ္ဓိ၊ သမိဒ္ဓိအမည်ရှိသော။ အယံမောဃပုရိသော၊ ဤမဂ်ဖိုလ်မှ အချည်းစည်းသော ယောကျာ်းသည်။ ပါဋလိပုတ္တဿ၊ ပါဋလိအမည်ရှိသော။ ပရိဗ္ဗာဇကဿ၊ ပရိဗိုဇ်အား။ ဧ၀ံ၊သို့။ ပုဋ္ဌော၊ မေးသည်ရှိသော်။ ဧ၀ံ၊သို့။ ဗျာကရေယျ၊ ကြားရာ၏။ အာဝုသော ပါဋလိပုတ္တ၊ ငါ့ရှင်ပါဋလိပုတ္တ။ သန္တေတနီယံ၊ စေ့ဆော်အပ်သော။ ကမ္မံ၊ကံကို။ ကတွာ၊ပြု၍။ ကာယေန၀ါ၊ ကာယဖြင့်လည်းကောင်း။ ၀ါစာယ၀ါ၊ကောင်း။ မနသာ၊ နှလုံးဖြင့်လည်းကောင်း။ သုခဝေဒနီယံ၊ သုခဝေဒနာသည် ခံစားအပ်သော။သုခံ၊သုခကို။ သော၊ထိုသူသည်။ဝေဒယတိ၊ခံစား၏။ (ဒုက္ခမှာလည်းအတူပင်)။

**အမိပ္ပါယ်ကား။** အရှင် သကဝါဒီသည် ကားကာယအရကို ကားနိမိတ်ကမ္မအရကိုကား စေတနာ၌နှစ်ပါးကိုခွဲ၍ယူသတည်း။ ပရဝါဒီသော်ကား ကာယ ကမ္မလုံးကိုပင် ကုသိုလ်ဟူ၍ ယူတိ ရကား မသင့်သတည်း။ အရူပကထာနှောင်ကား ရူပကမ္မကထာ ကိုဟောတော်မူ၏။ ထိုသည် ပုစ္ဆာ ပဋိပုစ္ဆာဟူ၍ နှစ်ပါးပြား၏။ ထိုတွင် ပုစ္ဆာဟူသည်ကား သကဝါဒီပက္ခ ပရဝါဒီပက္ခနှစ်ပါးတွင် သော် သကဝါဒီပက္ခကို ရှေးဦးစွာဟောတော်မူ၏။ ထိုသည်ကား ကုသလာ နုယောဂ အကုသလာ နုယောဂဟူ၍ နှစ်ပါး။ ကုသလာနုယောဂသည်ကား ကာယကံ ဝစီကံဟူ၍နှစ်ပါးအပြား ရှိ၏။ကာယကံသည်ကား သုဒ္ဓ သံသန္ဒနာဟူ၍ နှစ်ပါးအပြားရှိ၏။ သုဒ္ဓသည်ကား အနုလောမတချက်။ ပဋိလောမတချက်သာတည်း။ သံသန္ဒနာသည်ကား နာမသံသန္ဒနာ ရူပသံသန္ဒနာဟူ၍ နှစ်ပါး အပြားရှိ၏။ နာမ သံသန္ဒနာ သည်ကား အနုလောမ ပဋိလောမ နှစ်ပါး။ အနုလောမသည်ကား ဖဿ ဝေဒနာ သညာ စေတနာ သဒ္ဓါ သတိ ဝီရိယ သမာဓိ ပညာဟူ၍ ကိုးပါးအပြားရှိ၏။ ပဋိ လောမမှာလည်း ကိုးပါးလည်းကောင်း။၌ကားသံသန္ဒနာတည်း။ ရူပသံသန္ဒနာ သည်ကား သံခိတ္တ ပဘေဒဟူ၍ နှစ်ပါး အပြား ရှိ၏။ ထိုနှစ်ပါးတွင် သံခိတ္တကို ရှေးဦးစွာ ဟောတော် မူ၏။ ဟောဟန်သော်ကား ကုသလေန စိတ္တေန။ပ။ နှဟေဝံ ဝတ္တဗ္ဗေ တည်း။ ပဘေဒ သည်ကား အနာရမ္မဏ ဖဿ ဝိပ္ပယုတ္တ အသံမိဿ အနာရမ္မဏ ဖဿ ဝိပ္ပယုတ္တသံမိဿဟူ၍နှစ်ပါးအပြား ရှိ၏။ အနာရမ္မဏ ဖဿ ဝိပ္ပယုတ္တ အသံမိဿသည် ကား ကုသိုလ် အဗျာကတဟူ၍ နှစ်ပါးတည်း။ ကုသိုလ်သည် ရူပ သဒ္ဒ ဂန္ဓ ရသ ဖောဋ္ဌဗ္ဗာ ရမ္မဏဟူ၍ ငါးပါးတည်း။ ပထဝီဓာတု အာပေါဓာတု တေဇောဓာတု ဝါယောဓာတုဟူ၍ကိုးပါးအပြားရှိ၏။အဗျာကတ မှာလည်းအတူပင်။ ၌ကားအနာရမ္မဏ ဖဿဝိပ္ပယုတ္တ အသံမိဿ တည်း။အနာရမ္မဏ ဖဿဝိပ္ပယုတ္တသံမိဿသည်ကား အနာရမ္မဏ သံမိဿာနုယောဂ ဖဿဝိပ္ပယုတ္တ သံမိဿာနုယောဂ အနာရမ္မဏ

ဖဿဝိပ္ပယုတ္တ သံမိဿာနုယောဂဟူ၍ သုံးပါးပြား၏။ ထိုသုံးပါးတွင် အနာရမ္မဏသံမိဿ သည်ကား ကုသိုလ် အဗျာကတဟူ၍ နှစ်ပါးအပြားရှိ၏။ ကုသိုလ်၌လည်း ရူပ သဒ္ဒ ဂန္ဓ ရသ ဖောဋ္ဌဗ္ဗ ပထဝီ အာပေါ တေဇော ဝါယော ဟူ၍ ကိုးပါးအပြားရှိ၏။ အဗျာကတ၌လည်း ကိုးပါးလည်းကောင်း။ ဤကား အနာရမ္မဏ သံမိဿတည်း။ ဖဿဝိပ္ပယုတ္တ သံမိဿ သည်ကား အကုသိုလ် အဗျာကတနှစ်ပါးအပြားရှိ၏။ အောက်နှင့် အတူပင်။ ဤကား ဖဿဝိပ္ပယုတ္တသံမိဿတည်း။ အနာရမ္မဏ ဖဿဝိပ္ပယုတ္တသံမိဿ သည်ကား ကုသိုလ် အဗျာကတဟူ၍ နှစ်ပါးအပြားရှိ၏။ကုသိုလ်၌လည်း ရူပ သဒ္ဒ ဂန္ဓ ရသ ဖောဋ္ဌဗ္ဗ ပထဝီ အာပေါ တေဇော ဝါယောဟူ၍ ကိုးပါး အပြားရှိ၏။ အဗျာကတ၌လည်း ကိုးပါးလည်းကောင်း။ ဤရွေ့ကား ကာယကံ တည်း။ ဝစီကံ တည်း။ သမုဋ္ဌာနိက ကထာကို ဟောတော်မူ၏။ ထိုဝစီသမုဋ္ဌာန်ဟူသည်ကား သုဒ္ဓ သံသန္ဒနာဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတွင် သုဒ္ဓ သည်ကား အနုလောမ တချက် ပဋိလောမ တချက်သာတည်း။ သံသန္ဒနာသည်ကား နာမသံသန္ဒနာ ရူပသံသန္ဒနာဟူ၍နှစ်ပါးတွင် နာမသံသန္ဒနာသည်ကား အနုလောမ ပဋိလောမဟူ၍ နှစ်ပါးတွင် အနုလောမသည်ကား ဖဿ ဝေဒနာ သညာ စေတနာ သဒ္ဓါ သတိ ဝီရိယ သမာဓိ ပညာဟူ၍ ကိုးပါးအပြားရှိ၏။ ပဋိလောမ၌လည်း ကိုးပါးလည်းကောင်း။ ဤကား နာမသံသန္ဒနာတည်း။ ရူပသံသန္ဒနာသည်လည်း သံခိတ္တ ပဘေဒ ဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတွင် သံခိတ္တသည်တချက်သာ။ ပဘေဒ သည်ကား အနာရမ္မဏ ဖဿဝိပ္ပယုတ္တအသံမိဿ အနာရမ္မဏ ဖဿဝိပ္ပယုတ္တ သံမိဿဟူ၍နှစ်ပါးအပြားရှိ၏။ထိုတွင် အနာရမ္မဏဖဿဝိပ္ပယုတ္တ အသံမိဿသည်ကား အကုသိုလ် အဗျာကတ ဟူ၍ နှစ်ပါးတွင် ကုသိုလ်သည်ကား ရူပ သဒ္ဒ ဂန္ဓ ရသ ဖောဋ္ဌဗ္ဗ ပထဝီ အာပေါ တေဇော ဝါယော ဟူ၍ ကိုးပါးတည်း။ အဗျာကတ ၌လည်း

ကိုးပါးလည်းကောင်း။ ဤကား အနာရမ္မဏဖဿ ဝိပ္ပယုတ္တ အသံ မိဿတည်း။ အနာရမ္မဏဖဿနောင်ကား အနာရမ္မဏ ဖဿ ဝိပ္ပယုတ္တသံမိဿကိုဟောတော်မူ၏။ ထိုအနာရမ္မဏဖဿ ဝိပ္ပယုတ္တ သံမိဿသည်ကား အနာရမ္မဏသံမိဿာနုယောဂ ဖဿဝိပ္ပယုတ္တ သံမိဿာနုယောဂ အနာရမ္မဏဖဿဝိပ္ပယုတ္တ သံမိဿာနုယောဂ ဟူ၍ သုံးပါးအပြားရှိ၏။ သိကောင်းပြီ။ ကုသိုလ်ကား ကာယကံ နှင့်အတူပင်။ ကုသိုလ်ကမ္မပထလည်းအတူပင်။ ဝစီကံမှာလည်း အတူပင်။ တဖက်ပြထားလေသည်။ ဤကား သကဝါဒီပက္ခတည်း။ ထိုသကဝါဒီပက္ခနောင်ကား ပရဝါဒီပက္ခကို ဟောတော်မူ၏။ ပရဝါဒီပက္ခကိုကား သိကောင်းပြီ။ ဤကား ပုစ္ဆာ တည်း။ ပုစ္ဆာ နောင်ကား ပဋိပုစ္ဆာကို ဟောတော်မူ၏။ ထိုသည်ကား နသုတ္တာ ဟရဏ သုတ္တာဟရဏဟူ၍ နှစ်ပါးတွင် နသုတ္တာဟရဏ သည် ကား သုဒ္ဓ မိဿက နှစ်ပါးတွင် သုဒ္ဓသည်ကား စက္ခာယတန သောတာယတန ဃာနာယတန ဇိဝှါယတန ကာယ ရူပ သဒ္ဒ ဂန္ဓ ရသ ဖေါဋ္ဌဗ္ဗ ပထဝီ အာပေါ တေဇော ဝါယော အသုစိ အသု လောဟိတ သေဒဟူ၍ တဆဲ့ရှစ်ပါးအပြားရှိ၏။ ဤကား သုဒ္ဓတည်း။ သုဒ္ဓနောင်ကား မိဿကကို ဟောတော်မူ၏။ ထိုသည် ကား ကာယကမ္မရူပမူလရှိသည် မနောကမ္မ အရူပ မူလရှိသည် ဝိညာဏာဟာရဟူ၍ သုံးပါးအပြားရှိ၏။ ထိုသုံးပါးတွင် ကာယ ကမ္မ မူလရှိသည်ကား သုဒ္ဓ သံသန္ဒနာနှစ်ပါး။ သုဒ္ဓသည်ကား အနုလောမ ပဋိလောမ ဟူ၍ နှစ်ပါးတည်း။ သံသန္ဒနာသည်ကား တချက်သာ။ မနောကမ္မမူလလည်း တချက်သာ။ ဝိညာဏာဟာရာ နုယောဂသည်ကား စက္ခုဝိညာဏ သောတ ဃာန ဇိဝှါ ကာယ ဝိညာဏဟူ၍ ငါးပါး အပြားရှိ၏။ ဤကား နသုတ္တာဟရဏာ နုယောဂ တည်း။ ဤနသုတ္တာဟရဏာ နုယောဂ နောင်ကား သုတ္တာဟရဏာ နုယောဂကို ဟောတော်မူ၏။ ထိုသည်ကား ဓေတယိက္ခာ သုတ္တာဟရဏာနုယောဂ အာနန္ဒသုတ္တာဟရဏာ

နယောဂ ကမ္မပထ သုတ္တာဟရဏာ နယောဂ သမ္ပိဏ္ဍိသုတ္တာဟရဏာ နယောဂ ဟူ၍ လေးပါးအပြားရှိ၏။

ရူပံကမ္မန္တိကထာ နိဋ္ဌိတာ။

---

## ၁၀–ဇီဝိတိန္ဒြိယကထာ

၅၄၀။ ရူပံဇီဝိတိန္ဒြိယံ၊ ရုပ်၏ အသက်သည်။ နတ္ထိ၊ လော။ အာမန္တာ၊ မြေဲမရှိသည်ပဟုတ်၏။ ရူပီနံ၊ ကုန်သော။ ဓမ္မာနံ၊ တို့၏။ အာယု၊ ဖြစ်ကြောင်းသည်။ နတ္ထိ၊ လော။ ဌိတိ၊ သည်။ နတ္ထိ၊ လော။ ယပနာ၊ ဖြစ်ကြောင်းသည်။ ယာပနာ၊ မျှကြောင်းသည်။ ဇရိယနာ၊ လည်ကြောင်းသည်။ ဝတ္တနာ၊ ဥပါဒ်ကြောင်းသည်။ ပါလနာ၊ စောင့်ကြောင်းသည်။ နတ္ထိ၊ လော။ နဟေဝံဝတ္တဗ္ဗေ။ပ။

၅၄၄။ ဥပပတ္တေသိယေန၊ ပဋိသန္ဓေကိုရှာကြောင်းဖြစ်သော။ စိတ္တေန၊ စိတ်သည်။ သမုဋ္ဌိတံ၊ ဖြစ်စေအပ်သော။ပ။ ဥပပတ္တေသိယေ၊ ပဋိသန္ဓေကို ရှာကြောင်းဖြစ်သော။ စိတ္တေ၊ စိတ်သည်။ ဘိဇ္ဇမာနေ၊ ပျက်သည်ရှိသော်။ ဧကဒေသံ၊ အစိတ်သည်။ ဘိဇ္ဇတိ၊ ပျက်သလော။ အာမန္တာ။ပ။ အနဝသေသံ၊ အကြွင်းမဲ့။ပ။ ဒွိဟိ၊ နှစ်ပါးကုန်သော။ ဇီဝိတေဟိ၊ ဇီဝိတတို့ဖြင့်။ ဇီဝတိ၊ ရှင်သလော။ ဒွိဟိ၊ နှစ်ပါးကုန်သော၊ မရဏေဟိ၊ မရဏတို့ဖြင့်။ မိယျတိ၊ သေသလော။ အာမန္တာ၊ တည်း။

**အဓိပ္ပါယ်ကား**။ သကဝါဒီသည် ရုပ်၏ အသက် ရှိသည် မဟုတ်လော ဟူ၍ မေးသည်ကို အာမန္တာ ခံသည်ကား ပုဂ္ဂိုလ် တပါးတွင် ဇီဝိတိန္ဒြေသည် နှစ်ပါးမရှိဟူ၍ အမှတ်ရှိ၍ အာမန္တာ ခံသတည်း။ ရုပ်၏ဖြစ်ကြောင်းသည် မရှိလောဟု မေး၏။ အနာရမ္မဏ သံမိဿ ဖဿဝိပ္ပယုတ္တသံမိဿ အနာရမ္မဏဖဿဝိပ္ပယုတ္တ သံမိဿဟူ၍ သုံးပါးအပြားရှိ၏။ ထိုသုံးပါးတွင် အာရမ္မဏဖဿ ဝိပ္ပယုတ္တ သံမိဿသည်ကား ကုသိုလ် အဗျာကတဟူ၍ နှစ်ပါး အပြားရှိ၏။ ထိုနှစ်ပါးတွင် ကုသိုလ်သည်ကား ရူပ သဒ္ဒ ဂန္ဓ ရသ

ဖေါဋ္ဌဗ္ဗ ပထဝီ အာပေါ တေဇော ဝါယောဟူ၍ ကိုးပါးအပြား ရှိ၏။ အဗျာကတသည်ကား ရူပ သဒ္ဒ ဂန္ဓ ရသ ဖေါဋ္ဌဗ္ဗ ပထဝီ အာပေါ တေဇော ဝါယော ဟူ၍ ကိုးပါးအပြားရှိ၏။ ဖဿ ဝိပ္ပယုတ္တ သံမိဿအနာရမ္မဏ ဖဿဝိပ္ပယုတ္တ သံမိဿ ဤနှစ်ပါး သည်ကား အနာရမ္မဏသံမိဿနှင့် အတူပင်။ ဤကား ဝစီကံ တည်း။ ဤကာယကံ ဝစီကံနှစ်ပါးသည်ကား ကုသလ သမုဋ္ဌာန တည်း။ ကာယကမ္မာဒိ ကုသိုလ်နောင်ကား အကုသိုလ်ကို ဟော တော်မူ၏။ ထိုအကုသိုလ်သည်ကား ကာယကံဝစီကံ ဟူ၍နှစ်ပါး အပြားရှိ၏။ ထိုနှစ်ပါးတွင် ကာယကံကို ဟောတော်မူ၏။ ထိုသည်ကား သုဒ္ဓ သံသန္ဒနာဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါး တွင် သုဒ္ဓကို ရှေးဦးစွာ ဟောတော်မူ၏။ ထိုသုဒ္ဓသည်ကား အနု လောမတချက် ပဋိလောမတချက်သာတည်း။ သုဒ္ဓ နောင်ကား သံသန္ဒနာကို ဟောတော်မူ၏။ ထိုသံသန္ဒနာ သည်ကား နာမသံ သန္ဒနာ ရူပသံသန္ဒနာဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတွင် နာမသံသန္ဒနာသည်ကား အနုလောမ ပဋိလောမဟူ၍ နှစ်ပါး အပြားရှိ၏။ထိုနှစ်ပါးတွင် အနုလောမသည်ကား ဖဿာနုယောဂ ဝေဒနာနုယောဂ သညာနုယောဂ စေတနာနုယောဂ ရာဂါ နုယောဂ ဒေါသ မောဟ မာန ဒိဋ္ဌိ ဝိစိကိစ္ဆာ ထိန မိဒ္ဓ ဥဒ္ဓစ္စ အဟိရိက အနောတ္တပ္ပဟူ၍ တဆယ့်ငါးပါးအပြားရှိ၏။ ပဋိလောမ၌ လည်းတဆယ့်ငါးပါးလည်းကောင်း။ ဤကား နာမသံသန္ဒနာတည်း။ နာမသံသန္ဒနာ နောင်ကား ရူပသံသန္ဒနာကို ဟောတော်မူ၏။ ထို ရူပသံသန္ဒနာ သည်ကား သံခိတ္တ ပဘေဒဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတွင် သံခိတ္တကို ရှေးဦးစွာ ဟောတော်မူ၏။ ဟောဟန် သော်ကား အကုသလေန စိတ္တေန သမုဋ္ဌိတံ ကာယကမ္မံ ရူပံ အကုသလန္တိ။ အာမန္တာ။ ယံကိဉ္စိ အကုသလေန စိတ္တေန သမုဋ္ဌိတံ ရူပံသဗ္ဗံတံ အကုသလန္တိ။ နဟေဝံ ဝတ္တဗ္ဗေတည်း။ ဤကား သံခိတ္တ တည်း။ ပဘေဒသည်ကား အနာရမ္မဏ ဖဿ ဝိပ္ပယုတ္တအသံမိဿ အနာရမ္မဏဖဿ ဝိပ္ပယုတ္တ သံမိဿ ဟူ၍ နှစ်ပါးအပြားရှိ၏။

ထိုနှစ်ပါးတွင် အနာရမ္မဏဖဿပစ္စယုတ္တ အသံမိဿ သည်ကား အကုသိုလ် အဗျာကတ ဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတွင် အကုသိုလ်ကို ရှေးဦးစွာ ဟောတော်မူ၏။ ထိုအကုသိုလ် သည်ကား ရူပါယတန သဒ္ဒါယတန ဂန္ဓာယတန ရသာယတန ဖောဋ္ဌဗ္ဗာယတန ပထဝီ အာပေါ တေဇော ဝါယော အသုစိ အဿု လောဟိတ သေဒဟူ၍ တဆဲ့သုံးပါးအပြားရှိ၏။အဗျာကတ၌လည်း တဆဲ့သုံးပါးလည်းကောင်း။ အနာရမ္မဏဖဿ ပစ္စယုတ္တ အသံမိဿ မေးသည်ရှိသော် ထိုရှိကြောင်းကိုမြင်ရကား နဟေဝံ ဝတ္တဗ္ဗေဟူ၍ ပယ်သတည်း။ ရူပကမ္မကထာနောင်ကား ရူပဇီဝိ တိန္ဒြိယ ကထာကို ဟောတော်မူ၏။ ထိုသည်ကား သကဝါဒီပက္ခ ပရဝါဒီပက္ခနှစ်ပါးတွင် သကဝါဒီပက္ခကို ရှေးဦးစွာ ဟောတော်မူ၏။ ထိုသည်ကား သုဒ္ဓ သံသန္ဒနာနှစ်ပါး။ သုဒ္ဓသည်ကား အနုလောမတချက် ပဋိလောမတချက်။ ဤသည်ကား သုဒ္ဓတည်း။ ထိုသုဒ္ဓ နောင်ကား သံသန္ဒနာကို ဟောတော်မူ၏။ ထိုသည်ကား ဇီဝိတိန္ဒြိယာ နုယောဂ အသညသတ္တာနုယောဂ ဥပပတ္တေသိယာ နုယောဂ နနိရောဓ နုယောဂ ဟူ၍ လေးပါး။ ထိုလေးပါးတွင် ဇီဝိတိန္ဒြိယာ နုယောဂသည် အာယုဋ္ဌိတာဒိ အနုယောဂ အရူပ ဇီဝိတိန္ဒြိယာ နုယောဂ အညမညာ နုယောဂ ရူပ အရူပါ နုယောဂ ဟူ၍ လေးပါး။ တပါးပါး၌ အနုလုံ ပဋိလုံ ဟူ၍ နှစ်ပါးစီချည်း ဟောတော် မူသောကြောင့် ရှစ်ပါးတည်း။ ဤကား ဇီဝိတိန္ဒြိယာ နုယောဂတည်း။ နနိရောဓ နုယောဂသည်ကား ဇီဝိတိန္ဒြိယာနုယောဂ နာမက္ခန္ဓာနုယောဂ နနိရောဓနုယောဂ ဟူ၍ သုံးပါးတွင် ဇီဝိတိန္ဒြိယာ နုယောဂ သည်ကား အနုလုံ တချက် ပဋိလုံ တချက်သာတည်း။ နာမက္ခန္ဓာ နုယောဂ သည်ကား သင်္ခါရက္ခန္ဓာ ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ ဝိညာဏက္ခန္ဓာဟူ၍ လေးပါး အပြား ရှိ၏။ နနိရောဓ နုယောဂကား တချက်သာတည်း။ အသည သတ္တာ နုယောဂ သည်ကား ဇီဝိတိန္ဒြိယာ နုယောဂ ခန္ဓာ နုယောဂ

ပဥ္စဝေါကာရ နယောဂ ဟူ၍ သုံးပါး။ ဇီဝိတိန္ဒြိယာနုယောဂ သည်ကား အနုလုံ ပဋိလုံဟူ၍ နှစ်ပါး။ နာမက္ခန္ဓာနုယောဂ သည်ကားသင်္ခါရက္ခန္ဓာ ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာဝိညာဏက္ခန္ဓာ ဟူ၍လေးပါး။ပဥ္စဝေါကာရကား တချက်သာတည်း။ ဥပပတ္တေသိယာဒိ အနုယောဂ သည်ကား ဥပပတ္တေသိယ ဇီဝိတိန္ဒြိယဟူ၍ နှစ်ပါး။ ဥပပတ္တေသိယ သည်ကား ဧကဒေသာနုယောဂ ဖဿာနုယောဂ ဟူ၍ နှစ်ပါး။ ဇီဝိတိန္ဒြိယကိုကားသိကောင်းပြီ။ သကဝါဒီ ပက္ခနောင်ကား ပရဝါဒီပက္ခကို ဟောတော်မူ၏။ ဟောဟန်သော်ကား ဒွေဇီဝိတိန္ဒြိယ ကိုကား သိကောင်းပြီ။ သကဝါဒီ ပက္ခနောင်ကား ပရဝါဒီပက္ခကို ဟောတော်မူ၏။ ဟောဟန်သော်ကား ဒွေဇီဝိတိန္ဒြိယာနီတိ။ အာမန္တာ အစရှိသည်တည်း။

ဇီဝိတိန္ဒြိယကထာ နိဋ္ဌိတာ။

---

## ၁၁-ကမ္မဟေတုကထာ

၁၄၆။ ကမ္မဟေတု၊ ကံကြောင့်။ အရဟာ၊ ရဟန္တာသည်။ အရဟတ္တာ၊ အရဟတ္တဖိုလ်မှ။ ပရိဟာယတိ၊ ယုတ်သလော။ ဣတိ ပုစ္ဆာယံ၊သည်။ သတိ၊ရှိသော်။ အာမန္တာ၊ပြော်ရှိသည်ဟုတ်၏။ ပ။ ကတမဿ၊ အဘယ်မည်သော။ ကမ္မဿဟေတု၊ ကံကြောင့်။ ဟောတိ၊ ဖြစ်သနည်း။ ဣတိပုစ္ဆာယံ၊ သည်။ သတိ၊ ရှိသော်။ အရဟန္တာနံ၊ ရဟန္တာတို့ကို။ အဗ္ဘာစိက္ခတိ၊ စွပ်စွဲ၏။

အရဟန္တာနံ၊တို့ကို။ အဗ္ဘာစိက္ခတိ ကမ္မဿဟေတု၊စွပ်စွဲသော ကံကြောင့်။ အရဟာ၊သည်။ အရဟတ္တာ၊ အရဟတ္တဖိုလ်မှ။ ပရိဟာယတိ၊ ယုတ်သလော။ အာမန္တာ။ ယေကေစိ၊ အချို့သောသူတို့သည်။ အရဟန္တာနံ၊တို့ကို။ အဗ္ဘာစိက္ခန္တိ၊ စွပ်စွဲကုန်၏။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ တေ၊ ထိုသူတို့သည်။ အရဟတ္တံ၊ကို။ သစ္ဆိကရောန္တိ၊ မျက်မှောက်ပြုကုန်သလော။ပ။

**အဓိပ္ပါယ်ကား။** ရဟန္တာသည် အဘယ်ကြောင့် အရဟတ္တဖိုလ်မှ ယုတ်သနည်း ဟူ၍ မေးသည်ကို အာမန္တာဟူ၍ ဝန်ခံချေ

ရကား သောတာပတ္တိဖိုလ်သို့ ရောက်သောပုဂ္ဂိုလ်သည် သောတာပတ္တိဖိုလ်မှ ယုတ်သလောဟူ၍ မေးရကား နဟေဝံ ဝတ္တဗ္ဗေဟူ၍ ပယ်သတည်း။ ပရဝါဒီအယူသော်ကား ရဟန္တာမဖြစ်မီက ယုတ်သည်ကိုရည်၍မေးသတည်း။ ရဟန္တာမဟုတ်ဘဲ ရဟန္တာဟူ၍ မိမိကိုယ်ကိုမှတ်သော သူသည်သာလျှင် ယုတ်အံ့သည်။ ဇီဝိတိန္ဒြိယကထာ၌နောင်ကား ကမ္မဟေတုကထာကိုဟောတော်မူ၏။ ထိုသည်ကား ပရဝါဒီပက္ခကိုကား ဟောတော်မမူ။ သကဝါဒီပက္ခကိုသာ ဟောတော်မူ၏။ ထိုသည်ကား အရဟန္တာနုယောဂ ကမ္မပထာနုယောဂ ပဋိပုစ္ဆာနုယောဂဟူ၍ သုံးပါးအပြားရှိ၏။ ထိုသုံးပါးတွင် အရဟန္တာနုယောဂ သည်ကား အရဟန္တ မူလရှိသည် အရဟန္တမူလီ ရှိသည်ဟူ၍ နှစ်ပါး အပြားရှိ၏။ သိကောင်းပြီ။ ကမ္မပထာနုယောဂ သည်ကား ပါဏာတိပါတ အဒိန္နာဒါန ကာမေသုမိစ္ဆာစာရ မုသာဝါဒ ပိသုဏဝါစာ ဖရုသဝါစာ သမ္ဖပ္ပလာပ မာတုဃာတက ပိတုဃာတက အရဟန္တဃာတက ရုဟိရုပ္ပါဒက သံဃဘေဒကဟူ၍တဆဲ့နှစ်ပါး အပြားရှိ၏။ ပဋိပုစ္ဆာဟူသော်ကား ကမ္မသကတသမ်စသည်တည်း။ ကမ္မဟေတု ကထာ နိဋ္ဌိတာ အဋ္ဌမော ဝဂ္ဂေါ။

ဆဂတိယော၊ ဂတိကထာ လည်းကောင်း။ အန္တရာဘဝေါ၊ အန္တရာဘဝကထာလည်းကောင်း။ ပဉ္စဝကာမဂုဏာကာမဓာတု၊ ကာမဂုဏာ ကထာလည်းကောင်း။ ပဉ္စဝ အာယတနာကာမာ၊ ကာမကထာလည်းကောင်း။ ရူပိနောဓမ္မာရူပဓာတု၊ ရူပကထာလည်းကောင်း။ အရူပိနောဓမ္မာ အရူပဓာတု၊ အရူပကထာလည်းကောင်း။ သဠာယတနိကော အတ္တဘာဝေါ ရူပဓာတုယာ၊ ရူပဓာတုယာ အာယတန ကထာလည်းကောင်း။ အတ္ထိရူပံ အရူပေသု၊ အရူပေရူပကထာလည်းကောင်း။ ရူပံကမ္မံ၊ ရူပကမ္မကထာလည်းကောင်း။ ရူပံဇီဝိတံ၊ ရူပဇီဝိတိန္ဒြိယကထာ လည်းကောင်း။ ကမ္မဟေတုကာပရိဟာယတိ ကမ္မဟေတုကထာလည်းကောင်းတည်း။

---

## နဝမဝဂ္ဂ

### ၁-အာနိသံသ ဒဿာဝီကထာ

၅၄၇။ အာနိသံသာ ဒဿာဝိဿ၊ အကျိုးကိုမြင်သော ပုဂ္ဂိုလ်သည်။ သညောဇနာနံ၊သံယောဇဉ်တို့ကို။ ပဟာနံ၊ပယ်ခြင်းသည်၊ အတ္ထိ၊သလော။ အာမန္တာ။ သင်္ခါရေ၊ သင်္ခါရတို့ကို။ အနိစ္စတော၊ အနိစ္စအားဖြင့်။ မနသိကရောတော-မနသိကရောန္တဿ၊ နှလုံးသွင်းပြုသော ပုဂ္ဂိုလ်သည်။ သညောဇနာ၊ သံယောဇဉ်တို့ကို။ ပဟီယန္တိ၊ပယ်ကုန်သလော။ အာမန္တာ။ပ။

ရောဂတော၊ အနာအားဖြင့်လည်းကောင်း။ ဂဏ္ဍတော၊ ထွတ်အိုင်းအစရှိသည် အားဖြင့်လည်းကောင်း။ သလ္လတော၊ ငြောင့်အားဖြင့်လည်းကောင်း။ အဃတော၊ သည်းမခံသော အားဖြင့်လည်းကောင်း။ အာဗာဓတော၊ ပြင်းသော အနာအားဖြင့်လည်းလည်းကောင်း။ ပရတော၊ ရန်သူအားဖြင့်လည်းကောင်း။ ပလောကတော၊ ပျက်သောအားဖြင့် လည်းကောင်း။ ဤတိတော၊ ဘေးအားဖြင့်လည်းကောင်း။ ဥပဒ္ဒဝတော၊ နှိပ်စက်သော အားဖြင့်လည်းကောင်း။ ဘယတော၊ ကြောက်သော အားဖြင့်လည်းလည်းကောင်း။ ဥပသဂ္ဂတော၊ ကပ်၍ နှိပ်သော အားဖြင့်လည်းကောင်း။ စလတော၊ လှုပ်သဖြင့် လည်းကောင်း။ ပဘင်္ဂုတော၊ ပျက်စီးသဖြင့် လည်းကောင်း။ အဓုဝတော၊ မမြဲသဖြင့် လည်းကောင်း။ အတာဏတော၊ ကိုးကွယ်ရာ မဟုတ်သဖြင့် လည်းကောင်း။ အလေဏတော၊ ပုန်းအောင်းရာ မဟုတ်သဖြင့် လည်းကောင်း။ အသရဏတော၊ မအောက်မေ့သဖြင့် လည်းကောင်း။ အသရဏီဘူတတော၊ မအောက်မေ့ခံသော အဖြစ်အားဖြင့် လည်းကောင်း။ ရိတ္တတော၊ အချည်းစည်း အားဖြင့် လည်းကောင်း။ တုစ္ဆတော၊ ဟင်းလင်းအားဖြင့် လည်းကောင်း။ သုညတော၊ ဆိတ်သဖြင့် လည်းကောင်း။ အနတ္တတော၊ အတ္တ မဟုတ်သဖြင့် လည်းကောင်း။ အာဒီနဝတော၊ အပြစ်အားဖြင့် လည်းကောင်း။ (သိကောင်းပြီ)။

**အဖွင့်** အဋ္ဌမဝဂ်နောင်ကား နဝမဝဂ်ကိုဟောတော်မူ၏။ ထိုသည်ကား သကဝါဒီပက္ခ ပရဝါဒီပက္ခ နှစ်ပါးတွင်သော် သကဝါဒီပက္ခကို ရှေးဦးစွာဟောတော်မူ၏။ ထိုသည်ကား သုဒ္ဓ သံသန္ဒနာဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုတွင် သုဒ္ဓသည်ကား အနိစ္စာနုပဿဂ ဒုက္ခာနုပဿဂ ရောဂါနုပဿဂ ငလ္လာ သလ္လ အဃ အာဗာဓ ပရပလောက ဤတျာနုပဿဂ ဥပဒ္ဒဝါနုပဿဂ ဘယာနုပဿဂ ဥပသဂ္ဂါနုပဿဂ စလာနုပဿဂ ပဘင်္ဂါနုပဿဂ အဓုဝါနုပဿဂ အတာဏာနုပဿဂ အလေဏာနုပဿဂ အသရဏာနုပဿဂ အသရဏီဘူတာ နုပဿဂ ရိတ္တာနုပဿဂ တုစ္ဆာ နုပဿဂ သုညာ နုပဿဂ အနတ္တာ နုပဿဂ အာဒီနဝါ နုပဿဂ ဝိပရိဏာမဓမ္မာ နုပဿဂ ဟူ၍ နှစ်ဆဲ့ခြောက်ပါး အပြားရှိ၏။ ဤကား သုဒ္ဓတည်း။ သုဒ္ဓနောင်ကား သံသန္ဒနာကို ဟောတော် မူ၏။ ထိုသည်ကား အနိစ္စာနုပဿဂ ဒုက္ခာ နုပဿဂ ဝေါကာရော နုပဿဂ ဂလ္လာ နုပဿဂ အစရှိသော အားဖြင့် နှစ်ဆဲ့ခြောက်ပါး အပြားရှိ၏။ ထိုတွင် အနိစ္စာနုပဿဂသည်ကား ဧကက ဒုကဟူ၍ နှစ်ပါးတွင် ဧကကကို ရှေးဦးစွာ ဟောတော်မူ၏။ ဟောဟန် သော်ကား အာနိသံသဒဿာဝိဿ သညောဇနာနံ ပဟာနန္တိ။အာမန္တာ။သင်္ခါရေစ အနိစ္စတော မနသိကရောတိ နိဗ္ဗာနေစ အာနိသံသ ဒဿာ ဝီဟောတီတိနဟေဝံဝတ္တဗ္ဗေတည်း။ ထိုနောင်ကား ဒုက္ခာနုပဿဂ ကို ဟောတော်မူ၏။ ဟောဟန်သော်ကား သင်္ခါရေစ အနိစ္စတော မနသိကရောတိ နိဗ္ဗာနေစ အာနိသံသ ဒဿာဝီ ဟောတီတိ။ အာမန္တာ။ ဒွိန္နံဖဿာနံ။ပ။ ဒွိန္နံစိတ္တာနံ သမောဓာနံ ဟောတီတိ။ နဟေဝံဝတ္တဗ္ဗေတည်း။ ထိုအတူ ဒုက္ခာနုပဿဂမှာ ဧကက ဒုက ဟူ၍နှစ်ပါး။ ရောဂါနုပဿဂမှာလည်း ဧကက ဒုကဟူ၍နှစ်ပါး။ နှစ်ဆဲ့ ခြောက်ပါးလုံးသည် ဧကက ဒုကဟူ၍ နှစ်ပါးစီချည်းခွဲလေ။ (ပရဝါဒီပက္ခကိုကား သိကောင်းပြီ)။

အာနိသံသဒဿာဝီကထာ နိဋ္ဌိတာ။

## ၂-အမတာရမ္မဏကထာ

၅၄၉။ သညောဇနံ၊ သညောဇဉ်သည်။ အမတာရမ္မဏံ၊ သုဒ္ဓါ ဘုတ်တည်းဟူသော နိဗ္ဗာန်၏ အာရုံလော။ အာမန္တာ၊ ခြေဉ် အာရုံဟုတ်၏။ အမတံ၊ နိဗ္ဗာန်သည်။ သညောဇနိယံ၊ သညောဇဉ်၏အာရုံလော။ပ။

အမတံ၊ သည်။ ရာဂဋ္ဌာနိယံ၊ ရာဂဖြစ်ကြောင်းလော။ ရဇနိယံ၊ တပ်ရာလော။ ကမနိယံ၊ နှစ်လိုရာလော။ မဒနိယံ၊ ယစ်ရာလော။ ဗန္ဓနိယံ၊ ဖွဲ့ရာလော။ မုစ္ဆနိယံ၊ မိန်းမောရာလော။ပ။

ဒေါသဋ္ဌာနိယံ၊ ဒေါသ၏ဖြစ်ကြောင်းလော။ ကောပဋ္ဌာနိယံ၊ အမျက်၏ ဖြစ်ကြောင်းလော။ ပဋိဃဋ္ဌာနိယံ၊ အာဃာတ၏ဖြစ်ကြောင်းလော။ပ။

အမတံ၊ သည်။ မောဟဋ္ဌာနိယံ၊ မိုက်မဲခြင်းအကြောင်းလော။ အညာဏကရဏံ၊ မောဟကိုပြုသလော။ အစက္ခုကရဏံ၊ ပညာမျက်စိမရှိသည်ကိုပြုသလော။ ပညာနိရောဓိယံ၊ ပညာ၏ ချုပ်ရာလော။ ဝိဃာတပက္ခိယံ၊ ပင်ပန်းခြင်း၏အပင်းအသင်းလော။ပ။

၅၅၁။ နိဗ္ဗာနတော၊ နိဗ္ဗာန်အားဖြင့်။ သဉ္ဇာနိတွာ၊ ၍။ နိဗ္ဗာနံ၊ ကို။ မညတိ၊ မြတ်နိုး၏။ နိဗ္ဗာနသ္မိံ၊ ၌။ မညတိ၊ ၏။ နိဗ္ဗာနတော၊ အားဖြင့်။ မညတိ၊ ၏။ မေ၊ ၏။ နိဗ္ဗာနံ၊ တည်း။ ဣတိ၊ သို့။ မညတိ၊ ၏။ နိဗ္ဗာနံ၊ ကို။ အဘိနန္ဒတိ၊ ၏။ပ။

အမှာ အာနိသံသကထာနှောင် အမတာရမ္မဏကထာကို ဟောတော်မူ၏။ ထိုသည်ကား သကဝါဒီပက္ခ ပရဝါဒီပက္ခ နှစ်ပါးတွင် သကဝါဒီပက္ခကို ရှေးဦးစွာဟောတော်မူ၏။ ထိုသည်ကား သုဒ္ဓ သံသန္ဒနာဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတွင် သုဒ္ဓသည်ကား သညောဇနာ နုယောဂ ရာဂဋ္ဌာနိယာနုယောဂ ဒေါသဋ္ဌာနိယာနုယောဂ မောဟဋ္ဌာနိယာနုယောဂ ဟူ၍ လေးပါးအပြားရှိ၏။ ထိုလေးပါးတွင် သညောဇနာ နုယောဂ သည်ကား အနုလောမတချက် ပဋိလောမတချက် ရာဂမှာလည်း

အနုလုံတချက်။ ပဋိလုံတချက်။ ဒေါသမှာလည်း အနုလုံတချက် ပဋိလုံတချက်။မောဟမှာလည်း အနုလုံတချက်။ ပဋိလုံတချက်ဟူ၍ နှစ်ပါးစီချည်း။ ဤရှစ်ပါးသည်ကား သုဒ္ဓမည်၏။ သံသန္ဒနာသည်ကား အနုလောမ ပဋိလောမဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတွင်အနုလုံသည်ကား သညောဇနာ နုယောဂ ရာဂါနုယောဂ ဒေါသာနုယောဂ မောဟာနုယောဂဟူ၍ လေးပါးအပြားရှိ၏။ ပဋိလောမမှာလည်း လေးပါးလည်းကောင်း (ပရဝါဒီပက္ခကိုကား သိကောင်းပြီ)။

အမတာရမ္မဏကထာ နိဋ္ဌိတာ။

---

## ၃–ရူပံသာရမ္မဏန္တိကထာ

၅၅၂။ ရူပံ၊ ရုပ်သည်။ သာရမ္မဏံ၊အာရုံနှင့်တကွဖြစ်သလော။ (ရူပအာရမ္မဏ ကထာကား အနက်လွယ်၏)။

**အမှာ** အမတာရမ္မဏ ကထာနှောင်ကား ရူပသာရမ္မဏ ကထာကို ဟောတော်မူ၏။ ထိုသည်ကား သကဝါဒီပက္ခ ပရဝါဒီပက္ခဟူ၍ နှစ်ပါးတွင်သော် သကဝါဒီပက္ခကို ရှေးဦးစွာ ဟောတော်မူ၏။ ထိုသည်ကား သုဒ္ဓ မိဿကဟူ၍ နှစ်ပါး။ သုဒ္ဓသည်ကား အနုလောမ ပဋိလောမဟူ၍နှစ်ပါး။ မိဿကသည်လည်း အနုလောမ ပဋိလောမဟူ၍ နှစ်ပါးတွင် အနုလောမသည်ကား ဖဿ ဝေဒနာ သညာ စေတနာ စိတ္တံ သဒ္ဓါ သတိ ဝိရိယ သမာဓိ ပညာ ရာဂ ဒေါသ မောဟ မာန ဒိဋ္ဌိ ဝိစိကိစ္ဆာ ထိန ဥဒ္ဓစ္စ အဟိရိက အနောတ္တပ္ပဟူ၍ နှစ်ဆယ်အပြားရှိ၏။ (ပဋိလောမမှာလည်း နှစ်ဆယ်လည်းကောင်း)။

ရူပံသာရမ္မဏန္တိကထာ နိဋ္ဌိတာ။

---

## ၄-အနုသယာအနာရမ္မဏကထာ

၅၅၄။ အနုသယာ၊ အနုသယတို့သည်။ အနာရမ္မဏာ၊ အာရုံနှင့်တကွမဖြစ်ကုန်သလော။ အာမန္တာ။ အနုသယာ၊ အနုသယတို့သည်။ ရူပံ၊ ရုပ်မည်သလော။ နိဗ္ဗာနံ၊ နိဗ္ဗာန်မည်သလော။ (အနက်လွယ်၏)။

**အဖွင့်** ရူပသာရမ္မဏ ကထာနောင်ကား အနုသယအနာရမ္မဏ ကထာကို ဟောတော်မူ၏။ ထိုသည့်ကား ပုစ္ဆာ ပဋိပုစ္ဆာဟူ၍နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတွင်ပုစ္ဆာသည်ကား သကဝါဒီပုစ္ဆာ ပရဝါဒီပုစ္ဆာဟူ၍နှစ်ပါးတွင် သကဝါဒီပုစ္ဆာကို ရှေးဦးစွာဟောတော်မူ၏။ ထိုသည်ကား သာမည ဝိသေသ နှစ်ပါးတွင် သာမညကို ရှေးဦးစွာ ဟောတော်မူ၏။ ဟောဟန်သော်ကား အနုသယာ အနာရမ္မဏာတိ။ အာမန္တာ။ ရူပံ နိဗ္ဗာနံ စက္ခာယတနံ။ပ။ ဖောဋ္ဌဗ္ဗာယတနန္တိ။ နဟေဝံ ဝတ္တဗ္ဗေတည်း။ သာမညနောင်ကား ဝိသေသကို ဟောတော်မူ၏။ ထိုသည်ကား ကာမရာဂါနုသယ ပဋိဃာနုသယ မာနာနုသယ ဒိဋ္ဌာနုသယ ဝိစိကိစ္ဆာနုသယ ဘဝရာဂါနုသယ အဝိဇ္ဇာနုသယဟူ၍ ခုနစ်ပါးအပြား ရှိ၏။ ထိုခုနစ်ပါးတွင် ကာမရာဂါနုသယသည်ကား သုဒ္ဓသံသန္ဒနာ နှစ်ပါးတွင် သုဒ္ဓသည်ကား ကာမရာဂ ပရိယုဋ္ဌာနာ နုယောဂ ခန္ဓာနုယောဂဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတွင် ကာမရာဂ ပရိယုဋ္ဌာနာနုယောဂ သည့်ကား အနုလောမ ပဋိလောမနှစ်ပါး။ ခန္ဓာနုယောဂသည် သင်္ခါရက္ခန္ဓာ ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ ဝိညာဏက္ခန္ဓာဟူ၍ လေးပါးအပြားရှိ၏။ သံသန္ဒနာသည်ကား နဧကဒေသ သံသန္ဒနာနုယောဂ ဧကတော သံသန္ဒနာ နုယောဂ ဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတွင် နဧကဒေသ သံသန္ဒနာ နုယောဂသည်ကား အနုလောမတချက် ပဋိလောမတချက်။ ဤနှစ်ချက်သည်ကား နဧကဒေသသံသန္ဒနာတည်း။ ဧကဒေသနောင်ကား ဧကတော သံသန္ဒနာနုယောဂကို ဟောတော်မူ၏။ ထိုသည်

ကား သညာရက္ခန္ဓာ ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ ဝိညာဏက္ခန္ဓာ ဟူ၍ လေးပါးအပြားရှိ၏။ ပဋိဃာနုသယ အစရှိသော ခြောက်ပါးတည်း။ ကာမရာဂါနုသယနှင့်အတူပင်။ ပရဝါဒီပက္ခကိုကား သိကောင်းပြီ။ (ပဋိပုစ္ဆာကိုသိကောင်းပြီ)။

အနုသယအနာရမ္မဏကထာနိဋ္ဌိတာ။

## ၅-ဉာဏာံအနာရမ္မဏဒ္ဒိကထာ

၅၅၇။ ဉာဏံ၊ ဉာဏ်သည်။ အနာရမ္မဏံ၊ အနာရမ္မဏမည်သလော။ အာမန္တာ။ပ။ ပညာ၊သည်။ အနာရမ္မဏံ၊ အနာရမ္မဏမည်သလော။ ပညိန္ဒြိယံ၊ သည်။ အနာရမ္မဏံ၊ အနာရမ္မဏမည်သလော။ ပညာဗလံ၊ သည်။ အနာရမ္မဏံ၊လော။ (အာမန္တာ။ ချည်းခံလေ။ အနက်လွယ်၏)။

**အဖွင့်** အနုသယ အနာရမ္မဏကထာနောင်ကား ဉာဏ အနာရမ္မဏကထာကို ဟောတော်မူ၏။ ထိုသည်ကား ပုစ္ဆာ ပဋိပုစ္ဆာဟူ၍ နှစ်ပါးအပြားရှိ၏။ထိုနှစ်ပါးတွင် ပုစ္ဆာသည်ကား သကဝါဒီပက္ခ ပရဝါဒီပက္ခဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတွင် သကဝါဒီပက္ခသည်ကား ရူပါဒိအနုယောဂ နာမအနုယောဂဟူ၍ နှစ်ပါးတွင်သော် နာမအနုယောဂသည်ကား သုဒ္ဓ သံသန္ဒနာနှစ်ပါးတွင် သုဒ္ဓသည်ကား ပညာဒိအနုယောဂ ခန္ဓာနုယောဂနှစ်ပါး။ ပညာဒိအနုယောဂသည်ကား အနုလုံ ပဋိလုံ။ ခန္ဓာ နုယောဂ သည်ကား သညာရက္ခန္ဓာ ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ ဝိညာဏက္ခန္ဓာဟူ၍ လေးပါး။ သံသန္ဒနာသည်ကား အနေကဒေသာနုယောဂ ဧကဒေသာနုယောဂဟူ၍ နှစ်ပါးတွင် အနေကဒေသာ နုယောဂ သည်ကား အနုလောမ ပဋိလောမ။ ဧကဒေသာ နုယောဂ သည်ကား သညာရက္ခန္ဓာ ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ ဝိညာဏက္ခန္ဓာဟူ၍ လေးပါးအပြားရှိ၏။ (ပရဝါဒီပက္ခနှင့် ပဋိပုစ္ဆာကို သိကောင်းပြီ)။

ဉာဏာံအနာရမ္မဏဒ္ဒိကထာ နိဋ္ဌိတာ။

## ၆-အတီတာနာဂတာရမ္မဏကထာ

၅၅၉။ အတီတာရမ္မဏံ၊ အတိတ်၏ အာရုံရှိသော။ စိတ္တံ၊ စိတ်သည်။ အနာရမ္မဏံ၊ အာရုံနှင့်တကွမဖြစ်သလော။ အာမန္တာ၊ ပြော်မဖြစ်သည်ဟုတ်၏။ (အနက်လွယ်၏)။

၅၆၀။ အနာဂတာရမ္မဏံ၊ အနာဂတ်အာရုံရှိသော။ စိတ္တံ၊ စိတ်သည်။ အနာရမ္မဏံ၊ အာရုံနှင့်တကွမဖြစ်သလော။ အာမန္တာ။ ပ။ အနာဂတာရမ္မဏံ၊ အနာဂတ် အာရုံရှိသော။ စိတ္တံ၊ သည်။ အနာရမ္မဏံ၊ အာရုံနှင့်တကွမဖြစ်။ ဇာတိ၊ သို့။ တယာ၊ သင်ပရ ဝါဒီသည်။ ဝုတ္တံ၊ ၏။ တံဝစနံ၊ ထိုသင်ပရဝါဒီ ဆိုသောစကား သည်။ မိစ္ဆာ-သပရာဓာ၊ အပြစ်နှင့်တကွ ဖြစ်သည်။ ဟောတိ၊ ဖြစ်၏။ ဟဉ္စိ ဝါပန အာရမ္မဏံ၊ အကယ်၍ အာရုံနှင့်တကွ မဖြစ်အံ့။ (သိကောင်းပြီ)။

**အမှာ** ဤကထာအနာရမ္မဏ ကထာ နောင်ကား အတီတာ နာဂတအနာရမ္မဏ ကထာကို ဟောတော်မူ၏။ ထိုသည်ကား သကဝါဒီပက္ခ ပရဝါဒီပက္ခဟူ၍နှစ်ပါးတွင် သက ဝါဒီပက္ခသည်ကား သုဒ္ဓ သမ္ဘေဒ နှစ်ပါးတွင် သုဒ္ဓသည်ကား အတီတာရမ္မဏာနုယောဂ အနာဂတာ ရမ္မဏာ နုယောဂဟူ၍ နှစ်ပါးတွင် အတီတာ ရမ္မဏာနုယောဂ သည်ကား အတီတ အနု ယောဂ အာဝဋ္ဋနာဒိ အနုယောဂ ဟူ၍ နှစ်ပါးတွင် အတီတကို ရှေးဦးစွာ ဟောတော်မူ၏။ ဟောတန်သော်ကား အတီတာ ရမ္မဏံစိတ္တံအနာရမ္မဏန္တိ။အာမန္တာ။ပ။ မိစ္ဆာတိုင်ရုံတည်း။ အတီ တာဒိ အနုယောဂနောင်ကား အနာဂတာဒိ အနုယောဂကို ဟော တော်မူ၏။ ထိုသည်ကား အနာဂတာနုယောဂ အာဝဋ္ဋနာဒိအနု ယောဂဟူ၍ နှစ်ပါးအပြားရှိ၏။ ဤကား သုဒ္ဓတည်း။ ထိုနောင် သမ္ဘေဒကို ဟောတော်မူ၏။ထိုသည်ကား အတီတမူလီ အနာဂတ မူလီ အတီတမူလ အနာဂတမူလရှိသည်ဟူ၍ နှစ်ပါး။ ထိုနှစ်ပါး

တွင် အတီတာနာဂတမှလီရှိသည်ကို ရှေးဦးစွာ ဟောတော်မူ၏။
(သိကောင်းပြီ။ ။ပရဝါဒီပက္ခကိုလည်း သိကောင်းပြီ)။
အတီတာနာဂတာရမ္မဏကထာ နိဋ္ဌိတာ။

---

## ၇-ဝိတက္ကာနုပတိတကထာ

၅၆၂။ သမ္မာ၊ခပ်သိမ်းသော။ စိတ္တံ၊စိတ်သည်။ ဝိတက္ကာနုပတိတံ၊ ဝိတက်အားဖြင့်သာလျှင် ပြန့်ခြင်းရှိသည်ချည်းလော။ ဝိတက်ကြောင့် ဖြစ်သလော။အာမန္တာ။ပ။ ဝိစာရာနုပတိတံ၊ ဝိစာရသာလျှင် ပြန့်ခြင်းရှိသည်ချည်းလော။ ဝိစာရကြောင့် ဖြစ်သလော။ ပီတာ နုပတိတံ၊ ပီတိ သာလျှင် ပြန့်ခြင်းရှိသလော။ ပီတိကြောင့် ဖြစ်သလော။ (အတူချည်းပေးလေ)။ အဝိတက္ကော၊ ဝိတက်ကား မရှိ။ ဝိစာရမတ္တော၊ ဝိစာရမျှသာရှိသော။ သမာဓိ၊ သမာဓိသည်။ အတ္ထိ နနု၊ ရှိသည် မဟုတ်လော။ အာမန္တာ၊ ပြော်ရှိ၏။ပ။ သဝိတက္ကော၊ ဝိတက်နှင့်တကွဖြစ်သော။ သဝိစာရော၊ ဝိစာရနှင့်တကွ ဖြစ်သော။ သမာဓိ၊ လည်းကောင်း။ အဝိတက္ကော၊ ဝိတက်ကား မရှိ။ ဝိစာရမတ္တော၊ ဝိစာရမျှသာရှိသော။ သမာဓိ၊ လည်းကောင်း။အဝိတက္ကော၊ဝိတက်လည်း မရှိသော။အဝိစာရော၊ဝိစာရလည်းမရှိသော။ သမာဓိ၊လည်းကောင်း။ ဣတိ၊ ဤသို့။ တယော၊ သုံးပါးကုန်သော။သမာဓိ၊သမာဓိတို့ကို။ ဘဂဝတာ၊ သခင်ဘုရားသည်။ ဝုတ္တာနနု၊ဟောတော်မူအပ်ကုန်သည် မဟုတ်လော။ အာမန္တာ၊ ပြော် ဟောတော်မူသည် ဟုတ်၏။

**အဋ္ဌကထာ**။ အာရုံမျှကိုကား နှလုံးမသွင်း အလုံးစုံသော စိတ်သည် ဝိတက်ကြောင့် ဖြစ်သည်ချည်းဟူ၍ နှလုံးသွင်း၍ အာမန္တာဟူ၍ ပရဝါဒီ ခံသတည်း။ ယင်းသို့တည်း စိတ်အလုံးစုံသည် ဝိတက်ကြောင့်ဖြစ်သော်ကား ဝိစာရ ပီတိသုခ ဒုက္ခ အစရှိသည် တို့သည် မဖြစ်သလောဟု မေးသည်ရှိသော် မဖြစ်ခဲ့ရကား နဟေဝံ ဝတ္တဗ္ဗေဟူ၍ ပယ်သတည်း။ အတီတာ နာဂတာ ရမ္မဏကထာ

နောင်ကား ဝိတက္ကာနုပတိတကထာကို ဟောတော်မူ၏။ ထိုသည်ကား သကဝါဒီပက္ခ ပရဝါဒီပက္ခနှစ်ပါးတွင် ပရဝါဒီပက္ခကိုကား မဟောတော်မမူ။ သကဝါဒီပက္ခကိုသာ ဟောတော်မူ၏။ ထိုသည်ကား ဝိစာရာ နုပတိတာ နုယောဂ သမာဓိအနုယောဂ ဟူ၍ နှစ်ပါး အပြားရှိ၏။ သမာဓိမှာကား အဝိတက္ကဝိစာရမတ္တ အဝိတက္ကဝိစာရာ နုယောဂ သဝိတက္က သဝိစာရာဒိအနုယောဂ ဟူ၍ သုံးပါးအပြားရှိ၏။

ဝိတက္ကာနုပတိတကထာ နိဋ္ဌိတာ။

## ၈-ဝိတက္ကဝိပ္ဖါရသဒ္ဒကထာ

**အမှာ** ထိုနောင်ကား ဝိတက္ကဝိပ္ဖါရကထာကို ဟောတော်မူ၏။ ထိုဝိတက္က ဝိပ္ဖါရကထာသည်ကား သကဝါဒီပက္ခသာ ရှိသောကြောင့် ဟောတော်မူ၏။ ပရဝါဒီပက္ခ ကိုကား မရှိဖြစ်သောကြောင့် ဟောတော်မမူ။ ထိုသည်ကား ဖဿာဒိ အနုယောဂ သောတဝိညေယျာနုယောဂ ဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတွင် ဖဿာဒိအနုယောဂသည်ကား ဖဿာနုယောဂ ဝေဒနာ သညာ စေတနာ စိတ္တံ သတိ ပညာ ဟူ၍ ခုနစ်ပါးအပြား ရှိ၏။ ထိုတွင် သောတဝိညေယျာ နုယောဂသည်ကား အနုလောမ ပဋိလောမ ဟူ၍ နှစ်ပါးအပြားရှိ၏။

ဝိတက္ကဝိပ္ဖါရသဒ္ဒကထာ နိဋ္ဌိတာ။

## ၉-နယထာစိတ္တဿဝါစာတိ ကထာ

၁၆၄။ နယထာစိတ္တဿ၊ အကြင် စိတ်မရှိသော ပုဂ္ဂိုလ်အား။ ဝါစာ၊ စကားသည်။ အတ္ထိ၊ ရှိသလော။ အာမန္တာ။ ပ။ နဘဏိတုကာမော၊ မဆိုလိုသောပုဂ္ဂိုလ်သည်။ ဘဏတိ၊ သလော။ နကထေတုကာမော၊ ဆိုခြင်းကို အလိုမရှိသော ပုဂ္ဂိုလ်သည်။ ကထေတိ၊ ဆိုသလော။ နအာလပိတုကာမော၊ ပြောဟောခြင်းငှါ အလိုမရှိ

သောပုဂ္ဂိုလ်သည်။ အာလပတိ၊ပြောဟောသလော။ပ။ အညံ၊ ကို။ ဘဏိဿာမီတိ၊ ဆိုအံ့ဟူ၍ကြံသော ပုဂ္ဂိုလ်သည်။ အညံ၊တပါးကို။ ဘဏတိ၊ ဆိုသလော။ (သိကောင်းပြီ)။

**အမှာ** ဝိတက္က ဝိပ္ဖါရ သဒ္ဒ ကထာ နောင်ကား နယထာ စိတ္တဿ ဝါစာတိ ကထာကို ဟောတော်မူ၏။ ထိုသည်ကား သကဝါဒိပက္ခ ပရဝါဒိပက္ခနှစ်ပါးတွင်သော် သက ဝါဒိပက္ခကို ရှေးဦးစွာ ဟောတော်မူ၏။ ထိုသည်ကား အဖဿ ကဿာဒိအနုယောဂ အနာဝဇ္ဇန္တဿာဒိအနုယောဂ စိတ္တဿမုဋ္ဌာ နာဒိ အနုယောဂ နဘဏိတုကာမာဒိအနုယောဂ ဟူ၍ လေးပါး အပြားရှိ၏။ ထိုတွင် စိတ္တဿမုဋ္ဌာနသည်ကား တချက်သာ။သုံးပါး သည်ကား အနုလုံ ပဋိလုံ နှစ်ပါးစီချည်း ဟောတော်မူသော ကြောင့် ခြောက်ပါးဖြစ်၏။ (ပရဝါဒိပက္ခကိုကား သိကောင်းပြီ)

နယထာစိတ္တဿဝါစာတိ ကထာ။

---

## ၁၀-နယထာစိတ္တဿကာယကမ္မန္တိ ကထာ

**အမှာ** နယထာစိတ္တဿ ဝါစာတိ ကထာနောင် နယထာ စိတ္တဿ ကာယကမ္မကထာကို ဟောတော်မူ၏။ ထိုသည်ကား သကဝါဒိပက္ခ ပရဝါဒိပက္ခနှစ်ပါးတွင် သကဝါဒိ ပက္ခသည်ကား အဖဿကဿာဒိအနုယောဂ အနာဝဇ္ဇန္တဿာဒိ အနုယောဂ စိတ္တဿမုဋ္ဌာနာနုယောဂ အဘိက္ကမတျာဒိအနုယောဂ ဟူ၍ လေးပါးအပြားရှိ၏။ထိုတွင် သုံးပါးသည်ကား အနုလောမ ပဋိလောမဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုတွင် ပရဝါဒိပက္ခကိုကား သိကောင်းပြီ။

နယထာစိတ္တဿ ကာယကမ္မကထာ နိဋ္ဌိတာ။

---

## ၁၁-အတီတာနာဂတသမန္နာဂတကထာ

၅၆၈။ ။ပ။ အနာဂတံ၊ မရောက်သေးသလော။ အဇာတံ၊ မဥပါဒ်သေးသလော။ အဘူတံ၊ မဖြစ်သေးသလော။ အသဉ္ဇာတံ၊ ပြင်းစွာ မဖြစ်သေးသလော။ အနိဗ္ဗတ္တံ၊ မဖြစ်သေးသလော။ အနဘိနိဗ္ဗတ္တံ၊ အသစ်မဖြစ်သေးသလော။ အပါတုဘူတံ၊ ထင်ရှား မဖြစ်သေးသလော။ အာမန္တာ၊ ပြော်မဖြစ်သေး။ပ။ အဋ္ဌဝိမောက္ခဈာယီ၊ ရှစ်ပါးသော ဝိမောက္ခဈာန်ကို ရသော ပုဂ္ဂိုလ်သည်။ အတ္ထိနနု၊ လော။ စတုန္နံ၊ လေးပါးကုန်သော။ ဈာနာနံ၊ ဈာန်တို့ကို။ နိကာမလာဘီ၊ လျော်စွာရခြင်းသည်။ အတ္ထိနနု၊ လော။ နဝန္နံ၊ ကိုးပါးကုန်သော။ အနုပုဗ္ဗဝိဟာရသမာပတ္တီနံ၊ ရှေး၌အစဉ်နေရာဖြစ်သော သမာပတ်တို့ကို။ လာဘီ၊ ရသည်။ အတ္ထိနနု၊ လော။ အာမန္တာ။ပ။

**အမှာ** ထိုနောင်ကား အတီတာနာဂတ ပစ္စုပ္ပန္နကထာကို ဟောတော်မူ၏။ ထိုသည်ကား သကဝါဒီပက္ခ ပရဝါဒီပက္ခနှစ်ပါးအပြားရှိ၏။ ထိုတွင် သကဝါဒီပက္ခ သည်ကား သာမည ဝိသေသ နှစ်ပါးတည်း။ သာမညသည်ကား အတီတ သာမည အနာဂတ သာမညဟူ၍ နှစ်ပါးအပြားရှိ၏။ ဝိသေသ သည်ကား ခန္ဓဝိသေသ ဓာတုဝိသေသ အာယတန ဝိသေသ ဣန္ဒြိယဝိသေသဟူ၍ လေးပါးတွင်သော် ခန္ဓဝိသေသကို ရှေးဦးစွာ ဟောတော်မူ၏။ ထိုသည်ကား ဘေဒဖြစ်သော ခန္ဓဝိသေသ အဘေဒဖြစ်သောခန္ဓဝိသေသဟူ၍ နှစ်ပါးတွင် ဘေဒကိုရှေးဦးစွာ ဟောတော်မူ၏။ ထိုသည်ကား ရူပက္ခန္ဓာ ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာဟူ၍ ငါးပါး အပြားရှိ၏။ အဘေဒခန္ဓာဝိသေသကား တချက်သာ။ သုံးပါးမှာလည်း ဘေဒ အဘေဒဟူ၍ နှစ်ပါးနှစ်ပါးစီချည်းပင်။ (ပရဝါဒီပက္ခကိုကား သိကောင်းပြီ)။

အတီတာနာဂတပစ္စုပ္ပန္နကထာ နိဋ္ဌိတာ။

နဝမော ဝဂ္ဂေါ။

---

အာနိသံသဒဿာဝီသု သညာဇနနံပဟာနံ၊ အာနိသံသ ဒဿာဝီကထာရင်း။ အမတာရမ္မဏံသညာဇနနံ၊ အမတာရမ္မဏကထာရင်း။ ရူပံသာရမ္မဏံ၊ ရူပံသာရမ္မဏကထာရင်း။ အနုသယာအနာရမ္မဏာ၊ အနုသယ အနာရမ္မဏ ကထာရင်း။ ဧဝမေဝံဉာဏံ၊ ဉာဏအနာရမ္မဏ ကထာရင်း။ အတီတာနာဂတာရမ္မဏံစိတ္တံ၊ အတီတာနာဂတာရမ္မဏ ကထာရင်း။ သဗ္ဗံစိတ္တံ ဝိတက္ကာနုပတိတံ၊ ဝိတက္ကာနုပတိတကထာရင်း။သဗ္ဗသော ဝိတက္ကယတော ဝိစာရယတော ဝိတက္ကဝိပ္ဖာရောသဒ္ဒေါ၊ ဝိတက္ကံဝိပ္ဖာရသဒ္ဒ ကထာရင်း။ နယထာစိတ္တဿဝါစာ၊ နယထာစိတ္တဿ ဝါစာတိ ကထာရင်း။ တထေဝကာယကမ္မံ၊ နယထာစိတ္တဿကာယကမ္မ ကထာရင်း။ အတီတာနာဂတေတိ သမန္နာဂတော၊ အတီတာနာဂတပစ္စုပ္ပန္န ကထာရင်းတည်း။

---

# ဒသမဝဂ္ဂ

## ၁-နိရောဓကထာ

၅၇၁။ ဥပပတ္တေသိယေ။ ပဋိသန္ဓေကိုရှာကြောင်းဖြစ်သော။ ပဉ္စက္ခန္ဓေ၊ သည်။ အနိရုဒ္ဓေ၊ မချုပ်မီလျှင်။ ကိရိယာ၊ ကုသိုလ် အကုသိုလ်ကိရိယာစိတ္တဇရုပ်ဖြစ်ကုန်သော။ ပဉ္စက္ခန္ဓာ၊ တို့သည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်သလော။ အာမန္တာ။

**အမှာ** ဘင်ခဏ၌လည်း ခန္ဓာငါးပါး။ ဥပါဒ်၌လည်းခန္ဓာငါးပါးပေါင်းသော် ခန္ဓာဆယ်ပါး။ နဝအရမှာကား ရုပ်ကိုရှာလေ။ ဆမှာကားခန္ဓာငါးပါးလည်း အခြားမဂ္ဂင်၌ဖြစ်သောဉာဏ်ကို သင်္ခါရက္ခန္ဓာဟူ၍ဆယူ။ နဝမဝဂ်နောင် ဒသမဝဂ်ကိုဟောတော်မူ၏။ ထိုသည်ကား သကဝါဒီပက္ခ ပရဝါဒီပက္ခ နှစ်ပါးတွင်သော် သကဝါဒီပက္ခကို ရှေးဦးစွာ ဟောတော်မူ၏။ ထိုသည်ကား ဒသက္ခန္ဓာနုယောဂ နဝက္ခန္ဓာနုယောဂ ဆက္ခန္ဓာနုယောဂ ဟူ၍သုံးပါး။ တပါးပါး၌ သမင်္ဂီဘာဝါနုယောဂ ဒွိန္နံ

ဖဿာဒိအနုယောဂဟူ၍ နှစ်ပါးစီပြားရကား ခြောက်ပါးဖြစ်၏။ သကဝါဒီ ပက္ခနောင်ကား ပရဝါဒီပက္ခကို ဟောတော်တော်မူ၏။ ဟောဟန်ကား ဥပပတ္တေသိယေပဉ္စက္ခန္ဓေ နိရုဒ္ဓေမဂ္ဂေါဥပ္ပဇ္ဇတီတိ။ အာမန္တာ။ မဟောမဂ္ဂံ ဘာဝေတိ။ ကာလင်္ကတော မဂ္ဂံ ဘာဝေတီတိ။ နှဟေဝံဝတ္တဗ္ဗေတည်း။

နိရောဓကထာ နိဋ္ဌိတာ။

---

## ၂-ရူပံမဂ္ဂေါတိကထာ

အမှာ

နိရောဓကထာနောင်ကား ရူပံမဂ္ဂေါတိ ကထာကို ဟောတော်မူ၏။ ထိုသည်ကား သကဝါဒီပက္ခ ပရဝါဒီပက္ခနှစ်ပါးတွင်သော် သကဝါဒီပက္ခကို ရှေးဦးစွာဟောတော်မူ၏။ ထိုသည်ကား သုဒ္ဓ သံသန္ဒနာဟူ၍ နှစ်ပါးတွင်သော် သုဒ္ဓကို ရှေးဦးစွာ ဟောတော်မူ၏။ ထိုသည်ကား သာမည ဝိသေသဟူ၍နှစ်ပါးတွင်သော် သာမညသည်ကား အနုလုံတချက်။ ပဋိလုံလည်းတချက်သာ။ ဝိသေသသည်ကား သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝဟူ၍သုံးပါးအပြားရှိ၏။ထိုသုံးပါးတွင်တပါးပါး၌အနုလုံ ပဋိလုံဟူ၍ နှစ်ပါးစီချည်းဟောတော်မူသောကြောင့် ခြောက်ပါး။ ဤကားသုဒ္ဓတည်း။ သံသန္ဒနာသည်ကား သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ သမ္မာဝါယာမ သမ္မာသတိ သမ္မာသမာဓိဟူ၍ ငါးပါးမူလရှိသည် သမ္မာဒိဋ္ဌိအစရှိသော ငါးပါးသောမူလရှိသည်ဟူ၍နှစ်ပါးရှိ၏။ ထိုနှစ်ပါးတွင်သော် သမ္မာဒိဋ္ဌိမူလအစရှိသော ငါးပါးကို ရှေးဦးစွာဟောတော်မူ၏။ ထိုငါးပါးတွင် တပါးပါး၌ သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝဟူ၍ သုံးပါးစီချည်း ဟောတော်မူ၏။ ဟောတော်မူသောကြောင့် ဆယ်ပါးအပြားရှိ၏။၀။ အနုလောမနောင်ကား ပဋိလောမကို ဟောတော်မူ၏။ ပဋိလောမသည်ကား သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝဟူ၍ သုံးပါးသောမူလ၌ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ သမ္မာဝါယာမ သမ္မာ

သတိ သမ္ဗောဓိဟူ၍ မူလငါးပါးစီချည်း ဟောတော်မူသော ကြောင့်တဆဲ့ငါးပါးအပြားရှိ၏။ (ပရဝါဒီပက္ခကိုကားသိကောင်း ပြီ)။

ရူပံမဂ္ဂေါတိကထာ နိဋ္ဌိတာ။

---

## ၃-ပဉ္စဝိညာဏသမင်္ဂီသမင်္ဂကထာ

၇၀၃။ ရူပရာဂေါ၊ ရူပရာဂသည်။ ရူပဓာတုံ၊ ရူပဓာတ်၌။ အနုသေတိ၊ လျောက်ပတ်သောအကြောင်းကို ရသည်ရှိသော် ဖြစ် ၏။ ရူပ ဓာတုပရိယာပန္နော၊ ရူပဓာတ်၌ အကျုံးဝင်သလော။ အာမန္တာ၊ ဩြော်ဝင်၏။ ရူပရာဂေါ၊ ရူပရာဂသည်။ သမာပတ္တေ သိယော၊သမာပတ်ကိုရှာကြောင်းဖြစ်သလော။ ဥပပတ္တေသိယော၊ ပဋိသန္ဓေကို ရှာကြောင်းဖြစ်သလော။ ဒိဋ္ဌဓမ္မသုခဝိဟာရော၊ မျက် မှောက်သော ကိုယ်၏အဖြစ် ချမ်းသာစွာနေကြောင်းဖြစ်သလော။ သမာပတ္တေသိယေန၊ သမာပတ်ကို ရှာကြောင်းဖြစ်သော။စိတ္တေန၊ စိတ်နှင့်လည်း။ (သိကောင်းပြီ)။

**အဓိပ္ပါယ်ကား။** လောကဉ္စဖြစ်သော လောဘသည် ကာမ ဓာတ်၌ အကျုံးဝင်ပြီး ဖြစ်သောကြောင့် ထိုလောဘသည် ရူပ ဓာတ်၌ အကျုံးဝင်၏ ဟူ၍ ပရဝါဒီ မှတ်ရကား အာမန္တာဟု ခံသတည်း။ ထိုသို့မူကား လောဘသည်ကာမဉ္စသော်ကား သဟ ဇာတဖြစ်သောကြောင့် အကျုံးဝင်၏။ရူပ အရူပ၌ လောဘသည် သဟဇာတ တရား မဟုတ်ရကား ရူပ အရူပ၌ အကျုံးမဝင် သတည်း။သမာပတ္တေသိယေဟူသော်ကား ရူပကုသိုလ်ပါးခုကိုယူ။

ဥပပတ္တေသိယေ ဟူသော်ကား ရူပဝိပါက် ငါးခုကိုယူ။ ဒိဋ္ဌဓမ္မသုခဝိဟာရဟူသော်ကား ရူပကိရိယာငါးခုကိုယူ။ ။ပရိယုဋ္ဌာနစိတ္တဝိပ္ပယုတ္တကထာနှောင်ကား ပရိယာပန္နကထာကို ဟောတော်မူ၏။ ထိုသည်ကား သကဝါဒီပက္ခ ပရဝါဒီပက္ခဟူ၍ နှစ်ပါးတွင်သော် သကဝါဒီပက္ခကို ရှေးဦးစွာဟောတော်မူ၏။ ထိုသည်ကား ရူပါနုယောဂ အရူပါနုယောဂဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတွင် ရူပါနုယောဂသည်ကား သုဒ္ဓ သံသန္ဒနာဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတွင် သုဒ္ဓသည်ကား အနုလောမ ပဋိလောမ ဟူ၍ နှစ်ပါးအပြားရှိ၏။ သံသန္ဒနာသည်ကား အနုလောမ ပဋိလောမ ဟူ၍ နှစ်ပါးအပြားရှိ၏။ ရူပါနုယောဂ သည်ကား သုဒ္ဓသံသန္ဒနာ ဟူ၍ နှစ်ပါး။ ရူပနှင့် အတူပင်။ ပရဝါဒီပက္ခကိုကားသိကောင်းပြီ။

ပရိယာပန္နကထာ နိဋ္ဌိတာ။

---

## ၈-အဗျာကတ ကထာ

၇၀၆။ ဒိဋ္ဌိဂတံ၊ ဒိဋ္ဌိသည်။ အဗျာကတံ၊ အဗျာကတလော။ အာမန္တာ။ပ။ ဒိဋ္ဌိဂတသမ္ပယုတ္တော၊ ဒိဋ္ဌိနှင့် ယှဉ်သော။ ဖဿော၊ ဖဿသည်။ အဗျာကတော၊ အဗျာကတလော။ပ။

၇၀၇။ အဖလံ၊ အာနိသင် အကျိုးမရှိသလော။ အဝိပါကံ၊ ဝိပါကအကျိုးမရှိသလော။ပ။ ဘဂဝတာ၊သခင်ဘုရားသည်။ မိစ္ဆာဒိဋ္ဌိပရမာနိ၊ မိစ္ဆာဒိဋ္ဌိလျှင် အပိုင်းအခြား ရှိကုန်သော။ ဝဇ္ဇာနိ၊ အပြစ်တို့ကို။ ဝုတ္တာနိ၊ ဟောတော်မူအပ်ကုန်သည် မဟုတ်လော။ အာမန္တာ။ပ။

ဝဇ္ဇ၊ ဝဇ္ဇ။ မိစ္ဆာဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိသည်။ အကုသလာဓမ္မာ၊ အကုသိုလ်မည်သလော။ ဒိဋ္ဌိ၊ သည်။ အကုသလာ၊ အကုသိုလ်မည်၏။ပ။

ပုဏ္ဏ၊ ပုဏ္ဏ။ အဟံ၊ ငါသည်။ မိစ္ဆာဒိဋ္ဌိဿ၊ မှားသောအမြင်ရှိသောသူ၏။ ဒွိန္နံ၊ နှစ်ပါးကုန်သော။ ဂတီနံ၊ ဂတိတို့တွင်။ အညတရံ၊ အမှတ်မဲ့သော။ ဂတိံ၊ ဂတိကို။ ဝဒါမိ၊ ၏။ နိရယံဝါ၊ နိရ

ယဖြစ်သော။ ဂတိံ၊ ကိုလည်းကောင်း။ တိရစ္ဆာနယောနိံ ဝါ၊ တိရစ္ဆာန်ဖြစ်သော။ ဂတိံ၊ ဂတိကိုလည်း ကောင်း။ ဝဒါမိ၊ ၏။ပ။

၇၀၀။ ဝစ္ဆ၊ ဝစ္ဆ။လောကော၊ လောကသည်။ သဿတော၊ မြဲ၏။ ဣတိဧဝံ၊ ဤသို့သောစကားကို။ အဗျာကတံ၊ မသိအပ်။ပ။ တထာဂတော၊ သတ္တဝါသည်။ မရဏာ၊ စုတိကာလမှ။ ပရံ၊ ပဋိသန္ဓေကာလ၌။ ဟောတိ၊ ဖြစ်၏။ပ။

ဘိက္ခဝေ၊ ရဟန်းတို့။ မိစ္ဆာဒိဋ္ဌိကဿ၊ မိစ္ဆာဒိဋ္ဌိဖြစ်သော။ပုရိသပုဂ္ဂလဿ၊ ယောကျ်ားဖြစ်သောပုဂ္ဂိုလ်၏။ ယထာဒိဋ္ဌိ၊ အယူအားလျော်စွာ။ သမတ္တံ၊ ပြည့်စုံသော။ သမာဒိန္နံ၊ဆောက်တည်အပ်သော။ ယဉ္စေဝကာယကမ္မံ၊ အကြင်ကာယကံ သည်လည်းကောင်း။ ယဉ္စ ဝစီကမ္မံ၊ အကြင် ဝစီကံ သည်လည်းကောင်း။ (သိကောင်းပြီ)။သံဝတ္တန္တိ၊ ဖြစ်ကုန်၏။ပ။

**အဓိပ္ပါယ်ကား။** သဿတလောကဟူသည်ကို ယောင်၍ဒိဋ္ဌိကို အဗျာကတဟူ၍ ပရဝါဒီအမှတ်မှား၍ အာမန္တာခံသတည်း။ ထိုသို့တမူကား အဗျာကတမဟုတ် အကုသိုလ်တည်း။

**အမှာ** ပရိယာပန္နကထာနှောင်ကား အဗျာကတ ကထာကို ဟောတော်မူ၏။ ထိုသည်ကားပုစ္ဆာ ပဋိပုစ္ဆာဟူ၍နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတွင် ပုစ္ဆာကို ရှေးဦးစွာဟောတော်မူ၏။ ထိုသည်ကား သကဝါဒီပက္ခ ပရဝါဒီပက္ခဟူ၍နှစ်ပါးတွင်သော် သကဝါဒီပက္ခကို ရှေးဦးစွာဟောတော်မူ၏။ ထိုသည်ကား ဝိပါကာဗျာကတာနုယောဂ အဗျာကတာနုယောဂ အကုသလာနုယောဂ ဖလာနုယောဂ သုတ္တာဟရဏာနုယောဂဟူ၍ ငါးပါးအပြားရှိ၏။ ထိုတွင် သုတ္တာဟရဏာ နုယောဂသည်ကား ဝစ္ဆသုတ္တာဟရဏာ နုယောဂ ပုဏ္ဏသုတ္တာဟရဏာ နုယောဂဟူ၍ နှစ်ပါးအပြားရှိ၏။

အဗျာကတကထာ နိဋ္ဌိတာ။

## ၉-အပရိယာပန္နကထာ

၇၀၉။ (အပရိယာပန္နကထာကိုကား သိကောင်းပြီ)။ ဒိဋ္ဌိဂတ ပရိယာပန္နကထာ နိဋ္ဌိတာ။ ဝဂ္ဂေါ စုဒ္ဒသမော။ (ဥဒ္ဒါန်းကို လည်း သိကောင်းပြီ)။

---

# ပန္နရသမဝဂ္ဂ

## ၁-ပစ္စယတာကထာ

၇၁၁။ ပစ္စယတာ၊ ပစ္စယတာသည်။ ဝဝတ္ထိတာ၊ ပိုင်းခြား အပ်သလော။ ပ။ ဝိမံသာ၊ ဝိမံသာသည်။ ဟေတု၊ ဟိတ်မည်၏။ သော စ ဝိမံသာ ဟေတု၊ ထိုဝိမံသာဟေတုသည်။ အဓိပတိနနု၊ အဓိပတိ ပစ္စည်းမည်သည်မဟုတ်လော။ အာမန္တာ၊ ကြောင့်အဓိပတိပစ္စည်း တပ်၏။ ပ။ ဆန္ဒာဓိပတိ၊ ဆန္ဒတပ်သည်ဟူသော အစိုးရခြင်းသည်။ သဟဇာတာနံ၊ သဟဇာတ်ဖြစ်ကုန်သော။ ဓမ္မာနံ၊ ဓမ္မတို့အား။ အဓိပတိ၊ အဓိပတိပစ္စည်း တပ်သည်မဟုတ်လော။ အာမန္တာ။ ပ။ အဓိပတိပစ္စယေန၊ အဓိပတိအားဖြင့်။ ပစ္စယော၊ ကျေးဇူးပြု၏။ သဟဇာတပစ္စယေနပိ၊ သဟဇာတသတ္တိဖြင့်လည်း။ ပစ္စယော၊ ကျေးဇူးပြု၏။ ပ။ တဉ္စ၊ ထိုဝီရိယာဓိပတိသည်။ ဣန္ဒြိယံ၊ ဣန္ဒြိယပစ္စည်း တပ်သည်မဟုတ်လော။ ပ။ အာမန္တာ။ ပ။ တဉ္စ၊ ထိုဝီရိယာဓိပတိ သည်။ မဂ္ဂင်၊ မဂ်၏အင်္ဂါ ရှိသည်မဟုတ်လော။ အာမန္တာ၊ ကြောင့်ရှိ ၏။ ပ။

**အမှာ** စုဒ္ဒသမဝဂ်နှောင်ကား ပန္နရသမဝဂ်ကိုဟောတော် မူ၏။ ထိုသည်ကား သကဝါဒီပက္ခ ပရဝါဒီပက္ခ ဟူ၍နှစ်ပါးအပြားရှိ၏။ ထိုတွင် သကဝါဒီပက္ခကို ရှေးဦးစွာ ဟောတော်မူ၏။ ထိုသည်ကား ဟေတုပစ္စယသဘာဂါနုယောဂ အဓိပတိပစ္စယာ နုယောဂ အနန္တရပစ္စယာ နုယောဂဟူ၍ သုံးပါး အပြားရှိ၏။ အဓိပတိ သည်ကား ဆန္ဒာဓိပတိ ဝီရိယာဓိပတိ

စိတ္တာဓိပတိ ဝိမံသာဓိပတိဟူ၍ လေးပါးအပြားရှိ၏။ ဝီရိယာဓိပတိသည်ကား သဟဇာတပစ္စယသဘာဝါ နုယောဂ ဈာနိန္ဒြိယသဘာဝါနုယောဂ မဂ္ဂင်ပစ္စယသဘာဝါနုယောဂ ဟူ၍ သုံးပါးအပြားရှိ၏။ စိတ္တာဓိပတိသည်ကား သဟဇာတ ဈာနိန္ဒြိယ အာဟာရဟူ၍ သုံးပါး။ ဝိမံသပစ္စယသဘာဝသည်ကား သဟဇာတ ဈာနိန္ဒြိယ မဂ္ဂင် အာရမ္မဏဟူ၍ လေးပါးအပြားရှိ၏။ အနန္တရပစ္စယသဘာဝသည်ကား ကုသလာကုသလအဗျာကတဟူ၍ သုံးပါး အပြားရှိ၏။ (ပရဝါဒီပက္ခသည်ကား သိကောင်းပြီ)။

ပစ္စယတာကထာ နိဋ္ဌိတာ။

---

## ၂-အညမညပစ္စယကထာ

၇၁၀။ အဝိဇ္ဇာပစ္စယာစ၊ အဝိဇ္ဇာဟူသောအကြောင်းကြောင့်။ သင်္ခါရာ၊သင်္ခါရတို့သည်။ သမ္ဘဝန္တိ၊ ဖြစ်ကုန်၏။ သင်္ခါရပစ္စယာပိ၊ သင်္ခါရဟူသောအကြောင်းကြောင့်လည်း။ အဝိဇ္ဇာ၊ အဝိဇ္ဇာသည်။ သမ္ဘဝတိ၊ ဖြစ်၏။ပ။ အဝိဇ္ဇာ၊သည်။ သင်္ခါရေန၊နှင့်။သဟဇာတာ နနု၊ တကွဖြစ်သည်မဟုတ်လော။ အာမန္တာ၊ ပြော်ဖြစ်၏။ပ။

**အမှာ** ပစ္စယတာ ကထာနောင်ကား အညမညာ ပစ္စယကထာကို ဟောတော်မူ၏။ ထိုသည်ကား ပုစ္ဆာပဋိပုစ္ဆာဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုတွင်ပုစ္ဆာသည်ကား သကဝါဒီပက္ခ ပရဝါဒီပက္ခဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုတွင်သကဝါဒီပက္ခသည်ကား အဝိဇ္ဇာပစ္စယာသင်္ခါရေန သဟဇာတာ နုယောဂ တဏှာပစ္စယာ ဥပါဒါနေန သဟဇာတာ နုယောဂဟူ၍ နှစ်ပါး အပြားရှိ၏။ ပရဝါဒီပက္ခသော်ကား ဇရာမရဏပစ္စယာဘိက္ခဝေ ကသည်။ပ။ တဏှာတိတိုင်အောင်တည်း။ (ပဋိပုစ္ဆာ ကိုကား သိကောင်းပြီ)။

အညမညပစ္စယကထာ နိဋ္ဌိတာ။

---

## ၃-အဒ္ဓါကထာ

၇၂၀။ အဒ္ဓါ၊ ကာလသည်။ ပရိနိပ္ဖန္နော၊ ကံ စိတ် ဥတု အာဟာရကြောင့် ဖြစ်ပြီးသလော။အာမန္တာ၊ ဩဒါန်ပြုံး၏။ ပ။ အတီ တောအဒ္ဓါ၊ အတိတ်ကာလသည်။ ပရိနိပ္ဖန္နော၊ ကံ စိတ် ဥတု အာဟာရကြောင့်ဖြစ်ပြီးသလော။ပ။ အတီတာ၊ ပစ္စုပ္ပန်ကို လွန်ပြီး သော။ရူပါ၊ရုပ်သည်။ အတီတောအဒ္ဓါ၊ အတိတ်ကာလလော။ပ။ အနာဂတာ၊ ပစ္စုပ္ပန်သို့မရောက်သေးသော။ရူပါ၊ ရုပ်သည်။အနာ ဂတောအဒ္ဓါ၊အနာဂတ်ကာလလော။ပ။အတီတာ၊အတိတ်သည်။ ပဋ္ဌကန္ဓာ၊လော။ ပ။ အနာဂတောအဒ္ဓါ၊အနာဂတ်ကာလသည်။ ပဋ္ဌကန္ဓာ၊ လော။ပ။ အတီတာနိ၊ အတိတ်ဖြစ်ကုန်သော၊ဒွါဒသာ ယတနာနိ၊ တဆဲ့နှစ်ပါးသော အာယတနတို့သည်။ အတီတော အဒ္ဓါ၊ လော။ ဘိက္ခဝေ၊ ရဟန်းတို့။ တီဏိ၊ သုံးပါးကုန်သော။ ဣမာနိကထာဝတ္ထူနိ၊ ဤကထာဝတ္ထုတို့သည်။ သန္တိ၊ ရှိကုန်၏။ တီဏိ၊ ကုန်သော။ ကထာဝတ္ထူနိ၊ တို့သည်။ကတမာနိ၊အဘယ် သည်တို့နည်း။ ဇာတိပုစ္ဆာယံ၊ ဤသို့သောအမေးသည်။ သတိ၊ ရှိသော်။ ဘိက္ခဝေ၊ တို့။ အတီတံဝါ၊ အတိတ်၌ဖြစ်သော။ အဒ္ဓါနံ၊ ကာလကို။ အာရဗ္ဘ၊ အကြောင်းပြု၍၊ ကင်္ ၊ကားကို။ ကထေ ယျ၊ ဆိုရာ၏။ ဧဝံ၊ ဤသို့။ အတီတံ၊ သော။ အဒ္ဓါနံ၊ သည်။ အဟောသိ၊ ၏။ (အနာဂတမှာကား ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဟူ၍ ပေးလေ။သိကောင်းပြီ)။

**အမှာ** အညမညပစ္စယ ကထာနောင်ကား အဒ္ဓါနပရိနိပ္ဖန္န ကထာကို ဟောတော်မူ၏။ ထိုသည်ကား သက ဝါဒီပက္ခ ပရဝါဒီပက္ခဟူ၍ နှစ်ပါးတွင်သော် သကဝါဒီပက္ခကို ရှေးဦးစွာ ဟောတော်မူ၏။ ယိုသည်ကား သာမည ဝိသေသ ဟူ၍ နှစ်ပါးအပြားရှိ၏။ သာမညသည်ကား ရူပ ဝေဒနာ သညာ သင်္ခါရ ဝိညာဏဟူ၍ ငါးပါးအပြားရှိ၏။ ဝိသေသသည်ကား အဘေဒါနုယောဂ ဘေဒါနုယောဂဟူ၍ နှစ်ပါးအပြားရှိ၏

ထိုတွင် အဘေဒသည်ကား အတိတ်အနာဂတ် ပစ္စုပ္ပန်ဟူ၍သုံးပါး အပြားရှိ၏။ ဘေဒါနုယောဂ သည်ကား မိဿကာ နုယောဂ အမိဿကာ နုယောဂဟူ၍နှစ်ပါးအပြားရှိ၏။ ထိုတွင် မိဿက သည်ကား အတီတမိဿက အနာဂတမိဿက ပစ္စုပ္ပန္နမိဿက ဟူ၍ သုံးပါးအပြားရှိ၏။ အမိဿကသည်ကား ခန္ဓာနုယောဂ အာယတနာနုယောဂ ဓာတုအနုယောဂ ဣန္ဒြိယအနုယောဂဟူ၍ လေးပါးအပြားရှိ၏။ (ပရဝါဒီကိုကားသိကောင်းပြီ)။

အဒ္ဓါနုကထာ နိဋ္ဌိတာ။

---

## ၄-ခဏလယမုဟုတ္တကထာ

၇၂၂။ ခဏော၊ ခဏသည်။ ပရိနိပ္ဖန္နော၊ ကံ စိတ် ဥတု အာဟာရကြောင့်ပြီးသလော။ အာမန္တာ၊၏။ပ။ (ဆယ်လက်ဖြစ် သည်ကား ခဏ၊ ဆယ်ခဏသည်ကား လယ။ ဆယ်လယသည် ကားမုဟုတ္တမည်၏။ အဒ္ဓါနုကထာနောင် ခဏလယမုဟုတ္တကထာ ကိုဟောတော်မူ၏။ ထိုသည် သကဝါဒီပက္ခ ပရဝါဒီပက္ခ ဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုတွင် သကဝါဒီပက္ခသည်ကား ခဏအနု ယောဂ လယအနုယောဂ မုဟုတ္တအနုယောဂဟူ၍ သုံးပါးအပြား ရှိ၏။ ထိုတွင် တပါးတပါး၌ ရူပ ဝေဒနာ သညာ သင်္ခါရ ဝိညာဏ ဟူ၍ ငါးပါးစီပြားရကား ပေါင်းသော် တဆဲ့ငါးပါးဖြစ်၏။ (ပရ ဝါဒီကိုကား သိကောင်းပြီ)။

ခဏလယ မုဟုတ္တကထာ နိဋ္ဌိတာ။

---

## ၅-အာသဝကထာ

၇၂၄။ (အာသဝကထာမှာလည်း သကဝါဒီပက္ခ ပရဝါဒီ ဟူ၍ သော်သိကောင်းပြီ)။

အာသဝကထာ နိဋ္ဌိတာ။

---

## ၆-ဇရာမရဏ ကထာ

၇၂၆။ လောကုတ္တရာနံ၊ ကုန်သော။ ဓမ္မာနံ၊ဓမ္မတို့၏။ ဇရာမရဏံ၊ဇရာမရဏသည်။လောကုတ္တရံ၊လောကုတ္တရာမည်သလော။ အာမန္တာ။ပ။

အာသဝကထာ နောင်ကား ဇရာမရဏကထာကိုဟောတော်မူ၏။ ထိုသည်ကား သကဝါဒီပက္ခ ပရဝါဒီပက္ခဟူ၍နှစ်ပါးအပြား ရှိ၏။ ထိုသည်ကား သာမည ဝိသေသဟူ၍ နှစ်ပါးအပြားရှိ၏။ (သိကောင်းပြီ)။

ဇရာမရဏကထာ နိဋ္ဌိတာ။

---

## ၇-သညာဝေဒယိတ ကထာ

၇၂၀။ သညာဝေဒယိတ နိရောဓ သမာပတ္တိ၊သညာဝေဒနာ၏ ချုပ်ရာဖြစ်သော သမာပတ်သည်။လောကုတ္တရာ၊လောကုတ္တရာမည်သလော။ အာမန္တာ၊ ပြော်မည်သည် ဟုတ်၏။ (သိကောင်းပြီ)။

**အဓိပ္ပါယ်ကား။** သညာ ဝေဒနာ ချုပ်ရာကို လောကုတ္တရာဟူ၍ မှတ်ရကား အာမန္တာဟူ၍ ပရဝါဒီ ခံသတည်း။ ထိုသို့တမူကား လောကုတ္တရာမဟုတ် ထိုချုပ်ရာသည်ကား ပညတ်သာဖြစ်ခဲ့၏။ လောကသည်မဟုတ်၊ ဇရာမရဏ ကထာနောင်ကား သညာဝေဒနာကထာကို ဟောတော်မူ၏။ ထိုသည်ကား သကဝါဒီပက္ခ။ပရဝါဒီပက္ခဟူ၍ နှစ်ပါးအပြားရှိ၏။

သညာဝေဒယိတကထာ နိဋ္ဌိတာ။

---

## ဂ-ဒုတိယသညာဝေဒယိတ ကထာ

၇၃၀။ ဒုတိယသညာဝေဒယိတ ကထာကိုလည်း သည်နည်းအတူပင် ဆိုလေ။

ဒုတိယသညာဝေဒယိတကထာ နိဋ္ဌိတာ။

---

## ၉-တတိယသညာဝေဒယိတ ကထာ

၇၃၂။ ။ပ။ သညာဝေဒယိတ နိရောဓံ၊ သညာ ဝေဒနာ၏ ချုပ်ခြင်းသို့။ သမာပန္နဿ၊ ဝင်စားသောပုဂ္ဂိုလ်၏။ မရဏံ၊ သေခြင်းသည်။ အတ္ထိ၊ ရှိသလော။ ယောဖဿော၊ ၏။ မရဏံ၊ သေခြင်းသည်။ အတ္ထိ၊ ရှိသလော။ သဖဿကဿ၊ ဖဿရှိသော ပုဂ္ဂိုလ်၏။ ကာလံကိရိယာ၊ စုတိကာလကို ပြုခြင်းသည်။ အတ္ထိနနု၊ သလော။ ။ပ။ ကာယော၊ ကာယ၌။ ဝိသံ၊ အဆိပ်သည်။ ကမေယျ၊ သွင်းရာသလော။ သတ္ထံ၊ ကို။ ကမေယျ၊ သွင်းရာသလော။ အဂ္ဂိ၊ မီးကို။ ကမေယျ၊ သွင်းရာသလော။ ပ။ ယေနနိယာမေန၊ အကြင်နိယာမဖြင့်။ နိယတော၊ မြဲသလော။ သောနိယာမော၊ ထိုနိယာမသည်။ အတ္ထိ၊ ရှိသလော။ ပ။ နတ္ထိ၊ မရှိ။ (အနက်လွယ်၏)။

**အမှာ** တတိယ သညာ ဝေဒယိတကထာသည်ကား ပုစ္ဆာ ပဋိပုစ္ဆာဟူ၍ နှစ်ပါး အပြားရှိ၏။ ပုစ္ဆာသည်ကား သကဝါဒီပက္ခ ပရဝါဒီပက္ခဟူ၍ နှစ်ပါးအပြားရှိ၏။ သကဝါဒီ ပက္ခသည်ကား မရဏာနုယောဂ ဖဿာဒိအနုယောဂ အဖဿာဒိ အနုယောဂ သဖဿကဿာဒိ အနုယောဂ ဝိသံကမေယျ အနုယောဂ နိရောဓာနုယောဂဟူ၍ခြောက်ပါးအပြားရှိ၏။ ထိုခြောက် ပါးတွင် မရဏာနုယောဂ သည်ကား အနုလောမ ပဋိလောမ ဟူ၍ နှစ်ပါး အပြားရှိ၏။ ဝိသံ ကမေယျာ နုယောဂသည် အနုလောမတချက် ပဋိလောမတချက်သာ။ သကဝါဒီပက္ခ နောင် ကား ပရဝါဒီပက္ခကို ဟောတော်မူ၏။ ဟောဟန် သော်ကား သညာဝေဒယိတနိရောဓံ သမာပန္နော ကာလံ ကရေယျာတိ။ အာမန္တာ။ အတ္ထိသောနိယာမော ယေန နိယာမေန နိယတော သညာဝေဒယိတနိရောဓံ သမာပန္နော နကာလံ ကရေယျာတိ။ နတ္ထိ။ ဟန္ဒိနတ္ထိသော နိယာမော ယေနနိယာမေန နိယတော။ပ။ ကာလံ ကရေယျာတိထည်း။ ပဋိပုစ္ဆာသည်ကား စတုဝိညာဏ သမင်္ဂီအစရှိသည်ဟည်း။

တတိယသညာ ဝေဒယိတကထာ နိဋ္ဌိတာ။

## ၁၀-အသညသတ္တုပိက ကထာ

၇၃၅။ပ။ အသည သတ္တုပိကာ၊ အသညသတ်သို့ ကပ်သလော။ပ။ အလောဘော၊အလောဘဟု ဆိုအပ်သော။ ကုသလမူလံ၊ ကုသလမူလသည်။ အတ္ထိ၊ရှိသလော။ပ။ ယေကေစိ၊ခပ်သိမ်းသူတို့သည်။ သညာဝေဒယိတ နိရောဓံ၊ သညာဝေဒနာ၏ ချုပ်ခြင်းသို့။ သမာပဇ္ဇန္တိ၊ကုန်၏။ သဗ္ဗေ၊ ကုန်သော။ တေ၊ ထိုသည်။ အသည သတ္တုပိကာ၊ အသညသတ်သို့ ကပ်ကုန်သလော။ပ။ ဣဓာပိ၊ ဤမနုဿလောက၌။ အသညီနနု၊ အသညီမည်သည် မဟုတ်လော။ တတြာပိ၊ ထိုအရပ်၌လည်း။ အသညီနနု၊ အသညီမည်သည်မဟုတ်လော။

**အမှာ** တတိယ သညာ ဝေဒယိတ ကထာ နောင်ကား အသည သတ္တုပိက ကထာကို ဟောတော်မူ၏။ ထိုသည်ကား သကဝါဒီပက္ခ ပရဝါဒီပက္ခဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတွင် သကဝါဒီ ပက္ခသည်ကား အလောဘာဒိ အနုယောဂ ဖဿာဒိအနုယောဂ သမာပဇ္ဇနာနုယောဂဟူ၍ သုံးပါးအပြားရှိ၏။ ထိုတွင် အလောဘာဒိ သည်ကား အနုလောမ ပဋိလောမဟူ၍ နှစ်ပါးအပြားရှိ၏။ ဖဿာဒိ အနုယောဂသည်ကား ဖဿအနုယောဂ အဖဿအနုယောဂဟူ၍ နှစ်ပါးအပြားရှိ၏။

အသညသတ္တုပိကကထာ နိဋ္ဌိတာ။

---

## ၁၁-ကမ္မုပစယ ကထာ

၇၃၇။ ကမ္မံ၊ကံသည်။ အညံ၊ တပါးလော; ကမ္မုပစယော၊ ကံ၏ အကြောင်းသည်။ အညော၊ တပါးလော။ပ။ ကမ္မမှိ၊ ကံကြောင့်။ ကမ္မုပစယော၊ ကံ၏ အကြောင်းသည်။ သမ္ဘဝတိ၊ သလော။ အာမန္တာ၊၏။ အသညသတ္တုပိက ကထာနောင်ကား ကမ္မုပစယကထာကို ဟောတော်မူ၏။ ထိုသည်ကား ပရဝါဒီပက္ခကိုဟောတော်မမူ။ သကဝါဒီပက္ခကိုသာ ဟောတော်မူ၏။ ယို

သည်ကား ဥပစယာနုယောဂ သဟဇာတာနုယောဂ အာရမ္မဏာ
နုယောဂ ဘိက္ခုမာနုဉာ နုယောဂ တဒုဘေဝါဒီ အနုယောဂ သုတ္တာ
ဟရဏာနုယောဂဟူ၍ ခြောက်ပါးအပြားရှိ၏။ ထိုတွင် ဥပစယာ
နုယောဂ သည်ကား သာမည ဝိသေသဟူ၍နှစ်ပါး။ သာမည
သည်ကား ကုသိုလ် အကုသိုလ်ဟူ၍ နှစ်ပါး။ ကုသိုလ်သည်ကား
ကုသလမူလရှိသည် ကုသလမူလီရှိသည်ဟူ၍နှစ်ပါး။ ကုသလမူလ
ရှိသည်ကား သုခါယ ဝေဒနာယ သမ္ပယုတ္တမူလီရှိသည် ဒုက္ခာယ
ဝေဒနာယ သမ္ပယုတ္တမူလီရှိသည် အဒုက္ခမသုခါယ ဝေဒနာယ
သမ္ပယုတ္တမူလီ ရှိသည်ဟူ၍ သုံးပါးအပြားရှိ၏။ ဤသို့ချည်း အတူ
ပင်။ အာရမ္မဏသည်ကား အာရမ္မဏ အနာရမ္မဏဟူ၍ နှစ်ပါး
အပြားရှိ၏။ ဘိက္ခုမာနုသည်ကား အနုလောမ ပဋိလောမဟူ၍
နှစ်ပါးအပြားရှိ၏။ တဒုဘေဝါဒီ အနုယောဂသည်ကား ကမ္မကမ္မ
ပစ္စယာနုယောဂ ကမ္မကမ္မပစ္စယ ဝိပါကာနုယောဂ အာရမ္မဏာ
နုယောဂဟူ၍ သုံးပါးအပြားရှိ၏။ သိကောင်းပြီ။ ကမ္မုပစယက
ထာ နိဋ္ဌိတာ။ ဝဂ္ဂေါ ပန္နရသမော နိဋ္ဌိတော။ တတိယပဏ္ဏာသကော။
(ဥဒါန်းကိုကား သိကောင်းပြီ)။

ဆယ်ဝဂ်အထက်ကား ငါးဝဂ်တွင် အနုသယကထာအစ ဒွါဒ
သမဝဂ်တွင်ကား သံဝရဝဂ်လျှင်အစ သံဝရဝဂ်တွင်ကား ကမ္မ
ကထာလျှင် အစ စုဒ္ဒသမဝဂ်တွင်ကား ကုသလာ ကုသလ ပဋိ
သန္ဓဟနကထာလျှင်အစ ပန္နရသမဝဂ်တွင်ကား ပစ္စယတာကထာ
လျှင် အစတည်း။ ငါးဝဂ်ငါးဝဂ်ဆုံးလျှင်အစကို ထားသည်တည်း။

---

# သောဠသမဝဂ္ဂ

## ၁-နိဂ္ဂဟကထာ

၇၄၃။ ပရော၊ တပါးသော သူသည်။ ပရဿ၊ တပါးသော
သူ၏။ စိတ္တံ၊ စိတ်ကို။ နိဂ္ဂဏှာတိ၊ နှိပ်သလော။ အာမန္တာ၊ ပြောဘ်
နှိပ်၏။ ပရော၊ တပါးသောသူသည်။ ပရဿ၊ တပါးသောသူ၏။

စိတ္တံ၊ကို။ မာရဇ္ဇိ၊မတပ်စေတည်း။ မာဒုဿိ၊မပြစ်မှားစေသတည်း။ မာမုယှိ၊ မတွေဝေ စေသတည်း။ မာကိလိဿိ၊ မညစ်ညူးစေသတည်း။ ဇုတိ၊ဤသို့။ နိဂ္ဂဏှာတိ၊ နှိပ်သလော။ နဟေဝံ ဝတ္တဗ္ဗေ။ (နိဂ္ဂဟကထာကား အနက်လွယ်၏)။

ပန္နရသမဝဂ်နှောင်ကား သောဠသမဝဂ်ကို ဟောတော်မူ၏။ ထိုသည်ကား ကထာအများတွင်သော် နိဂ္ဂဟကထာကို ရှေးဦးစွာ ဟောတော်မူ၏။ ထိုသည်ကား သကဝါဒီပက္ခ ပရဝါဒီပက္ခ နှစ်ပါးတွင်မသော် သကဝါဒီပက္ခကို ရှေးဦးစွာ ဟောတော်မူ၏။ ထိုသည်ကား မာရဇ္ဇာဒိ အနုယောဂ မာနိရုဇ္ဈနာ နုယောဂ ပဇဟနာနုယောဂ ဘာဝနာ နုယောဂ ပဋိသံဝေဒေတိ အနုယောဂ သုတ္တာဟရဏာနုယောဂဟူ၍ ခြောက်ပါးအပြားရှိ၏။

နိဂ္ဂဟကထာ နိဋ္ဌိတာ။

---

## ၂-ပဂ္ဂဟကထာ

၇၄၅။ ပရော၊တပါးသောသူသည်။ပရဿ၊တပါးသောသူ၏။ စိတ္တံ၊ကို။ပဂ္ဂဏှာတိ၊ချီးမြှောက်သလော။ပ။အာမန္တာ၊၏။အညော၊ တပါးသောသူသည်။ အညဿ၊ တပါးသောသူကို။ ကာရကော၊ ပြုစေသလော။ ပရံကတံ၊ တပါးသောသူသည် ပြုအပ်သော။ သုခံ ဒုက္ခံ၊ကို။ အညော၊တပါးသောသူသည်။ ကရောတိ၊ပြုသလော။ပ။

အတ္တနာဝ၊ မိမိသည်လျှင်။ ပါပံ၊မကောင်းမှုကို။ ကတံ၊ပြုအပ်၏။ အတ္တနာ၊ မိမိသည်။ ကိလိဿတိ၊ ညစ်နွမ်း၏။ အတ္တနာ၊ မိမိသည်။ ပါပံ၊ ကို။ အကတံ၊ မပြုအပ်။ အတ္တနာဝ၊ မိမိသည်သာလျှင်။ ဝိသုဇ္ဈတိ၊ စင်ကြယ်၏။ သုဒ္ဓိ၊ ကုသိုလ်လည်းကောင်း။ အသုဒ္ဓိ၊ အကုသိုလ်လည်းကောင်း။ ပစ္စတ္တံ၊ အသီးသည်။ ဟောတိ၊ ၏။ အညော၊သည်။ အညံ၊ တပါးကို။ နဝိသောဓယေ၊ မသုတ်သင်။ ပဂ္ဂဟကထာ အနက်လွယ်၏။ ။နိဂ္ဂဟကထာ နှောင်ကား ပဂ္ဂဟကထာကို ဟောတော်မူ၏။ ထိုသည်ကား သကဝါဒီ

ပက္ခ ပရဝါဒိပက္ခ ဟူ၍ နှစ်ပါးအပြားရှိ၏။ နိဂ္ဂဟကထာနှင့် အတူပင်။

ပဂ္ဂဟကထာ နိဋ္ဌိတာ။

---

## ၃-သုခါနုပ္ပါဒနကထာ

၇၄၇။ ပါ၊ပ။ပရော၊ သည်။ ပရဿ၊ ၏။ အတ္တနော၊ မိမိ၏။ သုခံ၊သုခကို။အနုပ္ပါဒေတိ၊ အဘန်တလဲလဲဖြစ်စေသလော။ပရော၊ သည်။ အညေသံ၊တပါးသောသူတို့၏။ သုခံ၊ ကို။ အနုပ္ပါဒေတိ၊ ဖြစ်စေသလော။ ပရော၊ သည်။ တဿပရဿ၊ ထိုသူ၏။ သုခံ၊ကို။ အနုပ္ပါဒေတိ၊သလော။ပ။ ပရော၊ သည်။ ပရဿ၊ ၏။ အတ္တနော၊ မိမိ၏။သုခံ၊ကို။နေဝအနုပ္ပါဒေတိ၊မဖြစ်စေသလော။ပ။အာယသ္မာ၊ ရှည်သောအသက်ရှိသော။ ဥဒါယိ၊ဥဒါယီသည်။ တေံ၊ဤသို့သော စကားကို။ အဝေါစ၊ ဆို၏။ နော၊ငါတို့၏။ ဘဂဝါ၊ဘုရားသည်။ ဗဟူနံ၊ များစွာကုန်သော။ ဒုက္ခဓမ္မာနံ၊ တို့ကို။ အပဟတ္တာဝတာ၊ မဆောင်ပေ။ နော၊ငါတို့၏။ ဘဂဝါ၊ သည်။ ဗဟူနံ၊ ကုန်သော။ သုခဓမ္မာနံ၊ တို့ကို။ ဥပဟတ္တာဝတာ၊ ဆောင်ပေကုန်၏။ (သုခါနုပ္ပါဒနကထာအနက် လွယ်၏)။

ပဂ္ဂဟ ကထာ နောင်ကား သုခါနုပ္ပါဒန ကထာကို ဟောတော်မူ၏။ထိုသည်ကား သကဝါဒိပက္ခ ပရဝါဒိပက္ခဟူ၍ နှစ်ပါး အပြားရှိ၏။ ထိုတွင် သကဝါဒိပက္ခသည်ကား သာမည ဝိသေသ ဟူ၍ နှစ်ပါးအပြားရှိ၏။ သာမည သည်ကား အနုလောမ ပဋိလောမဟူ၍ နှစ်ပါးအပြားရှိ၏။ ဝိသေသသည်ကား အညမညာ နုယောဂ ပဋိသံဝေဒေတိ အနုယောဂဟူ၍ နှစ်ပါး။ အညမညာ နုယောဂသည်ကား အနုလောမ ပဋိလောမ ဟူ၍ နှစ်ပါးအပြား ရှိ၏။ ပရဝါဒိပက္ခကိုကား သိကောင်းပြီ။

သုခါနုပ္ပါဒနကထာ နိဋ္ဌိတာ။

---

## ၄—အဓိဂယှ မနသိကာရ ကထာ

၇၄၉။ အဓိဂယှ၊အကြွင်းအကျန်မဲ့။ မနသိ၊နှလုံးသွင်း။ကရောတိ၊ လော။ အာမန္တာ၊ ပြောပြီ၏။၀။

သုခါနုပ္ပါဒနကထာနောင်ကား အဓိဂယှမနသိကရောတိ အနုယောဂ ကထာကို ဟောတော်မူ၏။ ထိုသည်ကား သကဝါဒီပက္ခ ပရဝါဒီပက္ခ နှစ်ပါးတွင်သော် သကဝါဒီပက္ခကို ရှေးဦးစွာ ဟောတော်မူ၏။ ထိုသည်ကား သုဒ္ဓ သံဘေဒဟူ၍ နှစ်ပါး အပြားရှိ၏။ ထိုတွင် သုဒ္ဓသည်ကား အနာရမ္မဏာနုယောဂ အာရမ္မဏာနုယောဂ ဖဿာဒိအနုယောဂဟူ၍ သုံးပါးအပြား ရှိ၏။ သမ္ဘေဒသည်ကား အတီတ မူလီရှိသည် အနာဂတမူလီ ရှိသည် ပစ္စုပ္ပန္နမူလီ ရှိသည်ဟူ၍ သုံးပါးအပြားရှိ၏။ ထိုတွင် အတီတမူလီရှိသည်ကို ရှေးဦးစွာဟောတော်မူ၏။ ထိုသည်ကား အနာဂတမူလီရှိသည် အနာဂတပစ္စုပ္ပန္နမူလီရှိသည် ပစ္စုပ္ပန္နမူလီ ရှိသည်ဟူ၍ သုံးပါးအပြားရှိ၏။ ထိုသုံးပါးတွင် အတီတမူလီ ရှိသည်ကို ရှေးဦးစွာ ဟောတော်မူ၏။ ထိုသည်ကား အနာဂတ မူလီရှိသည် ပစ္စုပ္ပန္နမူလီရှိသည် အနာဂတ ပစ္စုပ္ပန္န မူလီရှိသည် ဟူ၍ သုံးပါးအပြားရှိ၏။ ထိုသုံးပါးတွင် အနာဂတမူလီ ရှိသည် ကား မနသိကာရာနုယောဂ တိဏ္ဏံဖဿာဒိ အနုယောဂ ဟူ၍ နှစ်ပါးအပြားရှိ၏။ပစ္စုပ္ပန္နမူလီရှိသည်ကား မနသိကာရာနုယောဂ ဒွိဖဿာဒိအနုယောဂဟူ၍ နှစ်ပါးအပြားရှိ၏။ အနာဂတပစ္စုပ္ပန္န မူလီရှိသည်ကား မနသိကာရာ နုယောဂ တိဏ္ဏံဖဿာဒိ အနုယောဂဟူ၍ နှစ်ပါးအပြားရှိ၏။ ဤကား အတီတမူလီရှိသည် တည်း။ (အနာဂတမူလီရှိသည်ပစ္စုပ္ပန္နမူလီရှိသည်လည်း အတီတ မူလီနှင့်အတူပင်ချည်း။ ပရဝါဒီပက္ခကိုကား သိကောင်းပြီ)။

အဓိဂယှမနသိကာရကထာ နိဋ္ဌိတာ။

---

## ၅-ရူပံဟေတူတိ ကထာ

၇၅၄။ ရူပံ၊ ရုပ်သည်။ ဟေတု၊ ဟိတ်မည်သလော။ အာမန္တာ။ အလောဘော၊ အလောဘ ဟုဆိုအပ်သော။ ဟေတု၊ ဟိတ်မည်သလော။ (အနက်လွယ်၏)။

**အဓိပ္ပါယ်ကား။** ပရဝါဒီသည် ရုပ်သည်ကား ဟိတ်ပုဂ်မည်၏ ဟုမှတ်မှားရကား ရုပ်သည် ဟိတ် မည်သလော ဟူ၍ သကဝါဒီ မေးသည်ကို အာမန္တာ ခံသတည်း။ ထိုသို့တမူကား ရုပ်သည် ဟိတ်စစ် မဟုတ်။ အကြောင်းသာမန်သာ ဖြစ်သတည်း။ အဓိဂယှ မနသိကာရကထာ နောင်ကား ရူပံဟေတူတိ ကထာကို ဟော တော်မူ၏။ ထိုသည်ကား သကဝါဒီပက္ခ ပရဝါဒီပက္ခဟူ၍ နှစ်ပါး တွင်သော် သကဝါဒီပက္ခကို ရှေးဦးစွာဟောတော်မူ၏။ ထိုသည် ကား သုဒ္ဓ သံသန္ဒနာ ဟူ၍ နှစ်ပါးအပြား ရှိ၏။ ထိုနှစ်ပါးတွင် သုဒ္ဓသည်ကား အလောဘာဒိ အနုယောဂ အာရမ္မဏာနုယောဂ ဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုတွင် အာရမ္မဏာနုယောဂသည်ကား အနုလောမ ပဋိလောမဟူ၍ နှစ်ပါးအပြားရှိ၏။ သံသန္ဒနာသည် ကား အနုလောမ ပဋိလောမဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုတွင် အနုလောမသည်ကား အလောဘ အဒေါသ အမောဟ လောဘ ဒေါသမောဟဟူ၍ခြောက်ပါးအပြားရှိ၏။ပဋိလောမမှာလည်း ဤ ခြောက်ပါးလည်းကောင်း။ (ပရဝါဒီပက္ခကိုကား သိကောင်းပြီ)။

ရူပံဟေတူတိ ကထာ နိဋ္ဌိတာ။

---

## ၆-ရူပံသဟေတုကန္တိ ကထာ

၇၅၇။ ရူပံ၊ သည်။ သဟေတုကံ၊ သဟိတ်မည်သလော။ အာမန္တာ၊ ပြော်မည်၏။ (အနက်လွယ်၏)။

ရူပံဟေတူတိကထာနောင်ကား ရူပံသဟေတုကန္တိ ကထာကို ဟောတော်မူ၏။ ထိုသည်ကား သကဝါဒီပက္ခ ပရဝါဒီပက္ခဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုတွင် သကဝါဒီ ပက္ခသည်ကား သုဒ္ဓ

သံသန္ဒနာ ဟူ၍ နှစ်ပါးအပြားရှိ၏။ (ရူပံ ဟေတူတိ ကထာနှင့် အတူပင်။ ပရဝါဒီပက္ခကိုကား သိကောင်းပြီ)။

ရူပံသဟေတုကန္တိကထာ နိဋ္ဌိတာ။

## ၇—ရူပံကုသလာကုသလန္တိ ကထာ

၇၆၀။ ရူပံ၊သည်။ ကုသလံ၊ကုသိုလ်မည်သလော။ အာမန္တာ၊ ပြော်မည်၏။ (အနက်လွယ်၏)။

**အဓိပ္ပါယ်ကား။** ကာယကံ ဝစီကံ ကို စေတနာဟူ၍ကား ကုသိုလ်အကုသိုလ်မည်၏ဟူ၍ကားမဆို။ကာယကံဝစီကံ၏အရကို ကား ဝိညတ်ဟူ၍ ကုသိုလ်မည်၏ဟူ၍ အမှတ်မှား၍ ရုပ်သည် ကုသိုလ်မည်သလောဟူ၍ သကဝါဒီမေးသည်ကို အာမန္တာဟူ၍ ပရဝါဒီ ခံမှားချေသတည်း။ ရူပံ သဟေတုကန္တိ ကထာနောင် ရူပံကုသလာ ကုသလန္တိ ကထာကို ဟောတော်မူ၏။ ထိုသည် ကား သကဝါဒီပက္ခ ပရဝါဒီပက္ခဟူ၍ နှစ်ပါးတွင်သော် သက ဝါဒီပက္ခကို ရှေးဦးစွာ ဟောတော်မူ၏။ ထိုသည်ကား ကုသိုလ် အကုသိုလ်ဟူ၍ နှစ်ပါးတွင် ကုသိုလ်သည်ကား သုဒ္ဓ သံသန္ဒနာ ဟူ၍နှစ်ပါး။ သုဒ္ဓသည်ကား အနုလောမ ပဋိလောမဟူ၍နှစ်ပါး။ သံသန္ဒနာမှာလည်း အနုလောမ ပဋိလောမဟူ၍နှစ်ပါး။ အနု လောမ သံသန္ဒနာ သည်ကား အလောဘော အဒေါသော အမောဟော သဒ္ဓါ သတိ ဝီရိယ သမာဓိ ပညာဟူ၍ရှစ်ပါးအပြား ရှိ၏။ ပဋိလောမမှာလည်း အတူပင်။ ကုသိုလ်သည်ကား သုဒ္ဓ သံသန္ဒနာဟူ၍နှစ်ပါး။ (ကုသိုလ်မှာလည်း အတူပင်။ ပရဝါဒီပက္ခ ကိုကား သိကောင်းပြီ)။

ရူပံကုသလာကုသလန္တိ ကထာ နိဋ္ဌိတာ။

## ၈—ရူပံဝိပါကောတိ ကထာ

ရူပံဝိပါကောတိ ကထာသည်ကား သကဝါဒီပက္ခ ပရဝါဒီ ပက္ခဟူ၍နှစ်ပါး။ သကဝါဒီပက္ခသည်ကား သုဒ္ဓ သံသန္ဒနာဟူ၍

နှစ်ပါး။သုဒ္ဓသည်ကား အနုလောမတချက် ပဋိလောမတချက်သာ သံသန္ဒနာမှာလည်း အနုလောမတချက် ပဋိလောမ တချက်သာ တည်း။ (ပရဝါဒီပက္ခကိုကားသိကောင်းပြီ)။

ရူပံဝိပါကောတိ ကထာနိဋ္ဌိတာ။

---

## ၉-ရူပံရူပါဝစရာရူပါဝစရန္တိ ကထာ

၇၆၀။ ရူပံ၊ရုပ်သည်။ ရူပါဝစရံ၊ ရူပါဝစရမည်သည်။ အတ္ထိ၊ ရှိသလော။ အာမန္တာ၊ ဩ်ရှိ၏။ (အနက်လွယ်၏)။

**အဓိပ္ပါယ်ကား။** ကာမာဝစရကံသည် ပြုသောရုပ်သည်ကား ကာမာဝစရမည်၏။ထိုသို့မည်သည် အတူလည်းကောင်း ရုပ်သည် ရူပါဝစရမည်၏ဟူ၍ ပရဝါဒီ အမှတ်မှား၍ ရုပ်သည် ရူပါဝစရ မည်သလောဟူ၍ သာလျှင် သကဝါဒီ မေးသည်ကို အာမန္တာ ဟူ၍ ပရဝါဒီခံသတည်း။ ထိုသို့မူကား မဟုတ်။ ကာမဋ္ဌ ဖြစ်သော တဏှာသည်ကာမဋ္ဌဖြစ်သော ဝတ္ထုကိုတပ်ခြင်းကြောင့်သာ ကာမ မမည်။ ကာမလည်း ကာမမည်ကောင်း၏။ တဏှာသည်လည်း ကာမမည်ကောင်း၏။ ထိုသို့မည်သည်ကားဟူ၍ တဏှာသည် ရူပ အရူပဋ္ဌ ဖြစ်ငြားသော်လည်း ကာမဟူသော အမည်ကိုပင်ကား ရ၏။ ရူပအရူပဟူသောအမည်ကို မရဟုလိုသော်။ရူပံဝိပါကောတိ ကထာနောင်ကား ရူပံရူပါဝစရာ ရူပါဝစရန္တိ ကထာကို ဟော တော်မူ၏။ ထိုသည်ကား သကဝါဒီပက္ခ ပရဝါဒီပက္ခဟူ၍ နှစ်ပါး အပြားရှိ၏။ ထိုနှစ်ပါးတွင် သကဝါဒီပက္ခသည်ကား ရူပါဝစရ အရူပါဝစရဟူ၍ နှစ်ပါးပြား၏။ ထိုနှစ်ပါးတွင် ရူပါဝစရသည် ကား အနုလုံတချက် ပဋိလုံတချက်သာတည်း။ အရူပါဝစရမှာ လည်း ဤအတူပင် လည်းကောင်း။ (ပရဝါဒီပက္ခကိုကား သိ ကောင်းပြီ)။

ရူပံ ရူပါဝစရာရူပါဝစရန္တိကထာ နိဋ္ဌိတာ။

---

### ၁၀-ရူပါရူပဓာတု ပရိယာပန္နကထာ

၇၇၁။ ရူပရာဂေါ၊သည်။ ရူပဓာတုပရိယာပန္နော၊ ရူပဓာတ်၌ အကျုံးဝင်သလော။ အာမန္တာ၊ ပြော်ဝင်၏။ပ။

သမာပတ္တေသိယ ဟူသော်ကား ကုသိုလ်ကိုယူလေ။ ဥပပတ္တေသိယဟူသော်ကား ဝိပါက်ကိုယူလေ။ ဒိဋ္ဌဓမ္မသုခဝိဟာရဟူသော်ကား ကြိယာကိုယူ။ ရူပံရူပါဝစရာ ရူပါဝစရန္တိ ကထာနှောင်ကား ရူပရာဂေါ ရူပဓာတု ပရိယာပန္နော အရူပရာဂေါ အရူပဓာတု ပရိယာပန္နောတိ ကထာကို ဟောတော်မူ၏။ ထိုသည်ကား သကဝါဒိပက္ခ ပရဝါဒိပက္ခ ဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတွင် သကဝါဒိပက္ခသည်ကား ရူပရာဂ အရူပရာဂဟူ၍ နှစ်ပါးပြား၏။ ထိုတွင် ရူပရာဂသည်ကား သုဒ္ဓ သံသန္ဒနာဟူ၍နှစ်ပါး။ သုဒ္ဓသည်ကား အနုလုံ ပဋိလုံဟူ၍ နှစ်ပါးအပြားရှိ၏။ သံသန္ဒနာသည်ကား အနုလောမ ပဋိလောမဟူ၍ နှစ်ပါးအပြားရှိ၏။ အနုလောမသည်ကား သဒ္ဒ ဂန္ဓ ရသ ဖေါဋ္ဌဗ္ဗဟူ၍ လေးပါးအပြားရှိ၏။ ပဋိလောမမှာ လည်းကောင်းတည်း။ ရူပရာဂါနုယောဂလည်း ရူပရာဂနှင့် အတူပင်။ (ပရဝါဒိပက္ခကိုကား သိကောင်းပြီ)။ ရူပရာဂေါ ရူပဓာတု ပရိယာပန္နော အရူပရာဂေါ အရူပဓာတု ပရိယာပန္နောတိ ကထာနိဋ္ဌိတာ။ ။ဝဂ္ဂေါသော့ဥသမော။ ။(ဥဒါန်းကိုလည်းသိကောင်းပြီ)။

---

## သတ္တရသမဝဂ္ဂ

### ၁-အရဟတော ပုညူပစယကထာ

၇၇၆။ အရဟတော၊ရဟန္တာအား။ ပုညူပစယော၊ ကောင်းမှုကိုဆည်းပူးခြင်းသည်။ အတ္ထိ၊ရှိသလော။ အာမန္တာ၊ ပြော်ရှိ၏။ အရဟတော၊ ရဟန္တာသည်။ အပုညူပစယော၊ မကောင်းမှုကို ဆည်းပူးသလော။ နဟေဝံ ဝတ္တဗ္ဗေ။ပ။ ဒေဝသောဘဂ္ဂသံဝတ္တနိယံ၊ နတ်တို့၏ တုန်လှုပ်ခြင်း၏ အကြောင်း ဖြစ်သော။ ကမ္မံ၊

ကံကို။ ကရောတိ၊ ပြုသလော။ (အနက်ကား အောက်မှာနှင့် အတူပင်)။

သောဠသမဝဂ် နောင်ကား သတ္တရသမဝဂ်ကို ဟောတော်မူ၏။ ထိုသည်ကား သကဝါဒီပက္ခ ပရဝါဒီပက္ခဟူ၍နှစ်ပါးအပြား ရှိ၏။ ထိုနှစ်ပါးတွင် သကဝါဒီ ပက္ခသည်ကား အပုညူပစယာ နုယောဂ အတိသင်ရောတျာဒိ အနုယောဂ အာဝိနုတျာဒိ အနု ယောဂဟူ၍ သုံးပါးအပြားရှိ၏။ ထိုသုံးပါးတွင် အပုညူပစယာ နုယောဂသည်ကား အနုလောမ ပဋိလောမဟူ၍ နှစ်ပါးအပြား ရှိ၏။ အာဝိနုတျာနုယောဂသည်ကား အာဝိနာနုယောဂ အပစိနာ နုယောဂ ပဇဟနာနုယောဂ ဥပါဒိယတိ အနုယောဂ ဝိသိနေတိ အနုယောဂ ဥဿိနေတိ အနုယောဂ ဝိဓုပေတိအနုယောဂ သန္ဓု ပေတိ အနုယောဂဟူ၍ ရှစ်ပါးအပြားရှိ၏။ ပဋိလောမမှာလည်း အတူပင်။ ပရဝါဒီပက္ခ သည်ကား သုတ္တ သံသန္ဒနာဟူ၍ နှစ်ပါး အပြားရှိ၏။ ထိုနှစ်ပါးတွင် သုတ္တကို ရှေးဦးစွာ ဟောတော်မူ၏။ ဟောဟန်သော်ကား နတ္ထိအရဟတော ပုညူပစယောတိ။ အာ မန္တာ။ အရဟာဒါနံ ဒဒေယျ။ပ။ ပုညူပစယောတိတည်း။သံသန္ဒနာ ကိုလည်း သိကောင်းပြီ။

အတ္ထိအရဟတော ပုညူပစယောတိကထာ နိဋ္ဌိတာ။

---

## ၂-နတ္ထိ အရဟတော အကာလ မစ္စုတိကထာ

၇၈၀။ အရဟတော၊ အရဟန္တာ အား။ အကာလမစ္စု၊အခါ မတန်ဘဲ သေခြင်းသည်။ ကံမကုန်ဘဲ သေခြင်းသည်။ နတ္ထိ၊မရှိ သလော။ အာမန္တာ၊ ဩော်ရှိသည် ဟုတ်၏။ အရဟန္တဃာ တကော၊ ရဟန္တာကို သတ်သောသူသည်။ နတ္ထိ၊ မရှိသလော။ နဟေဝံ ဝတ္တဗ္ဗေ။ပ။

ပရဝါဒီ အမှတ်ကား ရဟန္တာဟူသော် အခါမတန်ဘဲ မသေ။ အခါတန်မှ သေသည်ဟူ၍ အမှတ်မှား၍ အာမန္တာ ခံသတည်း။

သကဝါဒီဟူတုံ၏။ အကြင်သူသည် မာတုဃာတက အစရှိသော ပဉ္စာနန္တရိယကံပြုခဲ့၏။ ထိုသည်ကား ရဟန္တာဖြစ်၏။ ထိုရဟန္တာကို ရဟန္တာ အခိုက်၌ပြုဘူးသော ကံကြောင့် သတ်လေ၏။ ထိုသို့ သတ်လေသည်ကိုလျှင် အခါမတန်ဘဲ သေသည်မည်၏။ အဘယ် သူသည် ပြုဘူးသနည်း ဟူမူကား အရှင်မောဂ္ဂလာန် ကဲ့သို့တည်း။ အတ္ထိအရဟတ္တ ဃာတကောတိ အာမန္တာ သည်ကား ဘုရားအစ ရှိသော ရဟန္တာကို ဆိုသတည်း။ ဘုရားအစရှိသော ရဟန္တာ စကြဝတေး တို့သော်ကား အခါတန်မှသေ၏။ အတ္ထိအရဟတော ပုညုပစယောတိ ကထာနောင်ကား နတ္ထိအရဟတော အကာလ မစ္စူတိကထာကို ဟောတော်မူ၏။ ထိုသည်ကား သကဝါဒီပက္ခ ပရဝါဒီပက္ခဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုတွင် သကဝါဒီပက္ခသည် ကား အရဟန္တဃာတကာ နုယောဂ ပဋိပုစ္ဆာနုယောဂ ဝိသံက မေယျာ နုယောဂဟူ၍ သုံးပါးတွင်သော် အရဟန္တာနုယောဂကို ရှေးဦးစွာ ဟောတော်မူ၏။ထိုသည်ကား အနုလောမ ပဋိလောမ ဟူ၍ နှစ်ပါးအပြားရှိ၏။ ပုစ္ဆာသည်ကား ဇီဝိတာဝေါ ရောပနာ နုယောဂ အရဟန္တဃာတကာ နုယောဂဟူ၍ နှစ်ပါးအပြားရှိ၏။ ဝိသံကမေယျာနုယောဂသည်ကား အ နုလောမ ပဋိလောမဟူ၍ နှစ်ပါးအပြားရှိ၏။ ပရဝါဒီပက္ခ ဟူသော်ကားအတ္ထိ အရဟတော အကာလ မစ္စူတိ။အာမန္တာ။ နနုဝုတ္တံ ဘဂဝတာ၊ နာယံ်ဘိက္ခဝေ သဉ္စေတနိကာနံကမ္မာနံ ကတာနံ ဥပစိကာနံ အပ္ပဋိသံဝေဒိတွာ ဗျန္တိဘာဝံအစရှိသည်တည်း။

နတ္ထိအရဟတောအကာလ မစ္စူတိကထာ နိဋ္ဌိတာ။

---

## ၃-သမ္ဗဟိဒိကမ္မတောတိ ကထာ

၇၀၃။ ကမ္မတော၊ ကံကြောင့်။ သဗ္ဗံ၊ ခပ်သိမ်းသော။ ဣဒံ၊ ဤသုံးပါးသောဝဋ်သည်။ ဟောတိ၊ ဖြစ်သလော။ အာမန္တာ၊ သြော်ဖြစ်၏။ပ။ ကမ္မဝိပါကေန၊ ဝိပါက်ဖြင့်။ ပါဏံ၊ သတ္တဝါကို။ ဟနေယျ၊ သတ်သလော။ပ။

၇၇၅။ ကမ္မုနာ၊ ကံကြောင့်။ လောကော၊ လောကသည်။ ဝတ္တတိ၊ ဖြစ်၏။ ကမ္မုနာ၊ ကြောင့်။ ပဇာ၊ သတ္တဝါသည်။ ဝတ္တတိ၊ ဖြစ်၏။ သတ္တာ၊ သတ္တဝါတို့သည်။ ကမ္မနိဗန္ဓနာ၊ ကံနှင့်စပ်ကုန်၏။ ယာယတော ယာယန္တဿ၊ သွားထသော။ ရထဿ၊ ရထား၏။ အာဏိ၊ နပန်းစွန်းသည်။ ယောတိ၊ ဖြစ်၏။

ကမ္မေန၊ ကံကြောင့်။ ကိတ္တိံ၊ ကျော်စောခြင်းကို။ လဘတေ၊ ရ၏။ ကမ္မေန၊ ကံကြောင့်။ ပသံသံ၊ ချီးမွမ်းခြင်းကို။ လဘတေ၊ ၏။ပ။

ပရဝါဒီပက္ခသော်ကား ကမ္မဝဋ် ဝိပါကဝဋ် ကိလေသဝဋ် ဤသုံးလုံးပါးသည်ပင်လျှင် ကံကြောင့်ဖြစ်သည်ဟူ၍နှလုံးသွင်းမှား၍ အာမန္တာခံသတည်း။သကဝါဒီသော်ကား ထိုသို့မဟုတ် ဝိပါကဝဋ်သည်ကား ကံကြောင့်ဖြစ်သည်ဟုတ်၏။ ကမ္မဝဋ် ကိလေသဝဋ်တို့သည် ကံကြောင့်ဖြစ်သည်ချည်းမဟုတ်။ ။နတ္ထိအရဟတော အကာလမစ္စုတိ ကထာ နောင်ကား သဗ္ဗမိဒံကမ္မတောတိကထာကို ဟောတော်မူ၏။ ထိုသည်ကား သကဝါဒီပက္ခ ပရဝါဒီပက္ခ ဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတွင် သကဝါဒီပက္ခ သည်ကား သုဒ္ဓ သံသန္ဒနာဟူ၍ နှစ်ပါးအပြားရှိ၏။ သုဒ္ဓသည်ကား ကမ္မ အနုယောဂ ကတဟေတုအနုယောဂ ဝိပါကတာ အနုယောဂ ဟူ၍ သုံးပါးအပြားရှိ၏။ သံသန္ဒနာသည်ကား ပါဏာတိပါတာ နုယောဂ အဒိန္နာဒါနာ မုသာဝါဒါ ပိသုဏဝါစာ ဖရုသဝါစာ သမ္ဖပ္ပလာပ သန္ဓိံဆိန္ဒေယျ နိလ္လောပ ဧကာဂါရိက ပန္ထေ တိဋ္ဌေယျ ပရဒါရ ဂါမဃာတက နိဂမဃာတက ကမ္မဝိပါက ဒါန စီဝရ ပိဏ္ဍပါတ သေနာသန ဂိလာနပစ္စယ ဘေသဇ္ဇ ပရိက္ခာရဟူ၍ များစွာပြား၏။ တပါးတပါး၌ အဖလ သဖလဟူ၍ နှစ်ပါးအပြားရှိ၏။ ပရဝါဒီပက္ခကိုကား သိကောင်းပြီ။

သဗ္ဗမိဒံကမ္မတောတိကထာ နိဋ္ဌိတာ။

---

## ၄—ဣန္ဒြိယဗဒ္ဓကထာ

၇၈၆။ ဣန္ဒြိယ ဗဒ္ဓ ဧဝ၊ ဣန္ဒြိယနှင့် စပ်သောတရားသည်။ ဒုက္ခံ၊ ဒုက္ခမည်သလော။ အာမန္တာ၊ ပြော်မည်၏။ ပ။ ဣန္ဒြိယဗဒ္ဓဿ၊ ဣန္ဒြိယနှင့်စပ်သော။ ဒုက္ခဿ၊ ဒုက္ခကို။ ပရိညာယ၊ ပိုင်းခြား၍ သိ၍။ ဘဂဝတိ၊ ၌။ ဗြဟ္မစရိယံ၊ မြတ်သောအကျင့်ကို။ ဝုဿတိ ယထာ၊ သုံးသကဲ့သို့။ ဧဝမေဝံ၊ ဤအတူလည်းကောင်း။ (သိကောင်းပြီ)။

**အဓိပ္ပါယ်ကား**။ ဝိပါက ခန္ဓာ၊ ကမ္မဇရုပ် တည်းဟူသော တေဘူမက တရားသာလျှင် ဒုက္ခမည်၏။ ဗာဟိရရုပ်တို့သည် ဒုက္ခ မမည်ဟူ၍ နှလုံးသွင်းရကား အာမန္တာခံသတည်း။ အရှင် သကဝါဒီသော်ကား တေဘူမက တရားသည်လည်း ဒုက္ခမည်၏။ ဗာဟိရရုပ်တို့သည်လည်း ဒုက္ခမည်၏ဟူ၍ နှလုံးသွင်းသတည်း။ ပျက်သမျှလျှင် ဒုက္ခချည်း မည်၏။ ။သဗ္ဗမိဒံ ကမ္မတောတိ ကထာ နှောင်ကား ဣန္ဒြိယဗဒ္ဓကထာကို ဟောတော်မူ၏။ ထိုသည်ကား သကဝါဒီပက္ခ ပရဝါဒီပက္ခ ဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုတွင် သကဝါဒီပက္ခသည်ကား နသုတ္တာဟရဏာနုယောဂ သုတ္တာဟရဏာနုယောဂဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုတွင် နသုတ္တာဟရဏာနုယောဂသည်ကား အနုလောမ ပဋိလောမဟူ၍ နှစ်ပါး အပြားရှိ၏။ ထိုတွင် အနုလောမသည်ကား ဣန္ဒြိယာနုယောဂ အနိန္ဒြိယာနုယောဂဟူ၍ နှစ်ပါးအပြားရှိ၏။ ပဋိလောမမှာလည်း ဣန္ဒြိယာနုယောဂ အနိန္ဒြိယာ နုယောဂဟူ၍ နှစ်ပါးအပြားရှိ၏။ ဤလေးချက်သည်ကား နသုတ္တာဟရဏတည်း။ သုတ္တာဟရဏာသည်ကား တချက်သာတည်း။ ပရဝါဒီပက္ခသည်ကား ဗြဟ္မစရိယံ ဝုသတိအနုယောဂ ဥပ္ပဋ္ဌနာနုယောဂဟူ၍ နှစ်ပါးအပြားရှိ၏။

ဣန္ဒြိယဗဒ္ဓကထာ နိဋ္ဌိတာ။

## ၅-ထပေတွာ အရိယမဂ္ဂင်္ဂကထာ

၇၀၉။ ။ပ။တိဏ္ဏံ၊သုံးပါးတို့သည်သာလျှင်။အရိယသစ္စာနိ၊ အရိယသစ္စာမည်သလော။ပ။ ကေနဋ္ဌေန၊ အဘယ်သို့သော အကြောင်းကြောင့်။ ဒုက္ခ၊ ဒုက္ခမည်သနည်း၊ ဇာတိပုဗ္ဗာယံ၊ သည်။ သတိ၊ ရှိသော်။ အနိစ္စဋ္ဌေန၊ အနိစ္စဟူသောအနက်ကြောင့်။အရိယမဂ္ဂေါ၊ အရိယ မဂ်သည်။ အနိစ္စော၊ ပညာဖြင့် မကာပ်အပ် သလော။ (သိကောင်းပြီ)။

ဇုန္နိယဗဒ္ဓကထာနောင်ကား ထပေတွာအရိယမဂ္ဂင်္ဂကထာကို ဟောတော်မူ၏။ ထိုသည့်ကား သကဝါဒီပက္ခ ပရဝါဒီပက္ခဟူ၍ နှစ်ပါးတွင်သော် သကဝါဒီပက္ခသည်ကား သုဒ္ဓ သံသန္ဒနာ နှစ်ပါးတွင် သုဒ္ဓသည်ကား ဒုက္ခာနုယောဂ သစ္စာနုယောဂ သစ္စာမှာကား တိဏ္ဏံ အရိယသစ္စာနုယောဂ စတ္တာရိ အရိယ သစ္စာနုယောဂဟူ၍ နှစ်ပါးတည်း။ ဤသုံးပါး သည်ကား သုဒ္ဓ တည်း။ သံသန္ဒနာသည်ကား ပဋိပုစ္ဆာနုယောဂ ပုစ္ဆာနုယောဂ ဟူ၍ နှစ်ပါးအပြားရှိ၏။ ပဋိပုစ္ဆာသည်ကား ဒုက္ခာနုယောဂ ဒုက္ခသမုဒယာ နုယောဂဟူ၍ နှစ်ပါးအပြားရှိ၏။ ပုစ္ဆာကိုကား သိကောင်းပြီ။ ပရဝါဒီပက္ခကိုလည်း သိကောင်းပြီ။

ထပေတွာအရိယမဂ္ဂင်္ဂကထာ နိဋ္ဌိတာ။

---

## ၆-နဝတ္တဗ္ဗံသံဃောဒက္ခိဏံပဋိဂ္ဂဏှာတိ ကထာ

၇၁၀။ ။ပ။သံဃော၊ သဃ်သည်။·အာဟုနေယျော၊ ပူဇော်ခြင်းငှါထိုက်သည်မဟုတ်လော။ ပါဟုနေယျောနနု၊ဧည့်သည်အား ရည်၍ ထားသော ဝတ္ထုကို ပူဇော်ခြင်းငှါထိုက်သည်မဟုတ်လော။ ဒက္ခိဏေယျောနနု၊ မြတ်သောအလှူကို ခံခြင်းငှါ ထိုက်သည်မဟုတ်လော။ အဉ္ဇလိ ကရဏီယောနနု၊ လက်အုပ်ချီခြင်းငှာ ထိုက်သည် မဟုတ်လော။ လောကဿ၊ ၏။ အနုတ္တရံ၊ အတုမရှိသော။ ပုညက္ခေတ္တံ၊ ကောင်းမှု၏ လယ်မြေသဖွယ်ဖြစ်သည်မဟုတ်လော။ အာမန္တာ၊ ဩော်ဖြစ်သည်ဟုတ်၏။ပ။

ဇာတဝေဒေါ၊ မီးသည်။ အဟုတိံ၊ ထောပတ်အစရှိသော ပူဇော်ကြောင်းကို။ ပဋိဂ္ဂဏှာတိဣဝ၊ ခံသကဲ့သို့။ မေဒနီ၊ မြေကြီးသည်။ မဟာမေဃံ၊ များစွာသော မိုဃ်းရေကို။ ပဋိဂ္ဂဏှာတိဣဝ၊ ခံသကဲ့သို့။ ဧဝံ၊ ဤအတူလည်းကောင်း။ သံဃော၊ သင်္ဃာသည်။ သမာဓိသမ္ပန္နော၊ သမာဓိနှင့် ပြည့်စုံသည် ဖြစ်၍။ ဒက္ခိဏာံ၊ကို။ ပဋိဂ္ဂဏှာတိ၊၏။ပ။

**အဓိပ္ပါယ်ကား။** ပရဝါဒီ အမှတ်သည် သင်္ဃာ ဟုတ်က ပရမတ္ထ သင်္ဃာဟူ၍ အမှတ်မှားရကား အလှူခံသလောဟု မေးသည်ရှိသော် ခံသည်ဟုတ်၏ဟူ၍ ဆိုသတည်း။ သကဝါဒီသော်ကား သင်္ဃာသည်ကား ပရမတ္ထသံဃာ သမ္မုတိ သံဃာဟူ၍ နှစ်ပါးတွင် ပရမတ္ထသင်္ဃာသော်ကား မခံတတ်သည်ဟူ၍သမ္မုတိ သင်္ဃာသည် ခံ၏ဟူ၍ဆို၏။ ပရမတ္ထသင်္ဃာဟူသော်ကား မဂ်ဖိုလ်ယူလေ။ ထပေတွာ အရိယမဂ္ဂန္တိ ကထာနောင်ကား နဝတ္ထုမှ သံဃောဒက္ခိဏာံ ပဋိဂ္ဂဏှာတီတိ ကထာကို ဟောတော်မူ၏။ ထိုသည်ကား သကဝါဒီပက္ခ ပရဝါဒီပက္ခဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတွင် သကဝါဒီပက္ခ သည်ကား ပဋိဂ္ဂါဟကာနုယောဂ ဒါယကာနုယောဂဟူ၍နှစ်ပါးအပြားရှိ၏။ထိုနှစ်ပါးတွင် ပဋိဂ္ဂါဟကာ နုယောဂ သည်ကား အာဟုနေယျာနုယောဂ ပုရိသယုဂါဒိအနုယောဂဟူ၍ နှစ်ပါးတည်း။ ဒါယကာနုယောဂ သည်ကား သာမညဝိသေသဟူ၍ နှစ်ပါးတည်း။ သာမညသည်ကား တချက်သာ။ ဝိသေသ သည်ကား စီဝရာနုယောဂ ပိဏ္ဍပါတအစရှိသော အားဖြင့် များစွာ အပြားရှိ၏။ ဒါယကာနုယောဂတွင် နသုတ္တာဟရဏာ သုတ္တာ ဟရဏာဟူ၍ ဆိုလေဦး။ ယင်းသို့မှ သာမညဝိသေသဟူ၍ ဆိုလေ။ (ပရဝါဒီပက္ခကိုကား၊ သိကောင်းပြီ)။

နဝတ္ထုမှ သံဃော ဒက္ခိဏာံ ပဋိဂ္ဂဏှာတီတိကထာ နိဋ္ဌိတာ။

---

## ၇-နဝတ္တမ္ဗ (ပ) ကထာ

နဝတ္တဗ္ဗံ သံဃဿဒက္ခိဏံ ပဋိဂ္ဂဏှာတီတိ ကထာနောင်ကား နဝတ္တဗ္ဗံ သံဃဿဒက္ခိဏံ ဝိသောဓေတီတိ ကထာကို ဟောတော်မူ၏။ ထိုသည်ကားသကဝါဒီပက္ခ ပရဝါဒီပက္ခဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတွင် သကဝါဒီကွ သည်ကား ပဋိဂ္ဂါ ဟကာ နုယောဂဒါယကာနုယောဂဟူ၍နှစ်ပါးအပြားရှိ၏။ (အောက်နှင့်အတူပင်)။

နဝတ္တဗ္ဗံ သံဃဿဒက္ခိဏံ ဝိသောဓေတိကထာ နိဋ္ဌိတာ။

---

## ၈-နဝတ္တဗ္ဗံ သံဃဿဘုဉ္ဇတီတိ ကထာ

နဝတ္တဗ္ဗံသံဃော ဘုဉ္ဇတီတိ ကထာသည်ကား သကဝါဒီပက္ခ ပရဝါဒီပက္ခဟူ၍နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတွင် သကဝါဒီပက္ခ သည်ကား ဘတ္တာနုယောဂ ဘောဇနာနုယောဂ ပါနာနုယောဂ ဟူ၍ သုံးပါးအပြားရှိ၏။ (ပရဝါဒီပက္ခကိုကား သိကောင်းပြီ)။

နဝတ္တဗ္ဗံ သံဃောဘုဉ္ဇတီတိကထာ နိဋ္ဌိတာ။

---

## ၉-နဝတ္တဗ္ဗံ (ပ) မဟပ္ဖလန္တိကထာ

၇၉၇။ ပ။ ဂေါတမိ၊ ဂေါတမီ။ တွံ၊ သင်ဂေါတမီသည်။ သံဃေ၊ သံဃာအား။ သုဝဏ္ဏဘုမ္မိစိဝရံ၊ ရွှေမြေနှ ရွှေရည်ဖြင့် သွင်းသော ရွှေရည်ဖြင့် ပြီးသော သက်နှင်းကို။ ဒေဟိ၊ လှူလော့။ တေ၊သင်ဂေါတမီသည်။ သံဃေ၊ သံဃာအား။ ဒိန္နေ၊ပေးလှူအပ်သော ဝတ္ထုသည်။အဟဉ္စေဝ၊ငါအားလည်းကောင်း။ သံဃော၀ါ၊ သံဃာအားလည်းကောင်း။ ပူဇိတော၊ပူဇော်အပ်သည်။ ဘဝိဿာမိ၊အံ့။ပ။ ဒေဝါနမိန္ဒော၊ နတ်တို့ကို အစိုးရသော။ သက္ကော၊ သိကြားသည်။ဘဂဝန္တံ၊ သခင်ဘုရားကို။ ဇတံ၊ဤသို့သော စကားကို။ အဝေါစ၊ဆို၏။

[1]ပြဲပစိတံ၊ အကုသိုလ်မှ စင်ထသော။ ပုညံ၊ ကုသိုလ်ကို။ ကရောန္တာနံ၊ ပြုကုန်ထသော။ ပုညသေခါနံ၊ ကောင်းမှုကိုငဲ့တတ်ကုန်ထသော။ ယဇမာနာနံ၊ ပူဇော်တတ်ကုန်ထသော။ ပါဏီနံ၊ သတ္တဝါဟု ဆိုအပ်ကုန်ထသော။ မနုဿာနံ၊ လူတို့အား။ လူတို့၏။ ကတ္တ၊ အဘယ်မည်သော ပုဂ္ဂိုလ်အား။ ဒိန္နံ၊ ပေးအပ်သော ဝတ္ထု သည်။ မဟပ္ဖလံ၊ များသော အကျိုးရှိသနည်း။ ဣတိဧတံ ဝစနံ၊ ဤသို့သော စကားကို။ အဝေါစ၊ ဆို၏။

စတ္တာရော၊ လေးယောက်ကုန်သော။ ပဋိပန္နာစ၊ မဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်တို့ သည်လည်းကောင်း။ စတ္တာရော၊ လေးယောက်ကုန် ကုန်သော။ ဖလေဋ္ဌိတာ၊ ဖိုလ်၌တည်ကုန်သော ပုဂ္ဂိုလ်တို့သည် လည်းကောင်း။ ဥဇုဘူတော၊ ဖြောင့်ဖြောင့်ဖြစ်သည် ဖြစ်၍ ဖြစ် ထသော။ ပညာသီလသမာဟိတော၊ ပညာသီလ၌ တည်ထသော။ ပညာသီလနှင့် အားထုတ်ထသော။ သေ-ဧသော သမူဟော၊ ဤသို့သော အပေါင်းသည်။ သံဃော၊ သံဃာမည်၏။ပ။ တသ္မိံ၊ ထိုသို့သဘောရှိသော။ သံဃေ၊ သံဃာတော်၌၊ ဒိန္နံ၊ ပေးအပ်သော ဝတ္ထုသည်။ မဟပ္ဖလံ၊ များသော အကျိုးရှိ၏။

သော၊ ထိုသို့ သဘောရှိသော။ သံဃော၊ သံဃာသည်။ ဝိပုလော၊ အထူးသဖြင့်ဖြစ်၍ဖြစ်၏။ မဟဂ္ဂတော၊ မြတ်သည်ဖြစ်၍ ဖြစ်၏။ ဥဒဓိ၊ ရေ၏ဘည်ရာဖြစ်သော။ သာဂရော၊ သာဂရသည်။ အပ္ပမေယျော ဣဝ၊ နှိုင်းယှဉ်ခြင်းမှ ကင်းသကဲ့သို့။ သေ ဧသော သံဃော၊ သည်။ အပ္ပမေယျော၊ နှိုင်းယှဉ်ခြင်းမှကင်း၏။ သေဋ္ဌာ၊ အထူးသဖြင့် မြတ်သည်ဖြစ်၍ ဖြစ်ထသော။ ပဘင်္ကရာ၊ အရောင် အဝါကိုဖြစ်စေတတ်ထသော။ ဝီရိယသာဝကာ၊ ခြင်္သေ့ကဲ့သို့သော ယောကျ်ား မြတ်၏ တပည့်သား ဖြစ်ထသော။ ခြင်္သေ့ကဲ့သို့ ယောကျ်ားမြတ်ဖြစ်၍ တပည့်သားဖြစ်သော။ ဧတေဟိ၊ ထိုသူတို့ သည်။ ဓမ္မံ၊ တရားကို။ မုဒီရယန္တိ၊ ဟောကုန်လတ္တံ့။

---

၁။ ပြဲာမိကံ (ဆဋ္ဌ)

ယေသံမနုဿာနံ၊ အကြင်လူတို့သည်။ သံဃံ၊ သံဃာကို။ ဥဒ္ဒိဿ၊ ရည်၍။ ဒါနံ၊ အလှူကို။ ဒေန္တိ၊ လှူကုန်၏။ တေသံမနုဿာနံ၊ ထိုလူတို့၏။ ဒါနံ၊ အလှူသည်။ သုဒိန္နံ၊ ကောင်းသဖြင့် ပေးအပ်သည် မည်၏။ သုဟုတံ၊ ကောင်းသဖြင့် ပူဇော်အပ်သည် မည်၏။ သုယိဋ္ဌံ၊ ကောင်းသော ယဇ်ပူဇော်သည် မည်၏။ သံဃဂတာ၊ သံဃာသို့ ရောက်ထသော။ ပတိဋ္ဌိတာ၊ သံဃာ၌ တည်ထသော။ သာဒက္ခိဏာ၊ ထိုအလှူကို။ မဟပ္ဖလာ၊ များသော အကျိုးရှိ၏ဟူ၍။ လောကဝိဒုနာ၊ ဘုရားစသော သူတော်ကောင်းသည်။ ဝဏ္ဏိတာ၊ ချီးမွမ်းအပ်ကုန်၏။

တေဒိသံ၊ ဤသို့သဘောရှိသော။ ယညံ၊ ယဇ်ပူဇော်သည်၏ အကျိုးကို။ အနုဿရန္တာ၊ အောက်မေ့ကုန်သည် ဖြစ်၍။ ဝေဒဇာတာ၊ ဖြစ်သော ဝမ်းမြောက်ခြင်း ရှိသည်ဖြစ်၍။ ယေ၊ အကြင် သူတို့သည်။ လောကေ၊ ၌။ သမူလံ၊ အကြောင်းနှင့် တကွသော။ မစ္ဆေရမလံ၊ ဝန်တိုခြင်းဟူသော အညစ်အကြေးကို။ ဝိနေယျ၊ ဖျောက်၍။ ဝိဟရန္တိ၊ နေကုန်၏။ အနိန္ဒိတာ၊ မကဲ့ရဲ့အပ်ကုန်သော။ တေ၊ ထိုသူတို့သည်။ သဂ္ဂံ၊ နတ်ပြည်ဖြစ်သော။ ဌာနံ၊ ဌာနကို။ ဥပေန္တိ၊ ကပ်ကုန်၏။

နဝတ္တဗ္ဗံသံဃောဘုဉ္ဇတီတိကထာနှောင်ကား နဝတ္တဗ္ဗံသံဃဿ ဒိန္နံ မဟပ္ဖလန္တိ ကထာကို ဟောတော်မူ၏။ ထိုသည်ကား ပရဝါဒီ ပက္ခကို ဟောတော်မမူ။ သကဝါဒီပက္ခကိုသာ ဟောတော်မူ၏။ ထိုသည်ကား နသုတ္တာ ဟရဏာ နယောဂ သုတ္တာ ဟရဏာ နယောဂဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတွင် နသုတ္တာဟရဏာ နယောဂသည်ကား ပါဟုနေယျာဒိ အနုယောဂ ပုရိသယုဂါ နယောဂဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင် နသုတ္တာ ဟရဏာနယောဂသည်ကား စုဏ္ဏိယ ဖြစ်သော သုတ္တာဟရဏာ ဂါထာဖြစ်သော သုတ္တာဟရဏာ နယောဂဟူ၍ နှစ်ပါးအပြား ရှိ၏။ ပရဝါဒီပက္ခကိုဟောသော်ကား သံဃောဘုဉ္ဇတိပိဝတိခါဒတိ သာယတီတိ။ အာမန္တာ။ မဂ္ဂေါဘုဉ္ဇတိပိဝတိ ခါဒတိ သာယတိဖလံ

ဘုဥ္ဇတိပိဝတိခါဒတိသာယတိတိ နဟေဝံဝတ္တဗ္ဗေတည်း။ဤသို့လျှင် အောက်၊က ပရဝါဒီပက္ခကိုယူ၍ ဟောလေ။

နဝတ္တဗ္ဗံ သံဃဿ ဒိန္နံမဟပ္ဖလန္တိကထာ နိဋ္ဌိတာ။

---

## ၁၀–နဝတ္တဗ္ဗံ ဗုဒ္ဓဿဒိန္နံမဟပ္ဖလန္တိကထာ

၇၉၉။ ပ။ ဘဂဝါ၊ သခင်ဘုရားသည်။ ဒွိပဒါနံ၊ အခြေနှစ်ချောင်း ရှိသောသူတို့တွင်။ အဂ္ဂေါနနု၊ မြတ်သည်မဟုတ်လော။ပ။ သေဋ္ဌောနနု၊ ချီးမွမ်းအပ်သည်မဟုတ်လော။ပ။ ပါမောက္ခောနနု၊ အကြီးဖြစ်သည် မဟုတ်လော။ပ။ ဥတ္တမောနနု၊ ကျော်စောသည် မဟုတ်လော။ပ။ ပဝရောနနု၊ အမြင့်မြတ်သည် မဟုတ်လော။ အသမောနနု၊ တူသောသူမရှိသည်မဟုတ်လော။ အသမသမော နနု၊ အတုမရှိသော ရှေးဘုရားတို့နှင့် တူသည်မဟုတ်လော။ပ။ အပ္ပဋိဘာဂေါနနု၊အတုမရှိခွဲခြမ်းခြင်းရှိသည်မဟုတ်လော။ အပ္ပဋိပုဂ္ဂလောနနု၊ အတုမရှိသော ပုဂ္ဂိုလ် မရှိသည်မဟုတ်လော။ အာမန္တာ၊ ၏။ပ။

ဗုဒ္ဓေန၊ ဘုရားသခင်နှင့်။ သီလေန၊ သီလသည်လည်းကောင်း။ သမာဓိနာ၊ သမာဓိသည်လည်းကောင်း။ ပညာယ၊ ပညာသည်လည်းကောင်း။ သမသမော၊ တူသော။ ကောစိ၊ တစုံတယောက်သောသူသည်။ အတ္ထိ၊ ရှိသလော။ နတ္ထိ၊ မရှိ။ပ။ ပုညတ္ထိကာနံ၊ ကောင်းမှုကို အလိုရှိကုန်သော။ ဝိပုလ ဖလေသိနံ၊ အထူးသဖြင့် ဖြစ်၍ဖြစ်သော အကျိုးကို ရှာကုန်သော။ အာဟုနေယျာနံ၊ မြတ်သော အလှူကို ခံသော သူတို့ထက်။ ဘဂဝါ၊ သခင်ဘုရားသည်။ အဂ္ဂတံ၊မြတ်သောအဖြစ်သို့၊ ဂတော၊ရောက်၏။ ဣမသ္မိံ လောကေ၊ ဤပစ္စုပ္ပန်လောက၌ လည်းကောင်း။ပုန၊တဖန်။ ပရသ္မိံ လောကေ ဝါ၊ တမလွန်လောက၌ လည်းကောင်း။ တေန၊ ထိုသို့သဘော ရှိသော။ ဗုဒ္ဓေန၊ သခင်ဘုရားထက်၊သေဋ္ဌော၊မြတ်သောသူသည် လည်းကောင်း။ သမော၊ တူသော သူသည် လည်းကောင်း။ နဝိဇ္ဇတိ၊ မရှိ။ပ။

**အဓိပ္ပါယ်ကား။** ဘုရားမြတ်စွာသည့် လောကသို လိုက်၍ မစားသော်လည်း စားသကဲ့သို့သာပြုတော်မူသည်။ဘုဉ်းပေးသည် မဟုတ်ဟူ၍ ပရဝါဒီအမှတ်မှား၍ အာမန္တာခံသထည်း။သကဝါဒီ ပက္ခ သော်ကား စား၏။ စားသောကြောင့် များစွာသော အကျိုး ရှိ၏။ မရှိသည့်ရှိသော် အဌေါဒ္ဓိပဒါနိ အစရှိသောပါဠ်ကို ဟော တော့်မမူတန်ပြီ။ ။နဝတ္ထုမ္ဗ သံဃဿဒိန္နံ မဟပ္ဖလန္တိ ကထာ နောင်ကား နဝတ္တုမ္ဗုဗုဒ္ဓဿဒိန္နံမဟပ္ဖလန္တိ ကထာကို ဟောတော် မူ၏။ ထိုသည်ကား ပရဝါဒီပက္ခကို ဟောတော်မမူ။ သကဝါဒီ ပက္ခကိုသာ ဟောတော်မူ၏။ ထိုသည်ကား နသုတ္တာဟရဏ သုတ္တာဟရဏ ဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတွင် နသုတ္တာ ဟရဏသည်ကား အဂ္ဂါဒိအနုယောဂ အသမသမာနုယောဂဟူ၍ နှစ်ပါးအပြားရှိ၏။ သုတ္တာဟရဏကိုကား သိကောင်းပြီ။ပရဝါဒီ ကိုသော်ကား အောက်ကနှင့်အတူပင်။

နဝတ္တုမ္ဗုဗုဒ္ဓဿဒိန္နံမဟပ္ဖလန္တိကထာ နိဋ္ဌိတာ။

---

## ၁၁-ဒက္ခိဏာဝိသုဒ္ဓိ ကထာ

၈၀၀။ ဒါယကတောဝ၊ အလှူပေးသော ဒါယကာအားသာ လျှင်။ ဒါနံ၊ အလှူသည်။ ဝိသုဇ္ဈတိ၊ စင်၏။ ပဋိဂ္ဂါဟကတော၊ အလှူခံသောပုဂ္ဂိုလ်အား။ နောဝိသုဇ္ဈတိ မစင်သလော။အာမန္တာ၊ ပြော်၊ မစင်သည် ဟုတ်၏။ လောကဿ၊ လောက၏။ အနုတ္တရံ၊ အတုမရှိသော။ ပုညခေတ္တံ၊ ပုညခေတ္တကို။ ပဋိဂ္ဂါဟကာ၊ ခံတတ် ကုန်သော။ပ။ ကေစိ၊ တစုံတယောက်သောသူတို့သည်။ အတ္ထိနနု၊ ရှိသည်မဟုတ်လော။ အာမန္တာ၊ ရှိ၏။ပ။

သောတာပန္နေ၊သောတာပန်အား။ဒါနံ၊အလှူကို၊ဒတွာ၊ပေး၍။ ဒက္ခိဏာံ၊ ကို။ အာရာဓေန္တိ၊ ပြီးစေတတ်ကုန်သော။ ကေစိ၊ တစုံ တယောက်သောသူတို့သည်။ အတ္ထိနနု၊ မဟုတ်လော။ပ။

အာနန္ဒ၊ အာနန္ဒာ။ စတသော၊ လေးပါးကုန်သော။ ယာဒက္ခိဏာ၊ အကြင်အလှူတို့သည်။ ဝိသုဇ္ဈယော၊ အထူးသဖြင့် စင်ကုန်၏။ ဣမာဒက္ခိဏာ၊ တို့သည်။ အတ္ထိ၊ ၏။ စတသော၊ လေးပါးတို့ဟူသည်ကား။ ကတမာ၊ အဘယ်နည်း။ အာနန္ဒ၊ အာနန္ဒာ။ ယာဒက္ခိဏာ၊ အကြင် အလှူသည်။ ဒါယကတော၊ အလှူပေးသော ဒါယကာအားသာလျှင်။ ဝိသုဇ္ဈတိ၊ စင်၏။ ပဋိဂ္ဂါဟကတော၊ ခံတတ်သော ပုဂ္ဂိုလ်အား။ နေဝဝိသုဇ္ဈတိ၊ မစင်။ သာဒက္ခိဏာ၊ ထိုအလှူသည်။အတ္ထိ၊ရှိ၏။ (ဤလည်းတချက်)။ အာနန္ဒ၊အာနန္ဒာ။ ယာဒက္ခိဏာ၊ အကြင်အလှူသည်။ပဋိဂ္ဂါဟကတော၊ ခံတတ်သော ပုဂ္ဂိုလ်အား။ ဝိသုဇ္ဈတိ၊ စင်၏။ ဒါယကတော၊ အလှူပေးသော ဒါယကာအား။ နောဝိသုဇ္ဈတိ၊ မစင်။ (ဤသည်လည်း တချက်)။ (သိကောင်းပြီ။ ကထာအစဉ်ထားသည်ကိုလည်း သိကောင်းပြီ)။

နဝတ္တမ္ဗံ ဗုဒ္ဓဿ ဒိန္နံ မဟပ္ဖလန္တိကထာနောင်ကား ဒက္ခိဏာဝိသုဒ္ဓိကထာကို ဟောတော်မူ၏။ ထိုသည်ကား ပုစ္ဆာ ပဋိပုစ္ဆာ ဟူ၍နှစ်ပါး။ ပုစ္ဆာသည်ကား သကဝါဒီပက္ခ ပရဝါဒီပက္ခဟူ၍ နှစ်ပါး။ သကဝါဒီပက္ခသည်ကား သာမည ဝိသေသဟူ၍နှစ်ပါး။ သာမညသည်ကား အာဟုနေယျာနုယောဂ ဝိုသယုဂါနုယောဂ ဟူ၍ နှစ်ပါးတည်း။ ဝိသေသသည်ကား သောတာပန္န သကဒါဂါမိ အနာဂါမိ အရဟန္တာဟူ၍ လေးပါးအပြားရှိ၏။ သကဝါဒီပက္ခနောင်ကား ပရဝါဒီပက္ခကို ဟောတော်မူ၏။ ဟောဟုန်သော်ကား ပဋိဂ္ဂါဟကတောဒါနံ ဝိသုဇ္ဈတိ။ အာမန္တာ။အညော အညဿကာရကော။ ပရကတံ သုခဒုက္ခံ အညောကရောတိ။ အညောပဋိသံဝေဒေတီတိ။ နဟေဝံ ဝတ္တဗ္ဗေ တည်း။ ဤကား ပုစ္ဆာတည်း။ ပဋိပုစ္ဆာကိုကား သိကောင်းပြီ။ ။ဒက္ခိဏာ ဝိသုဒ္ဓိကထာ နိဋ္ဌိတာ။ ။ဝဂ္ဂေါ သတ္တရသမော နိဋ္ဌိတော။ ။(ဥဒါန်းကိုကား သိကောင်းပြီ)။

# အဋ္ဌာရသမဝဂ္ဂ

## ၁-မနုဿလောက ကထာ

၈၀၂။ ဘဂဝါ၊ ခြောက်ပါးသောဘုန်းတော်ရှိသော။ ဗုဒ္ဓေါ၊ သခင်ဘုရားသည်။ မနုဿလောကေ၊ လူ၏ပြည်၌။ အဋ္ဌာသိ၊ တည်တော်မူ၏။ ဣတိ၊ ဤသို့။ နဝတ္တဗ္ဗံ၊ မဆိုအပ်သလော။ ဣတိ ပုစ္ဆာယံ၊ သည်။ သတိ၊ သော်။ အာမန္တာ၊ အပ်။ ဗုဒ္ဓဝုတ္ထာနိ၊ ဘုရားတို့သည် နေရာဖြစ်သော။ စေတိယာနိ၊ စေတီတို့လည်း ကောင်း။ အာရာမ ဝိဟာရ၊ အရံကျောင်းလည်းကောင်း။ ဂါမ၊ ရွာငယ်လည်းကောင်း။ နိဂမ၊ ရွာကြီးတို့လည်းကောင်း။ နဂရာနိ၊ မြို့ကြီးတို့လည်းကောင်း။ ရဋ္ဌာနိ၊တိုင်းတို့လည်းကောင်း။ဇနပဒါနိ၊ ဇနပုဒ်တို့လည်းကောင်း။ အတ္ထိနနု၊ရှိသည်မဟုတ်လော။အာမန္တာ၊ ဪ်ရှိ၏။ပ။

ဘဂဝါ၊ ဘုရားသခင်သည်။ ဇာတောနနု၊ ဖြစ်တော်မူသည် မဟုတ်လော။ဗောဓိယာမူလေ ဗောဓိပင်၏အနီး၌။အဘိသမ္ဗုဒ္ဓေါ၊ သစ္စာလေးပါးကို သိတော်မူသည်မဟုတ်လော။ ဗာရာဏသိယံ၊ မြောက်ဦးခေါင်းကဲ့သို့ ကျောက်ရှိသောပြည်၌။ ဘဂဝတာ၊သည်။ ဓမ္မစက္ကံ၊ ဓမ္မစက်ကို။ ပဝတ္တိတံနနု၊ ဖြစ်စေသည်မဟုတ်လော။ စာပါလေစေတိယေ၊ တောစိုးသစ်ပင်၌။ အာယုသင်္ခါရော၊အာယုသင်္ခါရကို။ ဩဿဋ္ဌောနနု၊ လွှတ်တော်မူသည် မဟုတ်လော။ ကုသိနာရာယံ၊ ကုသိနာရုံပြည်၌။ ဘဂဝါ၊ သည်။ ပရိနိဗ္ဗုတော၊ ပရိနိဗ္ဗာန်ပြုတော်မူသည်မဟုတ်လော။ပ။

ဘိက္ခဝေ၊ ရဟန်းတို့။ အဟံ၊ သည်။ ဧကံသမယံ၊ တပါးသော အခါ၌။ ဥက္ကဋ္ဌာယံ၊ ဥက္ကဋ္ဌမြို့၌။ သုဘဂဝနေ၊ သုဘဂတော၌။ သာလရာဇမူလေ၊သခွတ်ပင်၏အနီး၌။ ဝိဟရာမိ၊၏။ဘိက္ခဝေ၊တို့။ အဟံ၊သည်။ပ။ဥရုဝေဋ္ဌာယံ၊များသောသဲရှိသောပြည်၌။အဇပါလ နိဂြောဓေ၊ ဆိတ်တို့သည် စည်းဝေးရာဖြစ်သော ပုဏ္ဏားတို့သည် မန္တန်စိပ်ရာ ဖြစ်သော ညောင်ပင်၌။ ပဌမာဘိသမ္ဗုဒ္ဓေါ၊ သစ္စာ

လေးပါးကိုသိသည်ဖြစ်၍။ ဝိဟရာမိ၊ ၏။ပ။ရာဇဂဟ ဟေားမန္တာတ်မင်း တို့သည်ယူရာဖြစ်သောတော၌ လည်းကောင်း။ဝေဠုဝနေ၊ ကြခတ် ရှိသောတော၌ လည်းကောင်း။ ကလန္ဒကနိဝါပေ။ ရှည့်နက် တို့အား အစာပေးရာ ဖြစ်သော တော၌။ ဝိဟရာမိ ၏။ပ။ သာ ဝတ္ထိယံ၊ သာဝတ္ထိရသေ့၏ သင်္ခမ်းရာဖြစ်သော ပြည်၌ (ခပ်သိမ်း စုံ၏ တည်ရာဖြစ်သော ပြည်၌ လည်းဟူ) ။ပ။ ဝေသာလိယံ၊ သုံးကြိမ်ချဲ့သော်ပြည်၌။ (တခါဖွါးလျှင် နှစ်ယောက်သည် တဆဲ့ ခြောက်ကြိမ် ဖွါးသော ပြည်၌လည်းဟူ၏) ။ပ။ ကူဋာဂါရသာ လာယံ၊ အထွတ်ရှိသောစရပ်၌။ ဝိဟရာမိ၊ ၏။ပ။ အနုပလိတော၊ မလိမ်းကျံသည်ဖြစ်၍။ ဝိဟရာမိ၊ ၏။ပ။

**အဓိပ္ပါယ်ကား။** ပရဝါဒီ အမှတ်သည်ကား တုသိတာ၌ ဖြစ်သည် လူ၏ပြည်၌ မဖြစ်ဟူ၍ ဆိုသတည်း။ လူနှင့်မဆက်ဆံ ဟူသည်ကို နှလုံးသွင်း၍ အမှတ်မှားသတည်း။ သကဝါဒီအမှတ် သော်ကား လူ၏ပြည်၌ဖြစ်လျက် အာလာပသလ္လာပမပြုဟူ၍ကား ဆိုလိုသတည်း။ လူ့ပြည်၌မဖြစ်ဟူ၍ မဆိုအပ်။ လူ့ပြည်၌ဖြစ်သော ကြောင့်တည်း။ မည်သည့် ပြည်၌ နေတော်မူ၏။ မည်သည့်ပြည်၌ ဝါဆိုတော်မူ၏။ ဤသို့အစရှိသည်ကို ဆိုခြင်းသည်လျှင် နေတော် မူသောကြောင့် ဆိုသည်မဟုတ်လော။

သတ္တရသမ ဝဂ်နောင်ကား အဋ္ဌာရသမ ဝဂ်ကို ဟောတော် မူ၏။ ထိုသည်ကား သကဝါဒီပက္ခ ပရဝါဒီပက္ခဟူ၍နှစ်ပါးအပြား ရှိ၏။ ထိုတွင် သကဝါဒီပက္ခသည်ကား နသုတ္တာဟရဏ သုတ္တာ ဟရဏဟူ၍ နှစ်ပါးအပြားရှိ၏။ထိုတွင် နသုတ္တာဟရဏသည်ကား စေတိယာဒိ အနုယောဂ လုမ္ဗိနိယာဒိ အနုယောဂဟူ၍ နှစ်ပါး အပြားရှိ၏။ သုတ္တာဟရဏကိုကား သိကောင်းပြီ။ သကဝါဒီပက္ခ နောင်ကား ပရဝါဒီပက္ခကို ရှေးဦးစွာ ဟောတော်မူ၏။ ဟော ဟန်ကား ဗုဒ္ဓေါဘဂဝါ မနုဿလောကေ အဋ္ဌာသီတိ။ အာမန္တာ။ နနုဘဂဝါ လောကေဇာတော။ လောကေသမ္ဘုဒ္ဓေါ။ လောကေ

အဘိဘုယျဝိဟရတိ၊ အနုပလိတ္တောလောကေနာတိ။ အာမန္တာ။ ဟဋ္ဌိဘဂဝါအစရှိသည်တည်း။

မနုဿလောကကထာ နိဋ္ဌိတာ။

---

## ၂-ဓမ္မဒေသနာကထာ

၁၀၄။ ။ပ။ကေနာ၊ အသူသည်။ ဒေသိတော၊ သလော။ အဘိနိမ္မိတေန၊ အဘိနိမ္မိတပုဂ္ဂိုလ်သည်။ ဒေသိတော၊ဟောတော်မူ၏။ အဘိနိမ္မိတော၊သည်။ ဇိနော၊ မာရ်ငါးပါးကို အောင်သလော။ သတ္ထာ၊ နတ်နှင့်တကွသော လူကို ဆုံးမတတ်သလော။ သမ္မာသမ္ဗုဒ္ဓေါ၊ အလိုလိုလျှင် သစ္စာလေးပါးကို သိသလော။ သဗ္ဗညူ၊ ခပ်သိမ်းသော တရားကို သိတတ်သော အလေ့ရှိသလော။ သဗ္ဗဒဿာဝီ၊ ခပ်သိမ်းသော သူတို့ကို မြင်တတ် သလော။ ဓမ္မသာမိ၊ တရားကြောင့် လူနတ်တို့၏ အရှင်ဖြစ်သလော။ ဓမ္မပ္ပဋိသရဏော၊ တရားလျှင် ကိုးကွယ်ရာဖြစ်သလော။ပ။

အာယသ္မတာ၊ ရှည်သော အသက်ရှိသော။ အာနန္ဒေန၊ အာနန္ဒာသည်။ ဒေသိတာ၊ ဟောတော်မူ၏။ အာယသ္မာ အာနန္ဒော၊သည်။ ဇိနော၊ မာရ်ငါးပါးကို အောင်သလော။ပ။

၁၀၅။ သာရိပုတ္တ၊ သာရိပုတ္တရာ။ အဟံ၊ သည်။ သံခိတ္တေနပိ၊ အကျဉ်းအားဖြင့်လည်း။ပ။ ဒေသေယျံ၏။ သာရိပုတ္တ၊သာရိပုတ္တရာ။ အဟံ၊သည်။ ဝိတ္ထာရေန၊ အကျယ်အားဖြင့်။ ဓမ္မံ၊တရားကို။ ဒေသေယျံ၊ဟော၏။ပ။ သံခိတ္တဝိတ္ထာရေနပိ၊ အကျဉ်းအကျယ်အားဖြင့်။ ဓမ္မံ၊ကို။ ဒေသေယျံ၊ ဟော၏။ အညာတာရောစ ဆုံးမတတ်သော သူကိုသာလျှင်။ ဒုလ္လဘာ၊ ရခဲ၏ရှင့်။ပ။

၁၀၆။ ဘိက္ခဝေ၊ ရဟန်းတို့။ အဟံ၊ သည်။ အဘိညာယ၊၍။ ဓမ္မံ၊သစ္စာလေးပါး တရားကို။ ဒေသေမိ၊ဟော၏။ အနဘိညာယ၊ မသိမူ၍။ ဓမ္မံ၊တရားကို။ နောဒေသေမိ၊မဟော။ ဘိက္ခဝေ၊ တို့။ အဟံ၊သည်။ သနိဒါနံ၊ အကြောင်းနှင့် တကွသော။ ဓမ္မံ၊ကို။ ဒေသေမိ၊ ၏။ အနိဒါနံ၊ အကြောင်းမရှိသော။ ဓမ္မံ၊ကို။ နော

ဒေသေမိ၊မဟော။ပ။ဩဝါဒေဒါ၊အဆုံးအမကို။ကာရုဏိယော၊ပြုအပ်၏။ အနုသာသနီ၊ အဆုံးအမကို။ ကာရုဏိယာ၊ အပ်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ဝေါ၊ သင်တို့၏။ တုဋ္ဌိယာ၊ နှစ်သက်ခြင်းငှါ။ အလံ၊ စွမ်းနိုင်၏။ပ။ဘဂဝါ၊သခင်ဘုရားသည်ကား။ သမ္မာသမ္ဗုဒ္ဓေါဝတ၊ သစ္စာလေးပါးကို သိတတ်စွတကား။ ဓမ္မော၊ဓမ္မသည်။ သွာချာတောဝတ၊ ကောင်းစွာဟောအပ်စွတကား။ သံဃော၊သည်ကား။ သုပ္ပဋိပန္နောဝတ၊ကောင်းစွာကျင့်စွတကား။ဣမသ္မိံ ပန ဝေယျာကရဏသ္မိံ၊ဤသို့သော ဝေယျာကရဏ်း ကျမ်းကို။ ဘညမာနေ၊ သရဇ္ဈာယ်သည်ရှိသော်။ ဒသသဟဿိလောကဓာတု၊တသောင်းသော လောကဓာတ်သည်။ အကမ္ပိတ္ထ၊ တုန်လှုပ်၏။ပ။

**အမှာ** မနုဿလောက ကထာနှောင်ကား ဓမ္မဒေသနာကထာကို ဟောတော်မူ၏။ ထိုသည်ကား ပရဝါဒီပက္ခကိုကား ဟောတော်မမူ။ သကဝါဒီပက္ခကိုသာ ဟောတော်မူ၏။ ထိုသည်ကား နသုတ္တာဟရဏာ နယောဂ သုတ္တာဟရဏာ နယောဂဟူ၍နှစ်ပါးပြား၏။ ထိုတွင် နသုတ္တာဟရဏာ နယောဂသည်ကား အဘိနိမ္မိတာ နယောဂ အာနန္ဒာနယောဂဟူ၍ နှစ်ပါးအပြားရှိ၏။သုတ္တာဟရဏာ နယောဂသည်ကား သံခိတ္တပိကာရာ နယောဂ အဘိညာယာဒိ အနယောဂဟူ၍ နှစ်ပါးအပြားရှိ၏။ ပရဝါဒီပက္ခကို ဘော်၍ ဟောသော်ကား ဗုဒ္ဓေနဘဂဝတာ ဓမ္မော ဒေသိတောတိ။ အာမန္တာ။ နအဘိနိမ္မိတောတိ။နဟောံ ဝတ္တဗ္ဗေ တည်း။ ဤသို့လျှင်ဘော်၍ ဟောလေ။

ဓမ္မဒေသနာကထာ နိဋ္ဌိတာ။

---

## ၃-ကရုဏာကထာ

၈၀၇။ ။ပ။အကာရုဏိကော၊သနားခြင်းမရှိသလော။ နဟောံ ဝတ္တဗ္ဗေ။ပ။ကာရုဏိကောနနု၊ သနားခြင်းနှင့် ယှဉ်သည် မဟုတ်လော။ လောကဟိတောနနု၊ လောက၏ အစီးအပွါးကို ပြုသည်

မဟုတ်လော။ သောကာ နုကမ္ပကော၊ လောက၏ အစီးအပွါးနှင့် ယှဉ်သည်မဟုတ်လော။ လောကတ္ထ စရိယော၊ လောက၏ အစီး အပွါးကို ကျင့်အပ်သည်မဟုတ်လော။

**အဖွ** ပရဝါဒီအမှတ်ကား ကရုဏာကို ရာဂဟူ၍ မှတ်ဘိ ရကား ကရုဏာသည် မရှိလောဟူ၍ မေးသည် ရှိသော် အာမန္တာ ခံချေသတည်း။ ကရုဏာသည် ရှိသော်ကား ကရုဏာအဘက်မေတ္တာမုဒိတာ ဥပေက္ခာသည်မရှိလောဟူ၍ မေး သည်ရှိသော်မူကား မရှိသည်ကို မထင်ရကား နဟေဝံဝတ္တဗ္ဗေ ဟူ၍ ပယ်သတည်း။ မမ္ဗဒေသနာ ကထာနောင်ကား ကရုဏာ ကထာကို ဟောတော်မူ၏။ ထိုသည်ကား သကဝါဒီပက္ခ ပရဝါဒီ ပက္ခဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတွင် သကဝါဒီ ပက္ခသည် ကား အပ္ပမညာ နုယောဂ ပုဂ္ဂလာနုယောဂ ဟူ၍ နှစ်ပါးအပြား ရှိ၏။ ထိုနှစ်ပါးတွင် အပ္ပမညာနုယောဂသည်ကား ပဋိလောမ အနုလောမဟူ၍နှစ်ပါးအပြားရှိ၏။ ပဋိလောမသည်ကား မေတ္တာ မူလိရှိသည် မုဒိတာမူလိရှိသည် ဥပေက္ခာမူလိရှိသည်ဟူ၍ သုံးပါး အပြားရှိ၏။ အနုလောမသည်ကား မေတ္တာမူလိရှိသည် မုဒိတာ မူလိရှိသည် ဥပေက္ခာမူလိရှိသည်ဟူ၍ သုံးပါးအပြားရှိ၏။ ဤကား အပ္ပမညာ နုယောဂတည်း။ ပုဂ္ဂလာ နုယောဂ ဟူသော်ကား အကရုဏိယာ နုယောဂ ကရုဏိယာနုယောဂ မဟာကရုဏာ သမာပတ္တိ အနုယောဂဟူ၍သုံးပါးအပြားရှိ၏။ ဤကား သကဝါဒီ ပက္ခတည်း။ ထိုနောင်ကား ပရဝါဒီပက္ခကိုဟောတော်မူ၏။ ဟော ဟန်သော်ကား အတ္ထိဗုဒ္ဓဿဘဂဝတောကရုဏာတိ အာမန္တာ။ ဘဂဝါသရာဂေါတိနဟေဝံဝတ္တဗ္ဗေ တည်း။

ကရုဏာကထာ နိဋ္ဌိတာ။

---

## ၄-ဂန္ဓဇာတိ ကထာ

ဂဝ၉။ ဘဂဝတော၊ ဘုန်းရှိသော။ ဗုဒ္ဓဿ၊ သခင်ဘုရား၏။ ဥစ္စာရပဿာဝေါ၊ ကျင်ကြီးကျင်ငယ်သည်။ အတိဝိယ၊ အတိုင်း

ထက်အလွန်။ အညေ၊ တပါးသော။ ဂန္ဓဇာတေ၊ နံ့သာအစရှိသော အနံ့တို့ကို။ အဓိဂ္ဂဏှာတိ၊ လွှမ်းမိုးသလော။ အာမန္တာ၊ ဖြော်လွှမ်းမိုးသည်ဟုတ်၏။ ဘဂဝါ၊ သခင်ဘုရားသည်။ ဂန္ဓဘောဇီ၊ နံ့သာကိုစားသလော။ပ။

ကေစိ၊အချို့သောသူတို့သည်။ဘဂဝတော၊ဘုန်းရှိသော။ဗုဒ္ဓဿ၊ သခင်ဘုရား၏။ ဥစ္စာရပဿာဝံ၊ အလေးအပေါ့ကို။ နှာယန္တိ၊ ချိုးကုန်သလော။ ဝိလိမ္ပန္တိ၊ လိမ်းကျံ ကုန်သလော။ ဥစ္ဆာဒေန္တိ၊ သလော။ ပေဠာယ၊ ပခြုပ်၌။ ပဋိသာမေန္တိ၊ သိုမှီးသလော။ ကရဏ္ဍာယ၊ကြုတ်၌။ နိက္ခိပန္တိ၊ထားကုန်သလော။ အာပဏေ၊ ဈေး၌။ ပသာရေန္တိ၊ ကျင်းပကုန်သလော။ တေန စ ဂန္ဓေန၊ ထိုနံ့သာအစရှိသော အနံ့ဖြင့်။ ဂန္ဓကရဏီယံ၊ ဂန္ဓ၏ ပြုဖွယ်ကို။ ကရောန္တိ၊ သလော။ နဟေဝံ ဝတ္တဗ္ဗေ။

ကရဏာကထာနှောင်ကား ဂန္ဓဇာတိကထာကိုဟောတော်မူ၏။ ထိုသည်ကား ပရဝါဒီပက္ခကိုကား ဟောတော်မမူ။ သကဝါဒီ ပက္ခကိုသာ ဟောတော်မူ၏။ ထိုသည်ကား ဂန္ဓဇာတာနုယောဂ ဘုဉ္ဇမာနာနုယောဂ နှာယန္တာနုယောဂဟူ၍ သုံးပါးအပြားရှိ၏။ ပရဝါဒီပက္ခကို ဘော်၍ဟောသော်ကား နဝတ္တဗ္ဗံ ဗုဒ္ဓဿဘဂဝတောဥစ္စာရပဿာဝေါအတိဝိယ အညေဂန္ဓဇာတေ အဓိဂ္ဂဏှာတီတိ။ အာမန္တာ။ ဘဂဝါ နအတုလောတိ။ နဟေဝံ ဝတ္တဗ္ဗေတည်း။ ဤသို့လျှင်ဟောလေ၏

ဂန္ဓဇာတိကထာ နိဋ္ဌိတာ။

---

## ၅-ဧကမဂ္ဂကထာ

ဧကမဂ္ဂကထာကား အနက်လွယ်၏။ ။ဂန္ဓဇာတိ ကထာနှောင်ကား ဧကမဂ္ဂကထာကို ဟောတော်မူ၏။ ထိုသည်ကား ပုစ္ဆာ ပဋိပုစ္ဆာဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတွင်ပုစ္ဆာသည်ကား သကဝါဒီပက္ခ ပရဝါဒီပက္ခဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတွင် သကဝါဒီပက္ခသည်ကား သမောဓာနာနုယောဂ ပဇဟာ

နာနုယောဂ ဟူ၍ နှစ်ပါးအပြားရှိ၏။ ပဇဟနာနုယောဂသည်ကား မဂ္ဂပဇဟန ကိလေသပဇဟနဟူ၍ နှစ်ပါးအပြားရှိ၏။ မဂ္ဂပဇဟနသည်ကား သောတာပတ္တိမဂ္ဂါနုယောဂ သကဒါဂါမိမဂ္ဂါနုယောဂဟူ၍ နှစ်ပါးအပြားရှိ၏။ ကိလေသာနုယောဂသည်ကား ဒိဋ္ဌာနုယောဂ ဩဠာရိကကာမရာဂါနုယောဂ အဏုသဟဂတာနုယောဂဟူ၍ သုံးပါးအပြားရှိ၏။ ထိုတွင်တပါးတပါး၌ နသုတ္တာဟရဏ သုတ္တာဟရဏဟူ၍ နှစ်ပါးစီ ရှိသောကြောင့် ခြောက်ပါးအပြားရှိ၏။ ပရဝါဒိပက္ခ သည်ကား သောတာပန် သကဒါဂါမိ အနာဂါမိဟူ၍သုံးပါးအပြားရှိ၏။ ထိုတွင် သောတာပန်ကို ရှေးဦးစွာဟောတော်မူ၏။ ဟောဟန်ကား နဝတ္တဗ္ဗံ ဧကေနအရိယမဂ္ဂေန စတ္တာရိသာမညဖလာနိသစ္ဆိကရောတီတိ။ အာမန္တာ။ သောတာပတ္တိမဂ္ဂေါ ဘာဝိတောတိအာမန္တာ။ဘာဂဝါ သောတာပန္နောတိ နဟေဝံဝတ္တဗ္ဗေတည်း။ သကဒါဂါမိ အနာဂါမိကိုလည်း ဤအတူပင်ဟောလေ။ပုစ္ဆာနောင်ကား ပဋိပုစ္ဆာကို ဟောတော်မူ၏။ ဟောဟန်ကား ဘာဂဝါဧကေန အရိယမဂ္ဂေန စတ္တာရိသာမညဖလာနိ သစ္ဆိကရောတိ။ သာဝကာစတူဟိအရိယမဂ္ဂေဟိစသည်တည်း။

ဧကမဂ္ဂကထာ နိဋ္ဌိတာ။

---

## ၆-ဈာနသင်္ကန္တိကထာ

၈၁၃။ ဈာနာ၊ ဈာန်မှ။ ဈာနံ၊ ဈာန်သို့။ သင်္ကမတိ၊ ပြောင်းသလော။ အာမန္တာ၊ ပြော်ပြောင်း၏။ပ။ ယာအာဝဇ္ဇနာ၊အကြင်အာဝဇ္ဇန်းကိုလည်းစေသလော။ပ။ ယာပဏိဓိ၊ အကြင်ဘဝင်စိတ်လည်သလော။ပ။ ကာမေ၊ ကိလေသကာမဝတ္ထုကာမ၌။ အာဒီနဝတော၊ အပြစ်အားဖြင့်။ မနသိကရောတော၊ နှလုံး၌ပြုသောပုဂ္ဂိုလ်အား။ ဥပ္ပဇ္ဇတိ၊ ဖြစ်သလော။ပ။ တဒေဝပဌမံဈာနံ၊ ထိုပဌမဈာန်ပင်တည်း။ တံဒုတိယဈာနံ၊ ထိုဒုတိယဈာန်လော။ပ။

**အဓိပ္ပါယ်ကား။** ပရဝါဒီ အမှတ်သည် ဈာန်ဟူသည်ကား အာဝဇ္ဇန်းမခြားဘဲဖြစ်သကဲ့သို့ဖြစ်၏ဟူ၍အမှတ်မှား၍ အာမန္တာ ခံသတည်း။ ။ကေမဂ္ဂကထာနောင်ကား ဈာနသင်္ကန္တိကထာကို ဟောတော်မူ၏။ ထိုသည်ကား သကဝါဒီပက္ခ ပရဝါဒီပက္ခဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုတွင် သကဝါဒီပက္ခသည်ကား ကေန္တရိက သင်္ကမနာနုယောဂ အဋ္ဌသဟဂတ သင်္ကမနာ နုယောဂဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုတွင် ကေန္တရိကသင်္ကမနာ နုယောဂသည် ကား ပဌမတတိယသင်္ကမနာနုယောဂ ဒုတိယစတုတ္ထသင်္ကမနာ နုယောဂဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုတွင် အဋ္ဌသဟဂတသင်္ကမနာ နုယောဂသည်ကား ပဌမဒုတိယ အဋ္ဌသဟဂတသင်္ကမန ဒုတိယ တတိယ အဋ္ဌသဟဂတသင်္ကမန တတိယ စတုတ္ထအဋ္ဌ သဟဂတသင်္ကမနဟူ၍ သုံးပါးအပြားရှိ၏။ ထိုတွင် ပဌမဒုတိယ သည်ကား အာဝဇ္ဇနာဒိအနုယောဂ ပဟာနင်္ဂါနုယောဂ သမ္ပ ယောဂင်္ဂါနုယောဂ တဒြေဝါနုယောဂဟူ၍ လေးပါးအပြားရှိ ၏။ ထိုတွင် အာဝဇ္ဇနာဒိ အနုယောဂသည်ကား သာမည ဝိသေ သဟူ၍နှစ်ပါးအပြားရှိ၏။ သာမညသည်ကား တချက်သာ။ဝိသေ သသည်ကား အနုလောမ ပဋိလောမဟူ၍ နှစ်ပါးအပြားရှိ၏။ ပဟာနင်္ဂဟူသော်ကား အာဒီနဝတောစသည်တည်း။ သမ္ပယော ဂင်္ဂဟူသော်ကား သဝိတက္ကသဝိစာရစသည်တည်း။ ဒုတိယတတိ ယမှာလည်းအတူပင်။ တတိယဗတုတ္ထမှာလည်း ဤနည်းအတူပင်။ ပရဝါဒီပက္ခကား နဝတ္တဗ္ဗံအစရှိသည်တည်း။

ဈာနသင်္ကန္တိကထာ နိဋ္ဌိတာ။

---

## ၇-ဈာနန္တရိကကထာ

၈၁၇။ ဈာနန္တရိကာ၊ ဈာန်၏အကြားဌ် ဖြစ်သော သမာဓိ သည်။ အတ္ထိ၊ ရှိသလော။ အာမန္တာ၊ ၏။ (အနက်လွယ်၏)။

ဈာနသင်္ကန္တိကထာနောင်ကား ဈာနန္တရိက ကထာကိုဟော တော်မူ၏။ ထိုသည်ကား ပုစ္ဆာ ပဋိပုစ္ဆာဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုတွင် ပုစ္ဆာသည်ကား သကဝါဒီပက္ခ ပရဝါဒီပက္ခဟူ၍နှစ်ပါး တွင် သကဝါဒီပက္ခ သည်ကား ဖဿန္တရိကာဒိ အနုယောဂ သမောဓာနာ အနုယောဂ ဈာနန္တရိကာ နုယောဂ ပဌုပုစ္ဆာ နုယောဂဟူ၍ လေးပါးအပြားရှိ၏။ ထိုတွင်ဈာနန္တရိကာနုယောဂ သည်ကား အမိဿကာနုယောဂ မိဿကာနုယောဂဟူ၍နှစ်ပါး အပြားရှိ၏။ ထိုတွင်အမိဿကာနုယောဂ သည်ကား အနုလောမ ပဋိလောမနှစ်ပါးအပြားရှိ၏။ ထိုတွင်အနုလောမသည်ကားဒုတိယ တတိယာနုယောဂ တတိယ စတုတ္ထာနုယောဂ နှစ်ပါးအပြားရှိ၏။ ပဋိလောမမှာလည်း ဒုတိယ တတိယာနုယောဂ တတိယစတုတ္ထာ နုယောဂဟူ၍ နှစ်ပါးလည်းကောင်းတည်း။ ဤလေးချက်သည် ကား အမိဿကတည်း။ မိဿကသည်ကား အနုလောမ ပဋိ လောမဟူ၍ နှစ်ပါးအပြားရှိ၏။ အမိဿကနှင့်အတူပင်။ သမော ဓာနာနုယောဂသည်ကား အနုလောမ ပဋိလောမဟူ၍ နှစ်ပါး အပြားရှိ၏။ ထိုတွင် အနုလောမသည်ကား သဝိတက္ကသဝိစာရာ နုယောဂ အဝိတက္က အဝိစာရာ နုယောဂဟူ၍ နှစ်ပါးအပြားရှိ၏။ ပဋိလောမသည်လည်း သဝိတက္ကသဝိစာရာနုယောဂ အဝိတက္က အဝိစာရာနုယောဂဟူ၍နှစ်ပါးအပြားရှိ၏။ ဒွိန္နံဈာနာနံပဌုပုစ္ဆာနံ။ ပါ၊ သမ္မာဒိဋ္ဌိသည်ကား ပဌုပုစ္ဆတည်း။ သကဝါဒီ ပက္ခနောင် ကား ပရဝါဒီပက္ခကို ဟောတော်မူ၏။ ဟောဟန်သော်ကား အဝိတက္ကော ဝိစာရမတ္တော သမာဓိဈာနန္တရိကာတိ။ အာမန္တာ။ အဝိတက္ကော ဝိစာရမတ္တော သမာဓိပဌမံ ဈာနံ ဒုတိယံဈာနံ စတုတ္ထံ ဈာနန္တိ။ နှေဝံဝတ္တဗ္ဗေ။ တေနဟိ အဝိတက္ကော ဝိစာရ မတ္တော သမာဓိ ဈာနန္တရိကာတိ တည်း။ ပဋိပုစ္ဆာကိုကား သိကောင်းပြီ။

ဈာနန္တရိကကထာ နိဋ္ဌိတာ။

## ၈–သဒ္ဒါသုဏာတိတိကထာ

၈၂၃။ သမာပန္နော၊ သမာပတ်ကို ဝင်သော ပုဂ္ဂိုလ်သည်။ သဒ္ဒံ၊ သဒ္ဒါရုံကို။ သုဏာတိ၊ ကြားသလော။ အာမန္တာ၊ ပြောင် ကြား၏။ပ။

**အဓိပ္ပါယ်ကား။** ဈာန်ဝင်သောပုဂ္ဂိုလ်သည် အသံကြားတုံ သော်ကား ဈာန်ဝင်သောပုဂ္ဂိုလ်သည် စက္ခုဖြင့်လည်း ရူပါရုံကို မြင်လိုလအံ့သည်။ ဃာနဖြင့်လည်း ဂန္ဓာရုံကိုနမ်းလိုလအံ့သည်။ လျှာဖြင့်လည်း ရသာရုံကို လျက်လိုလအံ့သည်။ ဤသို့သကဝါဒီ မေးသည်ကို ပရဝါဒီသည်မထင်ရကား နဟေဝံဝတ္တဗ္ဗေဟူ၍ ပယ် သတည်း။ ပဌမဈာန်ကိုဝင်၏။ ဝင်လျက်အသံကြားလျှင် ပျက်လေ သည်ဟူ၍ကား နှလုံးမသွင်းအံ့။ ဈာန်ကို ဝင်စဉ်ပင် အသံကို ကြား၏ဟူ၍ အမှတ်မှားရကား အာမန္တာ ဟူ၍ ပရဝါဒီခံမှား သတည်း။ မနောဝိညာဉ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် သမာဓိ မည်၏။ သောတ ဝိညာဉ် နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် အသံကို ကြားသလောဟူ၍ သကဝါဒီမေးသည်ကိုပရဝါဒီသည် အာမန္တာ ခံချေရကား မနောဝိညာဉ်ဖြစ်ခိုက်လည်း ဖဿတခု သောတ ဝိညာဉ်ဖြစ်ခိုက်လည်း ဖဿတခုဖြစ်သလောဟူ၍ သကဝါဒီ မေး သည်ရှိသော်တမူကား ဖြစ်ခိုက်ကိုမထင်ရကား နဟေဝံ ဝတ္တဗ္ဗေ ဟူ၍ ပယ်သတည်း။ ။ဈာနန္တရိက ကထာနောင်ကား သဒ္ဒံ သုဏာတိကထာကို ဟောတော်မူ၏။ ထိုသည်ကား ပုစ္ဆာ ပဋိ ပုစ္ဆာဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတွင် ပုစ္ဆာသည်ကား သကဝါဒီပက္ခ ပရဝါဒီပက္ခဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတွင် သကဝါဒီပက္ခသည်ကား စက္ခုရူပါဒိ အနုယောဂ ဝိညာဏာ နုယောဂ ဒွိဖဿာဒိအနုယောဂဟူ၍ သုံးပါးအပြားရှိ၏။ ဝိညာ ဏာ နုယောဂသည်ကား သုဒ္ဓမိဿကဟူ၍ နှစ်ပါး။ သုဒ္ဓသည် ကား သောတဝိညာဏ သမင်္ဂိကာ နုယောဂ မနောဝိညာဏ သမင်္ဂိကာနုယောဂဟူ၍နှစ်ပါးတည်း၊မိဿကတချက်သာတည်း။ ပရဝါဒီပက္ခကိုကား သိကောင်းပြီ။ ပဋိပုစ္ဆာသည်ကား ဝိတက္က

ဝိစာရကဏ္ဍကာ နုယောဂ ပီတိကဏ္ဍကာနုယောဂ အာကာသာနဉ္စာယတနကဏ္ဍကာ နုယောဂ ဝိညာဏဉ္စာယတန ကဏ္ဍကာနုယောဂ အာကိဉ္စညာ ယတန ကဏ္ဍကာနုယောဂ နေဝသညာနာသညာယတန ကဏ္ဍကာ နုယောဂ သညာဝေဒယိတနိရောဓ ကဏ္ဍကာနုယောဂဟူ၍ ရှစ်ပါး အပြားရှိ၏။

သဒ္ဒံသုဏာတီတိကထာ နိဋ္ဌိတာ။

---

## ၉-စက္ခုနာရူပံပဿတီတိ ကထာ

၇၂၆။ စက္ခုနာ၊ စက္ခုဖြင့်။ ရူပံ၊ ရုပ်ကို။ ပဿတိ၊ မြင်သလော။ အာမန္တာ၊ မြင်၏။ ပ။

**အဓိပ္ပါယ်ကား။** စက္ခု၏အရကို စက္ခုပသာဒကိုယူ၍ စက္ခုပသာဒဟူ၍ အမှတ်မှား၍ ပရဝါဒီသည် အာမန္တာခံသတည်း။ ထိုသို့တမူကား စက္ခု၏အရသည် စက္ခုပသာဒ မဟုတ်။ စက္ခုပသာဒသည် ရုပ်ကိုမမြင်။ စက္ခု၏အရကို ဝိညာဉ်ယူ၍ ဝိညာဉ်သည် မြင်သည်ဖြစ်ရာသတည်း။ ရူပေနရူပံပဿတိဟူ၍ သကဝါဒီ မေးသည်ကို အာမန္တာဟူ၍ ပရဝါဒီခံပြန်ပြီးသည်လည်း စက္ခုအရကို စက္ခုပသာဒပင်ယူ၍ အာမန္တာ ခံမှားသတည်း။ ယင်းသော်ကား ရုပ်သည် ရုပ်ကိုပင်သိသလောဟူ၍ ပရဝါဒီ မေးသည်ကို နဟေဝံ ဝတ္တဗ္ဗေဟူ၍ ပယ်သတည်း။ ရုပ်သည် ရုပ်ကိုပင်သိသည် မယင်သောကြောင့် ပယ်သတည်း။ ။သဒ္ဒံ သုဏာတီတိ ကထာ နောင်ကား စက္ခုနာရူပံ ပဿတီတိကထာကို ဟောတော်မူ၏။ ထိုသည်ကား သကဝါဒီပက္ခ ပရဝါဒီပက္ခဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုတွင် သကဝါဒီပက္ခ သည်ကား စက္ခု သောတ ဃာန ဇိဝှါ ကာယဟူ၍ ငါးပါးအပြားရှိ၏။ ထိုငါးပါးတွင် စက္ခုသည်ကား ရူပေနရူပံ ပဿတာနုယောဂ ရူပေနရူပံပဋိဝိဇာနနာ နုယောဂ မနောဝိညာဏာ နုယောဂ စက္ခုသ္မိ အာဝဋ္ဋနာနုယောဂတွင် အနုလောမ တချက် ပဋိလောမ တချက်။ သောတတွင်လည်း

လေးပါး။ ဿာနတွင်လည်း လေးပါး။ ဇိဝှါတွင်လည်း လေးပါး။ ကာယ တွင်လည်း လေးပါး တည်း။ (ပရဝါဒီ ပက္ခ ကိုကား သိကောင်းပြီ)။ ။စက္ခုနာရူပံပဿတီတိ ကထာ နိဋ္ဌိတာ။ ဝဂ္ဂေါအဋ္ဌာရသမော။ ။(ဥဒ္ဒါန်းကို သိကောင်းပြီ)။

---

# ကျေနုပိုသတိမဝဂ္ဂ

## ၁-ကိလေသဇဟာန ကထာ

၈၂၈။ အတီတေ၊ အတိတ်၌။ ကိလေသေ၊ ကိလေသာတို့ကို။ ဇဟာတိ၊ ပယ်သလော။ အာမန္တာ၊ ပြော်ပယ်၏။ နိရုဒ္ဓံ၊ ချုပ်ပြီး သော ကိလေသာကို။နိရောဓေတိ၊ချုပ်ပြန်စေသလော။ပ။ရတ္တော၊ တပ်တတ်သောသူသည်။ ရာဂံ၊ ရာဂကို။ ဇဟာတိ၊ ပယ်သလော။ ဒုဋ္ဌော၊ ပြစ်မှားတတ်သောသူသည်။ (အနက်လွယ်၏)။

**အဓိပ္ပါယ်ကား။** ပရဝါဒီ အမှတ်လည်း အတိတ်၌ဖြစ်သော ကိလေသာတို့ကိုလည်း အတိတ်၌ ပယ်၏။ အနာဂတ်၌ဖြစ်သော ကိလေသာတို့ကိုလည်း အနာဂတ်၌ပယ်၏။ ပစ္စုပ္ပန်၌ ဖြစ်သော ကိလေသာတို့ကိုလည်း ပစ္စုပ္ပန်၌ ပယ်၏ဟူ၍ အမှတ်မှား၍ အာမန္တာခံသတည်း။ သကဝါဒီသော်တမူကား ပယ်၏ ဟူသော် ပယ်လျှင်းသည်မဟုတ်။ မဂ်သည် ဥပါဒ်လေ၏။ မဂ်ဥပါဒ်လျှင် ကိလေသာ မဥပါဒ်နိုင်ဖြစ်သည်မှုကိုသော်ကား ဆိုလိုသတည်း။ ပယ်လျှင်းသည်မဟုတ်။

စက္ခုနာရူပံပဿတီတိ ကထာနှောင်ကား ကိလေသဇဟာန ကထာကို ဟောတော်မူ၏။ ထိုသည်ကား သကဝါဒီပက္ခ ပရဝါဒီ ပက္ခဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတွင် သကဝါဒီပက္ခသည် ကား အတိတ် အနာဂတ် ပစ္စုပ္ပန် ဟူ၍ သုံးပါးအပြားရှိ၏။ ထို သုံးပါးတွင် အတိတ်သည်ကား နိရုဒ္ဓနိရောဓေတာဒိ အနုယောဂ အတီတံနိရုဒ္ဓါနုယောဂ အတီတံနတ္ထာနုယောဂ ဟူ၍ သုံးပါး အပြားရှိ၏။ အနာဂတ်သည်ကား အဇာတံအဇနေတာဒိ အနု

ယောဂ အနာဂတံအဇ္ဈတ္တနုယောဂ အနာဂတနဋ္ဌာနုယောဂ ဟူ၍ သုံးပါးအပြားရှိ၏။ ပစ္စုပ္ပန်သည်ကား နသုတ္တာဟရဏ သုတ္တာဟရဏဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတွင် နသုတ္တာ ဟရဏသည်ကား ဇဟတျာနုယောဂ သမောဓာနာ နုယောဂ သမုဋ္ဌာဘာဝါနုယောဂဟူ၍ သုံးပါးအပြားရှိ၏။ ထိုသုံးပါးတွင် ဇဟတျာနုယောဂသည်ကား ရတ္တာဒိ အနုယောဂ ရာဂေနရာဂံ ဇဟတျာဒိ အနုယောဂ ဟူ၍ နှစ်ပါးရှိ၏။ (သိကောင်းပြီ)။

ကိလေသဇဟနကထာ နိဋ္ဌိတာ။

---

## ၂-သုညတကထာ

ကိလေသဇဟနကထာနောင်ကား သုညတကထာကို ဟော တော်မူ၏။ ထိုသည်ကား သကဝါဒီပက္ခ ပရဝါဒီပက္ခ ဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတွင် သကဝါဒီပက္ခသည် အနိမိတ္တာဒိ သံသန္ဒနာနုယောဂ အနိစ္စာဒိသံသန္ဒနာ နုယောဂ ခန္ဓမိဿကာဒိ သံသန္ဒနာနုယောဂ ဟူ၍သုံးပါးအပြားရှိ၏။ ထိုသုံးပါးတို့တွင် အနိ မိတ္တာဒိသံသန္ဒနာနုယောဂသည်ကား အနုလောမ ပဋိလောမဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုအနုလောမသည်ကား အနိမိတ္တာနုယောဂ အပ္ပဏိဟိတ အနုယောဂ ဟူ၍ နှစ်ပါးတည်း။ ပဋိလောမမှာ လည်း နှစ်ပါးလည်းကောင်းတည်း။ အနိစ္စာဒိသံသန္ဒနာနုယောဂ သည်ကား အနုလုံတချက် ပဋိလုံတချက်သာတည်း။ ခန္ဓမိဿက သည်ကား အနုလောမ ပဋိလောမ ဟူ၍ နှစ်ပါးအပြားရှိ၏။ အနုလောမသည်ကား ရူပက္ခန္ဓာ ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာဟူ၍ ငါးပါး အပြားရှိ၏။ ပဋိလုံမှာ လည်း ငါးပါးလည်းကောင်း တည်း။ (ပရဝါဒီပက္ခ ကိုကား သိကောင်းပြီ)။

သုညတကထာ နိဋ္ဌိတာ။

---

## ၃-သာမညဖလကထာ

၁၃၅။ သာမညဖလံ၊ သာမညဖိုလ်သည်။ အသင်္ခတံ၊ လော။ အာမန္တာ၊ ဖြေဟုတ်၏။ပ။ တာဏံ၊ လည်းလျှောင်းရာလော။ လေဏံ၊ ပုန်းကွယ်ရာလော။ (အနက်လွယ်၏)။ပ။ သာမညံ၊ ရဟန်း၏ အဖြစ်သည်။ အသင်္ခတံ၊ အသင်္ခတလော။

သုညတ ကထာနောင်ကား သာမညဖလကထာကို ဟော တော်မူ၏။ ထိုသည်ကား သကဝါဒီပက္ခ ပရဝါဒီပက္ခ နှစ်ပါးတွင် ပရဝါဒီပက္ခကို ဟောတော်မမူ။ သကဝါဒီပက္ခကိုသာ ဟောတော် မူ၏။ထိုသည်ကား သာမည ဝိသေသဟူ၍ နှစ်ပါးတွင် သာမညကို ရှေးဦးစွာ ဟောတော်မူ၏။ ထိုသည်ကား နိဗ္ဗာနာဒိ အနုယောဂ ဒွိအသင်္ခတာနုယောဂ ဒွေတာဏာဒိ အနုယောဂ သာမညာ နုယောဂဟူ၍ လေးပါး အပြားရှိ၏။ ထိုလေးပါးတွင် သာမညာ နုယောဂသည်ကား အသင်္ခတ သင်္ခတဟူ၍နှစ်ပါး။ ဝိသေသသည် ကား ဘေဒဝိသေသာနုယောဂ အဘေဒါဝိသေသာ နုယောဂဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတွင် ဘေဒဝိသေသာနုယောဂသည် ကား သောတာပန္နာနုယောဂ သကဒါဂါမိအနုယောဂ အနာဂါမိ အနုယောဂ အရဟတ္တာနုယောဂ ဟူ၍ လေးပါးအပြားရှိ၏။ ထို လေးပါးတွင် သောတာပန္နာနုယောဂ သည်ကား မဂ္ဂါနုယောဂ ဖလာနုယောဂဟူ၍ နှစ်ပါးအပြားရှိ၏။ အနာဂါမိ အနုယောဂ သည်ကား မဂ္ဂါနုယောဂ ဖလာနုယောဂဟူ၍ နှစ်ပါးအပြားရှိ၏။ အရဟတ္တာ နုယောဂသည်ကား မဂ္ဂါနုယောဂ ဖလာနုယောဂဟူ၍ နှစ်ပါးအပြားရှိ၏။ပေါင်းသော် ရှစ်ပါးအပြားရှိသော မဂ်ဖိုလ်တို့ တွင် တပါးပါး၌ နိဗ္ဗာနာဒိ အနုယောဂ ဒွေသင်္ခတာဒိအနုယောဂ ဒွေတာဏာဒိ အနုယောဂဟူ၍သုံးပါးအပြားရှိ၏။ဤကား ဘေဒါ နုယောဂတည်း။ အဘေဒသည်ကား ပဥ္စအသင်္ခတာဒိ အနုယောဂ ပဥ္စတာဏာဒိ အနုယောဂဟူ၍ နှစ်ပါး အပြားရှိ၏။ ဤကား သကဝါဒီ ပက္ခတည်း။ ပရဝါဒီပက္ခကို ဘော်၍ ဖော်သော်ကား

နဝတ္တဗ္ဗံ သာမညဖလံအသင်္ခတန္တိ။ အာမန္တာ။ ကိလေသပ္ပဟာနံ အသင်္ခတန္တိ။ နဟေဝံ ဝတ္တဗ္ဗေ။ပ။ ဤ သို့လျှင် ဟော၍ဟောလေ။

သာမညဖလကထာ နိဋ္ဌိတာ။

---

## ၄-ပတ္တိကထာ

၈၃၇။ ပတ္တိ၊ ရောက်ခြင်းသည်။ အသင်္ခတာ၊ အသင်္ခတမည် သလော။ အာမန္တာ၊ပြော်မည်၏။ပ။ စီဝရဿ၊ သင်္ကန်းကို။ ပတ္တိ၊ ရောက်ခြင်းသည်။ အသင်္ခတာ၊အသင်္ခတမည်သလော။ အာမန္တာ၊ ၏။ (အနက်လွယ်၏)။

**အဓိပ္ပါယ်ကား။** လာဘာသက္ကာရ စသည်ရောက်ခြင်းကိုလျှင် အသင်္ခတဟူ၍ ပရဝါဒီ အမှတ်မှား၍ အာမန္တာခံသည်။ ယင်းသို့ တမူကားမဟုတ်။ လောဘအစရှိသည်ကား ပညတ်သာ။ ပရမတ် မဟုတ်။ သာမညဖလ ကထာနောင်ကား ပတ္တိကထာကို ဟော တော်မူ၏။ ထိုပတ္တိကထာ သည်ကား သကဝါဒီပက္ခ ပရဝါဒီပက္ခ ဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတွင် သကဝါဒီပက္ခကို ရှေး ဦးစွာ ဟောတော်မူ၏။ ထိုသည်ကား သာမညာနုယောဂ ဝိသေ သာနုယောဂ ဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတွင် သာမညာ နုယောဂ သည်ကား နိဗ္ဗာနာဒိ အနုယောဂ ဒွေအသင်္ခတာဒိ အနုယောဂ ဒွေတာဏာဒိ အနုယောဂဟူ၍ သုံးပါးအပြားရှိ၏။ ဝိသေသာ နုယောဂသည်ကား ပစ္စယာနုယောဂ ဈာနာနုယောဂ မဂ္ဂဖလာ နုယောဂ ဟူ၍ သုံးပါးအပြားရှိ၏။ ထိုသုံးပါးတွင် ပစ္စယာနုယောဂ သည်ကား ဘေဒ အဘေဒဟူ၍ နှစ်ပါးအပြား ရှိ၏။ ထိုနှစ်ပါးတွင် ဘေဒပစ္စယာ နုယောဂသည်ကား စီဝရ ပစ္စယာနုယောဂ ပိဏ္ဍပါတသေနာသန ဂိလာနပစ္စယာနုယောဂ ဟူ၍ လေးပါးပြား၏။ ထိုလေးပါးတွင် စီဝရပစ္စယာ နုယောဂ သည်ကား နိဗ္ဗာနာဒိ အနုယောဂဒွေသင်္ခတာဒိနုယောဂ ဒွေတာ ဏာဒိ အနုယောဂဟူ၍ သုံးပါးအပြားရှိ၏။ ပိဏ္ဍပါတမှာလည်း

သုံးပါး။ သေန္နာသနမှာလည်း သုံးပါး။ ဂိလာနပစ္စယ ဘေသဇ္ဇ ပရိက္ခာရမှာလည်း သုံးပါးလည်းကောင်း။ ဤကား ဘေဒတည်း။ အဘေဒသည်ကား စီဝရာနုယောဂ ပိဏ္ဍပါတာ နုယောဂ သေနာ့ သန ဂိလာန ပစ္စယဘေသဇ္ဇ ပရိက္ခာရာနုယောဂဟူ၍ လေးပါး အပြားရှိ၏။ ဤကား ဘေဒတည်း။ ဤနှစ်ပါးသည်လျှင် ပစ္စယာ နုယောဂတည်း။ ဈာနာနုယောဂ သည်ကား ပဌမဈာန် ဒုတိယ ဈာန် တတိယဈာန် စတုတ္ထဈာန် အာကာသာနဉ္စာ ယတန ဝိညာ ဏဉ္စာယတန အာကိဉ္စညာယတန နေဝသညာနာသညာယတန ဟူ၍ ရှစ်ပါးအပြားရှိ၏။ ထိုရှစ်ပါးတို့တွင် တပါးတပါး၌ နိဗ္ဗာ နာဒိ အနုယောဂ ဒွေအသင်္ခတာဒိ အနုယောဂ ဒွေတာဏာဒိအနု ယောဂဟူ၍ သုံးပါးအပြားရှိ၏။ ဤကား ဘေဒတည်း။ အဘေဒ သော်ကား ရှစ်ပါးသာတည်း။ မဂ္ဂဖလာဒိ အနုယောဂသည်ကား ဘေဒ အဘေဒဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုတွင် ဘေဒသည်ကား သောတာပန် သကဒါဂါမိ အနာဂါမိ အရဟတ္တာ နုယောဂဟူ၍ လေးပါးအပြားရှိ၏။ ထိုလေးပါးသည်တပါးတပါး၌ မဂ္ဂဖလဟူ၍ နှစ်ပါးစီပြားသောကြောင့် ရှစ်ပါးအပြားရှိ၏။ ထိုရှစ်ပါးတို့တွင် တပါးတပါး၌ နိဗ္ဗာနာဒိအနုယောဂ ဒွေအသင်္ခတာဒိအနုယောဂ ဒွေတာဏာဒိ အနုယောဂဟူ၍ သုံးပါးအပြားရှိ၏။ ဤသည်ကား ဘေဒတည်း။ အဘေဒသည်ကား နဝအသင်္ခတာဒိ အနုယောဂ နဝတာဏာဒိ အနုယောဂဟူ၍ နှစ်ပါးအပြားရှိ၏။ (ပရဝါဒီပက္ခ ကိုကား သိကောင်းပြီ)။

ပတ္တိကထာ နိဋ္ဌိတာ။

---

### ၅-တထတာကထာ

ဂ၄၁။ သဗ္ဗဓမ္မာနံ၊ ခပ်သိမ်းသော တရားတို့၏။ တထတာ၊ မှန်သည်၏ အဖြစ်သည်။ အသင်္ခတာ၊ အသင်္ခတ မည်သလော။ အာမန္တာ၊ ပြော်မည်၏။ပ။ ရူပသဘာ၊ရုပ်၏။ ရူပတာ၊ရူပတာသည်။

နနုရူပတာ၊ ရူပတာမည်သည် မဟုတ်လော။ အာမန္တာ၊ ဖြေ မည်သည်ဟုတ်၏။ (အနုက်လွှယ်၏)။

**အဓိပ္ပါယ်သော်ကား။** ရုပ်၏လက္ခဏာ ဝေဒနာ၏ လက္ခဏာ သညာ၏ လက္ခဏာ သင်္ခါရ၏ လက္ခဏာ ဝိညာဉ်၏ လက္ခဏာမျှ ကိုသာ နိဗ္ဗာန်ဟူ၍ အမှတ်မှားရကား ပရဝါဒီသည် အာမန္တာ ခံသတည်း။ သကဝါဒီသော်ကား ထိုလက္ခဏာကိုကား ပရမတ် လည်း မဟူရာဖြစ်ခဲ့သော် ထိုကြောင့် အသင်္ခတ မမည်ဟူ၍ ဆို သတည်း။ ပတ္တိကထာနောင်ကား တထတာကထာကို ဟောတော် မူ၏။ ထိုသည်ကား သကဝါဒီပက္ခ ပရဝါဒီပက္ခဟူ၍ နှစ်ပါးအပြား ရှိ၏။ ထိုနှစ်ပါးတွင် သကဝါဒီပက္ခသည်ကား သာမည ဝိသေသ ဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတွင် သာမညသည်ကား နိဗ္ဗာ နာဒိ အနုယောဂ ဒွေအသင်္ခတာဒိ အနုယောဂ ဒွေတာဏာဒိ အနုယောဂဟူ၍ သုံးပါးအပြားရှိ၏။ ဝိသေသသည်ကား ဘေဒ အဘေဒဟူ၍ နှစ်ပါးအပြားရှိ၏။ထိုနှစ်ပါးတွင် ဘေဒသည်ကား ရူပ ဝေဒနာ သညာသင်္ခါရ ဝိညာဏာနုယောဂဟူ၍ငါးပါးအပြား ရှိ၏။ ဤကား ဘေဒတည်း။ အဘေဒသည်ကား ဆအသင်္ခတာဒိ အနုယောဂ ဆတာဏာဒိ အနုယောဂဟူ၍ နှစ်ပါးအပြားရှိ၏။ (ပရဝါဒီပက္ခကိုကား သိကောင်းပြီ)။

တထတာကထာ နိဋ္ဌိတာ။

---

## ၆-ကုသလကထာ

၄၄၄။ နိဗ္ဗာနဓာတု၊ နိဗ္ဗာနဓာတ်သည်။ ကုသလာ၊ ကုသိုလ် မည်သလော။ အာမန္တာ၊မည်၏။

**အဓိပ္ပါယ်ကား။** အနဝဇ္ဇ၏ အရကို ကုသိုလ်ဟူ၍သာ မှတ်၍ ပရဝါဒီ အာမန္တာခံသတည်း။သကဝါဒီ အယူသော်ကား ကုသိုလ် မဟုတ်တကား အကုသိုလ်မှကြွင်းသမျှအနဝဇ္ဇမည်၏။ တထတာ ကထာနောင်ကား ကုသလကထာကို ဟောတော်မူ၏။ ထိုသည်

ကား သကဝါဒီပက္ခ ပရဝါဒီပက္ခနှစ်ပါးတွင် သကဝါဒီပက္ခကို ရှေးဦးစွာ ဟောတော်မူ၏။ ထိုသည်ကား သာမည ဝိသေသဟူ၍ နှစ်ပါးပြား၏။ ထိုနှစ်ပါးတွင် သာမည သည်ကား အနုလောမ တချက် ပဋိလောမတချက်သာတည်း။ ဝိသေသသည်ကား အနုလောမ ပဋိလောမဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတွင် အနုလောမသည်ကား အလောဘ အဒေါသ အမောဟ သဒ္ဓါ သတိ ဝီရိယ သမာဓိ ပညာဟူ၍ ရှစ်ပါးအပြားရှိ၏။ ပဋိလောမမှာလည်း ရှစ်ပါးလည်းကောင်းတည်း။ (ပရဝါဒီပက္ခကိုကားသိကောင်းပြီ)။

ကုသလကထာ နိဋ္ဌိတာ။

---

## ၇-အစ္စန္တနိယာမ ကထာ

၈၄၇။ ပုထုဇ္ဇနဿ၊ ပုထုဇဉ်၏။ အစ္စန္တနိယာမတာ၊ စင်စစ်လျှင် နိယာတမည်သည်။ အတ္ထိ၊ သလော။ အာမန္တာ၊ ရှိ၏။ မာတုဃာတကော၊ သည်။ အစ္စန္တနိယတော၊ စင်စစ်လျှင် မြဲသလော။ ပ။

၈၄၈။ အစ္စန္တနိယတဿ၊ စင်စစ်လျှင် နိယတဖြစ်သော။ ပုဂ္ဂလဿ၊ ပုဂ္ဂိုလ်၏။ ဝိစိကိစ္ဆာ၊ ဝိစိကိစ္ဆာသည်။ ဥပ္ပဇ္ဇေယျ၊ ဖြစ်ရာသလော။ အာမန္တာ၊ ဪဖြစ်၏။ ပ။ ဝိစိကိစ္ဆာ၊ ဝိစိကိစ္ဆာသည်။ နုပ္ပဇ္ဇေယျ၊ မဖြစ်သလော။ အာမန္တာ၊ ဪမဖြစ်။ ဝိစိကိစ္ဆာ၊ ကို။ ပဟီနာ၊ ပယ်ပြီးလော။ နဟေဝံ ဝတ္တဗ္ဗေ။ ပ။ ဝိစိကိစ္ဆာ၊ ဝိစိကိစ္ဆာ၊ ကို။ သောတာပတ္တိမဂ္ဂေန၊ သောတာပတ္တိ မဂ်ဖြင့်။ ပဟီနာ၊ ပယ်သလော။ နဟေဝံ ဝတ္တဗ္ဗေ။ ပ။

ကတမေန၊ အဘယ်မည်သော။ မဂ္ဂေန၊ ဖြင့်။ ပဟီနာ၊ ပယ်သလော။ ဣတိပုစ္ဆာယံ၊ ဤသို့သော အမေးသည်။ သတိ၊ ရှိသော်။ အကုသလေန၊ အကုသိုလ်ဖြစ်သော။ မဂ္ဂေန၊ ဖြင့်။ ပဟီနာ၊ ၏။ ဣတိ အယံဝိသဇ္ဇနာ၊ သည်။ ဟောတိ၊ ဖြစ်၏။ အကုသလော၊ အကုသိုလ်သည်။ မဂ္ဂေါ၊ မဂ်လော။ နိယျာနိကော၊ သံသရာမှထွက်ကြောင်းလော။ ခယဂါမီ၊ ခယ၏ကုန်ကြောင်းလော။ ပ။ သဿတဒိဋ္ဌိယာ၊

သဿတဒိဋ္ဌိ၌။ နိယတဿ၊ နိယတဖြစ်သော။ ပုဂ္ဂလဿ၊ ပုဂ္ဂိုလ်၏။ ဥစ္ဆေဒဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိသည်။ ဥပ္ပဇ္ဇေယျ၊ ဖြစ်ရာသလော။ ပ။

၈၅၂။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓသာသနေ၌။ ဧကစ္စော၊ တယောက်သော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ ဧကန္တကာဠကေဟိ၊ စင်စစ်လျှင်မည်းကုန်သော။ အကုသလေဟိ၊ အကုသိုလ်ဖြစ်ကုန်သော။ ဓမ္မေဟိ၊ ဓမ္မတို့နှင့်။ သမန္နာဂတော၊ ပြည့်စုံ၏။ သော၊ ထိုပုဂ္ဂိုလ်သည်။ သကိံ၊ တကြိမ်။ နိမုဂ္ဂေါ၊ နစ်သည်ဖြစ်၍။ နိမုဂ္ဂေါဝ၊ နစ်သည်သာလျှင်။ ဟောတိ၊ ၏။ ပ။ ဥမ္မုဇ္ဇိတွာ၊ ပေါ်၍။ ဌိတော၊ တည်သည်။ ဟောတိ၊ လော။ ပ။ ဝိပဿတိ၊ သလော။ ဝိလောကေတိ၊ ငဲ့၍ကြည့်သလော။ ပ။ တရတိ၊ ကူးသလော။ ပ။ ပတိဂါဓပ္ပတ္တော၊ ကမ်းတဘက်သို့ ရောက်သလော။ ပ။

**အမှာ** ပုထုဇ္ဇနနိယာမဉ္စ မြဲသည်ချည်းဟူ၍ မှတ်ရကား အာမန္တာ ဟူ၍ခံသတည်း။ သကဝါဒီ မေးပြန်တုံ၏။ အမိကိုသတ်သလော။ အဘကိုသတ်သလော။ ရဟန္တာကို သတ်သလောဟူ၍ မေးသည်ကိုကား သတ်သည် မထင်သော ကြောင့် နဟေဝံဝတ္တဗ္ဗေဟူ၍ ပယ်သတည်း။ သကဝါဒီမေးပြန် တုံ၏။ ဝိစိကိစ္ဆာရှိသလောဟူ၍ မေးသည်ကို အာမန္တာဟူ၍ ပရဝါဒီခံသတည်း။ ယင်းသို့တည်း။ ဝိစိကိစ္ဆာကိုသာ နိယာမဉ္စ မြဲသည်ဟူ၍မဆိုအပ်။ အဘယ်ကြောင့်ဟူမူကား ဝိစိကိစ္ဆာရှိက လျှင်အပ်သလော မအပ်သလော ဟုတ်သလော မဟုတ်သလော ဟူ၍ တောင်ကြံ မြောက်ကြံ ဖြစ်ခဲ့ရာ၏။ ထိုကြောင့်မြဲ၏ဟူ၍မဆို သင့်။ ပယ်၏ဟူ၍လည်းမဆိုအပ်။ ကုသလ ကထာနှောင်ကား အစ္စန္တနိယာမကထာကို ဟောတော်မူ၏။ ထိုသည်ကား ပုစ္ဆာ ပဋိပုစ္ဆာဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတွင် ပုစ္ဆာသည်ကား သကဝါဒီပက္ခ ပရဝါဒီပက္ခဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါး တွင် သကဝါဒီပက္ခသည်ကား ပဉ္စာနန္တရိယာနုယောဂ ဝိစိကိစ္ဆာ နုယောဂ ဒိဋ္ဌိယာနုယောဂဟူ၍ သုံးပါးအပြားရှိ၏။ ဝိစိကိစ္ဆာ နုယောဂသည်ကား ဥပ္ပဇ္ဇနာနုယောဂ ပဟီနာ နုယောဂ မဂ္ဂါ

နုယောဂ ဟူ၍ သုံးပါးအပြားရှိ၏။ မဂ္ဂါနုယောဂသည်ကား လောကုတ္တရာ နုယောဂ အကုသလမဂ္ဂါနုယောဂ ဟူ၍ နှစ်ပါးအပြား ရှိ၏။ အကုသလမဂ္ဂါ နုယောဂသည်ကား အနုလောမ ပဋိလောမ ဟူ၍ နှစ်ပါးအပြားရှိ၏။ ဤကား ဝိဝိကိစ္ဆာနုယောဂ တည်း။ဒိဋ္ဌိယာနုယောဂသည်ကား သဿတဒိဋ္ဌိမူလရှိသည်ဥစ္ဆေဒ ဒိဋ္ဌိမူလရှိသည်ဟူ၍ နှစ်ပါးအပြားရှိ၏။ထိုတွင် သဿတဒိဋ္ဌိမူလရှိသည်ကား ဥပ္ပန္နနုပဟိန မဂ္ဂဟူ၍သုံးပါးအပြားရှိ၏။ ထိုသုံးပါးတွင် မဂ္ဂသည်ကား လောကုတ္တရမဂ္ဂအကုသလမဂ္ဂဟူ၍ နှစ်ပါး အပြားရှိ၏။ဥစ္ဆေဒဒိဋ္ဌိသည်ကားဥပ္ပန္နနုပဟိနမဂ္ဂသုံးပါးအပြားရှိ၏။အတူပင်။သကဝါဒီပက္ခနောင်ကားပရဝါဒီပက္ခကိုဟောတော်မူ၏။ဟောဟန်သော်ကား နဝတ္တဗ္ဗံအတ္ထိ။ပ။ အဇ္ဈေဝသုတ္တန္တေ ာတိ။ အာမန္တာ။ တေနဟိအတ္ထိ။ ပုထုဇ္ဇနဿ အစ္စန္တနိယာမ တာ တိတည်း။ ဤကားပုစ္ဆာတည်း။ ပဋိပုစ္ဆာသည်ကား ဥမ္မုဇ္ဇနိမုဇ္ဇနာနုယောဂ ဥမ္မုဇ္ဇနဋ္ဌိတာနုယောဂဥမ္မုဇ္ဇနဝိပဿနာနုယောဂ ဥမ္မုဇ္ဇန ဝိလောကနာ နုယောဂ ဥမ္မုဇ္ဇနပတရတာ နုယောဂ ဥမ္မုဇ္ဇနပတိဂါဓပ္ပတ္တာ နုယောဂ ဟူ၍ခြောက်ပါးအပြားရှိ၏။

အစ္စန္တနိယာမကထာ နိဋ္ဌိတာ။

---

## ၈-ဣန္ဒြိယကထာ

၈၅၃။ လောကိယံ၊ လောကီဖြစ်သော။ သဒ္ဓိန္ဒြိယံ၊ သဒ္ဓါ။ နတ္ထိ၊ မရှိသလော။ အာမန္တာ၊ ပြော်မရှိ။ပ။ဘိက္ခဝေ၊ ရဟန်းတို့။ အဟံ၊ ငါသည်။ ဗုဒ္ဓစက္ခုနာ၊ ဘုရားမျက်စိဖြင့်။လောကံ၊လောကကို။ ဝေါလောကေန္တော၊ ကြည့်လသော်၊ အပ္ပရဇက္ခေ၊ပညာမျက်စိ၌ နည်းသောကိလေသာမြူလည်း ရှိကုန်ထသော။ မဟာရဇက္ခေ၊ပညာမျက်စိ၌ များသောကိလေသာမြူလည်းရှိကုန်ထသော။ တိက္ခိန္ဒြိယေ၊ ထက်သောဣန္ဒြေလည်း ရှိကုန်ထသော။ မုဒိန္ဒြိယေ၊ နုံးညံ့သော ဣန္ဒြေလည်း ရှိကုန်ထသော။ သွာကာရေ၊ ကောင်းသောအခြင်းအရာလည်း ရှိကုန်ထသော။ သုဝိညာပယေ၊ကောင်း

ဋ္ဌာသိကုန်ယသော။ ပရလောကဝဇ္ဇဘယဒဿာဝိနော၊ တမလွန်
လောက၌ အပြစ်ကိုကြောက်သဖြင့် အဖန်တလဲလဲလည်း ရှုကုန်
သည်ဖြစ်၍။ ဝိဟရန္တေ၊ နေကုန်သော။ အပ္ပေကစ္စေ၊ အချို့ကုန်
သော။ သတ္တေ၊ သတ္တဝါတို့ကို။ အဒ္ဒသံခေါ၊ မြင်၏။ပ။

**အဓိပ္ပါယ်ကား။** ဗောဓိပက္ခိယ မြောက်ထိုက်သော လော
ကုတ္တရာမဂ်အား ဣန္ဒြေရှိကောင်းသည်ဟူ၍ အမှတ်ရှိရကား အာ
မန္တာဟူ၍ ပရဝါဒီခံသတည်း။သကဝါဒီသော်ကား ဣန္ဒြေမြောက်
သည်ကိုသာ ဣန္ဒြေမဟူလို။ ဣန္ဒြေမမြောက်ထိုက်သည်လည်း ဣန္ဒြေ
ဟူလိုသောကြောင့် လောကီသည်ဣန္ဒြေ မည်ကောင်း၏ဟူလိုသ
တည်း။ အစ္စန္တနိယာမကထာနောင်ကား ဣန္ဒြိယကထာကိုဟော
တော်မူ၏။ ထိုသည်ကား သကဝါဒီပက္ခကိုသာ ဟောတော်မူ၏။
ထိုသည်ကား သုဒ္ဓ သံသန္ဒနာဟူ၍နှစ်ပါးအပြားရှိ၏။ထိုသုဒ္ဓသည်
သည်ကား အနုလောမ ပဋိလောမဟူ၍နှစ်ပါး။ အနုလောမ၌
လည်းငါးပါး ပဋိလောမ၌လည်းငါးပါး။ သံသန္ဒနာသည်ကား
လောကိယသံသန္ဒနာ လောကုတ္တရသံသန္ဒနာ သုတ္တာဟရဏာ
နုယောဂဟူ၍ သုံးပါးအပြားရှိ၏။ လောကိယ သံသန္ဒနာသည်
ကား မနိန္ဒြေမူလရှိသည် သောမနဿိန္ဒြေမူလရှိသည် ဇီဝိတိန္ဒြေ
မူလရှိသည်ဟူ၍သုံးအပြားရှိ၏။ ထိုတွင် ထပါးတပါး၌ သဒ္ဓါ
အစရှိသော အားဖြင့် ငါးပါးအပြားရှိ၏။ ပဋိလောမ ၌လည်း
မနိန္ဒြေမူလရှိသည် သောမနဿိန္ဒြေမူလရှိသည် ဇီဝိတိန္ဒြေမူလ
ရှိသည်ဟူ၍ သုံးပါးအပြားရှိ၏။ တပါးတပါးသောမူလိ၌ သဒ္ဓါ
အစရှိသောအားဖြင့် ငါးပါး အပြားရှိ၏။ ဤကားလောကိယ
သံသန္ဒနာတည်း။လောကုတ္တရသံသန္ဒနာသည်ကားအနုလောမပဋိ
လောမဟူ၍ နှစ်ပါးအပြားရှိ၏။ အနုလောမသည်ကား သဒ္ဓါ
အစရှိသောအားဖြင့် ငါးပါးအပြားရှိ၏။ (သိကောင်းပြီ)။

ဣန္ဒြိယကထာ နိဋ္ဌိတာ။
ဝဂ္ဂေါကျေုနဝီသတိမော နိဋ္ဌိတော။
(ဥဒ္ဒါန်းကိုလည်းသိကောင်းပြီ).။

# ဝီသတိမဝဂ္ဂ

## ၁-အသဉ္စိစ္စကထာ

၈၅၇။ အသဉ္စိစ္စ၊ စေတနာဖြင့်မစေ့ဆော်မူ၍။ မာတရံ၊ အမိကို။ ဇီဝိတာ၊ အသက်မှ။ ဝေါရောပေတွာ၊ ချ၍။ အနန္တရိကော၊ သည်။ ဟောတိ၊ ဖြစ်သလော။ အာမန္တာ၊ ၏။ ပ။ ပါဏံ၊ သတ္တဝါကို။ ဟန္တွာ၊ သတ်၍။ ပါဏာတိပါတီ၊ အသက်သတ်သည့်မည်သည်။ ဟောတိ၊ ဖြစ်သလော။ နဟေဝံ ဝတ္တဗ္ဗေ။ ပ။ ဓမ္မသညီ၊ ဓမ္မဟူ၍ အမှတ်ရှိလျက်။ သံဃဘေဒကော၊ သည်။ အာနန္တရိကော၊ သလော။ ပ။ ဥပါလိ၊ ဥပါလိ။ သံဃဘေဒကော၊ သော။ အာပါယိကော။ အပါယ်နှင့် ယှဉ်သော။ နေရယိကော၊ ငရဲသူဖြစ်သော။ ကပ္ပဋ္ဌော၊ အာယုကပ် ပတ်လုံး တည်သော။ တေကိစ္ဆော၊ ကုစား၍ မရသောသူသည်။ အတ္ထိ၊ ၏။ ပ။ ဝဂ္ဂရတော၊ အစုဉ်တည်သော။ အဓမ္မဋ္ဌော၊ တရားမဟုတ်သည်၌တည်သော။ ယောဂက္ခေမတော၊ ယောဂ၏ ကုန်ခြင်းကို။ ဓံသတိ၊ ဖျက်ဆီး၏။ သမဂ္ဂံ၊ အညီအညွတ်။ သံဃံ၊ ကို။ ဘေတွာန၊ ဖျက်ဆီး၍။ နေရယမှိ၊ ငရဲ၌။ ကပ္ပံ၊ အာယုကပ်ပတ်လုံး။ ပစ္စတိ၊ ကျက်၏။ ပ။

**အဓိပ္ပါယ်သော်ကား။** ပရဝါဒီအမှတ်သည် သေစေလိုသော စိတ်မရှိဘဲအမိကိုသတ်၏။ ထိုသတ်သောသူကားအနန္တရိယကံဟူ၍ မှတ်သတည်း။ သကဝါဒီသော်ကား ယင်းသို့မဟုတ်အပြစ်သော်ကား ကြီးသည်ဟုတ်၏။ အနန္တရိယကံမဟုတ်ဟူလိုတည်း။ ဓမ္မသညီသံဃဘေဒကောတိ နဟေဝံဝတ္တဗ္ဗေ ပယ်သည်ကား ဓမ္မမတ္တမျှကိုသာပယ်သည်။ ဓမ္မသညီ သံဃဘေဒကောတိ အာမန္တာဟူသည်ကား ဓမ္မစစ်ကိုလိုက်၍ဆိုသတည်း။

ကေူနုဝီသတိမဝဂ်နှောင်ကား ဝီသတိမဝဂ်ကိုဟောတော်မူ၏။ ထိုသည်ကား ကထာအများတွင်သော် အသဉ္စိစ္စကထာကိုရှေးဦးစွာဟောတော်မူ၏။ ထိုသည်ကား ပုစ္ဆာ ပဂိပုစ္ဆာဟူ၍ နှစ်ပါး အပြားရှိ၏။ ထိုတွင် ပုစ္ဆာသည်ကား သကဝါဒီပက္ခ ပရဝါဒီပက္ခ

နှစ်ပါးအပြားရှိ၏၊ ထိုတွင်သကဝါဒီပက္ခသည်ကား မာတုဃာတကပိတုဃာတကအရဟန္တဃာတကဗုဒ္ဓလောဟိတဟူ၍လေးပါးအပြားရှိ၏။ ထိုတွင်မာတုဃာတကသည်ကားနသုတ္တာဟရဏသုတ္တာဟရဏဟူ၍နှစ်ပါးအပြားရှိ၏။ ထိုတွင် နသုတ္တာဟရဏသည်ကား အနုလောမ ပဋိလောမဟူ၍ နှစ်ပါးဟွင်သော် အနုလောမသည်ကား ပါဏာတိပါတမူလရှိသည် အဒိန္နာဒါန မူလရှိသည် မုသာဝါဒမူလရှိသည်ဟူ၍ သုံးပါးအပြားရှိ၏။ ပဋိလောမ၌လည်း ဤသုံးပါးလည်းကောင်းတည်း။ သုတ္တာဟရဏာ နုယောဂသည်ကားတချက်သာ။ ဤကားသကဝါဒီ ပက္ခတည်း။ ပရဝါဒီပက္ခသည်ကား မာတုဃာတက ပိတုဃာတက အရဟန္တဃာတက ဗုဒ္ဓလောဟိတကဟူ၍ လေးပါးပြား၏။ ဤကား ပုစ္ဆာတည်း။ ပဋိပုစ္ဆာသည်ကား သကဝါဒီပက္ခ ပရဝါဒီပက္ခနှစ်ပါး။ သကဝါဒီပက္ခသည်ကား သဗ္ဗသံဃဘေဒကာနုယောဂ ဓမ္မသညီသံဃဘေဒကာနုယောဂ သုတ္တာဟရဏာ နုယောဂဟူ၍ သုံးပါးအပြားရှိ၏။ ပရဝါဒီပက္ခသည်ကား နဝတ္တဗ္ဗံ သံဃ ဘေဒကောတိ၊ အာမန္တာ။ နနုဝတ္တဗ္ဗံ အစရှိသည်တည်း။

အသဒ္ဓမ္မကထာ နိဋ္ဌိတာ။

---

## ၂-ဉာဏကထာ

ဂါ၃။ ပုထုဇ္ဇနဿ၊ ပုထုဇဉ်အား။ ဉာဏံ၊ ဉာဏ်သည်။ နတ္ထိ၊ မရှိလော။ အာမန္တာ၊ (ဉာဏကထာအနက်လွယ်၏။ ။အဓိပ္ပါယ်ကား သစ္စာကိုပယ်နိုင်မှသော်လည်း ဉာဏ်ရှိ၏ဟူ၍ ဆိုရတုံအံ့။ မပယ်နိုင်ဘဲကို ဉာဏ်ရှိ၏မဆိုရဟူ၍ အမှတ်ရှိရကား အာမန္တာ ခံသတည်း။ သကဝါဒီအမှတ်သော်ကား ဉာဏ်ရှိကလျှင်ပယ်သည် ချည်း မဟုတ်။ အရဟန္တာ သာတည်း။ သစ္စာကိုပယ်နိုင်၏ရှင့်။ ပုထုဇဉ်သည် မပယ်နိုင်ဟူ၍ ဆိုသတည်း။ ။အသဒ္ဓမ္မ ကထာ နောင်ကား ဉာဏကထာကို ဟောတော်မူ၏။ ထိုသည်ကား

သကဝါဒီပက္ခ ပရဝါဒီပက္ခဟူ၍ နှစ်ပါး။ သကဝါဒီပက္ခသည်ကား သာမည ဝိသေသဟူ၍နှစ်ပါး။ သာမည သည်ကား အနုလောမ ပဋိလောမဟူ၍ နှစ်ချက်တည်း။ ဝိသေသသည်ကား သမ္ပယုတ္တာ နုယောဂ ပစ္စယာနုယောဂ နှစ်ပါးတွင် သမ္ပယုတ္တာ နုယောဂသည် ကား ပဌမဈာန် ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန် အာ ကာသာနဉ္စာယတန ဝိညာဏဉ္စာယတန အာကိဉ္စညာယတန နေဝသညာနာသညာယတနအားဖြင့် ရှစ်ပါးအပြားရှိ၏။ ပစ္စယာ နုယောဂသည်ကား ဝိဝရ ဝိဏ္ဏုပါတ သေနာသန ဂိလာနပစ္စယ ဘေသဇ္ဇဟူ၍ လေးပါးအပြားရှိ၏။ သကဝါဒီ ပက္ခ နောင်ကား ပရဝါဒီပက္ခကို ဟောတော်မူ၏။ ဟောဟန်သော်ကား အတ္ထို ပုထုဇ္ဇနဿ ဉာဏန္တိ။ အာမန္တာ။ ပုထုဇ္ဇနော်ဝေန ဉာဏေန ဒုက္ခံ ပဋိဇာနာတိ အစရှိသည်တည်း။

ဉာဏကထာ နိဋ္ဌိတာ။

## ၄-နိရယပါလ ကထာ

၇၆၆။ နိရယေသု၊ ငရဲတို့၌။ နိရယပါလာ၊ ငရဲထိန်းတို့သည်။ နတ္ထိ၊ မရှိလော။ အာမန္တာ၊ ပြော်ရှိ၏။ နိရယေသု၊ ငရဲတို့၌။ ကမ္မ ကာရဏာ၊ ညှဉ်းဆဲခြင်း အကြောင်းတို့သည်။ နတ္ထိ၊ မရှိလော။ပ။ မနုဿေသု၊ တို့၌။ ကမ္မကာရဏာ၊ ညှဉ်းဆဲခြင်း အကြောင်းတို့ သည်။ အတ္ထိ၊ ရှိသလော။ မနုဿေသု၊ လူတို့၌။ ကာရဏိကာ၊ ပြုခြင်း၏အကြောင်းတို့သည်။ အတ္ထိ၊ သလော။ အာမန္တာ၊ ပြော် ရှိ၏။ပ။

၇၆၇။ ဇူတော၊ ဤမနုဿပြည်မှ။ ပကျုတ္တော၊ စုတေသော။ ပရလောကံ၊ တမလွန် လောကသို့။ ပတ္တံ၊ ရောက်သောသူကို။ ဝသဝတ္တီနော ပိ၊ ဝသဝတ္တိနအမည်ရှိသော။ ရာဇာစ၊ ငရဲမင်းသည် လည်းကောင်း။ ပေတ္တိရာဇာစ၊ ပေတ္တိအမည်ရှိသောငရဲမင်းသည် လည်းကောင်း။ သောမော၊ သောမအမည်ရှိသော ငရဲမင်းသည်

လည်းခကောင်း။ ယမော၊ ယမ အမည်ရှိသော ငရဲမင်းသည်လည်း ကောင်း။ ဝေဿဝဏောစ၊ ဝေဿဝဏ်အမည်ရှိသော ငရဲမင်းသည် လည်းကောင်း။ တတ္ထ၊ ထိုငရဲ၌။ နဟာနန္တိ၊မည့်ဦးဆဲကုန်။ သကာနိ၊ မိမိဥစ္စာ ဖြစ်ကုန်သော။ ကမ္မာနိ၊ ကံတို့သာလျှင်။ ဟာနန္တိ၊ ညှဉ်းဆဲ ကုန်၏။ပ။

၈၆၈။ ဘိက္ခဝေ၊ ရဟန်းတို့။ တမေနံ၊ ထိုငရဲသူကို။ နိရယ ပါလာ၊ ငရဲထိန်းတို့သည်။ ပဥ္စဝိဓဗန္ဓနံနာမ၊ ငါးပါးအပြားရှိသော နှောင်ဖွဲ့ခြင်း မည်သော။ ကာရဏံ၊ အကြောင်းကို။ ကရောန္တိ၊ ကုန်၏။ တတ္တံ၊ ရဲရဲညီသော။ အယောခိလံ၊ သံချောင်းကို။ဟတ္ထေ၊ လက်၌။ ဂမေန္တိ၊နှက်ကုန်၏။ပ။ဒုတိယေဟတ္ထေ၊နှစ်ခုမြောက်သော လက်၌။ ဂမေန္တိ၊ ကုန်၏။ပ။ ပါဒေ၊ ခြေ၌။ ဂမေန္တိ၊ ကုန်၏။ပ။ ဒုတိယေပါဒေ၊ ၌။ ဂမေန္တိ၊ ကုန်၏။ပ။ မဇ္ဈေဥရသ္မိံ၊ ရင်လယ်၌။ ဂမေန္တိ၊ နှက်ကုန်၏။ သော၊ ထိုငရဲသူသည်။ တတ္ထ၊ ထိုငရဲ၌။ ဒုက္ခာ၊ ဆင်းရဲကုန်သော။ တိဗ္ဗာ၊ ထက်ကုန်သော။ ကဋုကာ၊ မခံသာကုန်သော။ ဝေဒနာ၊ ဝေဒနာတို့ကို။ ဝေဒေတိ၊ ခံစား၏။ ယာဝ၊အကြင်မျှလောက်။ တံပါပကမ္မံ၊ထိုမကောင်းမှုကံသည်။ဗျန္တိ၊ ပျက်ခြင်းသည်။ နဟောတိ၊ မဖြစ်။ တာဝ၊ ထိုမျှလောက်။ကာလံ၊ စုတိကာလကိုလည်း။ နစကရောတိ၊ မပြု။ပ။

သံဝေသိတွာ၊ အိပ်စေ၍။ ကုဓာရီဟိ၊ ဓားမတို့ဖြင့်။ တစ္ဆန္တိ၊ ခွဲကုန်၏။ပ။ ဥဒ္ဓံပါဒံ၊ ခြေကိုကား အထက်သို့။ အဓောသိရံ၊ ဦးခေါင်းကိုကား အောက်သို့။ ထပေတွာ၊ ထား၍။ ဝါသီဟိ၊ တစည်းတို့ဖြင့်။ တစ္ဆန္တိ၊ရွေကုန်၏။ပ။ အာဒိတ္တာယ၊ ရဲရဲညီသော။ သမ္ပဇ္ဇလိတာယ၊အလျှံတပြောင်ပြောင်လောင်ထသော။သဇောတိ ဘူတာယ၊ အလျှံနှင့်တကွသော။ ပထဝိယာ၊ မြေ၌။ သာရေန္တိပိ၊ ရွေလည်းရွေကုန်၏။ ပစ္စာသာရေန္တိပိ၊ တဘန်လည်း ရွေစေကုန် ၏။ပ။ မဟန္တံ၊ များစွာသော။ အင်္ဂါရပဗ္ဗတံ၊ မီးကျီးတောင်သို့။ အာရောပေန္တိပိ၊အထက်သို့လည်း တက်စေကုန်၏။ဩရောပေန္တိပိ၊

အောက်သို့လည်း သက်စေကုန်၏။ပ။ လောဟကုမ္ဘိယာ၊ ကြေးနီအိုး၌။ ပက္ခိပန္တိ၊ထည့်ကုန်၏။သော၊ထိုငရဲသူသည်။ တတ္ထ၊ထိုငရဲ၌။ ဖေဏုဒ္ဒေဟကံ၊ အမြှုပ်ဖြင့် လောင်အပ်သည်ဖြစ်၍။ ပစ္စတိ၊၏။ပ။ ပစ္စမာနော၊ ကျက်သည် ရှိသော်။ သကိမ္ပိ၊ တကြိမ်လည်း။ ဥဒ္ဓံ၊ အထက်သို့။ ဂစ္ဆတိ၊ သွားရ၏။ သကိမ္ပိ၊ တကြိမ်လည်း။ အဓော၊ အောက်သို့။ ဂစ္ဆတိ၊ သွားရ၏။ သကိမ္ပိ၊ တကြိမ်လည်း။ တိရိယံ၊ ဖီလာ။ ဂစ္ဆတိ၊ သွားရ၏။ပ။

ဘိက္ခဝေ၊ ရဟန်းတို့။ သော ခေါ်ပန်မဟာနိရယော၊ ထိုငရဲသည်။ စတုက္ကဏ္ဏော၊ လေးထောင့်ရှိ၏။ စတုဒ္ဒွါရော၊ လေးမျက်နှာတံခါးရှိ၏။ ဘာဂသော၊အဘို့အားဖြင့်။ဝိဘတ္တော၊ခွဲဝေအပ်သော သူသည်လည်းကောင်း။ မိတော၊နိုင်းယှဉ်အပ်၏။အယောပါကာရပရိယန္တော၊ သံတံတိုင်းဖြင့်ရံအပ်၏။ အယသာ၊ သံအိုးကို။ပဋိကုဇ္ဇိတော၊ မှောက်အပ်၏။ တဿ၊ ထိုငရဲ၏။ အယောဘူမိ၊မြေသည်။ ဇလိတာ၊တောက်၏။ တေဇသာ၊ ပြင်းစွာသော အလျှံနှင့်လည်း။ ယုတ္တာ၊ယှဉ်၏။ သမန္တာ၊တက်ဝန်းကျင်မှ။သမ္ဗဒ၊ အခါခပ်သိမ်း။ ယောဇနသတံ၊ ယူဇနာတရာ။ ဖရိတွာ၊ နှံ့၍။ တိဋ္ဌတိ၊တည်၏။ပ။

**အဓိပ္ပါယ်ကား။** ငရဲ၌ကား မိမိပြုသောကံသာလျှင် ညှဉ်းဆဲသည်။ တပါးသောသူသည် မညှဉ်းဆဲနိုင်ဟူ၍ နှလုံးသွင်းရကား ငရဲ၌ ငရဲထိန်းမရှိလောဟု သကဝါဒီမေးသည်ကို အာမန္တာဟူ၍ ပရဝါဒီခံသတည်း။ သကဝါဒီမေးပြန်တုံ၏။ လူ့ပြည်၌ ထိုးခြင်း သတ်ခြင်း ဓားနှင့်ခုတ်ခြင်း အစရှိသည်တို့သည် ရှိသလောဟူ၍ မေးသည်ကို အာမန္တာ ခံချေရကား ယင်းသို့တည်း။ လူ့ပြည်၌ ရှိတုံ သော်ကား ထိုသို့ လူတို့၌ ရှိသည်အတူ လည်းကောင်း လျှင် ရှိလေ၏ ဟူ၍ သကဝါဒီ ဆိုသတည်း။ ဉာဏကထာ နောင်ကား နိရယပါလ ကထာကို ဟောတော် မူ၏။ ထို သည်ကား ပုစ္ဆာ ပဋိပုစ္ဆာ ဟူ၍ နှစ်ပါးတွင် ပုစ္ဆာ သည်ကား သကဝါဒီပက္ခ ပရဝါဒီပက္ခဟူ၍ နှစ်ပါးတွင် သကဝါဒီ ပက္ခ

သည်ကား သုဒ္ဓ သံသန္ဒနာဟူ၍နှစ်ပါးတွင် သုဒ္ဓသည်ကား အနုလောမတချက် ပဋိလောမတချက်။ သံသန္ဒနာသည်ကား အနုလောမတချက် ပဋိလောမတချက် လည်းကောင်း။ ဤလေးချက်သည်ကား သကဝါဒီပက္ခတည်း။ သကဝါဒီပက္ခ နောင်ကား ပရဝါဒီပက္ခကို ဟောတော်မူ၏။ ဟောဟန်သော်ကား အတ္ထိ နိရယေသု နိရယပါလာတိ။ အာမန္တာ။ နနုဝုတ္တံ ဘဂဝတာ နဝသ ဘူနေ၁ပိစ ပေတ္တိရာဇာ သောမောယမောဝဿဝဏောစရာဇာ၊ သကာနိ ကမ္မာနိ ဟနန္တိတတ္ထ ဣတော ပဏုဏ္ဏံပရလောက ပတ္တန္တိ အစရှိသည်တည်း။ ဤသကဝါဒီပက္ခ သည်ကား ပုစ္ဆာတည်း။ ပဋိပုစ္ဆာသည်ကား ပဌမသုတ္တာဟရဏာ နုယောဂ ဒုတိယ သုတ္တာဟရဏာနုယောဂ ဟူ၍နှစ်ပါးတည်း။

နိရယပါလကထာ နိဋ္ဌိတာ။

---

## ၄-တိရစ္ဆာန ကထာ

၈၆၉။ ဒေဝေသု၊ နတ်တို့၌။ တိရစ္ဆာနဂတာ၊ ဗိလာသွား သောသူတို့သည်။ အတ္ထိ၊ ရှိကုန်သလော။ အာမန္တာ၊ ပြော်ရှိ၏။ တိရစ္ဆာနဂတေသု၊ တိရစ္ဆာန်တို့၌။ ဒေဝါ၊ နတ်တို့သည်။ အတ္ထိ၊ ရှိသလော။ပ။ ဒေဝလောကော၊ ဒေဝလောကသည်။ တိရစ္ဆာန ယောနိ၊ တိရစ္ဆာနယောနိလော။ နဟောဝံဝတ္တဗ္ဗေ။ပ။ တတ္ထ၊ ထို နတ်ပြည်၌။ ကီဋ၊ ဘောက်ဘတ်တို့သည်လည်းကောင်း။ ပဋင်္ဂါ၊ နံ့စပ်တို့ သည်လည်းကောင်း။ မကသာ၊ ကြောင်သော ခြင်တို့ သည်လည်းကောင်း။ မက္ခိကာ၊ ယင်တို့သည် လည်းကောင်း။ အဟိ၊မြွေတို့သည် လည်းကောင်း။ ဝိစ္ဆိကာ၊ ကင်းသန်းတို့သည် လည်းကောင်း။ သတပဒီ၊ ပိုးနယံတို့သည် လည်းကောင်း။ ဂဏ္ဍုပါဒါ၊ တီတို့သည်လည်းကောင်း။ အတ္ထိ၊ ရှိကုန်သလော။ပ။

၈၇၀။ ဧရာဝဏောနာမ၊ ဧရာဝဏ် အမည်ရှိသော။ ဟတ္ထိ၊ ဟတ္ထိဟု ဆိုအပ်သော။ နာဂေါ၊ ဆင်သည် လည်းကောင်း။

သဟာသယုတ္တံ၊ အထော်င်သော သိန္ဓောနှင့် ယှဉ်အပ်သော။ ဒိမ္ဗံ၊ နွှမြစ်သော။ ယာနံ၊ ယာဉ်လည်းကောင်း။ပ။

၁၇၁။ ဟတ္ထိဗန္ဓာ၊ ဆင်ကိုဖွဲ့တတ်သော သူတို့သည်လည်းကောင်း။ အဿဗန္ဓာ၊ မြင်းကို ဖွဲ့တတ်သော သူတို့သည် လည်းကောင်း။ ယာဝသိကာ၊ ဆင်စာဖပ်သော သူတို့သည်လည်းကောင်း။ ကာရဏိကာ၊ ဆင်ထိန်းတို့သည်လည်းကောင်း။ ဘတ္တကာရဏာ၊ ဆင်ကို ကျွေးစရာထမင်းချက်သော သူတို့သည်လည်းကောင်း။ အတ္ထိ၊သလော။ပ။

နိရယပါလကထာနှောင်ကား တိရစ္ဆာနကထာကိုဟောတော်မူ၏။ ထိုသည်ကား ပုစ္ဆာ ပဋိပုစ္ဆာဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတွင် ပုစ္ဆာသည်ကား သကဝါဒီပက္ခ ပရဝါဒီပက္ခဟူ၍ နှစ်ပါးတွင် သကဝါဒီပက္ခ သည်ကား သာမည ဝိသေသနှစ်ပါးတွင် သာမညသည်ကား တိရစ္ဆာနာနုယောဂ တိရစ္ဆာနယောနိတိ အနုယောဂဟူ၍ နှစ်ပါးတည်း။ ဝိသေသသည်ကား တချက်သာ။ ဤကား သကဝါဒီပက္ခတည်း။ ထိုသကဝါဒီပက္ခနှောင်ကား ပရဝါဒီပက္ခကို ဟောတော်မူ၏။ ဟောဟန်သော်ကား နတ္ထိဒေဝေသု တိရစ္ဆာန ဂတာတိ။ အာမန္တာ။နနုအတ္ထိတတ္ထ ဧရာဝဏော နာမ ဟတ္ထိနာဂေါ သဟာသ ယုတ္တဒိမ္ဗယာနန္တိ။ အာမန္တာစသည်တည်း။ (ပဋိပုစ္ဆာကား သိကောင်းပြီ)။

တိရစ္ဆာနကထာ နိဋ္ဌိတာ။

---

## ၅-မဂ္ဂ ကထာ

၁၇၂။ မဂ္ဂေါ၊မဂ်သည်။ ပဉ္စင်္ဂိကော၊ ငါးပါးသော အင်္ဂါရှိသလော၊ အာမန္တာ၊ပြော်ရှိ၏။ သေယျထိဒံ၊ဣဒံ၊ဤရှစ်ပါးသော မဂ်သည်ကား။ သေယျထာ၊ အဘယ်သည်နည်း။ ဇာတိပုစ္ဆာယံ၊ သည်။ သဘိ၊ရှိသော်။ သမ္မာဒိဋ္ဌိ၊လည်းကောင်း။ပ။ သမ္မာသမာဓိ၊ လည်းကောင်း။ပ။

မင္ဂါနံ၊မင်္ဂလာတို့၏။ အဋ္ဌင်္ဂိကော၊ ရှစ်ပါးသော အင်္ဂါနှင့် ပြည့်စုံသည်ဖြစ်၍။ သေဋ္ဌော၊မြတ်၏။ သစ္စာနံ၊သစ္စာတို့၏။ စတုရောပဒါ၊ ရှစ်ပါးသော အဘိုရှိသည်ဖြစ်၍။ သေဋ္ဌော၊အလွန်မြတ်၏။ ဓမ္မာနံ၊ ဓမ္မတို့၏။ ဒွိပဒါနံ၊ အခြေနှစ်ချောင်းရှိသော သူတို့တွင်။ စက္ခုမာ၊ ဘုရားသည်။ ဝိရာဂေါ၊ ကင်းသော ရာဂရှိသည်ဖြစ်၍။ သေဋ္ဌော၊ အလွန်မြတ်၏။ပ။

၈၇၃။ သာစ၊ ထို သမ္မာဝါစာသည်။ နမဂ္ဂေါ၊ မဂ်မမည် သလော။ အာမန္တာ၊ ပြော်မမည်။ပ။ သာစ၊ ထိုသမ္မာဝါစာသည်။ နမဂ္ဂေါ၊ မဂ်မမည်သလော။ နဟေဝံ ဝတ္တဗ္ဗေ။ပ။

၈၇၄။ ပုဗ္ဗေဝခေါပနဿ၊ ရှေး၌လျှင်။ အဿ ထိုသူ၏။ ကာယ ကမ္မံ၊ ကာယကံ မည်သည်လည်းကောင်း။ ဝစီကမ္မံ၊ ဝစီကံသည် လည်းကောင်း။ အာဇီဝေါ၊ အာဇီဝသည်လည်းကောင်း။ သုပရိ သုဒ္ဓေါ၊ ကောင်းစွာ ထက်ဝန်းကျင်မှ စင်သည်။ ဟောတိ၊၏။ ဧဝံ၊သို့။ အဿ၊ ထိုသူ၏။ အရိယော၊ မြတ်သော။ အဋ္ဌင်္ဂိကော၊ ရှစ်ပါးသော အင်္ဂါရှိသော။ အယံမဂ္ဂေါ၊ ဤမဂ်သည်။ ဘာဝနာ ပါရိပူရိံ၊ ပွါးစေခြင်း ထက်ဝန်းကျင်မှ ပြည့်ခြင်းသို့။ ဂစ္ဆတိ၊ ရောက်၏။ပ။

၈၇၅။ သုဘဒ္ဒ၊သုဘဒ္ဒ။ ယသ္မိံဓမ္မဝိနယေ၊အကြင်ဓမ္မဝိနယ၌။ အရိယော၊ မြတ်သော။ အဋ္ဌင်္ဂိကော၊ ရှစ်ပါးသော အင်္ဂါရှိသော။ မဂ္ဂေါ၊မဂ်ကို။ နဥပလဗ္ဘတိ၊ မရအပ်။ တတ္ထ၊ ထိုဓမ္မဝိနယ၌။ သမဏောပိ၊ သမဏကိုလည်း။ နဥပလဗ္ဘတိ၊အပ်။ တတ္ထ၊ ထိုဓမ္မ ဝိနယ၌။ ဒုတိယောပိ၊ နှစ်ခုတို့၏ ပြည့်ကြောင်း ဖြစ်သော။ သမဏောပိ၊ သမဏကိုလည်း။ နဥပလဗ္ဘတိ၊ မရအပ်။ပ။ ဣမေ၊ ဤဓမ္မဝိနယ၌လည်း။ သုဘဒ္ဒ၊သုဘဒ္ဒ၊ သမဏောပိ၊ သမဏသည် လည်း။ နဥပလဗ္ဘတိ၊ မရအပ်။ပ။ အညေဟိ၊ တပါးကုန်သော။ သမဏေဟိ၊ သမဏတို့ဖြင့်။ ပရပ္ပဝါဒါ၊ တပါးသော သူ၏ အယူသည်။ သုညာ၊ဆိတ်၏။ပ။

တိရစ္ဆာနကထာ နောင်ကား မဂ္ဂကထာကို ဟောတော်မူ၏။ ထိုသည်ကား ပုစ္ဆာ ပဋိပုစ္ဆာဟူ၍ နှစ်ပါးပြား၏။ ထိုတွင် ပုစ္ဆာသည်ကား နသုတ္တာဟရဏ သုတ္တာဟရဏ ဟူ၍ နှစ်ပါးတွင် နသုတ္တာဟရဏ သည်ကား.စုဏ္ဏိယသုတ္တာ ဟရဏ ဂါထာသုတ္တာဟရဏဟူ၍ နှစ်ပါးအပြားရှိ၏။ နသုတ္တာဟရဏ သည်ကား အနုလောမ ပဋိလောမ ဟူ၍ နှစ်ပါး ပြား၏။ ပဋိလောမ သည်ကား သမ္မာဝါစာ မူလနှင့်သည် သမ္မာကမ္မန္တ မူလရှိသည် သမ္မာအာဇီဝမူလ ရှိသည်ဟူ၍ သုံးပါးပြား၏။ တပါးတပါး၌ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ သမ္မာဝါယာမ သမ္မာသတိ သမ္မာသမာဓိဟူ၍ ငါးပါးပြား၏။ ဤငါးပါးကို မူလီပြုလေ။ အနုလောမကို သိကောင်းပြီ။ ဤကား သကဝါဒီပက္ခတည်း။ သကဝါဒီပက္ခ နောင်ကား ပရဝါဒီပက္ခကို ဟောတော်မူ၏။ ဟောဟန်ကား အဋ္ဌင်္ဂိကောမဂ္ဂေါတိ။ အာမန္တာ။ နနုဝုတ္တံ ဘဂဝတာ ပုဗ္ဗေ ခေါ ပနဿကာယကမ္မံ ဝစီကမ္မံ အာဇီဝေါ သုပရိသုဒ္ဓေါ ဟောတိ။ ဧဝမဿာယံ အရိယောအဋ္ဌင်္ဂိကော မဂ္ဂေါ ဘာဝနာ ပါရိပူရိံ ဂစ္ဆတီတိအတ္ထေဝသုတ္တန္တောတိ။ အာမန္တာ။ တေနဟိ ပဉ္စင်္ဂိကော မဂ္ဂေါတိတည်း။ (ပဋိပုစ္ဆာကိုကား သိကောင်းပြီ)။

မဂ္ဂကထာ နိဋ္ဌိတာ။

---

## ၆–ဉာဏ ကထာ

၇၇၆။ ဒွါဒသ ဝတ္ထုကံ ဉာဏံ၊တဆယ့်နှစ်ပါး အပြားရှိသော ဉာဏ်သည်။ လောကုတ္တရံ၊ မည်သလော။ အာမန္တာ၊ ဩြော် မည်၏။ပ။ လောကုတ္တရဉာဏာနိ၊လောကုတ္တရာဉာဏ်တို့သည်။ဒွါဒသ၊ တဆဲ့နှစ်ပါးတို့လော။ အာမန္တာ၊ဩြော်တဆယ့်နှစ်ပါးတုတ်၏။ပ။ ဘိက္ခဝေ၊ ဘိက္ခုတို့၊ ဣဒံ၊ဤသို့သဘောရှိသော။ ဒုက္ခံ၊မိမိ၏အရကို သုခအား ပေးခဲ့သော ဓမ္မဇာတသည်။ အရိယသစ္စံ၊ အရိယ သစ္စာ မည်၏။ ဣတိ၊ ဤသို့။ မေ၊ သည်။ အနနုဿုတေသု၊ မကြားဘူးကုန်သော။ ဓမ္မေသု၊ ဓမ္မတို့၌။ စက္ခုံ၊ သည်။ ဥဒပါဒိ၊ ၏။ပ။

ဘိက္ခဝေ၊ ရဟန်းတို့။ တံခေါပနိဒံ၊ ထိုသို့သဘောရှိသော။ ဒုက္ခံ၊
သည်။ အရိယသစ္စံ၊ အရိယသစ္စာကို။ ပရိညေယျံ၊ ပိုင်းခြား၍
သိအပ်၏။ ဣတိ၊ ဤသို့။ ပုဗ္ဗေ၊ ၌။ အနနုဿုတေသု ဓမ္မေသု စက္ခုံ
ဥဒပါဒိ။ပ။ အာလောကော ဥဒပါဒိ (သည်နည်းချည်းသွယ်လေ၊
အနက်လွယ်၏)။

မဂ္ဂကထာနောင်ကား ဉာဏကထာကို ဟောတော်မူ၏။ ထို
သည်ကား သကဝါဒီပက္ခ ပရဝါဒီပက္ခနှစ်ပါး။ ထိုတွင် သကဝါဒီ
ပက္ခသည်ကား သာမညဝိသေသဟူ၍ နှစ်ပါးတည်း။ သိကောင်း
ပြီ။ ။ဉာဏကထာ နိဋ္ဌိတာ။ ။ဝဂ္ဂေါ ဝီသတိမော နိဋ္ဌိတော။
စတုတ္ထော ပဏ္ဏာသကော။ ။ဥဒ္ဒါန်းကိုကား သိကောင်းပြီ။
စတုတ္ထောပဏ္ဏာသကောဟူသည်ကား ငါးဝဂ် ငါးဝဂ် ဟူ၍
လေးစုသည်လျှင် စတုတ္ထပဏ္ဏာသကတည်း။

---

## ဧကဝီသတိမဝဂ္ဂ

### ၁-သာသနကထာ

၈၇၀။ သာသနံ၊ သာသနာကို။ နဝံ၊ အသစ်ကို။ ကတံ၊ ပြုအပ်
သလော။ အာမန္တာ၊ ၏။ (အနက်လွယ်၏)။

**အဓိပ္ပါယ်ကား။** သခင်ဘုရား၏သာသနာတော်ကို တပည့်
သားတော်တို့ သင်္ဂါယနာပြုသည်ဟူ၍ အမှတ်ရှိရကား အာမန္တာ
ဟူ၍ ပရဝါဒီခံသတည်း၊ သကဝါဒီမေးပြန်တုံ၏။ ယင်းသို့အသစ်
ပြုဟုံသော်ကား သတိပဋ္ဌာန အစရှိသည်ကို လေးပါးစီချည်း
ဟောတော်မူ၏။ ထိုဘုရားသခင်ဟောတော်မူသည်ထက် အလွန်
ဟောရာ၏။ ထိုသို့တည်း ဟောသလောဟူ၍ သကဝါဒီပက္ခ မေး
သည်ကိုကား ဟောမည်မထင်သောကြောင့် နဟေဝံဝတ္တဗ္ဗေဟူ၍
ပယ်သတည်း။ ။ဝီသတိမဝဂ် နောင်ကား ဧကဝီသတိမဝဂ်ကို
ဟောတော်မူ၏။ ထိုသည်ကား ကထာအများတွင်သော် သာသန
ကထာကို ရှေးဦးစွာဟောတော်မူ၏။ ထိုသည်ကား သကဝါဒီပက္ခ

ပရဝါဒီပက္ခ နှစ်ပါးတွင်သော် သကဝါဒီပက္ခကို ရှေးဦးစွာ ဟော တော်မူ၏။ ထိုသည်ကား ကတသာသနာနုယောဂ ကရသာသနာ နုယောဂ လဗ္ဘာသာသနာနုယောဂ ဟူ၍ သုံးပါးအပြား ရှိ၏။ ထိုတွင် ကတသာသနာ နုယောဂ သည်ကား မောဓိပက္ခိယာ နုယောဂ မာတိကာနုယောဂ ဟူ၍ နှစ်ပါးအပြားရှိ၏။ ကရ သာသနာနုယောဂနှင့် လဗ္ဘာနုယောဂမှာလည်း အတူပင်။ ပရ ဝါဒီပက္ခကိုဆော်၍ဟောသော်ကား နဝတ္တဗ္ဗံသာသနံနဝံကတန္တိ။ အာမန္တာ။ ထေရေဟိသာသနံ နဝံကတန္တိ။နဟေဝံ ဝတ္တဗ္ဗေ ဟူ၍ ဟောလေ။

သာသနကထာ နိဋ္ဌိတာ။

---

## ၂–အဝိဝိတ္တကထာ

၈၇၉။ ပုထုဇ္ဇနော၊ ပုထုဇ္ဇဥ်သည်။ တေဓာတုကေဟိ၊ ကာမ ဓာတ် ရူပဓာတ် အရူပဓာတ်၌ဖြစ်ကုန်သော။ ကမ္မေဟိ၊ ကံတို့မှ။ အဝိဝိတ္တော၊ မဆိတ်သလော။ အာမန္တာ၊ ဩြော် မဆိတ်သည် ဟုတ်၏။ပ။ ပုထုဇ္ဇနသ၊ ပုထုဇဥ်၏။ ရူပဓာတု အရူပဓာတုပဂံ၊ ရူပဓာတ် အရူပဓာတ်သို့ ရောက်စေတတ်သော၊ ကမ္မံ၊ ကံကို။ ပရိညာတံ၊ ပိုင်းခြား၍ သိအပ်ပြီလော။ နဟေဝံ ဝတ္တဗ္ဗေ။ပ။

**အဓိပ္ပါယ်ကား။** ပရဝါဒီ အမှတ်သည် ကာမ ရူပ အရူပ ၌သုံးပါးလုံးတွင် ဆိတ်၏ဟူ၍ အမှတ်မှားရကား အာမန္တာဟူ၍ ခံသတည်း။ သကဝါဒီအမှတ်သော်ကား အသီးအသီးဆိတ်သော အခါကိုဆိုသတည်း။ မဆိတ်သောအခါ မဆိတ်ဟု ဆိုသတည်း။ သာသနကထာနောင်ကား အဝိဝိတ္တကထာကို ဟောတော်မူ၏။ ထိုသည်ကား သကဝါဒီပက္ခ ပရဝါဒီပက္ခနှစ်ပါးတွင် သကဝါဒီ ပက္ခသည်ကား ဖဿာဒိအနုယောဂ ပစ္စယာနုယောဂ နှစ်ပါး ပြား၏။ ပရဝါဒီပက္ခကိုကား သိကောင်းပြီ။

အဝိဝိတ္တကထာ နိဋ္ဌိတာ။

---

## ၃–သံယောဇနကထာ

၀၀၁။ ကိန္တိ၊ သူသည်။ သံယောဇနံ၊ ကို။ အပ္ပဟာယ၊ မပယ်မူ၍။ အရဟတ္တပ္ပတ္တိ၊ အရဟတ္တဖိုလ်သို့ ရောက်သည်။ အတ္ထိ၊ ရှိသလော။ (အနက်လွယ်၏)။ ။အဝိဇ္ဇ ကထာ နောင်ကား သံယောဇနကထာကို ဟောတော်မူ၏။ ထိုသည်ကား သကဝါဒီ ပက္ခ ပရဝါဒီပက္ခဟူ၍နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတွင် သကဝါဒီ ပက္ခသည်ကား သံယောဇနာဒိအနုယောဂ ရာဂါဒိအနုယောဂ ဟူ၍နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတွင် သံယောဇနာဒိအနုယောဂ သည်ကား သက္ကာယဒိဋ္ဌိယာ နုယောဂ ဝိစိကိစ္ဆာ နုယောဂ သီလဗ္ဗတ ပရာမာသ ရာဂ ဒေါသ မောဟ မာန ဒိဋ္ဌိအစရှိသော အားဖြင့် ခြောက်ပါးအပြားရှိ၏။ ထိုခြောက်ပါးတွင် ရာဂါဒိ အနုယောဂ သည်ကား အနုလောမ ပဋိလောမဟူ၍ နှစ်ပါးအပြား ရှိ၏။ သိကောင်းပြီ။

သံယောဇနကထာ နိဋ္ဌိတာ။

---

## ၄–ဣဒ္ဓိ ကထာ

၀၀၃။ အဓိပ္ပါယဣဒ္ဓိ၊ အလိုကိုပြီးစေသောတန်ခိုးသည်။ ဗုဒ္ဓါနံ ဝါ၊ ဘုရားတို့အားလည်းကောင်း။ သာဝကာနံ ဝါ၊ တပည့်သားတို့ အားလည်းကောင်း။ အတ္ထိ၊ ရှိသလော။ အာမန္တာ၊ ရှိ၏။ ရုက္ခာ၊ သစ်ပင်တို့သည်။ နိစ္စပဏ္ဏာ၊ အမြဲ သစ်ရွက်ရှိကုန်သည်။ ဟောန္တု၊ ဖြစ်စေကုန်သတည်း။ ဣတိ၊ ဤသို့။ အဓိပ္ပါယဣဒ္ဓိ၊ အလိုကိုပြီးစေ သော တန်ခိုးသည်။ ဗုဒ္ဓါနံဝါ၊ ဘုရားတို့အား လည်းကောင်း။ သာဝကာနံဝါ၊ တပည့်သာဝက တို့အားလည်း။ အတ္ထိ၊ ရှိသလော။ ပ။ နိစ္စပုပ္ဖါ ဝါ၊ အမြဲပန်းရှိကုန်သည် လည်းကောင်း။ ပ။ နိစ္စဖလိကာ ဝါ၊ သစ်သီးရှိကုန်သည်လည်းကောင်း။ ပ။ ဇုဏှံ၊ တိုးပွါးခြင်းသည် လည်းကောင်း။ ပ။ ခေမံ၊ ဘေးမရှိသည်လည်းကောင်း။ ဟောတု၊ ဖြစ်စေသတည်း။ နိစ္စံ၊ အမြဲ။ သုဘိက္ခံ၊ ကောင်းသောဆွမ်းရခြင်း ရှိသည်။ ပ။ သုဝတ္ထိ၊ ကောင်းသောမိုးရွာခြင်းရှိသည်။ ဟောတု၊

ဖြစ်စေသတည်း။ပ။ ပိလိန္ဒဝစ္ဆော၊ ပိလိန္ဒဝစ္ဆသည်။ မာဂဓော၊ မဂဓရောဇ်ပြည်ကို အစိုးရသော။ သေနိယော၊ များသော စစ်သည်ရှိသော။ ဗိမ္ဗိသာရော၊ ဗိမ္ဗိသာရ အမည်ရှိသော။ ရညော၊ မင်း၏။ ပါသာဒံ၊ ပြာသာဒ်ကို။ သုဝဏ္ဏန္နေဝ၊ ရွှေဟူ၍လျှင်။ အဓိမုစ္စိ၊ နှလုံးသွင်း၏။ သုဝဏ္ဏောစပန၊ ရွှေသည်။ အာသိနန၊ ဖြစ်ဘူးသည်မဟုတ်လော။ပ။

**အဓိပ္ပါယ်ကား**။ တန်ခိုးဟူက အလုံးစုံ ပြီးသည်ချည်း ဟူ၍ ပရဝါဒီအမှတ်မှားရကား အာမန္တာခံသတည်း။ သကဝါဒီမေးပြန်တုံ၏။ သစ်ရွက်အစရှိသည်ကို မြဲစေနိုင်သလောဟူ၍ မေးရကား မြဲစေနိုင်သည်ကို မေးသောကြောင့် နဟေဝံ ဝတ္တဗ္ဗေဟူ၍ ပယ်သတည်း။ ဤသို့မေးသည်အလိုကား ပြီးနိုင်သည်အရာကိုသာ ပြီးနိုင်သည် မပြီးနိုင်သည်အရာကို မပြီးနိုင်ဟူသတည်း။ ။သံယောဇနကထာနောင်ကား ဣဒ္ဓိကထာကို ဟောတော်မူ၏။ ထိုသည်ကား သကဝါဒီပက္ခ ပရဝါဒီပက္ခဟူ၍ နှစ်ပါးတွင် သကဝါဒီပက္ခသည်ကား အနိန္ဒြိယပဋ္ဌာနုယောဂ ဣန္ဒြိယပဋ္ဌာနုယောဂ ဟူ၍ နှစ်ပါးအပြားရှိ၏။ အနိန္ဒြိယပဋ္ဌာနုယောဂသည်ကား နိစ္စပဏ္ဏာနုယောဂ နိစ္စပုပ္ဖာနုယောဂ နိစ္စဖလိကာနုယောဂ နိစ္စဇုဏှ နိစ္စခေမ နိစ္စသုဘိက္ခ နိစ္စသုဝတ္ထာ နုယောဂ ဟူ၍ ငါးပါးအပြားရှိ၏။ ဤကား အနိန္ဒြိယပဋ္ဌာနုယောဂ။ ဣန္ဒြိယပဋ္ဌာနုယောဂသည်ကား ဖဿာဒိအနုယောဂ ခန္ဓာနုယောဂ လက္ခဏာနုယောဂ ဟူ၍ သုံးပါးအပြားရှိ၏။ သိကောင်းပြီ။

ဣဒ္ဓိကထာ နိဋ္ဌိတာ။

---

### ၅-ဗုဒ္ဓကထာ

ဂဂ၅။ ဗုဒ္ဓါနံ၊ဘုရားတို့၏။ ဗုဒ္ဓေဟိ၊ဘုရားတို့မှ။ ဟီနာတိရေကတာ၊ ယုတ်သည်၏အဖြစ် မြတ်သည်၏ အဖြစ်သည်။ အတ္ထိ၊ ရှိသလော။ပ။ (တချက်သာ)။ ပရဝါဒီပက္ခကို ဟောသော်ကား

နဝတ္တဗ္ဗံ အတ္ထိဗုဒ္ဓါနံ ဗုဒ္ဓေဟိ ဟီနာတိရေကတာတိ။ အာမန္တာ။ သတိပဋ္ဌာနတောတိ နဟေဝံ ဝတ္တဗ္ဗေဟူ၍ ဆော်လေ။

ဗုဒ္ဓကထာ နိဋ္ဌိတာ။

---

## ၆-သဗ္ဗဒိသာ ကထာ

၈၈၆။ သဗ္ဗဒိသာ၊ ခပ်သိမ်းသော အရပ်မျက်နှာတို့၌။ ဗုဒ္ဓါ၊ ဘုရားတို့သည်။ တိဋ္ဌန္တိ၊ တည်ကုန်သလော။ အာမန္တာ ကုန်၏။ပ။ သောဘဂဝါ၊ ထိုသခင်ဘုရားသည်။ ကိံနာမော၊ အဘယ်သို့ အမည်ရှိသနည်း။ ကိံဇစ္စော၊ အဘယ်အမျိုးနည်း။ ကိံဂေါတ္တော၊ အဘယ်အနွယ်နည်း။ တဿ ဘဂဝတော၊ ထိုသခင်ဘုရား၏။ မာတာ ပိတရော၊ အမိအဘတို့သည်။ ကိံနာမာ၊ အဘယ်အမည် ရှိကုန်သနည်း။ တဿဘဂဝတော၊ ၏။ သာဝကယုဂံ၊တပည့်သား အစုံသည်။ ကိံနာမံ၊အဘယ်အမည်ရှိသနည်း။ တဿဘဂဝတော၊ ၏။ ဥပဋ္ဌာကော၊ အလုပ်အကျွေးသည်။ ကောနာမော၊ အဘယ် အမည်ရှိသနည်း။ ကိံဒိသံ၊ အဘယ်သို့ သဘောရှိသော။ စီဝရံ၊ သင်္ကန်းကို။ ဓာရေတိ၊ ဆောင်သနည်း။ပ။

**အဓိပ္ပါယ်ကား။** သကဝါဒီသည် ခပ်သိမ်းသော အရပ်တို့၌ ဘုရားတို့သည် တည်ကုန်သလော ဟူ၍ မေးသည်ကို ပရဝါဒီ အာမန္တာ ခံချေရကား သကဝါဒီ မေးပြန်တုံ၏။ အရှေ့မျက်နှာ၌ တည်သလောဟု မေးသည်ကို ပရဝါဒီမထင်ချေရကား နဟေဝံ ဝတ္တဗ္ဗေဟု ပယ်သတည်း။ ဤကား တို့ဘုရားမတည်သည်ကို ပယ်သတည်း။ အရှေ့မျက်နှာ၌ ဘုရားရှိသလောဟူ၍ မေးပြန်သည်ကို အာမန္တာဟူ၍ ပရဝါဒီခံချေရကား သကဝါဒီ မေးပြန်တုံ၏။ ထို အရှေ့ မျက်နှာ၌ ရှိ၏ ဟူသော ဘုရားသည်ကား အဘယ် မည်သော အမည် ရှိသနည်း။ အဘယ်ဇာတ် ရှိသနည်း။ အဘယ် အနွယ် ရှိသနည်း။ အမိ အဘ သည်ကား အဘယ် အမည် ရှိသနည်း။ ငါတို့ ဘုရားကဲ့သို့လည်း စကြဝဠာသည် အရှေ့ မျက်နှာ၌ များသောအတိုင်းရှိသလောဟု မေးသည်ကို ပရဝါဒီ

သည် မထင်သောကြောင့် နပဟောဝံဝတ္တမ္ဗေဟူ၍ ပယ်သတည်း။ ဤ တချက်ကား ဘုရားတပါးတည်း၏ ဟူသည်ကို စိစစ်သတည်း။ ဒက္ခိဏာ ပစ္ဆိမ ဥတ္တရတို့မှာလည်း ပုရတ္ထိမနှင့်အတူပင်။ အဓိပ္ပါယ် ကိုဆိုလေ။ ဗုဒ္ဓကထာနောင်ကား သမ္ဗဒိသာ ကထာကို ဟော တော်မူ၏။ ထိုသည်ကား ပရဝါဒီပက္ခကို ဟောတော်မူ၏။ ထို သည်ကား ပုရတ္ထိမာ နယောဂ ဒက္ခိဏာ နယောဂ ပစ္ဆိမာ နယောဂ ဥတ္တရာနယောဂ ဥပရိမာနယောဂဟူ၍ ငါးပါးအပြား ရှိ၏။ အောက်ငါးချက်ကိုကား သာမည ဝိသေသဟူ၍ နှစ်ပါးစိ ချည်းပြား၏၊ ပရဝါဒီပက္ခကို ဟောသော်ကား နဝတ္တဗ္ဗံ အဟ္တာတိ သမ္ဗဗုဒ္ဓါတိဋ္ဌန္တီတိ။ အာမန္တာ။ ဒိသာဗုဒ္ဓါ နတိဋ္ဌန္တီတိ။ နဟောဝံ ဝတ္တမ္ဗေတည်း။

သမ္ဗဒိသာကထာ နိဋ္ဌိတာ။

---

### ၇-ဓမ္မကထာ

၁၀၇။ သမ္ဗေ၊ ခပ်သိမ်း ကုန်သော။ ဓမ္မာ၊ ဓမ္မတို့သည်။ နိယတာ၊ မြဲကုန်သလော။ပ။ အနိယတော၊ သော။ ရာသိ၊ ရာသိ သည်။နတ္ထိ၊မရှိသလော။နဟောဝံဝတ္တမ္ဗေ။ပ။ ရူပံ၊ရုပ်သည်။ရူပဋ္ဌေန၊ ရူပဋ္ဌကြောင့်။ နိယတံ၊ မြဲသလော။ပ။

သမ္ဗဒိသာ ကထာနောင်ကား ဓမ္မကထာကို ဟောတော်မူ၏၊ ထိုသည်ကား သကဝါဒီပက္ခ ပရဝါဒီပက္ခဟူ၍ နှစ်ပါးပြား၏။ ထို နှစ်ပါးတွင် သကဝါဒီ ပက္ခသည်ကား သာမည ဝိသေသဟူ၍ နှစ်ပါအပြားရှိ၏။ ထိုနှစ်ပါးတွင် သာမည သည်ကား ဘေဒ အဘေဒနှစ်ပါးတွင် ဘေဒသည်ကား နိယက အနိယတနှစ်ပါးတွင် နိယတသည်ကား မိစ္ဆတ္တ အမိစ္ဆတ္တဟူ၍ နှစ်ပါး။ အနိယတသည် ကား ပဋိလောမ အနုလောမဟူ၍ နှစ်ပါးတည်း။ အဘေဒဟူ သော်ကား သမ္ဗေဓမ္မာ နိယတာတိ။ အာမန္တာ။ နနုတယောရာသိ ဝုတ္တာစသည်တည်း။ ဝိသေသ သည်ကား ရူပ ဝေဒနာ သညာ သင်္ခါရ ဝိညာဏဟူ၍ ငါးပါးအပြားရှိ၏။ တပါးတပါး၌ မိစ္ဆတ္တ

နိယတ သမ္မတ္တနိယတဟူ၍ နှစ်ပါးအပြားရှိ၏။ ပရဝါဒီပက္ခ ကိုကား သိကောင်းပြီ)။

ဓမ္မကထာ နိဋ္ဌိတာ။

---

### ၈-ကမ္မကထာ

(ကမ္မကထာ အနက်လွယ်၏)။ အဓိပ္ပါယ်သော်ကား ပဌမ ဇောဝ်၌ ပါသော စေတနာ သည်ကား မိမိဖြစ်ရာတွင်မြဲ၏ ဟူ၍ အမှတ်ရှိရကား အာမန္တာဟူ၍ ပရဝါဒီခံသတည်း။ ထိုသို့မှုကား မဟုတ်။ တပါးလည်းမဖြစ်။ မိမိတွင်ပင်လည်းမမြဲ။ အဟောသိ ကသာဖြစ်၏ဟူလိုသတည်း။ ဓမ္မကထာ နောင်ကား ကမ္မကထာ ကိုဟောတော်မူ၏။ ထိုကမ္မကထာသည်ကား သကဝါဒီပက္ခ ပရ ဝါဒီပက္ခနှစ်ပါးတွင်သော် သကဝါဒီ ပက္ခသည်ကား သာမည ဝိသေသ နှစ်ပါးတွင် သာမညသည်ကား ဘေဒ အဘေဒ ဟူ၍ နှစ်ပါး။ ဘေဒသည်ကား မိစ္ဆတ္တနိယတ သမ္မတ္တနိယတ မိစ္ဆတ္တ သမ္မတ္တနိယတာ နုယောဂဟူ၍ သုံးပါးအပြားရှိ၏။ မိစ္ဆတ္တသမ္မတ္တ နိယတသည်ကား အနုလောမ ပဋိလောမဟူ၍ နှစ်ပါးတည်း။ အဘေဒသည်ကား တချက်သာ။ ဝိသေသသည်ကား ဒိဋ္ဌဓမ္မဝေ ဒနီယကမ္မာ နုယောဂ ဥပပဇ္ဇဝေဒနီယာနုယောဂ အပရာပရိယ ဝေဒနီယာ နုယောဂဟူ၍ သုံးပါးအပြားရှိ၏။ တပါးတပါး၌ မိစ္ဆတ္တနိယတ သမ္မတ္တနိယတဟူ၍ နှစ်ပါးအပြားရှိ၏။ ပရဝါဒီ သမ္မတ္တကိုကား သိကောင်းပြီ။ ။ကမ္မကထာ နိဋ္ဌိတာ။ ။ဝဂ္ဂေါ ဧကဝီသတိမော နိဋ္ဌိတော။ ။(ဥဒ္ဒါန်းကိုကား သိကောင်းပြီ)။

---

## ဗာဝီသတိမဝဂ္ဂ

### ၁-ပရိနိဗ္ဗာန ကထာ

၈၉၂။ ကိဉ္စိ၊ တစုံတခုသော။ သယောဇနံ၊ သံယောဇဉ်ကို။ အပ္ပဟာယ၊ မပယ်မူ၍။ ပရိနိဗ္ဗာနံ၊ ပရိနိဗ္ဗာန်ပြုခြင်းသည်။ အတ္ထိ၊ ရှိသလော။ အာမန္တာ၊ ဪရှိ၏။ (အနက်လွယ်၏)။ ကောဝိ

သတိမ ဝဂ်နောင် ဒွါဝိသတိမဝဂ်ကို ဟောတော်မူ၏။ ထိုသည်ကား ကထာအများတွင် ပရိနိဗ္ဗာန ကထာကို ရှေးဦးစွာ ဟောတော်မူ၏။ ထိုသည်ကား သကဝါဒိပက္ခ ပရဝါဒိပက္ခနှစ်ပါးတွင် သကဝါဒိပက္ခသည်ကား သံယောဇနာနုယောဂသရာဂါဒိ အနုယောဂဟူ၍နှစ်ပါးအပြားရှိ၏၊ သရာဂါဒိသည်ကား အနုလောမ ပဋိလောမဟူ၍နှစ်ပါး။ (ပရဝါဒိပက္ခကိုကား သိကောင်းပြီ)။

ပရိနိဗ္ဗာနကထာ နိဋ္ဌိတာ။

---

## ၂-ကုသလစိတ္တ ကထာ

၈၉၄။ အရဟာ၊ ရဟန္တာသည်။ ကုသလစိတ္တော၊ ကုသိုလ်စိတ်ရှိသည်ဖြစ်၍။ ပရိနိဗ္ဗာယတိ၊ ပရိနိဗ္ဗာန်ပြုသလော။ အာမန္တာ၊ ပြော်ပြု၏။ အရဟာ၊ ရဟန္တာသည်။ ပုညာဘိသင်္ခါရံ၊ ကို။ အဘိသင်္ခရောန္တော၊ ပြုပြင်သလော။ အာနေဉ္ဇာဘိ သင်္ခါရံ၊ အရူပကုသိုလ်ကို။ အဘိသင်္ခရောန္တော၊ ပြုပြင်သလော။ ဂတိသံဝတ္တနိယံ၊ ဂတိကို ဖြစ်စေတတ်သော။ ကမ္မံ၊ ကို။ ကရောန္တော၊ ပြုသလော။ပ။ ဒေဝသောဘဂ္ဂသံဝတ္တနိယံ၊ နတ်၌တင့်တယ်ခြင်းကို ဖြစ်စေသောကံကို။ အာစိနန္တော၊ လေ့ကျက်စွာပြုအပ်သည်ဖြစ်၍။ အပစိနန္တော၊ဖျက်သည်ဖြစ်၍။ ပဇဟန္တော၊ ပယ်သည်ဖြစ်၍။ ဥပ္ပါဒိယန္တော၊ ဖြစ်စေသည်ဖြစ်၍။ ဝိလိနန္တော၊ အထူးသဖြင့် ဖြစ်စေသည်ဖြစ်၍။ ဥဿိနန္တော၊ အထက်၌ဖြစ်သည်ဖြစ်၍။ ဝိဓုပန္တော၊ ခါသည်ဖြစ်၍။ သံမုပန္တော၊ပြင်းစွာခါသည် ဖြစ်၍။ (သိကောင်းပြီ)။

ပရိနိဗ္ဗာန ကထာနောင်ကား ကုသလစိတ္တ ကထာကို ဟောတော်မူ၏။ ထိုသည်ကား သကဝါဒိပက္ခ ပရဝါဒိပက္ခဟူ၍ နှစ်ပါးတွင် သကဝါဒိပက္ခသည်ကား ပုညာဘိသင်္ခါရာဒိ အနုယောဂ အာစိနာဒိ အနုယောဂဟူ၍ နှစ်ပါးအပြား ရှိ၏၊ အာစိနာဒိအနုယောဂသည်ကားအနုလောမ ပဋိလောမဟူ၍နှစ်ပါး။ အနုလော

မကား တချက်သာတည်း။ ပဋိလောမသည်ကား အပစိနိတွာ နုယောဂ ဝိစယေတွာနုယောဂ အပ္ပဟိတွာနုယောဂဟူ၍ သုံးပါး အပြားရှိ၏။ (ပရဝါဒိပက္ခကိုကား သိကောင်းပြီ)။

ကုသလစိတ္တကထာ နိဋ္ဌိတာ။

---

### ၃-အာနေဉ္ဇကထာ

၈၉၆။ အရဟာ၊ ရဟန္တာသည်။ အာနေဉ္ဇေ၊ အရူပကုသိုလ်၌၊ ဌိတော၊ တည်သည်ဖြစ်၍။ ပရိနိဗ္ဗာယတိ၊ ပရိနိဗ္ဗာန်ပြုသလော။ အာမန္တာ။ ပကတိစိတ္တေ၊ ပြကတေ့သောစိတ်၌။ ဌိတော၊ တည်သည်ဖြစ်၍။ ပရိနိဗ္ဗာယတိနနု၊ ပြုသလော။ပ။ ကိရိယမယေစိတ္တေ၊ ကိရိယာစိတ်၌။ ဌိတော၊ တည်သည်ဖြစ်၍။ပ။

ကုသလစိတ္တကထာနောင်ကား အာနေဉ္ဇကထာကိုဟောတော်မူ၏။ ထိုသည်ကား သကဝါဒိပက္ခကိုသာဟောတော်မူ၏။ ထိုသည်ကား ပကတိစိတ္တာနုယောဂ ကိရိယမယစိတ္တာနုယောဂ ဝိပါကစိတ္တာနုယောဂ ကိရိယာအဗျာကတာနုယောဂ ရူပါနုယောဂ ဝိပါကဗျာကတစိတ္တာ နုယောဂ ဟူ၍ခြောက်ပါးအပြားရှိ၏။ ပရဝါဒိပက္ခကို ဟောသော်ကား နဝတ္တဗ္ဗံအရဟာ အာနေဉ္ဇဌိတော ပရိနိဗ္ဗာယတီတိ။ အာမန္တာ။ နနုဘဂဝါ စတုတ္ထဇ္ဈာနာ ဝုဋ္ဌာယ ပရိနိဗ္ဗုတောတိ။ နဟေဝံ ဝတ္တဗ္ဗေ ဤသို့လျှင် ဘော်၍ ဟောလေ။

အာနေဉ္ဇကထာ နိဋ္ဌိတာ။

---

### ၄-ဓမ္မာဘိသမယကထာ

၈၉၇။ ဂဗ္ဘသေယျာယ၊ အမိဝမ်း၌။ ဓမ္မာဘိသမယော၊ တရားကိုသိခြင်းသည်။ အတ္ထိ၊ ရှိသလော။ပ။

အာနေဉ္ဇကထာနောင်ကား ဓမ္မာဘိသမယကထာကို ဟောတော်မူ၏။ ထိုသည်ကား သကဝါဒိပက္ခကို ဟောတော်မူ၏။ ထိုသည်ကား ဓမ္မဒေသနာဒိအနုယောဂ ပဋ္ဌယာနုယောဂသုတ္တသာ

နုယောဂဟူ၍ သုံးပါးအပြားရှိ၏။ ဓမ္မဒေသနာဒိ အနုယောဂသည်ကား အနုလောမ ပဋိလောမဟူ၍ နှစ်ပါးအပြားရှိ၏။ သိကောင်းပြီ။ ပရဝါဒီပက္ခကိုသော်ကား နဝတ္တဗ္ဗံအတ္ထိ.ဂဗ္ဘသေယျာယဓမ္မာဘိသမယောတိ။ အာမန္တာ။ နဝတ္တဗ္ဗောဓမ္မာဘိသမယောတိ။ နဟေဝံဝတ္တဗ္ဗေတည်း။ ဤသို့လျှင် ဘော်၍ဟောလေ၏။

ဓမ္မာဘိသမယကထာ နိဋ္ဌိတာ။

---

## ၅-၇-တိဿောပိကထာ

ဓမ္မာဘိသမယ ကထာနောင်ကား တိဿောပိ ကထာကိုဟောတော်မူ၏။ ထိုသည်ကားသကဝါဒီပက္ခကိုသာ ဟောတော်မူ၏။ ထိုသည်ကား ဂဗ္ဘသေယျအရဟတ္တပတ္တိကထာ သုပိနဂတဿ ဓမ္မာဘိသမယ ကထာ သုပိနဂတဿ အရဟတ္တ ပတ္တိကထာဟူ၍ သုံးပါးအပြား၏။ ပရဝါဒီပက္ခကိုကား အောက်ကနှင့် အတူပင်ဘော်၍ဟောလေ။

တိဿောပိကထာနိဋ္ဌိတာ။

---

## ၈-အဗျာကတကထာ

၉၀၁။ သုပိနဂတဿ၊ အိပ်မက်သောသူ၏။ သဗ္ဗံ၊ ခပ်သိမ်းသော။ စိတ္တံ၊ စိတ်သည်။ အဗျာကတံ၊ အဗျာကတမည်သလော။ သုပိနန္တေန၊ အိပ်မက်ဖြင့်။ ပါဏံ၊ သူ၏အသက်ကို။ ဟနေယျ၊ သတ်ရာသလော။ပ။

ထိုနောင်ကား အဗျာကတ ကထာကို ဟောတော်မူ၏။ ထိုသည်ကား သကဝါဒီပက္ခ ပရဝါဒီပက္ခဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတွင် သကဝါဒီပက္ခသည်ကား အကုသလပဒ ကုသလပဒဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတွင် ကုသလ ပဒသည်ကား ဒါနံ စီဝရံ ပိဏ္ဍပါတံ အစရှိသည်တည်း။ (ပရဝါဒီပက္ခကိုကား သိကောင်းပြီ)။

အဗျာကတကထာ နိဋ္ဌိတာ။

## ၉-အာသေဝနပစ္စယကထာ

၉၀၃။ ကာစိ၊ တစုံတခုသော၊ အာသေဝနပစ္စယတာ၊ အာသေဝန် ပစ္စည်းသည်။ နတ္ထိ၊ မရှိလော။ပ။ ဘိက္ခဝေ၊ ရဟန်းတို့။ အာသေဝိတော၊ မှီဝဲအပ်သော။ ဘာဝိတော၊ ပွါးစေအပ်သော။ ဗဟုလီကတော၊ အလေ့အလာပြုအပ်သော။ နိရယသံဝတ္တနိကော၊ ငရဲ၌ဖြစ်စေတတ်သော။ တိရစ္ဆာနယောနိသံဝတ္တနိကော၊ တိရစ္ဆာန်၌ ဖြစ်စေတတ်သော။ ပိတ္တိဝိသယသံဝတ္တနိကော၊ ပိတ္တာ၌ဖြစ်စေတတ်သော။ ယောပါဏာတိပါတော၊ သည်။ အတ္ထိ၊ ၏။ သော ပါဏာတိပါတော၊ သည်။ သဗ္ဗလဟု၊ ခပ်သိမ်းစုံတို့အောက်ပေါ့၏။ တဿပါဏာတိပါတဿ၊ ထိုပါဏာတိပါတ်၏။ ဝိပါကော၊ အကျိုးသည်။ မနုဿဘူတဿ၊ လူဖြစ်၍ ဖြစ်သောသူ၏။ အပ္ပါယုကသံဝတ္တနိကော၊ နည်းသော အသက်ကို ဖြစ်စေတတ်သည်။ ဟောတိ၊ ဖြစ်၏။ပ။ ဘောဂဗျသနသံဝတ္တနိကော၊ စည်းစိမ်၏ပျက်ခြင်းကို ဖြစ်စေတတ်သည်။ ဟောတိ၊ ဖြစ်၏။ပ။ သပတ္တဝေရသံဝတ္တနိကော၊ သပတ္တဟုဆိုအပ်သောရန်ကို ဖြစ်စေတတ်သည်။ ဟောတိ၊ ဖြစ်၏။ပ။ အမတဂါမာ၊ အမြိုက်လျှင်လားရာရှိ၏။ အမတပရာယနာ၊ အမြိုက်လျှင်လည်းလျောင်းရာ၏။ အမတပရိယောသာနာ၊ အမြိုက်လျှင်အဆုံးရှိ၏။ပ။

အဗျာကတကထာ နောင်ကား အာသေဝနပစ္စယကထာကို ဟောတော်မူ၏။ ထိုသည်ကား သကဝါဒီပက္ခကိုသာဟောတော်မူ၏။ ထိုသည်ကား ပါဏာတိပါတအစရှိသောအားဖြင့် များစွာပြား၏။ ပရဝါဒီပက္ခကိုဘော်၍ ဟောသော်ကား နဝတ္တဗ္ဗံနတ္ထိ ကာစိအာသေဝနပစ္စယတာတိ။ အာမန္တာ။ နနုဝုတ္တံဘဂဝတာ နန ကေကွဏ်ကောတိ။ နဟေဝံဝတ္တဗ္ဗေတည်း။ ဤသို့လျှင်ဘော်၍ ဟောလေ။

အာသေဝနပစ္စယကထာ နိဋ္ဌိတာ။

### ၁၀–ခဏိကကထာ

၉၀၆။ သဗ္ဗေဓမ္မာ၊ ခပ်သိမ်းသောဓမ္မတို့သည်။ ဧကစိတ္တက္ခ ဏိကာ၊ တူသောစိတ္တက္ခဏရှိသလော။ ပ။ စိတ္တေ၊ စိတ်၌။ မဟာ ပထဝီ၊ သည်။ သဏ္ဍာတိ၊ တည်သလော။ (အနက်လွယ်၏)။

အာသေဝနပစ္စယကထာ နောင်ကား ခဏိကကထာကိုဟော တော်မူ၏။ ထိုသည်ကား သကဝါဒီပက္ခကိုရှေးဦးစွာဟောတော် မူ၏။ ထိုသကဝါဒီပက္ခသည်ကား ပထဝီသဏ္ဌာတိ အနုယောဂ ပဿနာနုယောဂ ဟူ၍နှစ်ပါး။ပဿနာနုယောဂသည်ကား စက္ခု သောတ ဃာန ဇိဝှါ ကာယဟူ၍ ငါးပါးအပြားရှိ၏။ထိုငါးပါး တွင် တပါးတပါး၌ နသုတ္တာဟရဏသုတ္တာဟရဏဟူ၍ နှစ်ပါး အပြားရှိ၏။ (ပရဝါဒီပက္ခကိုကား သိကောင်းပြီ)။

ခဏိက ကထာ နိဋ္ဌိတာ။

ဝဂ္ဂေါဓာဝိသတိမော။ ။ဥဒါန်းကိုလည်းသိကောင်းပြီ။

---

## တေဝိသတိမဝဂ္ဂ

### ၁–ကောမိပ္ပါယကထာ

၉၀၇။ ကောမိပ္ပါယေန၊ တူသောအလိုအားဖြင့်။ မေထုနော၊ အချင်းချင်း တူသောသူ၏အမှုဖြစ်သော။ ဓမ္မော၊အသဒ္ဓမ္မကို။ ပဋိ သေဝိတဗ္ဗော၊ မှီဝဲသလော။ အာမန္တာ။ ။ဗာဝိသတိဝဂ်နောင် ကား တေဝိသတိဝဂ်ကို ဟောတော်မူ၏။ ထိုသည်ကား ကထာ အများတွင်သော် ကောမိပ္ပါယကထာကို ရှေးဦးစွာ ဟောဟော် မူ၏။ ထိုသည်ကားအသကဝါဒီပက္ခကို ဟောတော်မူ၏။ ထို သက ဝါဒီပက္ခသည်ကား သမဏာနုယောဂ ပါဏာတိပါတာနုယောဂ အစရှိသောအားဖြင့် များစွာသော အပြားရှိ၏။ ပရဝါဒီပက္ခကို ဘော်၍ ဟောသော်ကား နဝတ္တဗ္ဗံ ကောမိပ္ပါယော မေထုနော ဓမ္မော ပဋိသေဝိတဗ္ဗောတိ အာမန္တာ။ နသံသာရေ ဘဝိဿာမိ။ ကုသလံကရောတီတိ နဟေဝံ ဝတ္တဗ္ဗေတည်းဟူ၍ဟောလေ။

ကောမိပ္ပါယကထာ နိဋ္ဌိတာ။

## ၂-အရဟန္တဝဏ္ဏကထာ

၉၀၃။ အရဟန္တာနံ၊ တို့၏။ ဝဏ္ဏေန၊ ရဟန်းရောင်ဖြင့်။ အမနုဿာ၊ နတ်တို့သည်။ မေထုနံ၊ အချင်းချင်း တူသောသူ၏အမှု ရှိသော။ ဓမ္မံ၊ ကို။ ပဋိသေဝန္တိ၊ ကုန်သလော။ ။(အရဟန္တဝဏ္ဏ ကထာ တချက်သာတည်း။ ပရဝါဒိ ပက္ခကိုကား အောက်နှင့် အတူပင်ဟောလေ)။

အရဟန္တဝဏ္ဏကထာ နိဋ္ဌိတာ။

---

## ၃-၇-ဣဿရိယကာမကာရိကာ ကထာ

၉၁၀။ ဗောဓိသတ္တော၊ ပွင့်လောင်းသတ္တဝါသည်။ ဣဿရိယ ကာမကာရိကာဟေတု၊ အစိုးရသည်၏ အဖြစ်၌ ပြုခြင်းကြောင့်။ ဝိနိပါတံ၊ ငရဲသို့။ ဂစ္ဆတိ၊ သွားသလော။ နိရယံ၊ သို့။ ဂစ္ဆတိ၊ သလော။ သဉ္ဇီဝံ၊ သို့။ ဂစ္ဆတိ၊ သလော။ ကာလသုတ္တံ၊ ကာလသုတ် ငရဲသို့။ ဂစ္ဆတိ၊ သလော။ တာပနံ၊ သို့။ ဂစ္ဆတိ၊ လော။ မဟာ တာပနံ၊ မဟာတာပနငရဲသို့။ ဂစ္ဆတိ၊ လော။ သင်္ဃာတကံ၊ သင်္ဃာတကဟု ဆိုအပ်သော အတုံးအတုံး ဖြတ်အပ်သောငရဲသို့။ ဂစ္ဆတိ၊ လော။ပ။ အဝီစိံ၊ သို့။ ဂစ္ဆတိ၊ သလော။ ဤရှစ်ပါးသည် ငရဲကြီး ရှစ်ထပ် မည်၏။ ။အရဟန္တဝဏ္ဏ ကထာ နောင်ကား ဣဿရိယကာမကာရိကာကထာကိုဟောတော်မူ၏။ ထိုသည်ကား သကဝါဒီကိုသာ ဟောတော်မူ၏။ ထိုသည်ကား ဥဒ္ဒိပါဒကဂဏ္ဍာ နုယောဂ ဒုက္ကရကာရိကာနုယောဂ အတ္တန္တပါနုယောဂ အပရန္တ ပါနုယောဂဟူ၍ လေးပါးတွင် တပါးတပါး၌ သုတ္တာဟရဏာ နသုတ္တာဟရဏာဟူ၍ နှစ်ပါးအပြားရှိ၏။

ဣဿရိယကာမကာရိကာကထာ နိဋ္ဌိတာ။

---

## ဂ-ပတိရူပကထာ

၉၁၅။ နရာဂေါ၊ ရာဂမဟုတ်သည်။ ရာဂပတိရူပကော၊ ရာဂ နှင့်တူသည်။ အတ္ထိ၊ ရှိသလော။ ။(ရာဂကထာ ဒေါသကထာ

မောဟကထာ ကိလေသကထာဟူ၍ လေးပါးအပြားရှိ၏။ပရဝါဒီ ပက္ခကို ဘော်၍ ဟောသော်ကား နဝတ္တဗ္ဗံ အတ္ထိနုရာဂေါရာဂပတိ ရူပကောတိ။ အာမန္တာ။ နတ္ထိဘဂဝတာမေတ္တာတိ နဟောဝံဝတ္တဗ္ဗေ ဤသို့လျှင် ဟောလေ။

ပတိရူပ ကထာ နိဋ္ဌိတာ။

---

## ၉-အပရိနိဗ္ဗုန္ဒကထာ

အပရိနိဗ္ဗုန္ဒကထာသည်ကား ခန္ဓာ အာယတန ဓာတ် ဣန္ဒြိယာ နုယောဂဟူ၍ လေးပါးအပြားရှိ၏။ ခန္ဓာသည်ကား ရူပဂ္ဂန္ဓာ အစရှိသောအားဖြင့် ငါးပါးအပြားရှိ၏။ ထိုတွင် ရူပက္ခန္ဓာသည် ကား နသုတ္တာဟရဏ သုတ္တာဟရဏဟူ၍ နှစ်ပါးအပြားရှိ၏။ ထိုတွင် နသုတ္တာဟရဏသည်ကား အနုလောမ ပဋိလောမဟူ၍ နှစ်ပါးအပြားရှိ၏။ ကြွင်းသရွေ့လည်း အတူပင်။ ပရဝါဒီပက္ခကို ကား ဘော်၍ ဟောလေ။ နဝတ္တဗ္ဗံရူပံ ပရိနိဗ္ဗုန္ဒန္တိ။ အာမန္တာ။ နဝတ္တဗ္ဗံ ဒုက္ခညေဝ ဘဝိဿထာတိ။နဟောဝံ ဝတ္တဗ္ဗေဟု ဘော်၍ ဟောလေ။

အပရိနိဗ္ဗုန္ဒကထာ နိဋ္ဌိတာ။

ဥဒါန်းကိုကား သိကောင်းပြီ။ ။သဗ္ဗ၊ ဘုရားသခင်၏။ သမယေ၊ သာသနာတော်၌။ ပရပ္ပဝါဒမဒ္ဒနော၊ပရဝါဒီ၏အယူကို နှိပ်၍။ မဟာနိယာမော၊ မဟာပဏ္ဏာသ နိယာမပဏ္ဏာသ လည်း ကောင်း။ အနုသယာ၊အနုသယပဏ္ဏာသလည်းကောင်း။နိဂ္ဂဟော၊ နိဂ္ဂဟပဏ္ဏာသလည်းကောင်း။ ခုဒ္ဒက ပဉ္စမော၊ခုဒ္ဒကပဏ္ဏာသလျှင် ငါးခုမြောက်လည်းကောင်း။ သုတ္တမူလသမာဟိတာ၊ သုတ္တမူလ၌ တည်ကြည်ခြင်း လည်းကောင်း။ ဥဇ္ဈောတနာ၊ သာယာခြင်း လည်းကောင်း။ ဟောတိ၊ ဖြစ်၏။

ကထာဝတ္ထု ပါဠိတော်နိဿယ ပြီးပြီ။

---